www.burmeseclassic.com

တက္ကသိုလ်

# ဂငမြိုင့်

BURMESE CLASSIC .com

မိုးသက်မုန်တိုင်း
ဗဲလေပြေသက်

www.burmeseclassic.com

www.burmeseclassic.com

# တက္ကသိုလ်တင်မြင့်

မိုးသက်မုန်တိုင်းစဲလေသော်

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၃၂၇၀၅၀၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၉၅၀၆၀၂

၂၀၀၆ ခုနှစ်၊ ဩဂုတ်လ၊

တန်ဖိုး - ၁၀၀၀/-
အုပ်ရေ - ၅၀၀အုပ်


ထုတ်ဝေသူ ... ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလှစာပေ
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-ပိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း၊

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၃၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်၊

BURMESE CLASSIC

ဆော်ကျော့လိုက်ခဲ့သည်

တက္ကသိုလ်
# တင်မြင့်



# မိုးသက်မုန်တိုင်းစဲလေသော်

ချစ်မင်းလှစာပေ

www.burmeseclassic.com

www.burmeseclassic.com

## (၁)

သူနှင့်မော်တော်ဆိုင်ကယ်ကြီးသည် အရမ်း လိုက်ဖက်လှပါ၏။ အရမ်းကြည့်ကောင်းလှပါ၏။

ယနေ့ခေတ် လူငယ်တော်တော်များများသည် မော်တော်ဆိုင်ကယ်တော်တော်များများပင် စီးလာကြသည်။

အမျိုးသမီးတွေစီးသည်ကတော့ မိန်းမစီး (၉၀-စီစီ) ဖြူဖြူလေးတွေစီးသည်မို့ သူမတို့၏ ပေါင်တံနှစ်ဖက်သည် ဖင်ထိုင်ခုံထိုင်ရာ၌ ခွ၍ထိုင်ရခြင်းမျိုးမဟုတ်ဘဲ ပေါင်တံနှစ်ခု ခွေးခြေကုလားထိုင်တွင် ထိုင်ပြီးစီးသလိုစီးသဖြင့် အမျိုးသမီးတိုင်း မော်တော်ဆိုင်ကယ်စီးလျှင် ကြည့်၍ကောင်းလှတော့ပါ၏။

အဲ... အမျိုးသားမော်တော်ဆိုင်ကယ်စီး ပြီးဆိုလျှင်

www.burmeseclassic.com

www.burmeseclassic.com



မှုကား ဖင်ထိုင်ခုံကိုထိုင်ရာ၌ ဓာတ်ဆီတိုင်ကီကို ခွ၍ထိုင်ရသည်။

ထိုရောအခါ ခွထိုင်သောပေါင်နှစ်ဘက်၏ ခွပုံ အနေအထား၊ မော်တော်ဆိုင်ကယ် လက်ကိုင်သို့ လှမ်းကိုင်ရသည့် လက်နှစ်ဘက်အနေအထားတို့ ဘေးအမြင် ကြည့်ကောင်းခြင်း၊ ကြည့်မကောင်းခြင်းတွေကိုတွေ့ရသည်။

ပေါင်နှစ်ဘက်အနေအထား မမှန်ကန်ခြင်း၊ လက်နှစ်ဘက်အနေအထား မမှန်ကန်ခြင်းတို့ရှိလာပါ ကိုယ်ခန္ဓာ အချိုးအစား၊ ခြေနှစ်ဘက် လက်နှစ်ဘက်အချိုးအစားတို့သည် ကိုယ်စီးသည့် မော်တော်ဆိုင်ကယ်နှင့် လိုက်၊မလိုက် ရှိပေသည်။

မော်တော်ဆိုင်ကယ်က ကြီးကြီး၊ စီးသူက အကောင်သေးသေးလေးဆိုလျှင် လူကြီးဖိနပ် ကလေးစီးသလို ကြည့်မကောင်းပေ။

သူ့ကျတော့ သူ့မော်တော်ဆိုင်ကယ်နှင့် သူ အရမ်းကြည့်ကောင်းနေပါလေ၏။

သူစီးသည့်မော်တော်ဆိုင်ကယ်သည် (၂၅၀-စီစီ) အကြမ်းစီး၊ တောလမ်းစီး ဟွန်ဒါအမျိုးအစား မော်တော်ဆိုင်ကယ်ဖြစ်သည်။

ရှော့ကာမတ်ကပ်ရှေ့နောက်နှစ်ခုစလုံးသည် တိုနဲ့နဲ့ဖြစ်ပြီး မော်တော်ဆိုင်ကယ် ရှေ့ဘီးနောက်ဘီးကြီးတွေက



တော့ ပြူးနေသည်။ တာယာ၏ဒီဇိုင်းကပင် လယ်ထွန်စက်ဘီးကြီးများ၏ ဘုကြီးတွေ၊ ထစ်ကြီးတွေနှင့်ထနေသည်။

သူသည် အရပ်ငါးပေရှစ်လက်မအနည်းဆုံးရှိမည်။ သူ၏ကိုယ်ခန္ဓာ၏ဝမ်းဗိုက်၊ ရင်အုပ်၊ လက်မောင်းတံ၊ ပေါင်တံ၊ ခြေသလုံးတို့တွင် အသားပို မရှိ၊ အဆီမရှိ။ ကြွက်သားမာဆယ်တွေချည်း ဖွဲ့စည်းထားသည်။

သူ၏အရပ်အမောင်းနှင့် လိုက်ညီသော ခြေတံ လက်တံတို့ ကြံ့ခိုင်တောင့်တင်းလှသည်။

ထိုကြောင့်လည်း သူစီးသော မော်တော်ဆိုင်ကယ်ကြီးနှင့် သူသည် လိုက်ဖက်ကြည့်ကောင်းလှခြင်းပါပေ။

သူသည် ခြံကြီးဝင်းကျယ်ထဲတွင် ဖွင့်ထားသော 'ရသာမွန် စားတော်ဆက်'၏ ခြံဝင်းကြီးထဲသို့ စီးဝင်လာသည်။

ယနေ့ခေတ်တွင် ခြံကြီးဝင်းကျယ် ပိုင်ဆိုင်သူ တစ်ချို့သည် ယခုလိုပင် ခမ်းနားသော စားသောက်ဆိုင်ကြီးမျိုး ဖွင့်တတ်ကြပေသည်။

ရသာမွန်စားတော်ဆက်သည် မြန်မာထမင်းဟင်းကို မြန်မာပီသစွာ မြန်မာကြိုက် စီစဉ်ဆောင်ရွက်ထားသဖြင့် မြန်မာဟင်းအရသာ မှန်မှန်ကန်ကန်ကိုပင် ဂုဏ်ယူပြီး 'ရသာမွန်'ဟု ဆိုင်နာမည် ကင်ပွန်းတပ်ထားခြင်းဖြစ်ပါသည်။

www.burmeseclassic.com



မန္တလေးသားစစ်စစ် သူသည် မြန်မာထမင်းဟင်းကိုသာ ခံတွင်းတွေ့သူဖြစ်သောကြောင့် ရန်ကုန်သို့ရောက်ရှိလာသည့် ရက်ပေါင်း (၄၀)အတွင်း ရခိုင်မွန်စားတော်ဆက်၌သာ နေ့စဉ် လာစားသောက်သည်။

မြန်မာထမင်းဟင်း စစ်စစ်မှန်မှန်ရောင်းသည်မို့ အထင်မသေးပါနှင့်။

ရခိုင်မွန်စားတော်ဆက်သည် ခမ်းနားထည်ဝါပါ၏။ တရုတ်စာ၊ ကုလားစာများနှင့် အပြိုင်ရောင်းသည်မို့လည်း တရုတ်ဟိုတယ်၊ ကုလားဟိုတယ်များထက်ပင် အခင်းအကျင်း အစီအစဉ်များ ထည်ဝါပေသည်။

စားပွဲတွေချထားပြီး စားပွဲခင်းများ ကုလားထိုင်စွပ်များမှာ အနီရောင်၊ အစိမ်းရောင်၊ အဝါရောင်များ ဆင်ယင်ခင်းကျင်းထားသည်။

စားပွဲထိုးများမှာလည်း အသက်ဆယ့်ရှစ်နှစ် နှစ်ဆယ်ကြား လူငယ်လေးတွေချည်းဖြစ်ပေသည်။

အမျိုးသမီးလေးများဗန်းပြပြီး ရောင်းသောဆိုင်မဟုတ်။ အမျိုးသမီးစားပွဲထိုး လုံးဝမရှိ။ အရသာစစ်မှန်ခြင်းကိုသာ အဓိကထားခြင်းဖြစ်ပါ၏။

စားပွဲထိုး လူငယ်လေးတွေကိုလည်း စားပွဲ တာဝန်ကျ စားပွဲခင်းအရောင်အတိုင်း လုံချည်ဝတ်စေသည်။ အနီရောင်စားပွဲတာဝန်ကျသည့် စားပွဲထိုးလေးများသည် အနီ



ရောင် လုံချည်ကိုဝတ်ဆင်သည်။ အလားတူပင် အစိမ်းရောင်၊ အဝါရောင် တာဝန်ကျစားပွဲအတိုင်း ဝတ်ဆင်ထားသည်။ ရှပ်အင်္ကျီကတော့ အားလုံးအဖြူရောင် လက်တိုများဖြစ်ပေသည်။ စားပွဲထိုးလေးများအား လုံလောက်သော ဝတ်စုံပေးထားပြီး သန့်ရှင်းစေရမည်ဟု အမိန့်ထုတ်ထားပါ၏။

သူသည် လာသည့်ခေါက်တိုင်းတွင် သူထိုင်နေကျ အစိမ်းရောင်စားပွဲတွင်သာ ထိုင်လေ့ရှိသည်။

ခြံဝင်းထဲတွင် မော်တော်ကား၊ မော်တော်ဆိုင်ကယ်များရပ်ရန် သီးသန့်ထားသည့်နေရာတွင် သူ၏မော်တော်ဆိုင်ကယ်ကို စနစ်တကျရပ်ပြီး ဖိုက်ဘာခေါင်းဆောင်းကို ချွတ်လိုက်သည်။

သူ၏မျက်နှာ ပေါ်လွင်လာပါ၏။

မည်းနက်သောဆံပင်အုံကောင်းခြင်း၊ မျက်ခုံးမွေးထူထဲနက်မှောင်ခြင်းကြောင့် သူ၏မျက်နှာ ပိုမိုပေါ်လွင်စေသည်။

သူ၏နှာတံသည် နိုင်ငံခြားသားမဆန်ဘဲ မြန်မာဆန်သောနှာတံဖြစ်ပါ၏။ မချွန်လွန်း၊ မလုံးလွန်းဘဲ သူ့မျက်နှာနှင့် နေတော်ကြည့်ကောင်းပေသည်။

သူ၏နှုတ်ခမ်းစုံမှာ သာမန်ထက် အနည်းငယ်ပိုပြီး ထူထူအမ်းအမ်းလေးရှိ ခြံရှဲဆိုရလျှင် သိုသူသည် ယောကျ်ားပီသပြီး ယောကျ်ားဆန်သူတစ်ဦးဖြစ်ပါ၏။ အ

www.burmeseclassic.com

www.burmeseclassic.com



သက်အရွယ်မှာ အသက်အစိတ်ပင် ပြည့်ပုံမရသေးပါပေ။

"ဘာသုံးဆောင်မလဲ အစ်ကို"

စားပွဲစိမ်းကို သူထိုင်လိုက်သည်နှင့် ပုဆိုးစိမ်း ရှပ်အဖြူ စားပွဲထိုးလေးရောက်လာကာ သူ့အား ရိုသေလေးစားစွာဖြင့် မေးမြန်းလာသည်ကို သူက ပြန်လည်ကြည့်လိုက်သည်။

"မောင်ရင်ကလူသစ်ထင်တယ်၊ ခါတိုင်း ဒီစားပွဲမှာ လာထိုင်တာနဲ့ မောင်စမ်းက ပုဇွန်တုပ်ကြီးဟင်း၊ ကြာဆံဟင်းချိုလာချပေးလိုက်တာပဲ၊ ဘာသုံးဆောင်မလဲမေးဖို့မလိုဘူးလေကွာ၊ ငါက မနက်စာကို ကြက်သားဟင်း။ ညနေစာဆို ပုဇွန်တုပ်ဟင်း. စားလာတာ ရက်ပေါင်း လေးဆယ်ရှိပြီပဲ"

"ဟုတ်မှာပါ အစ်ကို၊ ဒီစားပွဲတာဝန်ကျ စမ်းမောင်က ဒီနေ့မနက်ပဲခွင့်ယူပြီး သူ့ရွာပြန်သွားပါတယ်၊ ကျွန်တော်က သူ့နေရာကို အစားဝင်ပေးရတာပါ၊ ဒီနေ့တော့ သည်းခံပါအစ်ကို၊ နက်ဖြန်ကျရင် အစ်ကိုဒီစားပွဲထိုင်တာနဲ့ ဘာမှမမေးရဘဲ ကျွန်တော် အစ်ကိုစားနေကျတွေ လာချပေးပါ့မယ်"

"အေး…ဒါဆို အခုထမင်းမစားခင် အစ်ကိုအတွက် မက်(စ်)အအေးတစ်ပုလင်းပေးပါကွာ၊



ဟင်းကတော့ ပုဇွန်တုပ်ဟင်းပဲပေါ့"

"ဟုတ်ကဲ့…အစ်ကို"

စားပွဲထိုး လူသစ်အစိမ်းလေးပြန်ထွက်သွားသည်။ ချက်ချင်း မက်(စ်)အအေးပုလင်း လာချပေးသည်။ အအေးသောက်ချိန်မှာပင် လင်ပန်းဖြင့် သူစားနေကျပုဇွန်တုပ်ဟင်း၊ ထမင်းအုပ်၊ ကြာဆံဟင်းချိုတို့ လာချပေးသည်။

ဆိုင်ထဲတွင် အချိန်စောနေသေး၍ လူရှင်းနေပေသည်။

စားပွဲထိုးချာတိတ်သည် တခြားလုပ်ကိုင်စရာမရှိသဖြင့် သူ့ဘေးတွင်ပင် ရပ်နေပါ၏။

"အစ်ကို…ဘာအလုပ်လုပ်လဲ ဟင်"

"ဟော…ငါလား"

စားပွဲထိုးချာတိတ်၏ မေးခွန်းကြောင့် သူသည် "ဟော…ငါလား"ဟု အာမေဋိတ်သံ မာန်ပြန်လိုက်မိသည်။ ပြီး ဘေးတွင်ရပ်နေသည်။ စားပွဲထိုးချာတိတ်အား သူက ပြန်၍မေးခွန်းထုတ်သည်။

"အလုပ်ဆိုတာ မင်းက ဘာကိုဆိုလိုတာလဲ ချာတိတ်"

"အလုပ်ဆိုတာ ပိုက်ဆံရအောင် လုပ်ရတာကို ဆိုလိုတာပါ အစ်ကို၊ ကျွန်တော် စားပွဲထိုးအလုပ် လုပ်တယ်၊ လုပ်ခပိုက်ဆံရတယ် အစ်ကို"

www.burmeseclassic.com

www.burmeseclassic.com



"အေး…တစ်ခုခုလုပ်ပေးလို့ ရတာကို အလုပ်လို့ခေါ်ရင် ငါ့မှာ ဘာအလုပ်မှမရှိဘူး ချာတိတ်"

"ဟာ…ဟုတ်ပါ့မလား အစ်ကို"

"ဘာလို့ မဟုတ်ရမှာလဲကွာ"

"အခု အစ်ကိုမှာစားတဲ့ ပုစွန်တုပ်ဟင်းတစ်ခွက်တည်းကပဲ နှစ်ရာကျတယ် အစ်ကို၊ အားလုံး အကြမ်းဖျင်းဆိုရင် အခု အစ်ကိုစားနေတဲ့ ထမင်းတစ်နပ်ဟာပဲ ငွေသုံးရာလောက်ကျမယ်၊ မနက်စာ သုံးရာပါထည့်ပေါင်းရင် အစ်ကို့ ထမင်းဖိုးကပဲ တစ်နေ့ခြောက်ရာ၊ ဆယ်ရက်ဆို ခြောက်ထောင်၊ တစ်လဆို တစ်သောင်း ရှစ်ထောင် နှစ်သောင်းနီးပါးပဲ၊ အစ်ကို ဒီမှာစားတာရက်ပေါင်း လေးဆယ်ထောင် ရှိပြီဆို…"

စားပွဲထိုးချာတိတ်၏စကားကြောင့် သူသည် ငိုင်သွားသည်၊ ငေါင်သွားသည်။ ချာတိတ်ကို ငေးကြည့်နေမိသည်။

"ကျွန်တော်က အစ်ကို့ကို ထင်နေတာ…"

"ဆိုစမ်းပါဦး…ငါ့ကို မင်းဘယ်လိုထင်နေတာလဲကွာ"

"အချိန်စောသေးလို့ ဆိုင်ကို လူအလာနည်းနေသေးတယ်၊ ကျွန်တော့်စားပွဲစိမ်းမှာလည်း စားသူတစ်ယောက်မှမရှိသေးတာမို့ ချော့မျှော်ရင်း ကျွန်



တော် စောစောကပြင်ဘက်ထွက်ကြည့်နေမိ တယ် အစ်ကို"

သူက ကြာဇံဟင်းချိုကို မှုံ့ခြောက်၊ ပန်းခြောက်ဖက်လေးတွေပါအောင် ဇွန်းနှင့် ခပ်ရင်း ချာတိတ်ပြောသည်ကို နားစွင့်ထားပါ၏။

"အစ်ကို…မော်တော်ဆိုင်ကယ်ကြီးစီးပြီး ဝင်လာတာကို ကျွန်တော်လှမ်းမြင်တယ်၊ အရမ်းကြီးကို ကြည့်ကောင်းတယ်အစ်ကို၊ အစ်ကို့ ကိုယ်ထည်ပုံစံနဲ့ အစ်ကိုစီးတဲ့ မော်တော်ဆိုင်ကယ်ကြီးဟာ အရမ်းလိုက်ဖက်တယ်၊ ခြံထဲရောက်ပြီး မော်တော်ဆိုင်ကယ်ရပ်ပြီးတော့ အစ်ကိုဆောင်းလာတဲ့ ဖိုက်ဘာဦးထုပ်ချွတ်လိုက်လို့ အစ်ကို့မျက်နှာကို မြင်လိုက်ရတော့လဲ အရမ်းကြည့်ကောင်းနေပြန်ရော၊ ကျွန်တော် ချက်ချင်းထင်လိုက်တယ်၊ အစ်ကိုဟာ ရုပ်ရှင်မင်းသား ဗီဒီယိုမင်းသားတစ်ယောက် ဖြစ်ရမယ်လို့…"

သူသည် ပြုံးလိုက်ပါ၏။

"ငါ…ဒီရသာမွှန် စားသောက်ဆိုင်မှာ လာစားပြီးလို့ ပြန်ခါနီးတိုင်း ခွင့်ယူသွားရတဲ့ စားပွဲထိုးမောင်စမ်းကို ဘောက်ဆူးတစ်ဆယ် အမြဲပေးခဲ့တယ်၊ အခု မင်းလဲ ပြန်ခါနီး ဘောက်ဆူး တစ်

www.burmeseclassic.com

www.burmeseclassic.com



ဆယ် ရမှာပေါ့ကွာ"

"ဟာ…အစ်ကို မှားသွားပြီ"

"ငါက ဘာမှား မှားပြန်ပြီလဲတဲ့ကွာ"

"ကျွန်တော် ပြောတာတွေဟာ မျှော်လင့်ချက်နဲ့ မြှောက်ပင့်ပြောတာမှမဟုတ်တာ၊ အမြင့်ကို အမြင့်အတိုင်း၊ အရှိကိုအရှိအတိုင်းပြောတာပါ၊ အစ်ကို ဘောက်ဆူးပေးလဲ ကျွန်တော် မယူပါဘူးအစ်ကို"

"ဟေ" ဟု သူအံ့ဩရပြန်သည်။

"ကျွန်တော် စဉ်းစားကြည့်တယ်၊ ထမင်းတစ်နပ်ကို သုံးရာ နေ့စဉ်အကုန်ခံစားနိုင်တယ်ဆိုတဲ့လူရဲ့ဝင်ငွေဟာ တော်တော်ကောင်းလို့ပေါ့၊ ဒီခေတ်ထဲမှာ ကြွကြွရွရွနဲ့ကြည့်ကောင်းပြီး ဝင်ငွေအကောင်းဆုံးအလုပ်ဟာ ရုပ်ရှင်မင်းသား၊ ဗီဒီယိုမင်းသားတွေပဲ မဟုတ်လား အစ်ကို"

မဆိုး။ ချာတိတ်၏ အယူအဆ မဆိုး။

"ကျွန်တော် အစ်ကို့ကို မြှောက်ပင့်ပြောနေတာ မဟုတ်ဘူး၊ တကယ်လို့ မြှောက်မင့်တဲ့ စကားမျိုးကိုပြောတယ်ထားဦး၊ မြှောက်ပင့်တဲ့ချက်ထဲမှာ အခြေခံမှန်ကန်မှု မပါရင် လူရယ်စရာကြီးဖြစ်မှာပေါ့ အစ်ကို၊ မည်းတူးနေတဲ့ ကုလားကြီးကို ဘာဘူကြီးက အသားဖြူလိုက်တာ ဝင်းနေတာပဲလို့ သွား



ပြောလို့မှမဖြစ်တာ၊ အစ်ကို့ကို ကျွန်တော် မမြှောက်ပါဘူး၊ အမြင်အတိုင်း၊ အရှိအတိုင်း ပြောတာပါ"

သူသည် ဤချာတိတ်အားအလေးအနက်ထားမိသည်။ တချို့လူငယ်ချာတိတ်ကလေးများသည် စီးပွားရေးအရ ရရာအလုပ်ကို လုပ်ကိုင်နေစေကာမူ ကိုးတန်း၊ ဆယ်တန်းအောင်ပြီး အတွေးအခေါ် အယူအဆတွေ မြင့်တတ်သည်ကိုလည်း သူ သတိထားမိသည်။

"ကျွန်တော် အစ်ကို့ကိုမြင်ကတည်းက အားကျမိလို့ ပြောနေတာပါ အစ်ကို"

သူသည် မသိမသာလေး သက်ပြင်းချလိုက်မိသည်။

"ငါ့ကို အားမကျနဲ့ချာတိတ်၊ လောကကြီးမှာ အလုပ်လုပ်နေပေမယ့် ပိုက်ဆံမရတဲ့အလုပ်မျိုးတွေရှိတယ်၊ ငါဟာ ပိုက်ဆံတစ်ပြားမှမရတဲ့ အလုပ်တစ်ခုကို ကြိုးစားပန်းစား လုပ်နေတာ"

"ဟုတ်ပါ့မလား အစ်ကို၊ ကျွန်တော်သိသလောက်တော့ အလုပ်လုပ်ရင် အလုပ်နဲ့ထိုက်တန်တဲ့ အခကြေးငွေတော့ ရစမြဲပါ၊ ကျွန်တော် ဒီစားပွဲထိုးမလုပ်ခင်က ကားစပယ်ယာလုပ်တာလဲ ပိုက်ဆံရတာပဲ၊ မင်္ဂလာဈေးမှာ အငှားကားတွေကို လူရအောင်ခေါ်ပေးတဲ့ အလုပ်တုန်းကလဲ ပိုက်ဆံရတာ

www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ အခုစားမွဲထိုးဝင်လုပ်တော့လဲ ပိုက်ဆံရတာပါ ပဲ အစ်ကို၊ အလုပ်လုပ်သမျှ ပိုက်ဆံရတာကို ပြောတာပါ''

''အေး…မင်းပြောတာ မှန်တယ်၊ ဒါပေမယ့် လောကကြီးမှာ အလုပ်လုပ်ပြီး ပိုက်ဆံမရတဲ့အလုပ်မျိုးရှိတယ်၊ အဲဒီအလုပ်ကို ငါလုပ်နေတာပဲ''

''အဲဒီအလုပ်က ဘာအလုပ်မို့လို့လဲ အစ်ကို''

''မှတ်ထား…အဲဒီအလုပ်က မအောင်မြင်သေးတဲ့ စာရေးဆရာ အလုပ်ပဲ''

ချာတိတ်က တစ်ခုခုဆက်ပြောရန် ပါးစပ်ပြင်လိုက်သည်။ သို့သော် အခြားသူတစ်ဦးက ကျွန်ုပ်စားပွဲစိမ်းတွင် ညွှန်ကြားသုံးဦးဝင်ထိုင်သဖြင့် ချာတိတ်လည်းကော ထိုစားပွဲ သို့ အပြေးကလေး ထွက်သွားရှာပေသည်။

သူစားသောက်ပြီးသောအခါ ကျသင့်ငွေကို ကောင်တာတွင် ရှင်းပြီးနောက် မိမိစားသောက်သည့် စားကြွင်းပန်းကန်ကြွင်းများ သိမ်းနေသည့် ချာတိတ်ထံ ပြန်လာကာ ဘောက်ဆူးငွေတစ်ဆယ် ပေးလိုက်သည်။

''မယူပါရစေနဲ့အစ်ကို၊ ဒီဘောက်ဆူးငွေကို ကျွန်တော်ယူလိုက်ရင် စောစောက ကျွန်တော် ပြောတာတွေဟာ တန်ဖိုးမရှိတဲ့ အခြောက်အပင့် စကားတွေ ဖြစ်သွားမှာစိုးလို့ပါ အစ်ကို…''



သူက သင်ခန်းစာတစ်ခုဟု မှတ်ယူလိုက်သည်။ လောကကြီးတွင် ဒီလိုချာတိတ်မျိုးလည်း ရှိတတ်ပါသေးလား ဟူ၍ပင်။

''မင်းနာမည်က…''

''မောင်အိုင်ပါ အစ်ကို''

''အေး…မောင်အိုင် ငါသွားမယ်၊ မင်းကို ငါ လေးလေးစားစား နှုတ်ဆက်တယ် မောင်အိုင်''

သူ၏မော်တော်ဆိုင်ကယ် ရပ်ထားရာသို့ သူလျှောက်လာခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## (၂)

သူသည် တစ်နေ့လျှင် တစ်ရာ့ငါးဆယ်ပေးရသော သူတည်းခိုနေသည့် တည်းခိုခန်းသို့ ပြန်လာခဲ့သည်။ ဤ တည်းခိုခန်းတွင် သူရန်ကုန်ရောက်ကတည်းက တည်းခိုခဲ့ သည်မှာ ရက်ပေါင်း လေးဆယ် ရှိသွားပေပြီ။

စားပွဲထိုးလေးမောင်အိုင် တွက်ပြလိုက်သော တွက် နည်းနှင့်ဆိုလျှင် သူသည် တည်းခိုခန်းတွင် တစ်နေ့တစ်ရာ့ ငါးဆယ်နှုန်းနှင့် ဆယ်ရက်ဆိုလျှင် တစ်ထောင့်ငါးရာ ရက်ပေါင်း လေးဆယ်ဆိုပါက ငွေခြောက်ထောင် ပေးခဲ့ရ ပြီးပြီ။

ဤတည်းခိုခန်းတွင် သူဝတ္ထုရေးခဲ့သည်မှာ ဒုတိယ မြောက်ဝတ္ထုပင် ပြီးမြောက်သွားပေပြီ။



စားပွဲထိုးလေးမောင်အိုင်က အလုပ်လုပ်လျှင် တန် ရာတန်ကြေး ပိုက်ဆံရ,ရမှာပေါ့ဟု ပြောလိုက်သောစကား ကို ပြန်သတိရမိရင်း သူသည် မန္တလေးမှ ဖေဖေဦးအောင် စိုး၊ မေမေဒေါ်သီတာနှင့် ညီမလေးတိုးတိုးကို သတိရမိသည်။ သူသည်မိသားစုနှင့်ခွဲခွာခဲ့သည်မှာ ရက်ပေါင်းလေးဆယ် ရှိသွားပေပြီ။ ဖေဖေ မေမေနှင့် ညီမလေးကိုသတိရမိသည်။

အထူးသဖြင့် ဖေဖေဦးအောင်စိုးကို သတိရမိသည်။

သူ ရန်ကုန်သို့မလာမီလေးတှ ဖေဖေက သူ့ကို ပြော ဆိုဆွေးနွေးခဲ့သည်များကို သူပြန်လည်၍ မျက်စိထဲမြင်ယောင် ပြီး ဖေဖေ၏ပြောသောစကားများ သူ၏နားတွင် ပြန်လည် ကြားယောင်မိတော့သည်။

“ဟော့...လူလေးစိုးစိုး လာစမ်းပါဦးကွ၊ ဖေ ဖေ အလုပ်များလွန်းလို့ သားနဲ့ အေးအေး ဆေးဆေး စကားမပြောရတာတောင် ကြာသွားပြီ”

“ဖေဖေပြောစရာရှိလို့လား ဖေဖေ”

“ပြောစရာရှိတယ်ဆိုတာထက် လူလေးနဲ့ ဆွေး နွေး တိုင်ပင်ချင်တယ်ပေါ့ကွာ”

စိုးစိုးက အပြင်သွားရန်ပြင်ဆင်ထားပြီးဖြစ်နေသည်။

ခါးရှည် သားရည်ပျော့အညိုပုပ်ရောင်ဂျာကင် ဝတ် ထားသည်။ ဂျင်းဘောင်းဘီအပြာဝတ်ထားသည်။ မော်တော် ဆိုင်ကယ်သမားများ လက်ဖဝါးလက်ချောင်းတွင် ဝတ်လေ့

www.burmeseclassic.com

www.burmeseclassic.com



ရှိသော ဟာတ်(ဖ်)ဂလိုကို လက်ဖဝါးနှစ်ဘက်တွင် စွပ်ထားသည်။

ဖေဖေ့ကို စိုးစိုးချစ်သည်။ ကြည်ညိုလေးစားသည်။ ဖေဖေ့စကားကို နာခံခြင်းလည်းရှိသည်။

ကိုယ်လုပ်စရာတွေလုပ်သော်လည်း မိဘတွေနှစ်ပါးစလုံးကို စိုးစိုးဘယ်သောအခါကမှ ကလန်ကဆန် မပြောပေ။

မိဘ၏အစွမ်းကုန်အလိုလိုက်ခံထားရသော သားဖြစ်သော်လည်း စိုးစိုးလည်း အကျင့်မပျက်။ စာရိတ္တမချို့ယွင်း။ မိဘအားဘယ်တော့မှ ထော်လော်ကန့်လန့် ပြုမူမိသည်မျိုး မရှိခဲ့။

သူ၏အမည်ရှည်မှာ 'ပိုင်စိုး'ဖြစ်သည်။ သို့တစေ ဖေဖေနှင့်မေမေက သားကို ချစ်စနိုးစိုးစိုးဟုခေါ်သည်။ ထို့ကြောင့်လည်း မိမိတို့အိမ်နှင့် ရင်းနှီးသူများကလည်းကောင်း၊ ဆွေမျိုးတွေကလည်းကောင်း ဖေဖေနှင့်မေမေခေါ်သလို စိုးစိုးဟု ခေါ်ကြသည်။

ပိုင်စိုးသည် ဖူ့အဖေနှင့် အနီးကပ်ဆုံး ဆိုဖာတွင် ဝင်ထိုင်သည်။

"ဖေဖေက ဒီနေ့မှထူးထူးဆန်းဆန်း ကျွန်တော့်ကို ဆွေးနွေးတိုင်ပင်ချင်ရတယ်လို့ . . . .

"ကဲ . . . ပြော၊ ဖေဖေဘာဆွေးနွေးချင်လဲ၊ ဘာတိုင်ပင်ချင်လဲ၊ ကျွန်တော် နားထောင်ဖို့အသင့်ပဲ"



"လူလေး . . . အသက်ဘယ်လောက် ရှိသွားပြီလဲ"

"ဟာ . . . ဖေဖေကလဲ သိသားနဲ့"

"ဟုတ်ပါတယ် . . . ဖေဖေသိပါတယ်၊ ဒါပေမယ့် ဖေဖေ မေးတာကို လူလေးဖြေပါ"

"နှစ်ဆယ့်လေးနှစ်ပါ ဖေဖေ"

"လူလေး တက္ကသိုလ်ကဘွဲ့ရတာကကော အသက် ဘယ်လောက်မှာ ရခဲ့သလဲ"

"ဒါလဲ ဖေဖေသိပြီးသားပါ၊ ဒါပေမယ့် ကျွန်တော် ဖြေပါ့မယ် . . .

"ကျွန်တော် အသက် နှစ်ဆယ့်တစ်နှစ်မှာ မန္တလေးတက္ကသိုလ်က မြန်မာစာအဓိကနဲ့ ဘွဲ့ရခဲ့ပါတယ် ဖေဖေ"

"ဒါဆို သားဘွဲ့ရပြီးထားပြီး သုံးနှစ်နီးပါးတောင်ရှိနေပြီ မဟုတ်လား"

ပိုင်စိုးခေါင်းညိတ်ပြသည်။

ထိုစဉ်မှာပင် မေမေခေါ်သီတာသည် အိမ်ထဲ မီးဖိုဘက်ဆီမှ ထွက်လာပြီး ဖေဖေ၏ လက်ဝဲဘက်ဆိုဖာတွင် ရောက်ထိုင်လိုက်သည်။

ညီမလေးတိုးတိုးလည်း အိမ်ပေါ်မှဆင်းလာပြီး မေ့ဘောတွင် ဝင်ထိုင်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို လူလေးဆက်ဖြေပါဦး၊ ဖေဖေနဲ့ မေမေတို့မှာ ဘာလုပ်ငန်းတွေရှိနေလဲ"

ပိုင်စိုးသည် သူ၏ဖေဖေအား ကြည့်မိပြန်သည်။ ဖေဖေ၏မျက်နှာတွင် အရယ်အပြုံးမရှိဘဲ တည်တည် တန့်တန့်နှင့်စကားကို လေးအနက်ပြောသည့်ပုံရိပ် ပေါ်နေသဖြင့် ပိုင်စိုးကလည်း အရယ်အပြုံး၊ အနောက်အရွှတ် သဏ္ဌာန် မထားတော့ဘဲ ဖေဖေ မေးသမျှ ဖြေလိုက်ပါ၏။

"ဆီစက်၊ ဆန်စက်နဲ့ သစ်စက်၊ သုံးလုံးအပြင် ဈေးချိုထဲမှာ မေမေကိုယ်တိုင် ဖွင့်ထားတဲ့ စိန်ရွှေရတနာဆိုင်နဲ့ ပန်းတိမ်လုပ်ငန်းတွေ ရှိပါတယ် ဖေဖေ"

"လူလေးရဲ့ညီမလေး တိုးတိုးကကော အခုအသက်ဘယ်လောက်ရှိပြီလဲ၊ တက္ကသိုလ်မှာ ဘာဘာသာအဓိကနဲ့ တက်နေလဲ၊ ဘယ်နှစ်နှစ် ရောက်ပြီလဲ"

"ညီမလေးက တက္ကသိုလ်မှာ အီကိုနဲ့ ဒုတိယနှစ် တက်နေပါတယ်ဖေဖေ၊ ညီမလေးအသက်က အခု ဆယ့်ကိုးနှစ်ထဲမှာပါ"

"ဖေဖေ့အသက်ကော ဘယ်လောက် ရှိပြီလဲ"

"ငါးဆယ်ထဲမှာပါ ဖေဖေ"



"မေမေ့အသက်ကကော"

"လေးဆယ့်သုံးနှစ်ထဲမှာပါ"

"အေး…လူလေးဖြေတာတွေ အားလုံးမှန်တယ်…

"ကဲ…တစ်ခုထပ်ပြောပါဦး။ လူလေး ဘွဲ့ရပြီးတဲ့နောက် သုံးနှစ်အတွင်းမှာ ဘာတွေလုပ်ခဲ့သလဲ"

"ကျွန်တော် စာရေးဆရာဖြစ်ချင်လို့ စာတွေရေးခဲ့တယ်၊ ဝတ္ထုတွေဆိုပါတော့၊ စာရေးရာမှာ လိုအပ်လာတဲ့ ဒေသန္တရဗဟုသုတအတွက် ကျွန်တော် မော်တော်ဆိုင်ကယ်နဲ့ မြန်မာပြည်အထက်ပိုင်း တစ်ချို့နေရာတွေကို လျှောက်သွားခဲ့တယ်ဖေဖေ၊ အလည်အပတ်သဘောလဲ ပါတယ်ပေါ့"

"ဟုတ်တယ်…၊သား ဘွဲ့ရပြီးတဲ့နောက်ပိုင်းမှာ သားဟာ ခရီးတွေထွက်ပြီး ဝတ္ထုရေးခဲ့တာ တစ်ပုဒ် ကတော့ လုံးလုံးပြီးသွားပြီ၊ နောက်တစ်ပုဒ် ရေးနေတာလဲ ဇာတ်သိမ်းခန်း နည်းနည်းလောက်ပဲ လိုတော့တယ်၊ အဲဒီ လူလေးရဲ့ပြီးသွားတဲ့ ဝတ္ထုကိုရော၊ ပြီးခါနီးဆဲဆဲ ဝတ္ထုကိုရော ဖေဖေ ဖတ်ကြည့်ပြီးပြီ၊ သားရေးတာတွေ မဆိုးပါဘူး"

ပိုင်စိုး မျက်နှာ ဝင်းလက်သွားပါ၏။

www.burmeseclassic.com

www.burmeseclassic.com



မည်သည့်စာရေးဆရာဖြစ်ပါစေ၊ အထူးသဖြင့် စာရေးဆရာဖြစ်ရန် ကြိုးစားနေသူသည် မိမိရေးသားထားသော စာမူကို တစ်ဦးတစ်ယောက်က ဖတ်ကြည့်ပြီးပြီ၊ ဖတ်ကြည့်ပြီးနောက် ကောင်းသည်၊ သင့်သည်ဟု စသဖြင့် ဝေဖန်သည်ကို အလွန် ကြားချင်တတ်လေ့ရှိပါသည်။

ဖေဖေက စာမူနှစ်ပုဒ်လုံး ဖတ်ကြည့်ပြီးပြီ၊ မဆိုးပါဘူးဟုပြောလိုက်သည်ကို ပိုင်စိုး ဝမ်းမြောက်ဝမ်းသာဖြစ်ရပါ၏။ ဖေဖေသည် စာပေတွင် ရင့်ကျက်သူတစ်ဦးဖြစ်သောကြောင့်ပါတည်း။

"မဆိုးပါဘူးလို့ ဖေဖေဝေဖန်တာဟာ ကိုယ့်သားဆိုတဲ့ သံယောဇဉ်နဲ့ ဝေဖန်တာလား ဖေဖေ"

ဖေဖေက ဦးခေါင်းကို ညင်သာစွာ ရမ်းပြသည်။

"သံယောဇဉ် လုံးဝမပါပါဘူး၊ စာဖတ်သူ ပီပီပြင်ပြင် တစ်ယောက်အနေနဲ့ ဝေဖန်တာပါ"

"ဒါဖြင့် ဘယ်လိုကြောင့် မဆိုးပါဘူးလို့ ဝေဖန်တာလဲ"

"ရေးဟန်၊ အတွေးအခေါ်၊ အယူအဆ၊ ဇာတ်အိမ်၊ ဇာတ်ကွက်၊ ဇာတ်ကောင်တွေရဲ့ စရိုက်၊ စာရေးသူရဲ့ ခံယူချက် အာဘော်တွေ အားလုံး ထောင့်စေ့အောင် ဖတ်ကြည့်ပြီး မဆိုးပါဘူးလို့ ဝေဖန်တာပဲ လူလေး"

"တကယ်လား...ဖေဖေ"

"တကယ်ပေါ့ လူလေးရာ"

"ဝမ်းသာလိုက်တာ ဖေဖေရယ်"

ဦးအောင်စိုးသည် ဇနီးဒေါ်သီတာ သမီးလေး တိုးတိုးဘက်သို့ လှည့်ကြည့်သေးသည်။ ပြီးမှ ပိုင်စိုးဘက်သို့ ပြန်လှည့်ကြည့်လိုက်ပြန်သည်။

"အခု လူလေးရေးထားတဲ့ဝတ္ထုတွေကို ဘယ်လိုထုတ်ဖို့ စိတ်ကူးသလဲ၊ ကိုယ်ပိုင် ရိုက်နှိပ်ပြီး မန္တလေးက နာမည်ကြီး ဖြန့်ချိထုတ်ဝေတဲ့ တိုက်တွေက ထုတ်ဝေဖြန့်ချိမလား"

ပိုင်စိုးက ဦးခေါင်းကို ရမ်းပြသည်။

"ကိုယ်ရေးတဲ့ဝတ္ထုကို ကိုယ်ပိုင်ငွေနဲ့ရိုက်ပြီး ကိုယ်ပိုင်ထုတ်ဝေတာမျိုးကို ကျွန်တော် ဘဝင်မကျဘူး ဖေဖေ"

"ဘာဖြစ်လို့လဲ လူလေး"

"အခုခေတ် စတီရီယိုလောကမှာဖြစ်ဖြစ်၊ ဗီဒီယိုလောကမှာဖြစ်ဖြစ် ငွေကြေးတတ်နိုင်သူတွေက ကိုယ့်သားနဲ့ ကိုယ့်သမီးဟာ အနုပညာဘယ်လောက်မြောက်သလဲ၊ ရုပ်နဲ့အသံနဲ့ဘယ်လိုကွားသလဲ၊ ပရိသတ်က လက်ခံနိုင်ရဲ့လားဆိုတာတွေဘေးချိတ်ပြီး နာမည်တစ်လုံးနဲ့ မင်းသား

www.burmeseclassic.com



အတာရှည်ဖွတ်တင်၊ မင်းသမီးအတင်းဖွတ်တင်၊ စီးရီး(စ်)တွေ ဖွတ်ထုတ်ဆိုတာမျိုးတွေဖြစ်နေတယ်၊ ဒါဟာ နာမည်ကျော်ကြားချင်လွန်းလို့ အတင်း ပိန္နဲသီးကို သပ်ရိုက်သွင်းပြီး ဖွတ်မှည့်စေတဲ့ သဘောမျိုးဖြစ်နေတယ်၊ ပိန္နဲသီးသပ်ရိုက်တော့ အမှည့် မြန်တော့မြန်ပါရဲ့၊ ဒါပေမယ့် အချိုပေါ့တာတို့၊ အသီးပုပ်တာတို့ဖြစ်တဲ့သဘောပဲ၊ မင်းသား၊ မင်းသမီး၊ အဆိုတော်လို့တော့ ကင်ပွန်းတပ်လို့ရပါရဲ့၊ ဒါပေမယ့် လူကြိုက်နည်းတာတို့၊ ကဲ့ရဲ့ရှုံ့ချတာတို့ ဖြစ်လာတာယ်ဖေဖေ၊ စာပေလောကမှာလဲ အဲဒီလို ကိုယ်ရေး ကိုယ်ထုတ်သမားတွေရှိပါတယ်၊ ကျွန်တော့်အနေနဲ့ကတော့ စာအုပ်ထွက်ရင်ပြီးရော ဆိုတာမျိုးတော့ ကိုယ်ပိုင်၊ ကိုယ်ရေး၊ ကိုယ်ထုတ် မလုပ်ချင်ဘူး ဖေဖေ''

''ဒါဆို လူလေးက ဘယ်လိုလုပ်ချင်တဲ့ဆန္ဒရှိနေသလဲ''

''ရန်ကုန်က ထုတ်ဝေတိုက်ကြီး တစ်တိုက်တိုက်ဆီကို ကျွန်တော့်စာမူတွေပေးမယ်၊ သူတို့ဖတ်ကြည့်ပြီး သူတို့ဘာသာထုတ်ဝေတာမျိုးကို ကျွန်တော်လိုလားတယ်၊ စာအုပ်ထုတ်ဝေသူတွေဟာ သူတို့ အရင်းအနှီးတွေထည့်ပြီး မြှုပ်နှံပြီး ထုတ်ဝေ



ရတာမျိုး၊ အရည်အသွေးညံ့တဲ့စာမူဆိုရင် သူတို့ မထုတ်ရဲကြဘူး၊ ဒါကြောင့် ကျွန်တော့်စာမူတွေကို မှတ်ကျောက်တင်တဲ့သဘောနဲ့ သူတို့ဆီကိုပေးချင်တယ် ဖေဖေ''

''ကောင်းတယ်…သိပ်ကောင်းတယ်၊ ကိုယ့်အရည်အသွေးကို ကိုယ်ယုံကြည်တဲ့စိတ်၊ ကိုယ့်ဒူးကိုယ်ချွန်တဲ့ လူလေးရဲ့စိတ်ဓာတ်ဟာ သိပ်ကိုကောင်းတယ်၊ ဖေဖေသဘောကျတယ်''

ဦးအောင်စိုးသည် သူ၏သားကြီး ပိုင်စိုးကို သေသေချာချာစူးစိုက်ကြည့်ပြီး…

''ဒီတော့…ဒီလိုလုပ်ပါလား ဖေဖေ့သားရဲ့အရည်အသွေး၊ ဖွဲ့သတ္တိ၊ လုံ့လဝီရိယကိုလဲ ဆန်းစစ်ရာရောက်အောင် သားဝါသနာပါတဲ့အလုပ်ကိုလဲ မိဘ လောင်းရိပ်ထဲမှာ မလုပ်ဘဲ ကိုယ့်ဟာကိုယ် လွတ်လွတ်လပ်လပ် လုပ်နိုင်အောင် အစမ်းသဘောနဲ့ တစ်ခုလုပ်ကြည့်ပါလား''

''ဘယ်လိုတစ်ခု လုပ်ကြည့်ရမှာလဲ ဖေဖေ''

''သားကို ဖေဖေ ငွေငါးသိန်းထုတ်ပေးလိုက်မယ်၊ သားအရည်အချင်း၊ သားဦးနှောက်နဲ့ကြိုက်တာ လုပ်၊ စာအုပ်ထုတ်ဝေရေးတစ်ခုတည်း မဟုတ်ဘူး၊ တခြား သားစိတ်နဲ့ သားကိုယ်လုပ်ချင်တာ

www.burmeseclassic.com

www.burmeseclassic.com



လုပ်၊ လွတ်လွတ်လပ်လပ်လုပ်''

ဒေါ်သီတာ၏ ဝင်၍ကန့်ကွက်စကားပေါ်လာတော့သည်။

''ဟာ…ကိုအောင်စိုးကလဲ သားက နဂိုကမှ အိမ်မကပ်ဘဲ မော်တော်ဆိုင်ကယ်တစ်စီးနဲ့ သွားချင်ရာသွားနေတဲ့အထဲ ငွေငါးသိန်းမိုက်ပြီး ထင်ရာမြင်ရာလျှောက်သွားနေမှဖြင့်…''

မေမေက သားကို စိတ်မချနိုင်ခြင်း၊ စိုးရိမ်ခြင်းတို့ ပေါ်လွင်သောမျက်နှာနှင့် ဝင်ရောက်ပြောလာသည်ကို ဦးအောင်စိုးက ဇနီးဒေါ်သီတာအား လက်ဝါးကာပြလိုက်သည်။

''ကိုယ်ပြောပြီးပြီပဲ မသီတာ၊ သားကြိုက်တာလုပ်လို့၊ အခုလက်ရှိလူလေးရဲ့စိတ်ဓာတ်က သူ့စာအုပ်ထဲမှာသာ ရာနှုန်းပြည့် အာရုံရောက်နေတယ်၊ စိတ်အားထက်သန်နေတယ်၊ ကိုယ်တို့ရဲ့ ဆန်စက်၊ ဆီစက်၊ သစ်စက်လုပ်ငန်းတွေမှာ လူလေး လုံးဝအာရုံမထားဘူး၊ စိတ်မဝင်စားဘူး၊ မင်းရဲ့ဈေးချိုထဲမှာ ရွှေဆိုင်၊ ရွှေပန်းထိမ်အလုပ်ဆိုရင် လူလေးကပိုပြီးတောင် စိတ်မဝင်စား၊ အာရုံမရှိတာ၊ အဲ…ဒါကတော့ ကိစ္စမရှိဘူး၊ သမီးလေးတိုးတိုး ဝင်နိုင်တယ်၊ ဖေဖေပြောတာတွေ ဟုတ်



ရဲ့လား လူလေး''

''ဟုတ်တယ်ဖေဖေ၊ အခုလက်ရှိစိတ်နဲ့တော့ ဖေဖေ့လုပ်ငန်းတွေ ကျွန်တော်စိတ်ဝင်စားလို့ မရသေးဘူး''

''အေး…ရတယ်၊ ဖေဖေအခုမှ အသက်ငါးဆယ်ကျော်ရုံလေးရှိသေးတာ၊ ဖေဖေ့ကျန်းမာရေးလဲကောင်းတယ်၊ ဒီတော့ ဖေဖေလုပ်ငန်းတွေ လုပ်နိုင်သေးတယ်၊ နောက်ထပ် အသက် ငါးဆယ့်ငါးအထိ ဖေဖေလုပ်မယ်စိတ်ကူးထားတယ်၊ ဒီတော့ ဒီကြားထဲမှာ လူလေးကို ဖေဖေက လူလေးလုပ်ချင်တာလုပ်ဆိုတဲ့သဘောနဲ့ ငွေငါးသိန်း ထုတ်ပေးတာပဲ၊ အေး…ဖေဖေအသက် ငါးဆယ့်ငါးပြည့်လို့ အနားယူတော့မယ်ဆိုရင် သားကို ဖေဖေပေးထားတဲ့ ငွေငါးသိန်း လူလေးရဲ့လက်ထဲမှာရှိနေသေးလား၊ ဒါမှမဟုတ် ငါးသိန်းမကပိုများပြီး တိုးတက်လာ သလားဆိုတာ လူလေးဘာသာဆန်းစစ်၊ အဲဒါ လူလေးရဲ့ အရည်အချင်း စမ်းသပ်ပွဲပဲ''

''ကြိုက်တယ်ဖေဖေ…ကျွန်တော် ရန်ကုန်ကို ဆင်းမယ်''

ဒေါ်သီတာမေမေက ပျာပျာသလဲ ဝင်ကန့်ကွက်လိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



“အို…မဟုတ်တာ၊ သားက ဘာလို့ရန်ကုန်ကို ဆင်းရမှာလဲ၊ အိမ်မှာပဲနေပြီး ငွေငါးသိန်းနဲ့ သား လုပ်ချင်တာလုပ်၊ သားတစ်ယောက်တည်း ရန်ကုန်မှာ သွားနေတာမျိုး မေမေ စိတ်မချဘူး”

“မဟုတ်သေးဘူး မေမေ”

ပိုင်စိုးက မိခင်ကို အကျိုးသင့်အကြောင်းသင့် ဖျောင်းဖျသောလေသံဖြင့် ပြန်ပြောသည်။

“ကျွန်တော် သိပ်ပြီးစိတ်သန်နေတဲ့ စာပေအလုပ်ဟာ ရန်ကုန်က ခရေသောက်မြစ်ဖြစ်နေတယ်၊ အဓိကကျနေတယ်မေမေ၊ အနုပညာသမားတွေဟာ တိုးတက်ဖို့ဆိုရင် ရန်ကုန်ကိုဆင်းဆင်းပြီး နည်းလမ်းရှာဖွေကြတာပဲ၊ နောက်တစ်ချက်ရှိသေးတာက…”

ပိုင်စိုးသည် စကားကို တစ်ချက်နားတောင်ရင်း ဖခင်ဦးအောင်စိုးကို တစ်ချက်ကြည့်လိုက်ပြီး ဆက်ပြောသည်။

“ဖေဖေကကျွန်တော့်ကို အရည်အသွေးစမ်းတဲ့သဘောနဲ့ ငွေငါးသိန်းထုတ်ပေးတာ၊ ကျွန်တော်ဟာ ဖေဖေအနားယူတဲ့တစ်နေ့ ဖေဖေနဲ့မေမေတို့ လုပ်ငန်းတွေမှာ ဝင်ဦးစီးရမယ်ဆိုတာလဲ ကျွန်တော်ခံယူပြီးသားပါ၊ ကဲ…အခုဖေဖေလုပ်ကိုင်နိုင်တုန်း ကျွန်တော်က ငွေငါးသိန်းနဲ့ ရန်ကုန်ဆင်းပြီးလုပ်



မယ်၊ ဖေဖေအနားယူတဲ့အချိန်မှာ ကျွန်တော့်ရဲ့ ငွေငါးသိန်းဟာ ကုန်သွားပြီဆိုရင် ကျွန်တော်ညံ့လို့ပဲ၊ ငါးသိန်းမကုန်ရင် ဒါမှမဟုတ် ငါးသိန်းထက် ပိုတဲ့ငွေတွေဖြစ်မြောက်လာရင် ကျွန်တော်မညံ့လို့ပဲ၊ ဖေဖေအခုချပေးလိုက်တဲ့ စာမေးပွဲကို ကျွန်တော်ဖြေရမယ်မေမေ၊ ကျွန်တော်ပြောတာတွေ ဟုတ်ရဲ့လား ဖေဖေ”

“အင်း…ခြုံပြီးပြောရင် ဟုတ်တယ် လူလေးလို့ပဲ ပြန်ပြောရမလားပဲ၊ ဒါပေမယ့် ဖေဖေပေးတဲ့ ငွေငါးသိန်းရယ်၊ လူလေးရဲ့ အရည် အသွေးတွေရယ် အဲဒီနှစ်ခုဟာ ဆက်နွှယ်မှုရှိတယ်ဆိုလဲ ဟုတ်ရဲ့၊ ဆက်နွှယ်မှုမရှိဘူးဆိုလဲ ဟုတ်ရဲ့ပဲ လူလေး”

“ဖေဖေ…ဘာကို ဆိုလိုချင်တာလဲ ဟင်”

“ဒီလို လူလေးရဲ့…လူလေးအနေနဲ့ အရောင်းအဝယ်တစ်ခုခုအတွက် ဒီငွေတွေကို ရင်းနှီးတာဆိုရင်တော့ ရှုံးတာမြတ်တာဟာ လူလေးရဲ့ အရည်အချင်းနဲ့ဆိုင်တယ်၊ အေး…အခုလူလေးလုပ်မှာက ဝါသနာကိုအရင်းတည်ပြီး စာပေအနုပညာကိုဆိုတော့ အမြတ်အစွန်းရအောင် ရင်းနှီးလုပ်တဲ့အမျိုးနဲ့မတူဘူးလားလို့ပါ၊ အေး…ဘာပဲဖြစ်ဖြစ် လုပ်ချင်ရာလုပ်လို့ ငွေငါးသိန်းကုန်သွားလဲ ဘာ

www.burmeseclassic.com

www.burmeseclassic.com



အရေးလဲ၊ ဒီငွေငါးသိန်းနဲ့ပတ်သက်ပြီး လူလေးမှာ အတွေ့အကြုံတွေရမယ်၊ ဗဟုသုတတွေရမယ်၊ အဲ အမိကဖေဖေလိုချင်တာကတော့ ဖေဖေအနား ယူချင်တဲ့ အချိန်မျိုးကျရင်တော့ ဖေဖေ့လုပ်ငန်း ကိုတော့ သမီးလေးတိုးတိုးဘွဲ့ရပြီးတာနဲ့ ဝင်လုပ် နိုင်းတော့မှာပါ"

ဤပုံဤနည်းဖြင့်ပင် ...

ပိုင်စိုးသည် ငွေငါးသိန်း မော်တော်ဆိုင်ကယ်တစ်စီး အဝတ်အစားဆွဲအိတ်တစ်အိတ်ဖြင့် ရန်ကုန်သို့ ရောက်လာ ဖြစ်တော့သည်။

တည်းခိုခန်းတွင်တည်းခိုးပြီး ဆိုင်ထမင်း ဆိုင်ဟင်း တွေချည်း စားခဲ့သည်မှာ ရက်ပေါင်း လေးဆယ်ရှိပေပြီ။

ဤရက်ပိုင်းအတွင်း ပိုင်စိုးသည် သူ၏စာမူနှစ်ခု ထုတ်ဝေဖြန့်ချိရေးတွက် စာပေတိုက်များကို စုံစမ်းသည်။ ငွေမျက်နှာအရလည်းကောင်း၊ အချိန်အဝါအရလည်းကောင်း၊ မျက်နှာထောက်ထားအားနာခြင်းအရလည်းကောင်း စာအုပ် ထုတ်ဝေဖြန့်ချိခြင်းမျိုးကို ပိုင်စိုးမလိုလား။

ထို့ကြောင့် စာပေတိုက်များကို ဆက်သွယ်ရာတွင် သာမန်စာပေဝါသနာရှင် အညတရတစ်ဦးအဖြစ်နှင့်သာ မိတ် ဆက်ပြီး ချက်ဆံသည်။

ဤသို့ဖြင့် မကြာမီမှာပင် "မေတ္တာစာပေ" တိုက်



မှ ပိုင်ရှင် ကိုကျော်ဦးကို ဆက်သွယ်မိသည်။

ထုတ်ဝေသည်။ ကိုကျော်ဦးကိုယ်တိုင်သည် စာပေ ဝါသနာအရင်းခံပြီး ထုတ်ဝေသူဖြစ်လာသူမို့ ကလောင်သစ် ကိုကိုင်ရဲသည်။ ထုတ်ဝေရဲသည်။ မြေတောင်မြှောက်ပေး ချင်သည်။ စေတနာမေတ္တာအရင်းခံထားရှိသည်။

သို့သော် ဗလိုင်းကြီးထုတ်ဝေခြင်းမျိုးတော့ မဟုတ်။ ကလောင်သစ်၏ ဝတ္ထုကော်ပီစာမူကို သူကိုယ်တိုင်ဖတ်ကြည့် သည်။ ဖတ်ကြည့်ပြီးမှ စင်တင်နိုင်လောက်သည့် ကလောင် ဆိုလျှင် ကိုကျော်ဦးက ထုတ်ရဲပေသည်။

ပိုင်စိုး၏စာမူကော်ပီနှစ်ခုစလုံး ကိုကျော်ဦးလက်သို့ ပိုင်စိုးပေးအပ်ပြီး ဖတ်ရှုစေပါ၏။

ကိုကျော်ဦးအား ဖတ်ချိန်ပေးပြီး ကိုကျော်ဦး ချိန် သောရက်တွင် မေတ္တာစာပေတိုက်သို့သွားပြီး ကိုကျော်ဦးနှင့် ထပ်မံတွေ့ဆုံပါ၏။

"လာဗျို့ ...ကိုပိုင်စိုး၊ ခင်ဗျားလာမယ့်ရက်ကို ကျုပ် စောင့်နေတာပဲ"

စားပွဲတွင် မျက်နှာချင်းဆိုင်ထိုင်ကြသည်။ ကိတ် မုန့်နှင့် အအေးပုလင်းနှင့် ကိုကျော်ဦးက ပိုင်စိုးအား ဧည့် ဝတ်ပြုသည်။

ကိုကျော်ဦးသည် သူကိုယ်တိုင် စာပေဝါသနာကြီး သူမို့ စာပေတိုက်ဖွင့်ပြီး ထုတ်ဝေဖြန့်ချိသောအလုပ်ကို လုပ်

www.burmeseclassic.com

www.burmeseclassic.com



ကိုင်သူဖြစ်ပါ၏။အသက်အားဖြင့် သုံးဆယ်ကျော်သာရှိသေးပြီး ရန်ကုန်ကဏ္ဍသိုလ်ကဘွဲ့ရထားပြီးသူ ဖြစ်ပါ၏။

"ကိုပိုင်ရဲ့ကော်ပီနှစ်ပုဒ်စလုံး ကျုပ်အစအဆုံးဖတ်ကြည့်ပြီးပြီဗျ၊ မဆိုးဘူး၊ စင်တင်ကလောင်သစ်အနေနဲ့ ကျုပ်တင်ရဲတယ်၊ ထုတ်ရဲတယ်၊ ဒါပေမယ့် အဲ…တစ်ခုတော့ရှိနေတယ်၊ ပြောရမှာ အားနာတယ်"

"အားမနာပါနဲ့ ကိုကျော်ဦး၊ အမှန်အတိုင်း၊ အရှိအတိုင်းသာပြောပါ၊ ကျွန်တော် ကိုကျော်ဦးကို တခြားထုတ်ဝေသူတွေနဲ့မတူတာတွေကို နားလည်ပြီးသားပါ"

"အဲ…ပြောရမှာက ကိုပိုင်စိုးရဲ့ကော်ပီကို ဝတ္ထုစာအုပ်ဖြစ်အောင် ထုတ်ဝေတဲ့အခါ ဉာဏ်ပူဇော်ခလို့ပဲ ခေါ်ခေါ်…စာမူခလို့ပဲခေါ်ခေါ် အဲဒီကိစ္စအတွက် ကလောင်ရှင် ကိုပိုင်စိုးနဲ့ကျွန်တော် ဆွေးနွေးစရာရှိလာတယ်"

"ဆွေးနွေးပါ ကိုကျော်ဦး"

"ဒီလို ကိုပိုင်စိုး…ခင်ဗျားကော်ပီတွေကို ကျုပ်ဆက်တိုက်ထုတ်သွားမယ်၊ ဒါပေမယ့် စာမူခမသတ်မှတ်ဘူး၊ ကြိုတင်ပြီးလဲ မပေးဘူး၊ ခင်ဗျားစာအုပ်ကို ပန်းချီဒီဇိုင်းကစပြီး ကလောင်ကြီးတွေ



ရဲ့ စာအုပ်အပြင်အဆင်အတိုင်းထုတ်မယ်၊ စာအုပ်ဖြစ်ပြီးတဲ့နောက် ထုတ်ဝေဖြန့်ချိပြီးတဲ့နောက်ကျမှ အကျိုးအမြတ်ရှိတဲ့အပေါ်မှာ ထက်ဝက်ငါးဆယ်ရာခိုင်နှုန်းနဲ့ ကိုပိုင်စိုးကိုပေးမယ်၊ အဲ…အကျိုးအမြတ်မရှိလို့ ရှုံးသွားရင် ကျုပ်ရဲ့စွန့်စားမှုမှားပြီး ဆုံးရှုံးတယ်လို့ပဲ သဘောထားမယ်၊ ရှုံးရင် ကျုပ်ခံမယ်…

ဒါပေမယ့်…ကျုပ်ရဲ့စာအုပ်ဝါအရဆိုရင် ကိုပိုင်စိုးဝတ္ထုဟာ အရှုံးမရှိအောင်မြင်မယ်လို့ မျှော်လင့်ထားတယ်၊ အထူးသဖြင့် ပထမအုပ်မှာ ဈေးဦးပေါက်ပရိသတ်ထဲ တန်းဝင်ရတာမို့ နည်းနည်းပါးပါး ခံရမယ်ထင်တယ်၊ အဲ…ဒုတိယအုပ်မှာတော့ အကျိုးရှိတဲ့အပိုင်းအထိ ဖြစ်လာနိုင်တယ်လို့ ကျုပ်တွက်ထားတယ်၊ ကိုပိုင်စိုး ကျုပ်ပြောတာလက်ခံတယ် သဘောပေါက်တယ်ဆိုရင် တတိယအုပ် ဆက်ရေးထားပါ၊ ကျုပ် ကိုပိုင်စိုးကော်ပီကို သုံးအုပ်အထိထုတ်ပေးဖို့ ရည်ရွယ်ထားတယ်၊ အဲ…သုံးအုပ်ထုတ်ဝေဖြန့်ချိပေးပြီးမှ ကိုစိုးပိုင်ကလောင်ဟာ တက်မလာဘူးဆိုရင်တော့ ဆောရီးပဲ ကိုပိုင်စိုး၊ စတုတ္ထမြောက်ကို ကျွန်တော်ဆက်မထုတ်တော့ဘူး၊ ဒါပေမယ့် ကိုပိုင်စိုးရေးတဲ့ တတိယအုပ်

www.burmeseclassic.com



ကို ကျွန်တော်ဖတ်ကြည့်ပြီး ကြိုက်မှထုတ်မှာ၊ အခု စာအုပ်နှစ်အုပ်ထုတ်ဝေဖို့ လုပ်ဆောင်မှုဟာ ခြောက်လ နှစ်လကြာမှာမို့ ကိုပိုင်စိုး တတိယအုပ် ရေးဖို့အချိန် ရပါတယ်''

ကိုကျော်ဦး၏ပွင့်ပွင့်လင်းလင်းဆွေးနွေးချက်ကို ပိုင်စိုး အလွန် ကျေနပ်ရှုံမက ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါ၏။ ကိုကျော်ဦး၏ လုပ်ဆောင်ချက်ကို သဘောတူလက်ခံကြောင်း အဖြေပေးလိုက်တော့သည်။

''ကိုကျော်ဦးဆွေးနွေးချက်ကို ကျွန်တော် ဝမ်းမြောက်ဝမ်းသာလက်ခံသဘောတူပါတယ်၊ လုပ်ပါ၊ အခု ကိုကျော်ဦးပြောသလိုသာ ဆက်လုပ်ပါ၊ အဲ... အခု ကျွန်တော်ပေးထားတဲ့ ဝတ္ထုနှစ်ပုဒ်နဲ့ ပတ်သက်ပြီး ကိုကျော်ဦးရဲ့ ဆင်ခြင်ယူဆချက်နဲ့ ဝေဖန်ချက်ကို ကိုကျော်ဦးမှာ အချိန်ရရင် ပြောပြပါလား ဗျာ''

''အား...ရတယ်၊ ကျုပ်ကိုယ်တိုင်က ဝါသနာကြောင့် စာဖတ်သူဘဝက ထုတ်ဝေသူဖြစ်လာတာမို့ အဲဒီလိုကျွန်တော့်ရဲ့ယူဆချက်တွေ၊ ဝေဖန်ချက်တွေကို လိုချင်တယ်ဆိုရင် သိပ်ပြောချင်တာ''

''ပြောပါ ကိုကျော်ဦး''

''ဒီလိုဗျ...အခု စာအုပ်လောကမှာ အချစ်ဝတ္ထုတွေက တော်တော်နေရာယူလာတော့ ကိုယ်ရေးကိုယ်ထုတ်ကလောင်တွေ တော်တော်များများဟာ အချစ်ဝတ္ထုတွေကိုချည်း ရေးကြတယ်၊ စာဖတ်ပရိသတ်မှာ အချစ်ဝတ္ထုတွေချည်းဖတ်နေရတယ်ဆိုတဲ့ သဘောရှိနေတယ်၊ အဲဒီတော့ ကနေ့ ဝတ္ထုစာအုပ်လောကမှာ ဟာသ ဝတ္ထုကောင်းတွေ၊ လျှို့ဝှက်စုံထောက်၊ စွန့်စားဝတ္ထုတွေဟာ ရှားပါးပစ္စည်းဖြစ်လာတယ်၊ အဲ...ရှားပါးပစ္စည်းဖြစ်နေတဲ့ အချိန်မှာ ကိုပိုင်စိုးရဲ့ဝတ္ထုနှစ်ပုဒ်ဟာ လျှို့ဝှက်တွေ ပါနေတယ်...

မစ္စတာရီခေါ်တဲ့ ရုပ်ထွေးစွန့်စားတွေ ပါတယ်၊ အဲဒီလျှို့ဝှက် မစ္စတာရီတွေထဲမှာပဲ မင်းသား မင်းသမီးအချစ်တွေလဲ ဇာတ်အိမ်ဇာတ်ဆင် ရေးထားတယ်၊ အတွေးအခေါ်အယူအဆတွေ အဆင့်အတန်းမြင့်တယ်၊ ရေးဟန်ထက်မြက်တယ်၊ ဒါကြောင့် ကျွန်တော် ဆက်တိုက်ထုတ်ရဲတာပေါ့''

ကိုကျော်ဦး၏ ယူဆချက်တွေ ဝေဖန်ချက်တွေကို ...ိုး ကျေနပ်အားရပါ၏။ တတိယမြောက် ဝတ္ထုရေးရန်လည်း ...ိတ်အား ထက်သန်လာသည်။

ကိုကျော်ဦးအား နှုတ်ဆက်ပြီးပြန်အလာတွင် ပိုင်စိုး ...ည် တတိယမြောက်ဝတ္ထုရေးရန်အတွက် ...ဦးစားတော့

www.burmeseclassic.com



သည်။ဘယ်မှာသွားပြီး အေးအေးဆေးဆေး ရေးမည်နည်း

မန္တလေးပြန်ပြီး ရေးမလား။

မဖြစ်...။

အိမ်မှာဆိုလျှင် ဖေဖေ့ကိစ္စ၊ မေမေ့ကိစ္စ၊ ညီမ... ကိစ္စတွေ မျက်စိအောက်တွင် ရှိလာလေတိုင်း ပိုင်စိုးအနေ... မနေသာဘဲ ဝင်လုပ်ပေးရသည်များလည်းရှိဘတ်သည်။

ဒါဆို ယခု တည်းခိုခန်းမှာပဲနေပြီး ဆက်ရေး... လား။

စိတ်တိုင်းတော့မကျလှ။သို့သော် ယခုလက်ရှိအ... အနေတွင် ယခုလက်ရှိပုံစံအတိုင်းပင် ဆက်နေပြီးရေးရ... မည်။

"အလုပ်လုပ်ရင် ပိုက်ဆံရတယ်"ဟု ရှ... စားတော်ဆက်မှ စားပွဲထိုးလေး မောင်အိုင်၏ ပြောကြား... ကို နားထဲတွင်ကြားမိသည်။

"အေး...မောင်အိုင် ချာတိတ်ရေ...လောက ကြီးမှာ အလုပ်လုပ်ပေးမယ့် ပိုက်ဆံမရဘဲ ကိုယ့် အိတ်ထဲက ပိုက်ဆံကိုထုတ်ပြီး ထမင်းစားရတာ... တို့၊ နေထိုင်ရတာတို့ ရှိတယ်ကွ"

(၃)

ထုံးစံအတိုင်းပင် ရှသာမွန် စားတော်ဆက်တွင် ...မစားသောက်မီ မက်(စ်)အအေး တစ်ပုလင်း အစာ... ...ရင်ချောင်သသော ပိုင်စိုးသောက်နေသည်။

"ဟော့...စိုးစိုး"

ခေါ်ပုံက ရင်းနှီးသော အသံမျိုးနှင့်ခေါ်သည်။ ...ပြီး...မိမိမန္တလေးတွင် အလွန်ရင်းနှီးသူများသာ ...ရှိသော 'စိုးစိုး' ဟုလည်း ခေါ်သည်။

ပိုင်စိုးလှည့်ကြည့်လိုက်သည်။ ဦးရွှေလှကြီးကို တွေ့... ...ရသည်။ ဦးရွှေလှသည် မန္တလေးမှမိမိတို့အိမ်တွင် ...သောက်ဒရိုင်ဘာလုပ်ပြီး အိမ်မှကားကိုထောင်တ... ...တွင် ရင်းရင်းနှီးနှီး နေထိုင်သွားသူဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သော နှစ်နှစ်လောက်ကမှ ဦးရွှေလူ အစ်ကို ဖြစ်သူက လာခေါ်သဖြင့် အိမ်က ဒရိုင်ဘာအလုပ်ကို ထွက်ကာ လိုက်ပါသွားခဲ့သူဖြစ်သည်။

"ဟာ…ဦးရွှေလူကြီးပါလား၊ လာဗျာ၊ ကျွန်တော့်စားပွဲမှာပဲ ထမင်းအတူစားရအောင်"

ဦးရွှေလူသည် ပိုင်စိုးကိုတွေ့ရဖြင့် အူယားဖားယား ဝမ်းမြောက်ဝမ်းသာဖြင့် စားပွဲတွင် ဝင်ထိုင်သည်။

"ကဲ…ဦးရွှေလူကြီး…ဘာဟင်းစားမလဲ"

"မင်းကော ဘာဟင်းစားမှာလဲ စိုးစိုး"

"ပုစွန်တုပ်ဟင်း"

"မင်းပုစွန်တုပ်ဆို ငါလဲ ပုစွန်တုပ်ပေါ့ကွာ၊ ကနေ့ ဒီမှာ စားသောက်သမျှ အားလုံးကို ငါ ဒကာခံပါရစေ စိုးစိုး"

"မလိုပါဘူးဗျာ"

"ဟာ…မလိုမှန်း ငါသိပ်သိတာပေါ့၊ စိုးစိုးတို့ ဘယ်လောက်ချမ်းသာမှန်း ငါက သိပြီးသူပဲဟာ၊ ဒါပေမယ့် စိုးစိုးကို ငါက ပြုစုချင်တယ်လေကွာ၊ မမျှော်လင့်ဘဲ မင်းနဲ့ပြန်တွေ့ရတာ၊ ငါ ဝမ်းသာလွန်းလို့ပါကွ"

"ဒါဆိုရင်လဲ သဘောပဲ ဦးရွှေလူ"

မောင်အိုင်ကို လှမ်းခေါ်ပြီး မက်(စ်)ပုလင်း အရှင်



ာသည်။ ပုစွန်တုပ်ဟင်းနှင့် နောက်တစ်ပွဲလည်း မှာလိုက်သည်။

ပိုင်စိုးက ဦးရွှေလူကို အကဲလိုက်မိသည်။

ဦးရွှေလူကြီး ဝတ်ဆင်ထားသည်တို့မှာ အပျံစားအဖိုးတန်တွေဖြစ်ပါ၏။ တစ်သောင်းကျော်တန်သော ဆစ်ခင်ရွှေရောင်နာရီပတ်ထားသည်။ နောက်တစ်ဘက်တွင် ကျပ်သားလောက်ရှိသည့် ဟန်းချိန်းဝတ်ထားသည်။ ရွှေ က်စွပ်နှင့် ရွှေဆွဲကြိုးကြီးလည်း ဝတ်ဆင်ထားပါ၏။

"ဦးရွှေလူကြီး လုပ်ငန်းတွေ တော်တော်ပြေလည်နေတယ်ထင်တယ်၊ ဘာတွေလုပ်နေလဲ"

"အေးကွ…ငါ့အစ်ကိုက မော်တော်ကားအရောင်းအဝယ်ရော၊ အိမ်ခြံမြေအရောင်းအဝယ်ရော၊ ပွဲစားအလုပ်ရောလုပ်တယ်၊ ငါကသူနဲ့ တွဲပြီးလုပ်ခဲ့တာ၊ အလုပ်နားလည်လာတယ်၊ ကိုယ်တိုင်ကိုယ်ပိုင်လဲ ဝယ်ရောင်းလုပ်တယ်၊ ဒါကြောင့် ဟန်ကျပန်ကျလေး ဖြစ်လာတာ"

"ဝမ်းသာလိုက်တာဗျာ…ဦးရွှေလူကြီး အခုလိုပြေလည်နေတာကို ဖေဖေ မေမေနဲ့ ညီမလေးတို့ ကြားရမြင်ရရင်လဲ ဝမ်းသာကြမှာ"

"အေးပေါ့…စိုးစိုးရာ မွန္တလေးမှာ မင်းတို့ မိသားစုနဲ့ ငါ…ငါးနှစ်၊ ခြောက်နှစ်အတူနေခဲ့တာ

www.burmeseclassic.com

www.burmeseclassic.com



သံယောဇဉ် ဘယ်သေးမလဲ…

“ရေကြည်ရာ မြက်နုရာ ထွက်လုပ်တာမို့ မင်းတို့မိသားစုနဲ့ကွဲသွားတာ၊ မင်းတို့မိသားစုကို ငါကျေးဇူးလဲ အမြဲတင်နေတယ်၊ သတိလဲအမြဲ ရနေတာ၊ ငါ မန္တလေးကထွက်လာတော့ မင်းက ကချင်၊ ချင်း၊ ရှမ်းပြည်နယ်ဘက်တွေ မော်တော်ဆိုင်ကယ်နဲ့လိမ့်နေတုန်းလေ၊ တိုးတိုးကတော့ တက္ကသိုလ်တက်နေပြီ၊ အခု တိုးတိုးဘယ်အတန်း ရောက်သွားပြီလဲ”

“ဒီနှစ်ဆိုရင် တတိယနှစ် တက်မယ်လေ၊ တိုးတိုးက တော်လဲတော်တယ်၊ ကြိုးလဲကြိုးစား တယ် ဦးရွှေလှကြီးရ”

“အင်း…တိုးတိုးကတော့ ကျောင်းပြီးရင် ဆရာကတော်ရဲ့ “စိန်ရွှေရတနာလုပ်ငန်းကို ဝင်မှာမဟုတ် လား”

“ဒီလိုပဲ ဖေဖေနဲ့မေမေက စီစဉ်ထားတာပဲ”

“ဟ…ဒါထက် မင်းကကော စိုးစိုး၊ အခု ရန်ကုန်လာတာ မင်းဖေဖေ ဆရာကြီးကိစ္စတွေ အတွက် လာတာလား…အလည်အပတ်လာတာ လား”

“မဟုတ်ပါဘူးဗျာ…ဖေဖေ့လုပ်ငန်းကိစ္စလဲ



မဟုတ်ဘူး၊ အလည်တာလဲ မဟုတ်ဘူး”

“ဟေ…ဒါဆို မင်းက ရန်ကုန်ကို ဘာလို့ ရောက်နေတာလဲ”

“ကျွန်တော်လား…ဟဲ…ဟဲ…”

ပိုင်စိုးက မပြောသေးမီ ရယ်သွမ်းသွေးလိုက်ပါသေး ၏။

“ကျွန်တော် ရန်ကုန်လာပြီး ပိုက်ဆံမရတဲ့ အလုပ်တစ်ခုလုပ်နေတာပဲ ဦးရွှေလှ”

“ဟေ…”

ဦးရွှေလှထံမှ အာမေဋိတ်သံထွက်လာသည်။

“ဘာကွ…စိုးစိုး၊ ပိုက်ဆံမရတဲ့အလုပ် လာ လုပ်နေတယ် ဟုတ်လား၊ မင်းစကားကြီးက အဆန်း ကြီးပါလား စိုးစိုး”

“ဒီလိုလေဗျာ…”

ပိုင်စိုးက မိမိမန္တလေးမှ ရန်ကုန်သို့ရောက်လာသည် ကို အစအဆုံး ဦးရွှေလှကို ပြောပြလိုက်ပါသည်။

“အင်း…ဟုတ်မယ်၊ မင်းဒီလိုလုပ်လာမယ် ဆိုတာ ငါယုံတယ်၊ ငါ မန္တလေးမှာရှိကတည်းက မင်းစာပေ ဝါသနာကြီးမားပြီး ဒေသန္တရ ဗဟုသုတ အတွက် ခရီးထွက်နေတာ ငါသိနေတာပဲ၊ ဒါဆို အခုလက်ရှိအခြေအနေက တတိယ အပုဒ်ရေးရင်း

www.burmeseclassic.com

www.burmeseclassic.com



ပထမအုပ်၊ ဒုတိယအုပ်ထွက်တာကို ဒီကပဲစောင့်မယ်ဆိုပါတော့''

''အဲဒီသဘောပဲ ဦးရွှေလူ၊ အခုခက်နေတာက တတိယပုဒ်ရေးဖို့ မန္တလေးကိုပဲပြန်ရကောင်းနိုးနိုး၊ ရန်ကုန်မှာပဲ ဒီအတိုင်းဆက်နေရကောင်းနိုးနိုးနဲ့ ဝေခွဲမရဖြစ်နေတယ်၊ မန္တလေးအိမ်မှာဆိုလဲ ဖေဖေ မေမေတို့ရဲ့ စီးပွားရေးကိစ္စ၊ လူမှုရေးကိစ္စတွေကြား ထဲမှာ ကျွန်တော်တတိယပုဒ်ရေးဖို့ စိတ်ပြောင်းမှာ မဟုတ်ဘူး၊ အခုတည်းခိုခန်းမှာနေပြီး ရေးဖို့ကျ တော့လဲ စိတ်တိုင်းမကျဖြစ်နေတယ်''

''ရန်ကုန်နဲ့ဝေးသွားရင် စိုးစိုးရဲ့ စာအုပ်အခြေ အနေကို စိုးစိုးဘယ်လိုသိနိုင်မလဲ၊ ရန်ကုန်နဲ့အနီး အနားမှာ စိုးစိုးရှိနေမှ ကောင်းမှာပေါ့''

''အဲဒါကိုလဲ ကျွန်တော်စဉ်းစားနေတာပဲ ဦးရွှေ လူ''

''နေဦးကွ…ဒါဆိုရင်…''

ဦးရွှေလူသည် ဆက်မပြောသေးဘဲ တစ်ခုခုကို တခဏ စဉ်းစားလိုက်သေးသည်။

''ငါ…တစ်ခုစဉ်းစားမိလိုက်လို့ စိုးစိုးရ၊ စိုးစိုး အတွက် စာရေးလို့လဲကောင်းမယ်၊ နောက်ပြီး စိုးစိုး ရဲ့ဖေဖေပေးလိုက်တဲ့ ငွေငါးသိန်း မပျောက်မပျက်



တဲ့အပြင် ငွေတွေထပ်ပြီးတိုးလာဖို့ အလားအလာ ရှိတာကို ငါစဉ်းစားလိုက်မိလို့''

''ဟုတ်ပြီ…လုပ်စမ်းပါ ဦးရွှေလူရာ၊ ခင်ဗျား ပြောတဲ့အတိုင်းဆိုရင် သိပ်ကောင်းတာပေါ့''

''ဒီလိုကွ စိုးစိုးရ၊ သန်လျင်သုံးခွဘက် မင်း ရောက်ဖူးလား''

''ဘယ်ရောက်ဖူးမလဲ၊ ဒါပေမယ့် မြန်မာပြည် အနှံ့အပြား ကျွန်တော်ကြည့်တဲ့အထဲမှာတော့ သန် လျင် ရော၊ သုံးခွရော၊ ခရမ်းရော သိဖူးကြားဖူး နေတာပဲ''

''အဲဒီ သုံးခွကနေပြီး အရှေ့ဘက်ဆွားလိုက်ရင် မှော်ရုံတောဆိုတဲ့ရွာကြီးတစ်ရွာရှိတယ်၊ အဲဒီမှော်ရုံ တောရွာဟာ ပင်လယ်ကမ်းခြေရွာလို့ဆိုနိုင်တယ်၊ ဒါပေမယ့် ပင်လယ်ကမ်းခြေနဲ့တော့ နှစ်ဖာလုံ သုံးဖာလုံလောက်ဝေးတယ်၊ အိမ်ခြေသုံးရာလောက် ရှိတဲ့ရွာပဲ''

''ရွာကြီးတစ်ရွာပဲနော်''

''အေး…ရွာကြီးထဲကပဲ၊ ရွာမှာနေတဲ့ လူတန်း စားကလဲ သုံးခွ၊ သန်လျင်နဲ့နီးတာမို့ တောမဆန် လှဘူး၊ ရန်ကုန်နဲ့လဲ နေ့ချင်းပြန်သွားလို့ရနေတော့ ရွာသူရွာသားတွေဟာ ခေတ်မီတယ်လို့ပြောရမှာပဲ၊

www.burmeseclassic.com



ပိုက်ဆံချမ်းသာတဲ့ သူတွေလဲရှိတယ်''

''ထားပါတော့...အဲဒီတော့ ဘာဖြစ်လို့လဲ''

''အေး...ငါပြောချင်တာက အဲဒီမော်ရုံတော ရွာနဲ့ နှစ်ဖာလုံသာသာ သုံးဖာလုံနီးပါးလောက် ပင်လယ်ကမ်းစပ်မှာ ခြံအကျယ်ကြီးနဲ့ နှစ်ထပ် တိုက်အိမ်ကြီးတစ်အိမ်ရှိတယ်၊ တိုက်အိမ်ကြီးက ထုထည်သိပ်ကောင်းတယ်၊ အဲဒီတိုက်အိမ်ကြီးကို မော်ရုံတောရွာက လူတွေခေါ်ဝေါ်ထားတာကတော့ ဦးရာမတိုက်၊ ဦးရာမခြံလို့ခေါ်ကြပြောကြတယ်''

''နေပါဦး...ဦးရွှေလူ၊ အခုဦးရွှေလူပြောနေ တာတွေက မော်ရုံတောရွာရယ်၊ ဦးရာမတိုက်နဲ့ ခြံရယ်အကြောင်းတွေ ကျွန်တော်နဲ့ ဘယ်လိုဝတ် သက်လို့ ပြောနေတာလဲ''

''ဟောဗျာ...မင်းပဲ အေးအေးဆေးဆေး၊ လွတ်လွတ်လပ်လပ် တတိယမြောက် စာအုပ် ရေး ချင်တယ်ဆို''

''အင်းလေ...အဲဒီတော့ အဲဒီလိုနေရာ၊ အဲဒီ လိုခြံကြီးဝင်းကျယ်တိုက်နေရာမှာမျိုးမှာ စာရေး ရတာ မဆိုးဘူး၊ ကောင်းတယ်၊ ကျွန်တော်က မန္တလေးသားဆိုတော့ ပင်လယ်ကမ်းခြေနဲ့ ကင်း ကွာတယ်၊ ပင်လယ်ကမ်းခြေကနေပြီး မြင်ရတဲ့



ရှုခင်းတွေဟာ ကျွန်တော့်အတွက် အသစ်အဆန်း ဖြစ်နိုင်တယ်၊ အခုလက်ရှိမှာကော ဦးရာမရဲ့ ပင် လယ်ကမ်းခြေတိုက်မှာနေတဲ့လူ မရှိဘူးလား''

''အေး...မရှိတာတော့မရှိဘူး စိုးစိုး''

ပိုင်စိုးမျက်ခုံးပင့်ပြီး ဦးရွှေလူကို ကြည့်မိသည်။

''မရှိတာတော့ မရှိဘူးဆိုတဲ့ ဦးရွှေလူရဲ့စကား က တစ်မျိုးကြီးပဲ၊ တစ်ခုခုခြွင်းချက် ကျန်နေသေး သလိုပဲ''

''မရှိတာတော့မရှိဘူးဆိုတာ အဲဒီဦးရာမတိုက် နဲ့ခြံကြီးထဲမှာ ဘယ်သူမှမနေရဲတော့တာမို့ မရှိ တာမျိုးပဲ စိုးစိုး၊ နေရဲလို့နေမယ်ဆိုရင်တော့ အင် မတန်နေလို့ ထိုင်လို့ကောင်းတဲ့ တိုက်အိမ်ကြီးပေါ့ ကွာ''

''ဘာလို့ ဘယ်သူမှမနေရဲတော့တာလဲ''

''သရဲခြောက်ကြမ်းလို့''

''ဗျာ...သရဲခြောက်ကြမ်းလို့ ဟုတ်လား''

စားသောက်ဖွယ်ရာများ လာချပေးလေပြီ။ ပြော လက်စ စကားပြတ်သွားသည်။

''ကဲ...စားကြစို့ စိုးစိုး''

''စားမှာပေါ့ဗျာ ဦးရွှေလူရဲ့၊ ဦးရာမ တိုက်အိမ် ကြီး အကြောင်းဆက်ပြောဗျာ၊ ကျွန်တော် သိပ်ဝင်

www.burmeseclassic.com

www.burmeseclassic.com



စားနေပြီ''

''အေးလေကွာ၊ စားသောက်ရင်းပြောကြတာပေါ့''

စတင်ပြီး စားကြသည်။ စားရင်းပင် ဦးရွှေလူက ဆက်ပြောသည်။

''စိုးစိုးက တစ္ဆေသရဲကိုလဲ မယုံကြည်ဘူး၊ ကြောက်လဲမကြောက်တတ်ဘူးဆိုတာ ငါက မာတ်သိပါ၊ ဒါကြောင့်လဲ စိုးစိုးတတိယမြောက်ဝတ္ထုရေးဖို့ ငါကနေရာရှာ၊ နေရာရွေးလိုက်မိတာ၊ ဒါပေမယ့် သတင်းတွေကြားရတာကတော့ ကြမ်းတယ်စိုးစိုး၊ တော်တော်ကြီးကြမ်းတာ''

''ဘယ်လို ကြမ်းတာလဲ''

''သရဲခြောက်ကြမ်းတာလေကွာ''

''သရဲခြောက်တယ်ဆိုတာ သရဲတစ္ဆေရှိတာကို ယုံလဲယုံကြောက်လဲကြောက်တယ်ဆိုတဲ့လူတွေမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ အမြင်မှား၊ အရိပ်အယောင်မှား အီလူးရှင်းတစ်မျိုးပါ ဦးရွှေလူ၊ သစ်ငုတ်တိုကြီးကိုတောင် သရဲကြီးထိုင်နေတာလို မြင်တာမျိုးပေါ့၊ အဲ…ဝိညာဉ်ပိုင်းဆိုင်ရာအရ တစ္ဆေသရဲဆိုတာ ရှိတယ်ပဲထားဦး၊ သူတို့မှာ ပုံရိပ်သဘောပဲရှိတာပါ၊ ရုပ်ဒြပ်အကောင်အထည်နဲ့မရှိပါဘူး ဦးရွှေလူ''



''အေး…ငါကတော့ အီလူးရှင်းတို့၊ ဝိညာဉ်ပိုင်းတို့၊ ရုပ်ဒြပ်ပိုင်းတို့အထိပြန်ပြီး ဆွေးနွေးနိုင်တဲ့ အရည်အချင်းမရှိဘူး စိုးစိုး၊ ဒါပေမယ့် အခုသိပ်တိုးတက်နေပါတယ်ဆိုတဲ့ ဒီနေ့…ဒီကာလအချိန်အတောအတွင်းမှာပဲ ဒီဦးရာမတိုက်ကြီးမှာ လူနှစ်ယောက်တောင် သေသွားပြီတဲ့စိုးစိုး''

''ဘာလို့သေတာလဲ''

''သရဲကုပ်ချိုးလို့တဲ့လေ''

''ဟာဗျာ…မဖြစ်နိုင်တာ''

''မဖြစ်နိုင်တာလို့တော့ ပြောလို့မရဘူးစိုးစိုး၊ သေသွားတဲ့လူနှစ်ယောက်က အထင်အရှားကြီး သက်သေခံနေတယ်၊ ပထမတစ်ယောက်က သန်လျင်က တရုတ်လူမျိုး ကိုကျင်ဟုတ်တဲ့''

''တကယ်''

''တကယ်ပေါ့ကွာ စိုးစိုး၊ သန်လျင်က ကိုကျင်ဟုတ်က စီးပွားရေးသမား၊ ပိုက်ဆံလဲ အထိုက်အလျောက် ချမ်းသာတယ်၊ ပင်လယ်ကမ်းစပ်က ဦးရာမတိုက်နဲ့ခြံကြီးကို အပန်းဖြေအနေနဲ့ရော၊ ဟိုတယ်အနေနဲ့ရောဖွင့်ဖို့အတွက် မဝယ်သေးခင် လေ့လာတဲ့သဘောနဲ့ သူတပည့်တစ်ယောက်ခေါ်ပြီး လာနေတယ်၊ အဲဒီညမှာပဲ သရဲက ကုပ်ချိုးသတ်

www.burmeseclassic.com



လိုက်တာပဲ၊ ဦးကျင်ဟုတ်က ညပိုင်းအရက်သောက်တယ်လေ၊ မူးနေတာမို့ ထွက်မပြေးနိုင်ဘူး၊ သူ့တပည့်ကတော့ခြံပြင်ရောက်တဲ့အထိ စွတ်ပြေးလို့လွတ်သွားတယ်၊ အဲဒီအပည့်ပြောပြချက်အရ ညတွင်းချင်းပဲ မော်ရုံတောက ယောက်ျားတွေ အုပ်လိုက် ဓား၊ လှံ၊ မီးတုတ်တွေ ကိုယ်စီ ကိုင်လိုက်သွားတော့ ဦးကျင်ဟုတ်ဟာ လည်ပင်းကြီးလီမ်ပြီး သေနေပြီ၊ သရဲက ကုပ်ချိုး သွားတာလို့ ပြောကြတာပဲ''

''သရဲကလူကိုကိုင်ပြီး ကုပ်ချိုးတယ်ဆိုတာဖြစ်နိုင်မတဲ့လား ဦးရွှေလူ''

ဦးရွှေလူက ဒါတော့ ငါလဲမပြောတတ်ဘူးဟုသဘောသက်ရောက်သည့် ပခုံးတွန့်ပုံစံ တွန့်ပြလိုက်သည်။

''ထားပါတော့… နောက်တစ်ယောက် ကုပ်ချိုးခံရတယ်ဆိုတာကကော ဘယ်လိုလဲ''

''နောက်တစ်ယောက်က ခရစ်ယာန်ဘာသာဝင် မစ္စတာဒေးဗစ်ဆိုတဲ့ အင်္ဂလိပ် ကပြားပဲ၊ သူကအကောင်ဗလောင်လေးတွေကို သုတေသနပြုတဲ့လူတဲ့၊ ဦးရာမတိုက်နဲ့ခြံကို တစ်လငါးရာနဲ့ငှားပြီးပင်လယ်ကမ်းခြေကခရုတို့ တိုက်နဲ့ခြံကြီးရဲ့နောက်ကျောဘက်တောတန်းထဲက လိပ်ပြာတို့၊ ပျားတို့၊



နံ့ကောင်တို့ကိုဖမ်းပြီး သုတေသနလုပ်ဖို့တဲ့လေ၊ အေး…အဲဒီမစ္စဒေးဗစ်လဲ ဘာအကောင်ဗလောင်မှ သုတေသနမပြုရသေးဘဲ ရောက်တဲ့ညမှာပဲ သရဲကုပ်ချိုးလို့သေပြန်သတဲ့၊ အဲဒီညမှာ မစ္စတာဒေးဗစ်ရဲ့ အထိတ်တလန့်အသံနက်ကြီးနဲ့ အော်တာဘို့၊ မော်ရုံတောရွာဘက်ကို လေသင့်နေလို့ကြားကြရတယ်ဆိုပဲ၊ ရွာကလူတွေလိုက်တာတော့ မစ္စတာဒေးဗစ်လဲ လည်လိမ်ပြီးသေနေပြန်သတဲ့၊ သရဲကုပ်ချိုးတာလို့ ရွာကလူတွေ ပြောတာပဲ စိုးစိုး''

ပိုင်စိုးခေါင်းညိတ်လိုက်မိသည်။ ဦးရွှေလူပြောပြချက်တွေမှာ ခိုင်မာနေသည်၊ လည်လိမ်သေဆုံးသူနှစ်ဦးစလုံးအမည်နာမနှင့်အလုပ်အကိုင်တို့မှာ ခိုင်မာနေသည်။ ဦးကျင်ဟုတ်ဆိုလျှင် သန်လျင်၌ အထင်ကရ။ ဦးကျင်ဟုတ်နှင့်ပတ်သက်သည့်ဆွေမျိုးမိတ်သင်္ဂါများ အထင်ကရရှိနေသည်။

''အင်းနော်…ဦးရွှေလူ၊ ဆန်းတော့ အဆန်းသား''

''မော်ရုံတောရွာကလူတွေကတော့ သေချင်ရင် စိန်မစားနဲ့၊ ဦးရာမတိုက်ကိုသွားလို့တောင်အရွတ်အနောက် ဆိုရိုးစကားရှိနေတယ် စိုးစိုး''

''မော်ရုံတောရွာကလူတွေကော ဦးရာမခြံကိုမသွားကြဘူးလား''

www.burmeseclassic.com

www.burmeseclassic.com



"နွားကျောင်းသားတောင် အဲဒီနားသွားပြီး နွား မကျောင်းရဲဘူး"

"ကျွန်တော်စဉ်းစားကြည့်တယ်၊တစ္ဆေသရဲ ဆို ရင်တော့ လူကိုကိုင်တွယ် ကုပ်မချိုးနိုင်ဘူး၊ တစ္ဆေ သရဲမှာ ရုပ်ခြပ်ရှိတာမှ မဟုတ်တာပဲ ဦးရွှေလူ"

"ဒါကတော့ ငါမပြောတတ်ဘူး စိုးစိုး"

"နေပါဦး…ဦးရွှေလူက အဲဒီဦးရာမတိုက်နဲ့ ခြံကို ဘယ်လိုပတ်သက်ဖူးလို့ ဒီလောက်အသေး စိတ်ပြောနိုင်တာလဲ"

"ငါပြောပြီးပြီပဲ၊ ငါနဲ့ငါ့အစ်ကိုဟာ ဝယ် ရောင်းသမားတွေပါလို့၊ ပေါချောင်ကောင်းပစ္စည်း တွေ့ရင် ဝယ်ထားလိုက်တာပဲ၊ ပြန်ရောင်းရင် အမြတ်များများရမယ်လေကွာ၊ မော်ရုံတောရွာက ဦးရာမရဲ့ကမ်းခြေ တိုက်ကြီးနဲ့ခြံကြီးဟာ အရမ်း ဈေးသက်သာတယ်ဆိုလို့ ပေါချောင်ကောင်း ဝယ်ထားမလားလို့ သွားကြည့်၊ သွားလေ့လာရင်း အဲဒါတွေသိလာတာပဲ"

"အဲဒီဦးရာမတိုက်နဲ့ခြံကို ဘယ်လောက်နဲ့ လျှော့ရောင်းမှာတဲ့လဲ"

"ငါးသောင်းတဲ့၊ ငွေဖြစ်ရောင်းတဲ့သဘောပဲ၊ တန်သလားတော့ မမေးနဲ့၊ အရမ်းကိုတန်တယ်၊



အဲဒီတိုက်မျိုး ရန်ကုန်မှာသာဆိုရင် သိန်းပေါင်း ရာဂဏန်းနဲ့ရောင်းကြမှာ၊ အဲဒီတိုက်အိမ်ကြီးကို ဖြိုဖျက်ပြီး သစ်တွေ၊ သွပ်တွေ၊ အုတ်တွေ ရောင်း ရင်တောင် တစ်သိန်းအထက်မှာ ရနိုင်တယ်"

"ဒါဆို…ဦးရွှေ လူတို့ဝယ်ပြီး ဘာဖြစ်လို့ မရောင်းသလဲ၊ ကိုယ့်အတွက် မြတ်နေပြီပဲဟာ"

"မင်းပြောတဲ့တွက်ကိန်း ငါတို့လဲတွက်မိတာ ပေါ့ စိုးစိုး၊ အမြတ်ရရုံမကဘူး ဧကနီးပါးရှိတဲ့ ခြံကြီးလဲ ပိုင်ဦးမယ်၊ ခြံကြီးထဲမှာရှိနေတဲ့ ဖြစ်ထွန်း ပြီးသား တညင်း၊အုန်း၊သရက်၊ပိန္နဲ၊ကနစိုး အပင် တွေကအသီးတွေဟာလဲ တစ်နှစ်တစ်နှစ် ရောင်းစား မယ်ဆို ငွေရဦးမယ်၊ ဒါပေမယ့် မြန်မာ လူမျိုးဆို တာက ရှေးရိုးစဉ်လာကိုယုံကြည်တယ်၊ အစွဲကြီး တယ် စိုးစိုး၊သောင်ပင်ဆိုလဲမခုတ်လှဲရဲဘူး၊ ကျောင်း အိုကျောင်းပျက်၊ ဇရပ်အို ဇရပ်ပျက် ဆိုလဲ မဖြိုရဲ ဘူး၊ အဲဒီမှာရှိနေတဲ့ အစောင့်ပုဂ္ဂိုလ်တွေက မကျေ နပ်လို့ ပြန်ကိုင်ရင် သွေးအန်သေတာတို့၊ ကာလနာ တိုက်သေတာတို့ဖြစ်မှာ စိုးရိမ်တယ်ပေါ့လေ၊ ငါ့အစ် ကိုက ဒါမျိုးသိပ်ယုံကြည်တာ၊ ဒါကြောင့် ဦးရာမ တိုက်ကြီးက ဆယ်သိန်းမြတ်လဲ မလုပ်ရဲလို့ မဝယ် တာ၊ မလုပ်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်စိတ်ဝင်စားတယ် ဦးရွှေလူ၊ သုံးခွက ဦးရာမတိုက်ကြီးဆီ ကျွန်တော့်ကို ဦးရွှေလူ လိုက်ပို့ပေးပါလား"

"ပို့တာကတော့ ပို့ပေးပါတယ်စိုးစိုး၊ ဒါပေမယ့် မကောင်းဘူး ထင်တယ်"

"ဘာလို့ မကောင်းဘူးထင်တာလဲ"

"စိုးစိုး အဲဒီအိမ်ကြီးကို ဘာလုပ်မှာမို့လဲ"

"အေးအေးဆေးဆေး စာရေးမယ်ဗျာ၊ ဟိုရောက်ပြီး ဦးရာမတိုက်ကြီးဟာ ဦးရွှေလူပြောသလို အကျိုးအမြတ်ရှိမယ်ဆိုရင် ငါးသောင်းနဲ့ ဝယ်ထားလိုက်မယ်ဗျာ"

"အဲဒါကိုပဲ မကောင်းဘူးထင်တယ်လို့ ငါပြောတာပဲ စိုးစိုး၊ အဲဒီမှာ မင်းတစ်ခုခုဖြစ်သွားရင် ဆရာကြီး ဦးအောင်စိုးနဲ့ ဆရာကတော် ဒေါ်သီတာက ငါ့ကို တစ်သက်လုံး အပြစ်တင်တာခံရမှာ"

"ဘာတစ်ခုခုဖြစ်မှာမို့လဲဗျာ"

"ဟာ…သရဲကုပ်ချိုးလို့လဲ ဦးဟုတ်ကျင်နဲ့ မစ္စတာဒေးဗစ် သေထားတာပဲဟာ"

"အဲဒါကို ကျွန်တော် သိပ်လက်မခံချင်ဘူး ဦးရွှေလူ"



"ဘာလို့ လက်မခံရမှာလဲ အထင်ကရကြီးပဲကွာ၊ ငါ မင်းကို ဖြန့်ခနဲ ဦးရာမတိုက်အကြောင်း ပြောလိုက်တာက မင်းစာရေးချင်တဲ့ဆန္ဒဖြစ်မြောက်အောင်ရယ်၊ မင်းမှာ မင်းဖေဖေပေးလိုက်တဲ့ ငွေငါးသိန်း မပျောက်ပျက်ရုံမကပဲ အမြတ်အစွန်းတွေ ရအောင်ရယ် လွှတ်ခနဲစေတနာနဲ့ပြောလိုက်တာ၊ ဒါပေမယ့် မင်းတို့မိသားစုအပေါ်မှာ ငါထားရှိတဲ့ သံယောဇဉ်မေတ္တာရယ်၊ ဆရာကြီးနဲ့ ဆရာကတော်ရဲ့မေတ္တာရယ်၊ ဆရာကြီးနဲ့ဆရာကတော်ရဲ့ မျက်နှာကိုထောက်ထားရမယ့်သဘောတွေ ငါပြန်တွေးမိတော့ မင်းအဲဒီကို မသွားစေချင်တော့ဘူး စိုးစိုး"

"ဘာလဲ…တကယ်လိုက်ပို့ပေးပါဆိုတော့ ဦးရွှေလူကြီး အလုပ်ပျက်မှာတို့၊ အချိန်ကုန်မှာတို့ကြောင့် လိုက်မပို့ချင်တော့တာလား ဦးရွှေလူ"

"ဟာကွာ…မဟုတ်တာ၊ ငါအလုပ်ပျက်တာတွေ၊ အချိန်ကုန်တာတွေ လုံးဝထည့်မစဉ်းစားမိရိုးအမှန်ပါ စိုးစိုး၊ အဓိက မင်းအတွက် စိုးရိမ်တာပါ"

"ဒါဆို လိုက်ပို့ဗျာ"

"သရဲကုပ်ချိုးတယ် စိုးစိုး"

"ဒီမယ် ဦးရွှေလူ၊ တစ်ချက်က ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



သရဲတစ္ဆေကို ယုံကြည်မှုမရှိဘူး၊ နှစ်အချက်က သရဲတစ္ဆေဆိုတာ ရှိတယ်ဆိုဦးတော့၊ လူကိုကုပ်ချိုးနိုင်တဲ့ ရုပ်ဒြပ် သူတို့မှာမရှိဘူး၊ သုံးအချက်က ကျွန်တော် လွတ်လွတ်လပ်လပ် အေးအေးဆေးဆေး ရေးချင်တဲ့နေရာမျိုးဟာ အဲဒီနေရာမျိုးပဲလေ၊ လေးအချက်က ကျွန်တော်ဟာ ပင်လယ်ရဲ့အတွေ့အကြုံ မရှိဘူး၊ အဲဒီပင်လယ်ကမ်းစပ်မှာနေပြီး ပင်လယ်ရဲ့ သဘာဝနဲ့ရှုခင်းတွေကို လေ့လာချင်တယ်၊ ဒီတော့ ဘာသရဲမှ ကျွန်တော့်ကိုလာပြီး ကုပ်မချိုးနိုင်ဘူး''

''ဦးကျင်ဟုတ်နဲ့မစ္စတာဒေးဗစ်က ရေ့က ဇက်ကျိုးပြီး သေသွားတာ သက်သေလေကွာ''

''ဒီမယ်...ဦးရွှေလူပြောပြချက်အရ ဦးရာမတိုက်အိမ်ကြီးဟာ ပင်လယ်ဘက်ကို မျက်နှာစာပြုထားပြီး နောက်ဖေးတောတန်းကို ကျောပြုထားတယ်နော်''

''အေး...အဲဒါ ဟုတ်သားပဲ''

''ကဲ...နောက်ဖေးတောတန်းထဲက အင်အားကြီးမားတဲ့သတ္တဝါကြီးတစ်ကောင်ပဲဖြစ်ဖြစ် ပင်လယ်ထဲက သတ္တဝါကြီးတစ်ကောင်ပဲဖြစ်ဖြစ် ဦးရာမတိုက်အိမ်ကြီးမှာ လာလာပြီး ခိုးအောင်းတတ်တယ်ဆိုပါတော့၊ အဲဒီ အင်အားကြီးသတ္တဝါ



ကောင်က ဒီအိမ်ထဲလာနေတဲ့ လူသားတွေကို လည်လိမ်ကုပ်ချိုးတာမျိုးကော မဖြစ်နိုင်ဘူးလား''

''အင်း...ကြံကြံဖန်ဖန် ကပ်သီးကပ်သပ် တွေးကြည့်ရင်တော့ ဖြစ်နိုင်သေးတာပဲ စိုးစိုး''

''ဒါဆို...ကျွန်တော် ထပ်မေးဦးမယ်၊ ဦးကျင်ဟုတ်သေတုန်းကဖြစ်ဖြစ်၊ မစ္စတာဒေးဗစ်သေဆုံးကဖြစ်ဖြစ် ဦးရာမတိုက်အိမ်ကြီးနဲ့ခြံကြီးထဲကို ဝင်ထွက်တဲ့ ခြေရာမျိုးတွေ တိုက်ရှေ့မှာရော၊ တိုက်နောက်ဖေးဘက်တွေရော မတွေ့မိကြဘူးလား''

''အဲဒီလောက်အထိတော့ ငါဘယ်သိမလဲ စိုးစိုးရ''

''ကဲပါဗျာ...နက်ဖြန်ကျွန်တော့်ကို ဦးရွှေလူ အဲဒီကိုလိုက်ပို့ပါ၊ ကျွန်တော် အရမ်းစိတ်ဝင်စားနေပြီ''

''တကယ်လို့ ငါက မင်းကိုရော...ဆရာကြီးနဲ့ ဆရာကတော်ကိုရော မေတ္တာစိတ်ထားပြီး စိုးရိမ်လို့ လိုက်မပို့ဘူးဆိုရင်ကောကွာ''

ပွိုင်စိုးက ရယ်လိုက်ပါ၏။

''ကျွန်တော်က ဒေသနာမည်တွေသိနေမှတော့ ကိုယ့်ဟာကိုယ်သွားရုံပဲပေါ့ ဦးရွှေလူရာ၊ ဒီထက် မကတဲ့ ကချင်၊ချင်း၊ရှမ်းပြည်နယ်တွေက တော

www.burmeseclassic.com

www.burmeseclassic.com



လက်ကျေးရွာတွေတောင် ကျွန်တော်တစ်ယောက် တည်းသွားတာပဲဟာ၊ ဦးရွှေလူလိုက်မပို့လဲရတယ်"

"ဟာကွာ…အဲဒီလိုတော့ ငါ့ကိုမပြောပါနဲ့ကွာ၊ မင်းဒီကို ဖွတ်အမွှတားမရဆီးမရသွားမယ်ဆိုရင်တော့ ငါလိုက်ပို့ပေးမယ်၊ မင်းဖာသာသွားလို့လဲ မဖြစ်ဘူး၊ သန်လျင်မှာ အဲဒီခြံနဲ့တိုက်ကြီးပိုင်တဲ့ ဦးရာမကို ပထမဝင်တွေ့ရဦးမယ်၊ နောက်ပြီး သုံးခွရဲ့စခန်းက စခန်းမှူး ဦးအောင်ဇံတို့၊ ရဲကြပ်ကြီး ဦးနိုးတို့နဲ့ မင်းကို ဝင်မိတ်ဆက်ပေးရမယ်၊ နောက်ပြီး မှော်ရုံတောရွာက ဦးအိန္ဒနဲ့လဲ မင်းကို မိတ်ဆက်ပေးရမယ်၊ ဦးအိန္ဒက မှော်ရုံတောရွာမှာ ဩဇာတိက္ကမရှိတဲ့ပုဂ္ဂိုလ်ကြီး"

"ဒါဆို…သိပ်ကောင်းတာပေါ့၊ နက်ဖြန်သွားကြမယ်ဗျာ၊ မော်တော်ဆိုင်ကယ်နဲ့ တိုက်ရိုက် သုံးခွကို မောင်းလို့ရတယ်မဟုတ်လား"

"အေး…ဟိုတုန်းကတော့မရဘူး၊ အခုတော့ ရသွားပြီ၊ နက်ဖြန်မနက် မင်းတည်းခိုခန်းကို ငါလာခဲ့မယ်"

စားသောက်မှုကို ပွဲသိမ်းပြီး ဦးရွှေလူကပင် ဒကာခံကာ လူချင်းခွဲကြသည်။

(၅)

သန်လျင် ဗိုလ်ချုပ်လမ်းတွင် ဦးရာမနှင့်တွေ့ရသည်။ ဦးရွှေလူက မိတ်ဆက်ပေးပြီးနောက် ဦးရာမမှော်ရုံတောရွာမှ သူ့ခြံနှင့်တိုက်အိမ်ကြီးသော့ကို စိုးစိုးလက်သို့ ပေးအပ်သည်။

"ထုံးစံအတိုင်း သော့ပေးလို့သာပေးရတာပါ၊ အဲဒီတိုက်အိမ်ကြီးရဲ့ ခတ်ထားတဲ့သော့ရော ခြံတံခါးသော့ပါ ရိုက်ချိုးထားလို့ တံခါးတွေအလွယ်နဲ့ ဖွင့်လို့ရပါတယ်"

ဦးရာမသည် အသက်(၆၀)ကျော်နေပြီဖြစ်ပါသည်။

"ဦးရာမက အဲဒီခြံနဲ့တိုက်အိမ်ကြီးမှာ မနေတော့ဘဲ သန်လျင်ကို ဘာလို့ပြောင်းလာတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"စီးပွားရေးအရဆိုပါတော့၊ သန်လျင်မှာက စီးပွားရေးလုပ်လို့ပိုကောင်းတယ်လေ၊ တံတားကြီး လဲပြီးသွားတဲ့အချိန်ကစပြီး ရန်ကုန်နဲ့ကူးလူးဆက် ဆံရတာ သိပ်အဆင်ပြေသွားတာနဲ့ သန်လျင်မှာ ပြောင်းနေလိုက်တာ၊ သားတွေ သမီးတွေကလဲ ရန်ကုန်တက္ကသိုလ်မှာတက်နေတော့ သန်လျင် ပြောင်းနေတာဟာ အဆင်အပြေဆုံးမို့ ပြောင်း နေတာပဲ"

"မော်ရုံတောက တိုက်အိမ်ကြီးကို ဦးရာမ ဆောက်ခဲ့တာလား"

"ဘယ်ဟုတ်မလဲ...အမွေဆက်ခံလာခဲ့တာ၊ အဲဒီမှာနေတုန်းကလဲ အဆင်ပြေသင့်သလောက် ပြေပါတယ်၊ မီးစက်ကြီးတောင် အဲဒီမှာ ဒီအတိုင်း ရှိသေးတယ်"

"ဦးရာမ သန်လျင်ကိုပြောင်းလာတော့ အဲဒီခြံနဲ့ တိုက်အိမ်ကြီးကို အစောင့်မထားခဲ့ဘူးလား"

"ဖိုးဆိတ်ဆိုတဲ့လူတစ်ယောက်ကို လခပေးပြီး ခြံရှင်းအိမ်စောင့်ထားခဲ့သေးတယ်၊ လေးငါးလ လောက်ကြာတော့ ဖိုးဆိတ်က တိုက်အိမ်ကြီးက သရဲခြောက်တယ်ဆိုပြီး အလုပ်ကထွက်သွားတယ်၊ အဲဒီဖိုးဆိတ်စကားကြောင့်ပဲ ဒီခြံနဲ့ဒီတိုက်အိမ်ကြီး



နာမည်ပျက်ခဲ့တာပေါ့၊ အဲဒီနောက် ကိုကျင်ဟုတ်နဲ့ မစွတာဒေးဗစ်ကိုငှားပြီး သူတို့နှစ်ယောက်စလုံး သရဲကုပ်ချိုးသတ်လို့ သေတယ်ဆိုတဲ့သတင်း ပြန့် သွားတာနဲ့ ဒီခြံနဲ့ဒီတိုက်အိမ်ကြီးဟာ တန်ဖိုးလုံးလုံး မရှိတော့သလောက် ဖြစ်သွားတာပဲ"

"အဲဒီဖိုးဆိတ်ဆိုတဲ့လူကို ကျွန်တော်တွေ့ချင် တယ်"

"ဘယ်လွယ်တော့မလဲ၊ အဲဒီဖိုးဆိတ်ဟာ အ စောင့်အလုပ်ကထွက်သွားပြီးတဲ့နောက် ခရမ်း၊ သုံး ခွ၊တညင်မှာ လုံးဝမတွေ့တော့ဘူး၊ သေသလားရှင် သလားလဲ မသိဘူး"

ထို့ထက်ဘာမှပို၍မသိရတော့သဖြင့် ပိုင်စိုးနှင့် ဦး ရွှေလှသည် မော်တော်ဆိုင်ကယ်နှင့် သုံးခွဘက်သို့မောင်းလာ ခဲ့သည်။

သုံးခွတွင်ရဲစခန်းသို့ဝင်ရောက်ပြီး စခန်းမှူး ဦး အောင်ဇံ၊ ရဲကြပ်ကြီးဦးနိုးနှင့် ဦးရွှေလှက ပိုင်စိုးကို မိတ် ဆက်ပေးပြန်သည်။ ထိုနောက် မော်ရုံတောရွာသို့ဆက်မောင်း လာခဲ့သည်။ သုံးခွနှင့်မော်ရုံတောလမ်းမှာ လှည်းလမ်းမြေ လမ်းဖြစ်သဖြင့် မချောမွေ့ပေ။

မော်ရုံတော်ရွာထဲသို့မောင်းဝင်လာခဲ့သည်။ စီးပွား ရေးမည့်သောရွာမှန်းသိသာပါသည်။ ဖျော်ထောင်သွပ်မိုးအိမ်

www.burmeseclassic.com

www.burmeseclassic.com



တွေလိုလိုချည်းရှိသည်ကို တွေ့ရသည်။

စီးပွားရေးအဆင်ပြေသော ရွာကြီးတစ်ရွာမှန်း သိသာထင်ရှားသည်။

"မော်ရုံတောရွာကလူတွေဟာ စီးပွားရေးအဆင်ပြေကြပုံပဲ၊ ဘာလုပ်ငန်းတွေလုပ်ကြလဲ ဦးရွှေလူ"

"အစုံပဲကွ၊ လယ်လုပ်သူ၊ ဥယျာဉ်လုပ်သူတွေနဲ့ အဓိကလုပ်ကြတာကတော့ တံငါလုပ်ငန်းပဲ၊ ငါးခြောက်လုပ်ငန်းဆိုပါတော့၊ မော်ရုံတောငါးခြောက်ဆိုရင် နာမည်ကြီးပေါ့၊ ဆားပေါ့ခြောက်တွေလေ၊လက်တစ်ဖဝါးလောက်ငါးခြောက်ကို မီးဖုတ်ပြီး နွမ်းဆီလေးဆမ်းစားရင် သိပ်အရသာရှိတယ်၊ ရေနွေးကြမ်းလေးနဲ့ပေါ့ကွာ၊ ဟော့…ဟော့…ဟိုရှေ့က ဘယ်ဘက်ခြံကြီးထဲ ကွေ့ဝင်လိုက်စိုးစိုး၊ အဲဒါ ဦးအိန္ဒရဲ့ တိုက်နဲ့ခြံပဲ"

အုတ်ကွက်ကျားခြံစည်းရိုးဖြစ်ပြီး တံခါးမှာ သံပန်းတံခါးဖြစ်ပါ၏။ သံတံခါးတစ်ရွက်ကိုဖွင့်ထားပြီး ကျန် တစ်ရွက်ကပိတ်ထားသည်။ တစ်ဘက်ပွင့်ပေါက်မှ ပိုင်စိုး မောင်းဝင်ခဲ့သည်။

တိုက်အိမ်ကြီးရှေ့ဝင်အောက်တွင် မော်တော်ဆိုင်ကယ်ရပ်လိုက်သည်နှင့် စေ့ထားသောသံဘာဂျာတံခါး



ကို ဆွဲဖွင့်ပြီး ပုဂ္ဂိုလ်ကြီးတစ်ဦးကြိုဆိုပေးသည်။

"ဟ…ကိုရွှေလူပါလား၊ လာပြန်ပြီလား"

"လာပြန်ပြီ ဦးအိန္ဒရေ…ဟောဒီက စိုးစိုးလေး ဦးရာမတိုက်အိမ်ကြီးကို လေ့လာချင်တယ်ဆိုလို့"

"သြော်…သြော် ဦးရာမတိုက်ကို လာပြန်တာလား၊ အန္တရာယ်လာရှာပြန်တာပေါ့၊ လာ…လာ၊ အိမ်ထဲဝင်ကြ၊ အေးဆေးစကားပြောကြတာပေါ့"

ဧည့်ခန်းသို့ဝင်ခဲ့ကြသည်။ သန့်ရှင်းသပ်ရပ်သော ဧည့်ခန်းဖြစ်ပါ၏။ သစ်သားကြိမ်ထိုးဆက်တီချထားသည်။ ပိုင်စိုးနှင့် ဦးရွှေလူတို့ထိုင်ကြသည်။

ဧည့်ခန်းထောင့်တွင် စန္ဒရားတစ်လုံးရှိသည်။ ခေတ်မီခေတ်ပေါ် စန္ဒရားတော့မဟုတ်ပေ။

သူ့နေရာနှင့်သူ တုံးလုံးမှန်ရှိုးကေ့စ် ဒေါင်းရုပ်ပါမှန်ဗီရိုစသည်တို့လည်းရှိသည်။

လွှန်ခဲ့သော နှစ်ပေါင်းအစိတ်သုံးဆယ်ခန့်က ပရိဘောဂများဖြစ်ပါပေသည်။

အိမ်ပြတင်းတံခါးပေါက်များတွင် ဇာခန်းဆီး အစိမ်းနုရောင်လေးများတပ်ဆင်ထားသည်။ ဧည့်ခန်းကျယ်ကြီးမို့ အသက်ရှူကောင်းသည်။ အခုရာရှာသည် သန့်ရှင်းနေသည်မို့ မျက်စိပသာဒဖြစ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးအိန္ဒလည်း ဆက်တီကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

"မနက်စာကော စားပြီးခဲ့ကြရဲ့လား ကိုရွှေလူ"

"ပြီးပါပြီ ဦးအိန္ဒ၊ သန်လျင်မှာပဲ ဝယ်စားခဲ့ကြတယ်"

"ကဲ...ဒါဆိုပြော...ကျုပ်က ဘာကူညီရမလဲ"

ဦးရွှေလူက စိုးစိုးနှင့် ဦးအိန္ဒကိုမိတ်ဆက်ပေးပြီး စိုးစိုးက ဤဒေသဤရွာသို့လာရောက်သည့်ကိစ္စကိုပြောပြလိုက်သည်။ပြီး...ပိုင်စိုးမိဘများ မန္တလေးတွင် များစွာကြွယ်ဝချမ်းသာကြောင်းပြောရန် စကားပဏာမပျိုးသည်နှင့် ပိုင်စိုးက ဦးခေါင်းရမ်းပြလိုက်သဖြင့် မန္တလေးမိဘတွေ ကြွယ်ဝကြောင်း မပြောဖြစ်တော့ဘဲ စကားလမ်းကြောင်းပြောင်းလိုက်သည်။

"သူ့နာမည်အရှည်ကတော့ မောင်ပိုင်စိုးတဲ့ ဦးအိန္ဒ၊ ဒါပေမယ့် သူ့မိဘတွေနဲ့ကျွန်တော်က ခင်မင်တော့ သူ့မိဘတွေခေါ်တဲ့အတိုင်း စိုးစိုးလို့ပဲခေါ်တယ်"

"အင်းလေ...ကျုပ်ကလဲ သူ့ကိုမောင်စိုးစိုးလို့ပဲ ခေါ်ရမှာပေါ့"



"အဲဒါပါပဲ ဦးအိန္ဒ၊ စိုးစိုးက တက္ကသိုလ်ကဘွဲ့ရပြီးတဲ့နောက် ဝါသနာပါတဲ့ စာရေးဆရာ ဖြစ်ဖို့ကြိုးစားနေတယ်၊ အခု ဦးရာမ်တိုက်မှာ အေးအေးဆေးဆေး စာရေးချင်လို့ လာခဲ့တာပဲ"

ဦးအိန္ဒက ဦးရွှေလူပြောသမျှကို နားထောင်သည်။ဘာမှပြန်မပြောတော့ဘဲ မီးဖိုဘက်ဆီသို့ လှမ်းအော်ပြောလိုက်သည်။

"ဟေး...ငမိုးရေ...ငါးခြောက်ဖုတ်ပြီး ဆီဆမ်းခဲ့ကွာ၊ ရေနွေးကြမ်းပါ ကောင်းကောင်းထည့်ပြီး ယူခဲ့၊ ဧည့်သည်တွေအတွက်"

ပြီး ဦးရွှေလူဘက်သို့ လှည့်လိုက်သည်။

"ကိုရွှေလူက ကိုကျင်ဟုတ်တို့...မစ္စတာ ဒေးဗစ်တို့အကြောင်း မောင်စိုးကိုပြောမပြဘူးလား"

"ပြောပါတယ်...ပြောတာမှ အသေးစိတ်ကိုပြောပြတာပါ၊ ဒါပေမယ့် စိုးစိုးကလူငယ်၊ ခေတ်ပညာတတ်တစ်ယောက်ဖြစ်တဲ့အပြင် တစ္ဆေသရဲကိုယုံကြည်မှုလဲသိပ်မရှိဘူး၊ ကြောက်လဲ မကြောက်တတ်ဘူး ဦးအိန္ဒ"

ဦးရွှေလူကဆက်လက်ပြီး ပိုင်စိုး၏အယူအဆတွေကိုဆက်ပြောပြီး တစ္ဆေသရဲဆိုသည်မှာ ဝိညာဉ်လောက နာမ်လောကသာဖြစ်ပြီး ရုပ်ဒြပ်မရှိသဖြင့် လူကို ကုပ်မချိုးနိုင်

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းတွေပါ ပြောပြလိုက်သည်။

"အင်း...အလာကြီးပါလား၊ အိမ်က မိန္ဒွေး နွေးကလဲ အခုမောင်စိုးစိုးရဲ့ အယူအဆမျိုး တွေပဲ ပြောတယ်"

"နို့...ဦးအိန္ဒရဲ့ အယူအဆကကော..."

"ကျုပ်အနေနဲ့လား......"ဟုပြောပြီး ဦးအိန္ဒက စကားကို တစ်ထောက်နားနေသေးသည်။

"ကျုပ်...မောင်စိုးတို့လို...အိမ်ကမိန္ဒွေးနွေး တို့လို သိပ္ပံပညာတွေ လောကဓာတ်ပညာတွေမှာ နားမလည်တာပဲ ကိုရွှေလူ၊ အများက သရဲကုပ်ချီး တာလို့ပြောတော့လဲ ဟုတ်နိုးနိုးပဲ၊ အဲ...အခု မောင် စိုးစိုးတို့ မိန္ဒွေးနွေးတို့ပြောတော့လဲ ဟုတ်နိုးနိုးပဲ၊ အဲ...ဒါပေမယ့် တစ်ခုတော့ရှိရဲ့..."

"ဘယ်လိုတစ်ခုလဲ ဦးလေး"

စိုးစိုးက ဝင်မေးလိုက်သည်။ စိုးစိုးအနေနှင့် ဦးရာမ တိုက်သရဲကိစ္စနှင့်ပတ်သက်ပြီး ဘယ်သူပြောပြော စိတ်ဝင် စားနေပြီဖြစ်ပါ၏။

"သရဲတစ္ဆေက ကုပ်ချီးနိုင်မလားလို့ မောင် စိုးစိုးတို့ မိန္ဒွေးနွေးတို့ပြောသလို ကျုပ်ကလဲ သရဲ တစ္ဆေဟာ မီးအလင်းရောင်ကို ဖန်ဆင်းနိုင်မလား လို့ မေးချင်လာမိတယ်"



"ဦးလေးက ဘာလို့ အဲဒီလိုမေးချင်တာလဲ"

"တစ်ခါတစ်လေပေါ့လေ...အမြဲတမ်းတော့ လဲ မဟုတ်ဘူး၊ တစ်လတစ်ခါလောက်၊ နှစ်ပတ် တစ်ခါလောက် ဦးရာမတိုက်အိမ်ကြီးက မီးရောင် လင်းနေတာကို ကျုပ်လှမ်းလှမ်းပြီးမြင်နေရတယ်၊ ဒါကြောင့် တစ္ဆေသရဲဟာ မီးအလင်းရောင်ကို ဖန်ဆင်းနိုင်သလားလို့"

ဦးရွှေလူက ဝင်ပြောသည်။

"ချေးစားစုန်းတို့ဘာတို့ဟာ သူတို့ခေါင်းကြီး လိမ်နေတဲ့အခါ မီးရောင်တဝင်းဝင်းနဲ့လို့လဲ ကြားဖူး တယ်၊ နောက်ပြီး ကြပ်ဆိုတဲ့ နာနာဘာဝကောင် တွေဟာလဲ မီးအလင်းရောင်တောင်မကဘူး၊ ရွာ တစ်ရွာအနေနဲ့တောင်ဖန်ဆင်းပြီး ကလေးငိုသံ၊ လှည်းဘီးသံတွေတောင် ဖန်ဆင်းနိုင်တယ်လို့ ကြား ဖူးတယ် ဦးအိန္ဒ"

"အဲဒါတွေက ကလေးတွေကို လူကြီးတွေက ပြောပြတဲ့ပုံပြင်တွေ ဖြစ်မှာပါ ဦးရွှေလူရာ"

ပိုင်စိုးဇာ မယုံကြည်တော့ကြောင်း ဦးရွှေလူကို ပြော ပြီး ဦးအိန္ဒဘက်သို့ ပြန်လှည့်လိုက်သည်။

"ထားပါတော့...အဲဒီလိုဟာတွေကတော့ ပုံပြင်လိုပြောကြတာ အများကြီးပေါ့၊ အခုဟာနဲ့တော်

www.burmeseclassic.com

www.burmeseclassic.com



တို့ အခိုကပြောရမှာက ဦးကျင်ဟုတ်နဲ့ မစ္စတာဒေးဗစ် ကုပ်ချိုးလည်ပင်းလိမ်သေဆုံးတဲ့လက်တွေကို ပြောနေတာ၊ ဒါထက် ဦးလေးကိုကျွန်တော်မေးချင်တယ်''

''မေးလေ...''

''ဦးရာမတိုက်အိမ်ခြံကြီးရဲ့နောက်ကျောမှာ တောတန်းရှိတယ်ဆိုတော့ အဲဒီတောတန်းထဲမှာ လူတစ်ယောက်ကို လည်ပင်း လိမ်ချိုးသတ်နိုင်လောက်အောင် အင်အားကြီးမားတဲ့ တိရစ္ဆာန် အကောင်တစ်မျိုးများ ရှိနေမလားလို့ မေးချင်တာပါ ဦးလေး''

''ချေတို့၊ မျောက်တို့၊ တောဝက်တို့၊ ယုန်တို့ စတဲ့အကောင်တွေတော့ရှိတယ်၊ ဟိုတုန်းက ဒီရွာမှာ အမဲလိုက်မုဆိုး ဖိုးမြနဲ့ဖိုးလှဆိုတဲ့ညီအစ်ကို အဲဒီတောတန်းထဲဝင်ပြီး အမဲလိုက်တာ ခုန ဦးလေးပြောတဲ့ အကောင်ဗလောင်တွေကိုရတာတော့ ဦးလေးတွေ့မြင်နေသားပဲ၊ အဲ...ကျင်ဟုတ်နဲ့ ဒေးဗစ် ကုပ်ချိုး အသတ်ခံရပြီးတဲ့နောက် ဒီတောတန်းထဲကို မုဆိုးညီအစ်ကို မဝင်တော့ဘဲ အခြားတောကို ပြောင်းသွားကြတယ်''

''ကျွန်တော်ဆိုလိုတာက အင်အားကြီးမားပြီး



လူကိုကုပ်ချိုးနိုင်လောက်တဲ့ လူဝံကြီးတို့ မျောက်ဝံကြီးတို့ဆိုတာမျိုး ရှိသလားလို့ပါ''

''အဲဒီလောက်ကြီးမားဝဲ့ အကောင်ကြီးမျိုးတွေရှိတယ်လို့တော့ တစ်ခါမှမကြားမိဘူး၊ ကိုရာမ နောက်ဖေးတောတန်းက သိပ်ထူထပ်တဲ့တောကြီးလဲ မဟုတ်လှဘူး''

ဦးအိန္ဒသည်ပြောရင်းပင် ယခုမှတစ်ခုခုကို သတိရ ိုက်သည့်အလား သူ့ပေါင်ကို လက်ဝါးဖြင့်ပုတ်လိုက်သေး သည်။

''အဲ...တစ်ခုတော့ရှိတယ်ကွယ့်''

''ဟုတ်ကဲ့...ပြောပါဦးလေး''

''ရွှန်ခဲ့သောနှစ်ပေါင်း အစိတ်လောက်ကဆိုပါတော့၊ အဲဒီတုန်းက ဦးလေးလဲ ကာလသားပဲဆိုပါတော့၊ မိန္နွေးနွေးတို့အမေနဲ့တောင် အိမ်ထောင်မကျသေးဘူး၊ အဲ...သန်လျင်က ကိုရာမလဲ ဦးလေးတို့နဲ့ရွယ်တူကာလသားပဲရှိသေးတယ်၊ အဲဒီတုန်း က ကိုရာမရဲ့မိဘတွေလက်ထက်မှာ အန်ထော်နီဆိုတဲ့ ကရင်ကြီးတစ်ယောက်ဟာ ကိုရာမ မိဘတွေအိမ်မှာ နေတယ်၊ သူတို့နဲ့ဘာတော်သလဲတော့ မသိဘူး၊ ကိုရာမအမေ့ဘက်ကဆွေမျိုးတော်တယ် ထင်ပါရဲ့၊ အဲဒီအန်ထော်နီဆိုတဲ့ ကရင်ကြီးဟာ အ

www.burmeseclassic.com

www.burmeseclassic.com



ကောင် ဗလောင်တွေကို သူတို့ရဲ့ခြံထဲမှာ လှောင်အိမ်နဲ့ မွေးတယ်၊ မြွေကြီးတွေ၊ ကျားပေါက်စတွေ၊ မျောက်တွေ၊ မျောက်ဝံပေါက်စတွေ စသဖြင့်ပေါ့ ကွယ် သူကမွေးတယ်၊ ဦးလေးတို့ကြားသလောက် တော့ အဲဒီကရင်ကြီးအန်ထော်နီနဲ့ ကိုရာမတို့ အဖေနဲ့ မသင့်မမြတ်ဖြစ်ပြီး ကရင်ကြီးအန်ထော်နီက တခြားထွက်သွားတယ်တဲ့၊ သူထွက်အသွားမှာ သူမွေးထားတဲ့အကောင်ဗလောင်တွေကို ယူမသွားနိုင်တာမို့ အဲဒီတိုက်အိမ်ကြီးရဲ့နောက်ကျောဘက် တောတန်းထဲမှာ အကောင်ဗလောင်ပေါက်စတွေ အကုန်လုံးလွှတ်ပေးထားခဲ့တယ်ဆိုလားပဲ''

ဦးအိန္ဒ၏စကားသည် ပိုင်စိုးအတွက် စဉ်းစား အများကြီးဖြစ်၏။

ကရင်ကြီးအန်ထော်နီမွေးခဲ့သည့် အကောင်ဗလော များထဲတွင် မျောက်ဝံလို၊ လူဝံလိုအကောင်မျိုးပါရှိပါက တန်းထဲဘေးမဲ့လွှတ်စဉ်က အကောင်ပေါက်စဖြစ်စေ နှစ်ပေါင်းနှစ်ဆယ်အစိတ်အတွင်း ယခုလောက်ဆို ကြီး သောအကောင်ကြီးတွေဖြစ်နေလောက်ပြီးပြီ။ ဦးအိန္ဒ သည့်အထဲတွင် ဦးအန်ထော်နီမွေးသည့်အထဲ၌ မြွေကြီး လည်း ပါသည်ဟုပြောသည်။

ပိုင်စိုးသည် ဗဟုသုတအရ စပါးကြီး၊ စပ



သောမြွေကြီးမျိုးသည် သားကောင်ကိုညှို့နိုင်စွမ်းရှိပြီး တို့၏ ကိုယ်ထည်အရှည်နှင့် သားကောင်ကိုရစ်ပတ်သည်။ ဦးကျင်ဟုတ်နှင့် မစ္စတာဒေးဗစ်ကိုရော ယင်းသို့သော ကြီးတစ်ကောင်က လည်ပင်းကို ရစ်ပတ်ခြင်းမျိုးလား

ကြီးမားသော လူဝံ၊ မျောက်ဝံကပင် အင်အားကြီး ဖြင့် လည်ပင်းကို လိမ်ချိုးခြင်းပေလား . . စဉ်းစား ပင်။

''နောက်တစ်ခုကျွန်တော်မေးချင်တာက ဦးရာမတိုက်အိမ်ကြီးရှေ့မှာ ပင်လယ်ရှိတယ်၊ အဲဒီ ပင်လယ်ထဲက အကောင်တစ်ကောင်တက်လာပြီး ဦးကျင်ဟုတ်နဲ့ မစ္စတာဒေးဗစ်ကို ဒီအိမ်ကြီးထဲမှာ တွေ့တာနဲ့ လည်ပင်းလိမ်ချိုးတာကောမဖြစ်နိုင် ဘူးလား၊ ပင်လယ်ထဲမှာဆိုတာက ကျွန်တော်တို့ မသိသေးတဲ့ သတ္တဝါကြီးတွေ ရှိတယ်လို့ ကျွန်တော် စာအုပ်တစ်ချို့မှာဖတ်ဖူးတယ်''

ဦးအိန္ဒက ခေါင်းခါပြလိုက်သည်။

''နောက်ဖေးတောတန်းထဲက ကရင်ကြီး အန်ထော်နီမွေးခဲ့တဲ့ အကောင်ထဲကဖြစ်မယ်ဆို ဖြစ်နိုင်သေးတယ်၊ ပင်လယ်ထဲကအကောင်တော့ မဖြစ်နိုင်ဘူး မောင်စိုးစိုး၊ ဒီမော်ရဲ့တော့ရွာက ထက်ဝက်သောက်ရွာသူရွာသားတွေဟာ တံငါ လုပ်နေကြ

www.burmeseclassic.com



တာပဲ၊ ပင်လယ်ထဲ နေ့စဉ်ထွက်နေကြတာပဲ၊ ပင်လယ်ထဲမှာ လူတစ်ယောက်ရဲ့ လည်ပင်းကို လိမ်ချိုးနိုင်လောက်တဲ့ အကောင်မျိုးတွေ့တယ်လို့ တစ်ခါမှ မကြားမိပါဘူးကွာ"

"ရေသရဲလို့ခေါ်တဲ့ ပင့်ကူလို လက်ချောင်းတွေအများကြီးရှိပြီး သူ့လက်ချောင်းတွေက ရန်သူကို ရစ်ပတ်ဖျစ်ညှစ်ဆက်တဲ့ အော်တိုပတ်(စ်)လို အကောင်မျိုးက ဦးဟုတ်ကျင်နဲ့ မစ္စတာဒေးဗစ်ကို သတ်တာဆိုရင်ကော"

"အင်း…အိမ်ကဦးလေးရဲ့ သမီးနွေးနွေး ကလဲ အခုမောင်စိုးစိုးရဲ့ ထင်မြင်ချက်မျိုးနဲ့ အဲဒီလို ရေသရဲဆိုတဲ့ အကောင်အကြောင်းပြောဖူးပါတယ်၊ ဒါပေမယ့် မဖြစ်နိုင်ဘူး မောင်စိုးစိုး၊ ဘာလို့လဲဆိုတော့ အခုဦးလေးတို့ရွာအနီးကပင်လယ်က ပင်လယ်ကွေ့ပဲ၊ ဟိုဘက်ကမ်းဒီဘက်ကမ်း လှမ်းမြင်နိုင်တာပဲ၊ ဒီလိုပင်လယ်ကွေ့၊ ပင်လယ်ကျဉ်းမျိုးမှာ အဲဒီရေသရဲလိုကောင်မနေဘူး၊ ဘယ်တုံးကမှလည်း ရေသရဲကို ခုချိန်ထိ မတွေ့ဖူးသေးဘူး"

စကားပြောနေကြစဉ်မှာပင် မီးဖိုထဲမှ ဦးအိန္ဒ… တပည့် ငမိုးဆိုသူသည် ငါးခြောက်ဆီဆမ်းပန်းကန်၊ ရေ… ကြမ်းတို့ကို လင်းပန်းတစ်ချပ်ဖြင့် ထည့်ယူလာချပေး…



…သူပါ ဘေးတွင် မတ်တပ်ရပ်နေပြီး ဦးအိန္ဒကိုပြောလိုက်…သည်။

မောင်မိုးသည် အသက်ဆယ့်ရှစ်နှစ်၊ ဆယ့်ကိုးနှစ်…ယ်လူငယ်ဖြစ်သည်။ သို့သော် တုဝဲတုတ်ခိုင်ခိုင်နှင့်…ကျန်းမာ သန်စွမ်းသူတစ်ဦးဖြစ်ပါ၏။ ပုံစံမှာ တရုတ်ထိုး မိုက်…ဂိမိုက်ကန်း ပုံစံလေးပင်။

"ကျွန်တော် ရေနွေးအိုးတည်ရင်း ဒီအစ်ကိုနဲ့ အဘတို့ပြောတာတွေကို နားထောင်တယ်အဘ၊ ဦးရာမတိုက်က သရဲကုပ်ချိုးတယ်ဆိုတာ ဒီဒေ့ခ်ကို ပြောသလိုပဲ မဟုတ်နိုင်ဘူးအဘ၊ ကျွန်တော်လဲ မယုံဘူး"

"မယုံရင် မင်းသွားနေလေကွာ ငမိုး"

"ကြောက်လို့ပေါ့ အဘရာ"

"ဟေ…မင်းကအခုပဲ မယုံဘူးပြောပြီး ကြောက်တယ် ပြောပြန်ရောလား ငမိုး"

"ကျွန်တော်တစ်ယောက်တည်းဆိုရင် ကြောက်တယ်လို့ပြောတာပါ၊ အဖော်သာပါရင် ကျွန်တော် သေချာသွားရဲတယ် အဘ"

ပြောပြီး ငမိုးသည် မီးဖိုဘက်ဆီပြန်သွားသည်။

"ကဲ…အပျင်းပြေ၊ အမောပြေ ငါးခြောက်ကြော် ဆီဆမ်းနဲ့ ရေနွေးကြမ်းသောက်ကြဦး"

www.burmeseclassic.com

www.burmeseclassic.com



ပိုင်စိုးရော ဦးရွှေလူရော ငါးခြောက်ဖုတ်မြည်းပြီး ရေနွေးကြမ်းသောက်သည်။

ငါးခြောက်က တကယ်ကောင်းမှကောင်း။ ဦးရွှေလူ ပြောသကဲ့သို့ပင် ဆားပေါ့ဖြစ်ပြီး လျှာထဲစိမ့်ဝင်သွားအောင် သဘာဝ အချိုအဆိမ့်လေးများ အရသာခံစားရသည်။

"ဂုဲ...စိုးစိုး၊ မင်းဘာသိချင်သေးလဲ၊ နောက်ပြီး မင်းဘာဆက်လုပ်မယ် စိတ်ကူးလဲ"

"ကျွန်တော် ဦးလေးအိန္ဒကို နောက်တစ်ခုမေးချင်သေးတယ်"

"မေးချင်မေးလေကွာ"

"ဦးရာမအိမ်က သရဲခြောက်တယ်ဆိုတာကို အသက်မသေဘဲမြင်ဖူးတဲ့ လူနှစ်ယောက်ရှိတယ်ဆိုတဲ့သဘောပဲ၊ တစ်ယောက်က ဦးရာမတို့ သန်လျင်ပြောင်းတော့ ခြံစောင့်ထားခဲ့တဲ့ ကိုဖိုးဆိတ်နဲ့ နောက်တစ်ယောက်က ဦးကျင်ဟုတ်အငေါ်ခေါ် သွားတဲ့တပည့်ပဲ၊ သူတို့နှစ်ယောက်ကို ကျွန်တော် သေချာမေးကြည့်ချင်တာတွေရှိတယ်၊ သူတို့သရဲကို တွေ့တုန်းက သရဲကဘယ်လိုပုံစံကြီးလဲဆိုတာ"

"တွေ့ချင်လို့တော့ အဲဒီနှစ်ယောက် ဘယ်ရောက်လို့ ရောက်သွားမှန်းကို ဘယ်သူမှမသိဘူး၊ လုံးဝမတွေ့နိုင်တော့ဘူး၊ အေး...သူတို့သူရဲတွေ့



ပြီးပြေးလာတုန်းကလဲ ရွာထဲရောက်ပေါ့ သတိမေ့သွားလို့ နာနပ်ယူရတယ်၊ သူတို့သတိရလို့ ပြန်ပြောတာကတော့ သရဲဟာ မည်းမည်းကြီး၊ အမွေးတွေဗလပျစ်နဲ့လို့ပြောတာကြားရတာပဲ၊ အဲဒါပဲ ပြောတယ်၊ နောက်နေ့ကစပြီး အဲဒီနှစ်ယောက် စလုံး ဒီရွာကပျောက်သွားချင်းလဲ တူကြတယ်၊ ဘယ်သူမှသူ တို့ကို မတွေ့တော့ဘူး"

ဦးရာမနှင့် တိုက်အိမ်ကြီးအကြောင်းမေးစရာစကား ကုန်သွားသလောက်ရှိပေပြီ။

ပိုင်စိုးက ဦးရွှေလူဘက်သို့လှည့်လိုက်သည်။

"ကျွန်တော်တို့ ဦးရာမခြံနဲ့တိုက်အိမ်ကြီးကို သွားကြည့်ကြစို့ ဦးရွှေလူ"

"ဟေ...အဲဒီကို ငါလိုက်ရမလား"

"အင်းလေဗျာ..."

ဦးရွှေလူက သူ့နဖူးပြင်ပေါ်သို့ လက်ဝါးနှစ်ဖက်လုံး ပက်လက်လှန် တင်ပြလိုက်သည်။

"ငါ ဆလံနှစ်ထပ်ပေးပါတယ်စိုးစိုး၊ အဲဒီကို ငါ မလိုက်ပါရစေနဲ့"

"ဘာလဲဗျ...ကြောက်လို့လား"

"ငါ မရှက်ပါဘူး...ဝန်ခံပါတယ်စိုးစိုး၊ ငါ တကယ်ကြောက်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



ပိုင်စိုးက သူဝတ်ထားသည့် ဂျာကင်ရင်ဖုံးတစ်ဘက်ကိုဖွင့်လိုက်သည်။

ချိုင်းအောက်တွင် စလွယ်ဖြင့်လွယ်ထားသည့် ပစ္စတိုသေနတ်ရှိနေပါ၏။

"ကျွန်တော့်မှာ သေနတ်ပါပါတယ် ဦးရွှေလူ"

"နတ်…နတ်ကွာ၊ သရဲတစ္ဆေဆိုတာ သေနတ်နဲ့ပစ်လို့ ရတာမှမဟုတ်တာကြီး"

ဦးအိန္ဒကာ ဦးရွှေလူကိုကြည့်ပြီး ရယ်မောပါ၏။ ပြီးမီးဖိုခန်းသို့ လှမ်းအော်လိုက်သည်။

"ငမိုးရေ…ဝေ…ငမိုး"

"လာပါပြီ…ဘဘ"

ငမိုး ချက်ချင်းရောက်လာသည်။

"ဒီမယ် ငမိုး…ဟောဒီ မင်းအစ်ကိုက ရာမခြံကိုသွားချင်လို့တဲ့၊ သူ့မှာသေနတ်လဲပါတယ်၊ အဲဒါ မင်း အစ်ကိုနဲ့လိုက်သွားရဲလား"

"လိုက်ရဲပါတယ်ဘဘ၊ ကျွန်တော်ကိုယ်တိုင်က အဖော်ကောင်းရင် အဲဒီခြံနဲ့တိုက်အိမ်ကြီးကို သွားကြည့်ချင်နေတာ"

"ဒါဆို…လိုက်သွား"

မော်တော်ဆိုင်ကယ်နောက်မှခွထိုင်ပြီး ငမိုးလိုက်ပါလာသည်။ ရွာနှင့်သုံးဖာလုံခန့်သာဝေးသဖြင့် တစ်ခဏ



အတွင်းရောက်လာပြီး ခြံကြီးတံခါးဝသို့မောင်းခဲ့ရာ ပင်လယ်ကမ်းစပ်မို့ လေတဟူးဟူးနှင့် ကြည်နူးဖွယ်ကောင်းလှပါ၏။

"မမနွေးသာအိမ်မှာရှိနေရင်း သူလဲလိုက်မလားပဲ၊ မမနွေးလဲ အစ်ကို့လိုပဲ သရဲကို ယုံမှမယုံတာ၊ ကြောက်လန့်ပုံလဲ မရှိဘူး"

"အခု မင်းမမနွေးက ဘယ်သွားနေလို့လဲ မောင်မိုး"

"သုံးခွဘက်ကိုသွားတယ်၊ သန်လျင်ဘက်ဆက်သွားလား မသိဘူး၊ မမနွေးကို အစ်ကိုသိလားဟင်"

"မြင်တောင် မမြင်ဖူးတာပဲကွာ"

"မြင်တောင်မြင်ဖူးသွားတာနဲ့ အစ်ကို သဘောကျသွားမှာပါ"

ပိုင်စိုးက မောင်မိုး၏ တန့်ပြန့်စကားကို ပြုံးမိသည်။ မိမိကမြင်တောင်မမြင်ဖူးဟုပြောသည်ကို သူကတန့်ပြန့်ပြီး မြင်တောင်မြင်ဖူးသွားတာနဲ့ဟု ပြောသည်ကို ပြုံးမိခြင်းဖြစ်ပါ၏။

ပိုင်စိုးက ပြန်ပြီး အနောက်အရွတ်သဘောလေး ပြန်မေးလိုက်သည်။

"ဘယ်သူက ဘယ်သူ့ကိုသဘောကျမှာလဲ မောင်မိုး၊ ငါကမနွေးနွေးကိုသဘောကျမှာလား၊

www.burmeseclassic.com



မနွေးနွေးက ငါ့ကိုသဘောကျမှာလား"

"နှစ်ယောက်စလုံးအတူတူဖြစ်မယ်လို့ ကျုပ်ထင်တာပဲအစ်ကို"

"ဘယ်လိုကွ…မောင်မိုး နှစ်ယောက်စလုံးအတူတူပဲဖြစ်မယ်ထင်တယ် ဟုတ်လား၊ မင်းစကားကို ဆက်ရှင်းပါဦး"

"ယောက်ျားသားတွေထဲမှာတော့ အစ်ကိုဟာ တော်တော်ကြီးကို ကြည့်ကောင်းတယ်၊ မမနွေးကလဲ မိန်းမသားထဲမှာတော့ တော်တော်ကြီးကို လှတယ်၊ ချောတယ်၊ နောက်ပြီး အစ်ကိုနဲ့ မမနွေးဟာ သရဲကိုမယုံကြည်တဲ့အယူအဆ စိတ်ဓာတ်ချင်းလဲ တူတယ်"

ပြောရင်းပင် ဦးရာမခြံကြီးရှေ့သို့ရောက်လာသည်။ ခြံတံခါးကြီးရှိသော်လည်း ပွင့်လျက်သားရှိနေသည်။ ပိုင်စိုးက တိုက်ရိုက်ပင် မောင်းဝင်လာ၏။

လူမနေ၊ ပြုပြင်သူမရှိတာကြောင့် ခြံထဲတွင် ချုံနွယ်ပိတ်ပေါင်းတွေနှ မြက်ပင်ရှည်ကြီးတွေရှိနေသည်။

ခြံကြီး၏ပတ်ပတ်လည်တွင် သရက်ပင်ကြီးများ၊ ပိန္နဲပင်ကြီးများ၊တည်င်းပင်ကြီးများ၊ အုန်းပင်ကြီးတွေများ အပြိုင်းအရိုင်း ရွက်အုပ်ဖားကြီးတွေနှင့် ဝေးသီခေါင်ပင်မြင့်ကြီးတွေဖြစ်နေကြပေသည်။ ခြံထဲတွင် နေပြောက်မထိုးလောင်းရိပ်များကျနေပေ၏။ ခြံထဲသို့ မော်တော်ဆိုင်ကယ်ဝင်သည်နှင့် စက်သံကြောင့်လားမသိ။ လျှောခနဲလျှောခနဲ မြွေနှစ်ကောင် သုံးကောင်သည် အထိတ်တလန့်ပြေးလွှားသည်ကို တွေ့ရပေသည်။



"ခြံထဲဝင်လိုက်တာနဲ့ ကြောက်စရာကြီးနော် အစ်ကို"

"ဘာလဲ…မင်းကြောက်နေပြီလား"

"ကျုပ်မကြောက်ပါဘူး၊ ကြောက်စရာကောင်းတယ်လို့ ပြောတာပါ"

တိုက်အိမ်ကြီး၏ရှေ့ပေါက် ဆင်ဝင်အောက်တွင် မော်တော်ဆိုင်ကယ်ကို ရပ်လိုက်သည်။

ဆိုင်ကယ်ပေါ်မှဆင်းကြသည်နှင့် ပိုင်စိုးက လိုက်ကာမယ်ကာ ချိုင်းအောက်မှ ပစ္စတိုကိုထုတ်ကိုင်ပြီး သံဘာဂျာတံခါးကို ဆွဲဖွင့်လိုက်သည်။

အထဲကိုချက်ချင်းမဝင်သေးဘဲ တံခါးတွင် ပိုင်စိုးခေတ္တရပ်ပြီး အထဲသို့ အကဲခတ်ကြည့်သည်။ သံဘာဂျာတံခါးမှာ သံချေးတက်နေရာတွင် တက်နေသော်လည်း အောက်ခြေက ဘာဂျာတံခါးအဖွင့်အပိတ်ရွေ့လျားရာ အောင်တန်းမှာ ပြောင်လက်နေသည်ကိုထောက်၍ ဤတံခါးကို အဖွင့်အပိတ်မပြတ်ရှိခဲ့သည်ဟု ယူဆနိုင်ပေးကပေသည်။

အိမ်ထဲသို့ ပိုင်စိုးရှေ့မှဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်မိုးက နောက်မှ လိုက်ပါလာပါ၏။

အိမ်ညှော်ခန်းထဲတွင် ဟောင်းနွမ်းနေသည့် စားပွဲနှင့် ကုလားထိုင် သုံးလေးလုံးတွေ့ရသည်။ ဘေးနံရံနှင့် မျက်နှာချင်းဆိုင်တို့တွင် ပင့်ကူအိမ်တွေ ဗလပွရှိနေသည်ကို တွေ့ရသည်။ ကြမ်းပြင်တွင် ဖုန်မှုန့်များတက်နေသည့်ထဲတွင် ပိုင်စိုးရော မောင်မိုးပါ ခြေမနင်းရသေးသည့် ရှေ့နေရာတွင် ထင်ကျန်နေသည့် ခြေရာတစ်ခုခုများ ရှိနေမလားဟုလည်း ပိုင်စိုးသတိထားကြည့်သည်။

ညှော်ခန်းထောင့်တစ်နေရာတွင် အတော်အသင့်ကြီးမားသော မီးစက်တစ်လုံးတွေ့ရသည်။ ပိုင်စိုးက မီးစက်ဘေးတွင်ရပ်ကာ မီးစက်အခြေအနေကိုကြည့်သည်။ မီးစက်သည် အကောင်းပကတိရှိနေပါ၏။ စစ်ဆေးကြည့်ရာ မီးစက်ထဲတွင် ဒီဇယ်ဆီတစ်ဝက်ခန့်ရှိနေသည်ကိုတွေ့ရသည်။

ပိုင်စိုးက မီးစက်ကိုဆွဲနှိုးသည့် ကြိုးစလက်ကိုင်ကို ဆွဲ ဆီခလုတ်ဖွင့်ပြီး ဆွဲနှိုးလိုက်သည်။ သုံးချက်မျှဆွဲရုံနှင့် မီးစက် နှိုးသွားသည်။

မီးစက်ကိုချိန်းပြီးနောက် နံရံမှခလုတ်များကို ဖွင့်ကြည့်ရာ မီးလင်းသည်ကိုတွေ့ရသည်။

"အစ်ကို…အစ်ကို"

"ဝေး…မောင်မိုး…ဘာလဲ"

"ဘဘက တစ်ခါတလေ ဒီအိမ်ကြီးဆီက မီးလင်းနေတယ်တွေ့တယ်ဆိုတာ ဒီမီးစက်ဖွင့်လို့ ဖြစ်မှာပေါ့နော်၊ ဘယ်ကကြပ်တွေ ဘာတွေ မီးရောင်ဖန်ဆင်းတာဟုတ်မှာလဲ၊ နောက်ပြီး တစ္ဆေသရဲကကော ဒီမီးစက်ကြိုးဆွဲပြီး ဖွင့်တတ်မှာတဲ့လား"

မီးရောင်လင်းသွားသည်နှင့် အိမ်၏အကြိုအကြားတွင် ခိုအောင်းနေသည့် လင်းနို့တွေ ဟိုပျံဒီပျံဖြစ်သွားသည်ကို ပိုင်စိုးငေးကြည့်နေသည်။

မီးစက်ကို ပိုင်စိုးပြန်ပိတ်လိုက်သည်။

"မောင်မိုး"

"ဗျာ"

"ငါ အိမ်ပေါ်ထပ်တက်ကြည့်မလို့…မင်းလိုက်ရဲရဲ့လား"

"သိပ်လိုက်ရဲတာပေါ့ အစ်ကို"

ပိုင်စိုးကပင် ရှေ့မှ လှေကားထစ်များကို နင်းတက်ခဲ့သည်။ မောင်မိုးနောက်မှလိုက်ပါလာ၏။

အပေါ်ထပ်တွင် အိပ်ခန်းနှစ်ခန်းဖွဲ့ထားပြီး ကျန်သရွေ့မှာ ဟော(လ်)ကြီးဖြစ်ပါ၏။

ဘာပစ္စည်းမှထွေထွေထူးထူးမရှိပေ၊ ဖုန်တွေပိုများပြီး ပင့်ကူအိမ်တွေလည်း ပိုများသည်။

ချောင်ကြိုချောင်ကြားနေရာတချို့တွင် ကြွက်သိုက်



www.burmeseclassic.com

www.burmeseclassic.com



များ၊ စာကလေးသိုက်များ ရှိနေသည်။

နှစ်ယောက်စလုံး ပြန်ဆင်းခဲ့ကြသည်။

အောက်ထပ်ရှိ ထမင်းစားခန်း၊ မီးဖိုခန်းတို့ကို ဆက်၍ကြည့်သည်။

ထမင်းစားခန်း စားပွဲဟောင်းပေါ်တွင် ဖရောင်းတိုင် သုံးတိုင်တွေ့ရသဖြင့် ပိုင်စိုးယူကြည့်သည်။ အသုံးပြု ထား သော ဖယောင်းတိုင်များမှန်း တွေ့ရသည်။

မီးဖိုဘက်သို့ ပိုင်စိုးဆက်လာခဲ့သည်။ အုတ်ကိုင်ထား သော မတ်တတ်မီးဖိုကိုတွေ့ရသည်။ အိုးတည်ပေါက် သုံး ပေါက်ရှိပြီး မီးဖိုနှင့်တည်သောအုတ်မီးဖိုဖြစ်ပါ၏။ အခြား ရေနံဆီမီးဖိုတွင် ဖုန်တက်ခြင်းမရှိပေ။ ဘေးတွင် သစ်သား မီးခြစ်တစ်လုံးရှိနေသည်။

ပိုင်စိုးက သစ်သားမီးခြစ်ဆံတစ်ချောင်းထုတ်ယူပြီး ခြစ်ကြည့်ရာ ရှဲကနဲမီးတောက်လောင်ပေသည်။ မီးခြစ်တွင် မှိုတက်ခြင်းမရှိသည်ကိုလည်း သတိထားမိသည်။

မောင်မိုးကလည်း တစ်အိမ်လုံး ဟိုကြည့် ဒီကြည့် လိုက်ကြည့်နေသည်။

"ကဲ…သွားကြစို့ မောင်မိုး"

အပြင်သို့ထွက်လာခဲ့ကြသည်။ မော်တော်ဆိုင်ကယ် ပေါ်နေရာယူကြပြီး စက်နှိုးကာခြံထဲမှ မောင်းထွက်လိုက် သည်နှင့်…



"အစ်ကို…အစ်ကို…ဟို…ဟိုမှာ…"

မောင်းရင်းပင် ပိုင်စိုးသည် မောင်မိုးအထိတ်တလန့် ပြောပြီး လက်ညှိုးထိုးပြရာသို့ကြည့်လိုက်သည်။

အကျႌအနက်၊ ဘောင်းဘီရှည်အနက်၊ ဦးထုပ်အနက် ဆောင်းထားသော ကလေးတစ်ယောက် စွတ်ပြေးသွားသည် ကို တွေ့ရသည်။

မော်တော်ဆိုင်ကယ်ရပ်လိုက်ပြီး ပိုင်စိုးသည် ထို ကလေးနောက်သို့ပြေးလိုက်သည်။

မောင်မိုးလည်း ပြေးလိုက်သည်ပင်။

နောက်ဖေးခြံစည်းရိုးအရောက်တွင် အဝတ်နက်နှင့် ကလေးသည် ခြံစည်းရိုးခွေးတိုးပေါက်မှ တိုးထွက်ပြီး ခြံပြင် သို့ရောက်သွားသည်။

ယင်းခွေးတိုးပေါက်သည် အပေါက်သေးသေးမို့ ပိုင် စိုးခန္ဓာကိုယ်မတိုးနိုင်။ မောင်မိုးခန္ဓာကိုယ်နှင့်လည်း မတိုး နိုင်။

အကယ်၍ မရမက ဖွတ်တိုးပြီးထွက်၍ရသည်ထား ဦး အကျႌနက်ချာတိတ်ကို ဖမ်းမမိနိုင်တော့။ နောက်ဘေး ဘက်တွင်တောတန်းရှိနေသည်။ တောတန်းထဲသို့လိုက်လည်း ချာတိတ်ကိုတွေ့နိုင်တော့မည်မဟုတ်ပါလေ။ နှစ်ယောက် သား မော်တော်ဆိုင်ကယ်ဆီသို့ ပြန်လာခဲ့သည်။

"အံ့သြစရာပဲအစ်ကို၊ မော်ရုံတောရွာက နွား

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားတွေတောင် ဒီခြံနားမကပ်ရဲဘူး၊ ဒီကလေးက ခြံထဲရောက်နေတယ်၊ နောက်ပြီး သူ့ကို ကျွန်တော်မြင်လိုက်တာနဲ့ စွတ်ပြေးတာ၊ ဘယ်သူမှ မသွားရဲတဲ့ တောတန်းထဲကို ချောင်းတိုးပေါက်က ထွက်သွားတယ်''

''သူ့မျက်နှာကို မောင်မိုးမြင်လိုက်လား''

''မမြင်လိုက်ဘူး၊ ကျုပ် သူ့ကိုမြင်တဲ့အချိန်မှာ သူက ကျောပေးပြီး ထွက်ပြေးနေပြီ''

''အေး…သူဟာ ကလေးဟုတ်ချင်မှ ဟုတ်မယ်ကွ''

''ဟာ…အစ်ကိုလဲ သူ့အရပ်ရော ကိုယ်လုံးရောဟာ ဆယ်နှစ်သားရွယ် ကလေးပဲဟာ''

''သူဝတ်ထားတဲ့ဘောင်းဘီရှည် ရှပ်အင်္ကျီကို ငါသတိထားကြည့်မိတယ်၊ ကလေးဝတ်ပုံစံမျိုး မဟုတ်ဘူး၊ လူကြီးဝတ် ခေတ်မီကာလသားပုံစံတွေ''

''ဟင်…ဒါဖြင့်''

''အသက်အားဖြင့် အရွယ်ရောက်ပြီးသား လူပုတစ်ယောက်ဖြစ်နိုင်တယ်၊ ဒီလို လူပုတွေဟာ မကောင်းမှုဒုစရိုက်လောကထဲမှာ တစ်နေရာရာက ပါတတ်တာကို ငါခဏခဏတွေ့ဖူးတယ်မောင်မိုး''



မော်တော်ဆိုင်ကယ်ဆီရောက်ပြီး စက်ပြန်နိုးကာ မော်ရုံတောရွာ ဦးအိန္ဒအိမ်သို့ ပြန်လာခဲ့သည်။

ဦးရွှေလှုနှင့် ဦးအိန္ဒတို့ စိုးရိမ်စွာစောင့်နေကြပါ၏။ နှစ်ယောက်စလုံး ချောချောမောမော ပြန်လာမှ သူတို့ ဟင်းချနိုင်ပေသည်။

''ဘယ်လိုလဲ မောင်စိုးစိုး…ဘာတွေတွေ့ခဲ့သလဲ''

ပိုင်စိုးက တွေ့ခဲ့မြင်ခဲ့သမျှတွေအားလုံး ပြန်ပြောလိုက်သည်။

''ဒါဆို မင်းဘယ်လိုဆုံးဖြတ်လဲ စိုးစိုး''

''ကျွန်တော် ဦးရာမတိုက်ကြီးကို သူဆိုတဲ့ဈေးအတိုင်း ငါးသောင်းပေးဝယ်မယ်၊ ပြီး… ကျွန်တော် ဒီခြံနဲ့ဒီတိုက်ကြီးမှာ စာလာရေးမယ်''

''ကြည့်လဲလုပ်ပါ စိုးစိုးရာ၊ ဖော်ကြာ မင်းမိဘ ဆရာကြီးနဲ့ ဆရာကတော် ငါ့ကိုအပြစ်တင် မဆုံးဖြစ်နေပါ့မယ်''

''ဦးရွှေလှုကို ဘာအပြစ်မှ မတင်စေရဘူး စိတ်ချ''

ပိုင်စိုးအကြောင်းခတ်သိမို့ ဦးရွှေလှုကတားမြစ်၍ ရမှန်းသိပြီး လက်လျှော့လိုက်သည်။

''ဒါဆို မင်းဘယ်လိုစီစဉ်မလဲ စိုးစိုး''

www.burmeseclassic.com

www.burmeseclassic.com



"အခုတော့ပြန်မယ်လေ၊ နက်ဖြန် ဘဏ်ကငွေထုတ်ပြီး အိမ်ဝယ်စာချုပ်ချုပ်မယ်၊ နောက်ပြီး ဒီကိုလာမယ်၊ ဘာပစ္စည်းမှမပါတာ၊ ဒီမော်တော်ဆိုင်ကယ်နဲ့ အဝတ်အစားကျောပိုးအိတ် ဆွဲအိတ်တစ်လုံးပဲပါတာ"

ဦးအိန္ဒဘက်သို့ ဦးရွှေလူလှည့်လိုက်သည်။

ဦးအိန္ဒပြုံးနေသည်ကို တွေ့ရပါ၏။

"ကဲ…ဦးအိန္ဒ စိုးစိုးက ဒီဦးရာမတိုက်ခြံကြီးလာနေတော့မယ်ဆိုတော့ ဦးအိန္ဒကိုပဲ အားကိုးအားထားပြုရမှာပဲ၊ စိုးစိုးက ဒီမှာသူစိမ်းသက်သက်ဖြစ်ရုံမကဘူး၊ သူဝယ်ပြီးနေမယ့် ခြံနဲ့တိုက်အိမ်ကြီးကလဲ မရှင်းမရှင်းနဲ့"

"ရတယ်လေ…ကျုပ်ဘာလုပ်ပေးရမလဲပြော"

"လောလောဆယ်တော့ စိုးစိုးထမင်းကိစ္စကော်ဖီကိစ္စ လက်ဖက်ရည်ကိစ္စပေါ့ဦးအိန္ဒ…ဦးအိန္ဒတို့အိမ်ကပဲ စိုးစိုးကို ထမင်းလခပေးစားသဘောလောက်ပေါ့"

"ရပါတယ် ဦးရွှေလူ၊ ကျုပ်တို့အိမ်မှာ နေ့တိုင်းလူတစ်ယောက်စာမက အမြဲပိုတယ်၊ အဲ…ဟင်းချေးများရင်တော့တစ်မျိုးပေါ့၊ ရွာထဲမှာဝက်ပေါ်ရင်ဝက်သားဟင်းစားရမယ်၊ တစ်ခါတလေ ချေသားတို့၊ ဆတ်သားတို့လာရောင်းတာမျိုးလဲရှိတယ်၊ အဲ…ဘာသားမှမပေါ်တဲ့အခါကျတော့ ငါး၊ ပုစွန်၊ ငါးခြောက်ပေါ့လေ"

"ကျွန်တော် ဘာမဆိုစားပါတယ်ဦးလေး၊ ဟင်းထမင်းကိစ္စမှာ ချေးမများတတ်ပါဘူး၊ ကျွန်တော့်မှာ မော်တော်ဆိုင်ကယ်လဲရှိနေတော့ အချိန်ကျရင် လာစားရုံပါပဲ"

"ဒါဆိုဖြစ်တယ်၊ ထမင်းလခတွေဘာတွေပေးစရာမလိုဘူး၊ ငါတို့တောမှာ ထမင်းလခဆိုတာ ထုံးစံမရှိဘူး"

"နောက်တစ်ခု ကျွန်တော်ပြောချင်တယ် ဦးလေး၊ တကယ်လို့မောင်မိုးဟာ ကျွန်တော်နဲ့လိုက်နေဖို့ သဘောတူရင် သူ့ကိုကျွန်တော်ခဏလောက်ခေါ်ထားချင်တယ်၊ ကျွန်တော့်အတွက်အဖော်လဲရ၊ လက်တိုလက်တောင်းလဲ ကူညီဖော်ရအောင်"

"ဒါလဲ ဖြစ်သားပဲ၊ ဒီအိမ်မှာ မိုးဟာ လူပိုပဲ၊ သူ့ပတွေးနဲ့မတည့်ဘဲ ကုတ်တစ်ပြက် ဓားတစ်ပြက်ဖြစ်နေလို့ ဥပါဒ်ကင်းအောင် ဦးလေးဟာ ခေါ်ထားတာ"



www.burmeseclassic.com

www.burmeseclassic.com



ပိုင်စိုးက ဦးရွှေလူဘက်သို့ လှည့်လိုက်ပြန်သည်။

"ကျွန်တော် ဦးရွှေလူဆီက အကူအညီတစ်ခု တောင်းချင်တယ်"

"ပြော"

"ကျွန်တော်ပြောင်းရှည်သေနတ်တစ်လက် လိုချင်တယ်၊ ကျွန်တော့်မှာ ပစ္စတိုပဲရှိတာ၊ အနီးကပ်ပဲကောင်းတယ်၊ အဝေးကျတော့ ပြောင်းရှည်သေနတ်နဲ့မှ ဖြစ်မှာမို့ပါ"

"အား…ဒါတော့မလွယ်ဘူးလေကွာ စိုးစိုး၊ အစိုးရနဲ့ ပတ်သက်ပြီး အဲဒီလောက် ငါအစွမ်းမရှိဘူးလေကွာ"

"အဲဒါ လွယ်ပါတယ်" ဟု ဦးအိန္ဒက ဝင်ပြောသည်။

"ကျုပ်မှာ နှစ်လုံးပြူးနှစ်လက်တောင် လိုင်စင်နဲ့ကိုင်တာရှိတယ်၊ ရွာရဲ့လုံခြုံရေးအတွက်ရော၊ တစ်ခါတလေ အမဲလိုက်ဖို့ရော ဆောင်ထားတာ၊ မောင်စိုး တစ်လက်ယူထားပေါ့၊ အဲ…တစ်ခုတော့ရှိတယ်၊ နှစ်လုံးပြူးကျည်ဆန်က ရှားတယ်"

"ဟာ…ဒါတော့ မပူနဲ့ ဦးအိန္ဒ" ဟု ဦးရွှေလူက အားတက်သရော ပြောလိုက်သည်။

"ကျွန်တော် စိုးစိုးအတွက် သေနတ်ရှာပေးဖို့



သာ မတတ်နိုင်တာ၊ နှစ်လုံးပြူးကျည်ဆန်အတွက်တော့ စိတ်ချ၊ ကျွန်တော် ရသလောက် ဝယ်လာခဲ့ပေမယ့်၊ ကျွန်တော်က ရန်ကုန်ကပွဲစားပဲ၊ စိုးစိုးအတွက် ရစေရမယ်"

ပြောင်းရှည်သေနတ်ကိစ္စအတွက်လည်း ပြတ်သွား… ဦးရွှေလူနှင့်ပိုင်စိုး ဦးအိန္ဒကိုနှုတ်ဆက်ပြီး ပြန်ခဲ့ကြ…သည်။

အပြန်တွင် သန်လျင်ကိုဝင်ပြီး နက်ဖြန်ဦးရာမခြံနှင့် …တ်အိမ်ကြီးကို ပိုင်စိုးကဝယ်မည်မို့ တရားဝင်စာချုပ်စာတမ်း… အားလုံးအဆင်သင့်လုပ်ထားရန် ဝင်ရောက်မှာကြား…း ရန်ကုန်သို့ ပြန်ခဲ့ကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## (၅)

သန့်လျှင် ဦးရာမအိမ်အထိ အိမ်ခြံအရောင်းအဝယ်တရားဝင်စာချုပ်ငွေချေပြီးသည်အထိ ဦးရွှေလူက သက်သေလက်မှတ်အဖြစ် လိုက်လုပ်ပေးပြီးနောက် အလုပ်ကိစ္စ အရေးတကြီးရှိနေသည်မို့ ရန်ကုန်သို့ပြန်သွားသည်။

ပိုင်စိုးက မော်တော်ဆိုင်ကယ်ဖြင့်ဆက်လာခဲ့ပြီး သုံးခွရဲစခန်းသို့ဝင်လိုက်သည်။

စခန်းမှဦးအောင်ဖေနှင့် တာဝန်နှင့် ခရီးထွက်သွားသဖြင့် ရဲကြပ်ကြီး ဦးနိုးနှင့်သာတွေ့ပြီး မော်ရုံတောမှ ဦးရာမတိုက်ခြံကြီးကို မိမိဝယ်လိုက်ကြောင်း သတင်းပို့လိုက်သည်။

ပြီးနောက် သရဲကုပ်ချိုးသည်ကို မယုံကြည်ကြောင်း မိမိတစ္ဆေသရဲမကြောက်တတ်ကြောင်းအပြင် မနေ့က ဦးရာမ



တိုက်အိမ်ကြီးထဲသို့ မိမိနှင့်မောင်မိုးတို့သွားခဲ့ရာတွင် တွေ့မြင်ကြုံဆုံခဲ့ရသမျှကို ရဲကြပ်ကြီးဦးနိုးအား ပိုင်စိုးက ပြန်ပြောပြသည်။

ရဲကြပ်ကြီး ဦးနိုးကလည်း သူ့အယူအဆ အာဘော်တို့ကို ပြန်ပြောပြသည်။

''အေး…မင်းကို ငါသဘောကျတယ် မောင်ပိုင်စိုး၊ ငါ့အနေနဲ့လဲ တစ္ဆေသရဲက လူကိုကုပ်ချိုးတယ်ဆိုတာလဲ လက်မခံချင်ဘူး၊ ငါကိုယ်တိုင်ကလဲ တစ္ဆေသရဲကို ငယ်ငယ်ကတည်းက မကြောက်တတ်ခဲ့ဘူး၊ ဒါကြောင့် ဦးကျင်ဟုတ်နဲ့ မစ္စတာဒေးဗစ်တို့ သေသွားတဲ့ကိစ္စကို ခုထက်ထိအမှုမပိတ်သေးဘဲ စုံစမ်းဆဲအမှုနှစ်မှုနေနဲ့ထားတယ်၊ အခုမောင်ပိုင်စိုးက ဒီခြံနဲ့တိုက်ကြီးဝယ်ပြီး ကိုယ်တိုင်လေ့လာမယ်ဆိုတော့ သိပ်ကောင်းတာပေါ့၊ လိုအပ်တဲ့အကူအညီ ငါ့ကိုပြော''

''ကျွန်တော် တစ်ခု ဦးနိုးကိုမေးပါရစေ၊ ဦးကျင်ဟုတ်နဲ့မစ္စတာဒေးဗစ်သေဆုံးတော့ သူတို့ အလောင်းတွေကို ဦးနိုး သေချာစစ်ဆေးကြည့်သေးလား''

''ကြည့်တာပေါ့…ဘာလို့လဲ''

''ဦးနိုးက ဘယ်လိုယူဆလဲ''

www.burmeseclassic.com

www.burmeseclassic.com



"အလွန်အင်အားကြီးတဲ့ သတ္တဝါတစ်ခုက ဦးကျင်ဟုတ်ကိုရော...မစ္စတာဒေးဗစ်ကိုရော လည်ပင်းလိမ်ချိုး သတ်လိုက်တာလို့ ယူဆတယ်"

"ဟုတ်ပြီ...ဒါဆို နောက်ဖေးတောတန်းထဲက အင်အားကြီးမားတဲ့လူဝံလိုအကောင်၊ မျောက်ဝံလိုအကောင်က လည်ပင်းလိမ်ချိုးလိုက်တာ မဖြစ်နိုင်ဘူးလား ဦးနိုး"

ဦးနိုးက စဉ်းစားပြီး ခေါင်းကိုခါပြသည်။

"ငါစဉ်းစားကြည့်တယ်မောင်စိုး၊ လူဝံတို့ မျောက်ဝံတို့ဆိုတာတွေက တကယ်တော့ တိရစ္ဆာန်တွေပဲ၊ ဒီလိုတိရစ္ဆာန်တွေမှာ လက်သည်းတွေ ရှည်စမြဲပဲ၊ ဒီလိုတိရစ္ဆာန်က လည်ပင်းလိမ်ချိုးတယ်ဆိုရင် အလောင်းတွေရဲ့လည်ပင်းတွေမှာ လက်သည်းခြစ်ရာ ကုတ်ရာတွေကျန်ခဲ့ရမယ်၊ ဦးကျင်ဟုတ်နဲ့မစ္စတာဒေးဗစ်လည်ပင်းမှာ ကုတ်ရာခြစ်ရာဘာမှမတွေ့ဘူး"

ဦးနိုး၏ အယူအဆက မဆိုးပေ။

"ဒါဆို မြွေလိုအကောင်က လည်ပင်းကိုပတ်ပြီး ညှစ်သတ်တာဆိုရင်ကော"

"ဒါတော့ ဖြစ်မယ်ဆိုဖြစ်နိုင်မယ်၊ ဒါပေမယ့် ဒီမြွေကလည်ပင်းကိုမှ ရွေးပတ်သတ်တဲ့လားကွာ၊



နှစ်ယောက်စလုံးလည်ပင်းကို အလိမ်အညှစ်ခံရတာ ဖြစ်နေတယ်၊ ငါ ကြားဖူးသလောက်တော့ မြွေပတ်တယ်ဆိုရင် သားကောင်ရဲ့ခန္ဓာကိုယ်ကို ပတ်တယ်လို့ကြားဖူးတာ"

ဦးနိုးနှင့် ထိုမျှမတင်မကျ ဆွေးနွေးပြီးနောက် ပိုင်စိုးသည် နှုတ်ဆက်ကာ သုံးခွမှမော်ရုံတောရွာ ရွာလမ်းအတိုင်း မော်တော်ဆိုင်ကယ်မောင်းလာခဲ့သည်။

သုံးခွမှထွက်လာခဲ့ပြီး လမ်းခုလတ်လောက်အရောက် တွင် မိမိမော်တော်ဆိုင်ကယ်ရှေ့တွင် လမ်းလုံးပြည့် ခွမောင်းနေသည့် ဒေါက်ကပ်တစ်စီးကိုတွေ့ရသည်။

လူစီး အိမ်စီးမြင်းတစ်ကောင်ဆွဲ ဒေါက်ကပ်ဖြစ် ၏။ စီးပွားရေးမြင်းလှည်းလို မကြီးမား။ ဘီးလည်းမထူ။ း ပါးပါးလေးဖြစ်သည်။ လူစီးအိမ်ကို ကျွန်းသားရေဖုံး ဆောက်တည်ထားသည်။ လူစီးမြင်းဇက်မောင်းနေရာမှာ င်ထိုင်ခုံနှင့်ဖြစ်ပါ၏။ ဒေါက်ကပ်အမိုးမှာ နောက်အလုံ ထားသည်။ အလျားတစ်ပေ၊ အနံခြောက်လက်မခန့်ရှိ ကြည့်ပေါက်ဖောက်ထားပြီး လကြီးပြားကပ်ချုပ်ထား ည်။

ပိုင်စိုးက ဒေါက်ကပ်ပေါ်တွင် ပါရှိလာသူများကို ပိုင်းမှမမြင်သာပေ။

သုံးခွမှော်ရုံတောလမ်းက လှည်းလမ်း မြေလမ်းဖြစ်

www.burmeseclassic.com



ပြီး ဒေါက်ကပ်က လမ်းလယ်ခေါင်ကိုခွပြီး လမ်းကောင်း ရွေး၍မောင်းနေသောကြောင့် ပိုင်စိုးမော်တော်ဆိုင်ကယ်ကျော် တက်၍ မရပေ။

"တီ…တီ…တီ"

မော်တော်ဆိုင်ကယ် ဟွန်းသံပေးသည်။ ဒေါက်ကပ် ကိုကျော်တက်လိုသောကြောင့်ပင်။

ဒေါက်ကပ်က လမ်းမဖယ်ပေး။

ပိုင်စိုးသည် စလိုးဂီယာဖြင့် အနေးမောင်းရင်း တတီတီဟွန်းသံပေးရသည်။

ဟွန်းသံကိုမကြားသောကြောင့်လား ဘာလားတော့ မသိ။ ဒေါက်ကပ်က လမ်းလယ်ကို ခွမောင်းမြဲ မောင်းနေ ပေသည်။ ပိုင်စိုး စိတ်မရှည်လှတော့။

ဟွန်းသံပေး၍မရသဖြင့် ဆိုင်ကယ်၏ကလပ်(ရှ်)ကို ဆွဲ၍ လီဗာကို ခပ်ပြင်းပြင်းဆွဲလိုက်ရာ မော်တော်ဆိုင်ကယ် စက်သံမှာ လီဗာမြှင့်ဆွဲသလောက် တဖုန်းဖုန်းဖြင့် ကျယ် လောင်သော အသံထွက်လာတော့သည်။

ဒေါက်ကပ်ဆွဲမြင်းလန့်သွားသည်။

မြင်းလန့်ပြီဆိုလျှင် ထိန်းမရတော့။

မြင်းသည် စက်သံကိုလန့်ပြီး ဆွဲမိဆွဲရာ လမ်းဘေး သို့ ဆွဲချသွားတော့သည်။

ပေါ့ပါးသော ဒေါက်ကပ်အနောက် လူစီး အိမ်



ယိမ်းထိုးသွားသည်။ မြောက်တက်သွားသည်။ ပြန်အကျတွင် ဒေါက်ကပ်ဘီးနှင့် လမ်းဘေးငုတ်တိုကြီးဝင်တိုက်ပြီး တုံးခနဲ တိခနဲ တစ်ခ်ပြီးရပ်သွားရာ ဒေါက်ကပ်အိမ်ပေါ်မှ လူနှစ် ယောက် လိမ့်ကျသွားသည်ကို ပိုင်စိုးတွေ့ရသည်။

လိမ့်ကျသည်မို့ ပိုင်စိုးသည် မော်တော်ဆိုင်ကယ် စက်သတ် ဒေါက်ထောက်ပြီး ဆင်းလိုက်သည်။

သစ်ငုတ်တိုကိုခွပြီး တစ်ခ်နေသည်မို့ မြင်းက ဆက်မပြေးခြင်းဖြစ်ပေသည်။

လဲပြုတ်ကျရာ လူနှစ်ယောက်အားကူညီရန် ပိုင်စိုး လွှားခနဲ ရောက်သွားသည်။

လိမ့်ကျသူနှစ်ဦးမှာ တစ်ဦးက အမျိုးသမီးဖြစ်ပြီး ကျန်တစ်ဦးက ကိုးနှစ်ဆယ်နှစ်သားအရွယ် ချာတိတ်ကလေး ဖြစ်နေသည်။

အမျိုးသမီးက အောက်သို့လိမ့်ကျရာမှ ချက်ချင်း လူးလဲထသည်။ ချာတိတ်ကတော့ ကလေးပီပီ မတ်တပ်ရပ် ပြီးသားဖြစ်နေပါ၏။

ပိုင်စိုးသည် လူးလဲထနေသည့် အမျိုးသမီးအနီးသို့ အကူအညီပေးရန် ချဉ်းကပ်လိုက်သည်။

"ဘာဖြစ်သွားသေးလဲဟင်…ဘယ်နာသွားသေး လဲ"

အမျိုးသမီးငယ်သည် မျက်နှာထားတင်းမာသွား

www.burmeseclassic.com

www.burmeseclassic.com



သည်။ စိတ်ဆိုးဒေါသထွက်သည့် အသွင်ဆောင်နေသည်။ ကျားမလေးတစ်ကောင်၊ ကြောင်မလေးတစ်ကောင် အမွေး တွေကြွလာသည်အထိ မာန်ဖီသည်နှင့်တူနေသည်။ သို့သော် သိပ်ကြည့်ကောင်းနေသည်။

အမျိုးသမီးငယ်သည် အပျော်စားထဲကမဟုတ်။ အမာစားထဲကဖြစ်ပုံရသည်။ မျက်နှာချင်းဆိုင်မတ်တပ်ရပ် မိသည်နှင့် သူ၏လက်ဖဝါးလေးမြှောက်ကာ မျက်နှာမော့ပြီး ပိုင်စိုး၏ ပါးတစ်ဖက်ကို ရိုက်လိုက်သည်။

"ဖြန်း"

ပိုင်စိုးအငိုက်မိသွားသည်။ ဒီလောက်ချော၊ ဒီလောက် လှသောအမျိုးသမီး၏အလှတွင် ငေးနေမိ၍လည်းကောင်း ဤမျှအထိ လက်ရဲဇက်ရဲလုပ်လိမ့်မည် မထင်မှတ်သော ကြောင့်လည်း ပိုင်စိုးခံလိုက်ရသည်။

သို့သော်...

ပိုင်စိုး၏ လက်တစ်အက်သည် အမျိုးသမီး၏ ရိုက် သောလက် ပြန်မရုပ်သိမ်းမီမှာပင် သူမ၏လက်ကောက်ဝ နေရာကို အမိဖမ်းဆုပ်ကာ နောက်လှန်ချိုးလိုက်သည်။

အမျိုးသမီးချောကလေး ချာခနဲလည်သွား သူမ၏ကျောပြင်နောက်ပိုင်းသည် ပိုင်စိုး၏ရင်ခွင်ပိုင်းသို့ လျက်သားဖြစ်သွားသည်။ အမျိုးသမီး၏ငယ်ထိပ်ဦးခေါ သည် ပိုင်စိုး၏နှာသီးဖျားထိပ်သို့ရောက်နေပြီးအကောင်း



ဆီမွှေးနံ့ကလေးတစ်မျိုး ပိုင်စိုးရှူရှိုက်မိသည်။

"အား...အား"

မိန်းမချောလေး လက်လှန်ထားခြင်းခံရသောကြောင့် နာကျင်ဟန်တူသည်။ ညည်းသံလေး ထွက်လာပ်၏။

ပိုင်စိုးက ချက်ချင်းပြန်လွှတ်ပေးလိုက်သည်။ ဘာ ကြောင့်မှန်းမသိ အမျိုးသမီးချောအား နာနာကျင်ကျင် မဖြစ် စေလိုသောဆန္ဒ ပိုင်စိုးတွင်ဆက်ရောက်သွားသည်။

"ကျုပ်တစ်သက်မှာ ဒီတစ်ကြိမ်ဟာ ပထမဆုံး ပါးရိုက်ခံရဖူးတာပဲ၊ အမိဟာ အားနွဲ့နုပျိုတဲ့ မိန်းမ သားဖြစ်နေလို့သိလား၊ နို့မို့ရင် ဒီနေရာမှာတင် လက် ထက်ပိုင်းကျိုးသွားမယ်မှတ်"

"ရှင့်ကြောင့် ဒီမှာ ရုပ်ပျက်ဆင်းပျက် ဖြိုဖြို လဲလဲတွေဖြစ်သွားတာကော ရှင်မတွေ့ဘူးလား"

"အမိက လမ်းတစ်လမ်းလုံး ခွမောင်းနေတယ်၊ ကျုပ်ကျော်တက်ဖို့ အကြိမ်ကြိမ်ဟွန်းတီးတယ်၊ အမိက ဟွန်းတီးသံမကြားဘူးထင်လို့ အင်ဂျင် ရေ့(စ်)လုပ်ပြီး စက်သံဆူသွားအောင် အမိကြား အောင်လုပ်ရတာ ကျုပ် အလွန်ဘာရှိလဲ"

အမျိုးသမီးသည် ပိုင်စိုးမျက်နှာကို တစ်ချက်မှုံးခနဲ ကြည့်ပြီး ဘာမှမပြောတော့ဘဲ ကြောင်ငေးငေးလေးရပ်နေ သည်။ ကလေးဆီသို့ ပြေးသွားကာ တယုတယ ကလေးကို

www.burmeseclassic.com

www.burmeseclassic.com



ပွေ့ပိုက်လိုက်သည်။

"အတာလေး၊ ဘယ်နား နာသွားလဲဟင်"

"ဘယ်နားမှ နာဘူး…အန်တီလေး"

"မှန်စမ်း…အန်တီလေးကို ပြစမ်း"

မိန်းမချောလေးသည် အတာလေးအား ရင်ဘတ်အင်္ကျီလှန်ကြည့် ကျောလှန်ကြည့်ဖြင့် ဒဏ်ရာကိုလိုက်ရှာနေလေသည်။ သူတို့နှစ်ဦး အပြောအဆိုအရ တူဝရီးတော်ကြောင်း ပိုင်စိုးသိရသည်။ အတာလေးတွင် ဘာမှအနာတရမဖြစ်မှန်းသေချာမှ အမျိုးသမီးချောသည် သူ၏ဒေါက်ကပ်သူ၏မြင်းကြီးရှိရာသို့ တစ်ဖန်ပြန်သွားသည်။

မြင်းကြီးသည် အုန်းခွံရောင်ဖြစ်ပြီး ထွားကျိုင်းသန်မာဝဖြိုးကျန်းမာမှန်း မြင်ရုံနှင့်သိသာသည်။ နားရွက်နှစ်ဘက်ရှေ့သို့ထောင်နေခြင်းကြောင့် အလန့်မပြေသေးကြောင်း ပေါ်လွင်နေသည်။ အမျိုးသမီးချောက မြင်းကြီး၏နဖူးပြင်ကိုသူမ၏လက်ဖဝါးဖြူဖြူနုနုလေးဖြင့် ပွတ်သတ်ချော့မော့နေသည်။

"မိုးပျံကြီး လန့်သွားသလား…မလန့်ပါနဲ့ကွာ၊

ဘာမှမဖြစ်ပါဘူး၊ မလန့်နဲ့တော့နော်"

ပိုင်စိုးသည် မြင်းကြီးရှေ့တွင်ရပ်ပြီး ချော့မော့စကားဆိုနေသည့် အမျိုးသမီးအား ငေးငေးငေါင်ငေါင်ကြည့်နေမိသည်။



လှသလားမမေးနဲ့ လှမှ လှ။

ချောသလားမမေးနဲ့ ချောမှ ချော။

ကြော့ရှင်းသလားမမေးနဲ့ သိပ်ကိုကြော့ရှင်း။ သာ

သနပ်ခါးရေကျဲကိုပွတ်ထားသည့်ကြားကပင် သူမ၏…နဂိုပကတိအသားရောင်သည် ဝင်းမွတ်ဖြူနုနေသည်။

ဆံပင်အုံမှာ ထူသည်။ နက်မှောင်ပြီး ဘာအလိမ်ကောက်အတွန့်မှမရှိဘဲ နဖူးမှနောက်သို့လှန်ကာ ဖားလျားချထားသည်မှာ ခါးအောက်ရောက်နေသည်။

အင်္ကျီကတော့ရုပ်အင်္ကျီလက်ရှည်ကို လက်လိပ်ထားပြီး အင်္ကျီစနှစ်စကို ခါးတွင်ချည်နှောင်ထားသဖြင့်လည်းကောင်း၊ ဂျင်းဘောင်းဘီအပြာကို ဒူးဆစ်ဖုံးဝတ်ဆင်ထားခြင်းဖြင့်လည်းကောင်း သူမ၏ရင်ခါးတင် ပကတိအရှိပုံရိပ်ကို မြင်တွေ့နေရသည်။

ခြေထောက်တွင် ကြိုးသိုင်းဒေါက်ဖိနပ် အညိုရောင်စီးထားသည်။ သူမ၏အသက်လည်း ရှိလှပါမှ နှစ်ဆယ်ခန်းကျင်မျှသာ။

ဒေါက်ကပ်၏ ဘီးဝင်ရိုးတန်းနှင့် သစ်ငုတ်ငြိနေသည်ကို ဘီးတစ်ဘက်အား ရှေ့လှည့်နောက်လှည့် လုပ်သော်လည်းရပါလေ။

ပိုင်စိုးမနေသာတော့…။

အမျိုးသမီးချောရှိရာသို့ လျှောက်သွားပြီး သူ၏

www.burmeseclassic.com

www.burmeseclassic.com



သားရေဂျာကင်ကိုချွတ်ပြီး ဒေါက်ကပ်ဘေးတန်းတွင် တ
လိုက်သည်။

ပြီး…သူ၏အားအင်နှင့် ဒေါက်ကပ်ဘီးကို ငြ
သော သစ်လုံးနှင့်လွတ်အောင် ဘီးဒေါက်များကိုကိုင်
နောက်သို့တွန်းရာ မိုးပျံမြင်းကြီး နောက်ဆုတ်ခြေလှမ်း
ပါလာသည်။

အမျိုးသမီးသည် ယောကျ်ားပီသစွာ ကြည့်ကော
လှသည်ကိုလည်းကြည့်မိသည်။ ဘီးကိုအတွန်းတွင် ဖုး
တက်ကြွလာသည့် ကြွက်သားမာဆယ်များကိုလည်း ကြ
မိသည်။ ပခုံးနှစ်ဘက်စလွယ်ဖြင့် ချိုင်းအောက်တွင်
သော ပစ္စတိုသေနတ်ကိုလည်း ကြည့်မိသည်။

"ဟော…ဟော…တွေ့လား အန်တီလေး
ဒီဦးဦးတွန်းတာ ဒေါက်ကပ်ကြီး နောက်ပါလာပြီး
မိုးပျံကြီးနောက်ကိုဆုတ်လာတယ်၊ ဦးလက်မောင်း
ကြီးတွေမှာ အထစ်ကြီးတွေ ဖုးထနေတာပဲ"

ပိုင်စိုးသည် ငြိနေသောသစ်ငုတ်တိုမှလွတ်သွား
နှင့် မြင်းဇက်ကြိုးကိုမိအောင်ဆွဲကာ မြင်းကြီးကို ဇက်
သိမ်းထားလိုက်သည်။ မိုးပျံကြီးလည်း အလန့်ပြေ
ဖြစ်ဟန်တူပါ၏။

"ကဲ…ရပါပြီ"

အမျိုးသမီးချောနှင့် အတာလေးတို့ ဒေါက်က



ပြန်တက်ပြီးသည်နှင့် ပိုင်စိုးက မြင်းဇက်ကြိုးကို အမျိုးသမီး
လက်သို့ ပေးအပ်လိုက်သည်။

ပိုင်စိုးက ဒေါက်ကပ်ဘေးတန်းတွင် တင်ထားသော
သူ၏ဂျာတင်ကိုပြန်ယူပြီး ပြန်ဝတ်နေစဉ် အတာလေးက…

"ဦးဦး…မော်တော်ဆိုင်ကယ်ကြီးနဲ့ သေနတ်
ကြီးနဲ့ သိပ်ကြည့်ကောင်းတာပဲ၊ ဗီဒီယိုထဲက ဇာတ်
လိုက်မင်းသားနဲ့ သိပ်တူတယ်"

"ဟုတ်လား…ဒါဆို အတာလေးကြည့်ဖူးတဲ့
ဗီဒီယိုကားထဲကဇာတ်လိုက်ဟာ ပါးရိုက်ခံရသေး
လား"

အမျိုးသမီးချောက တစ်ဘက်သို့မျက်နှာလွှဲလိုက်ပါ
၏။ လွှဲသောဘက်မျက်နှာတွင် ပြုံးရှုံနေပါလေ၏။

"ဟင့်အင်း ဦးဦး…သားသားကြည့်ဖူးတဲ့
ဗီဒီယိုထဲက မင်းသားကို မင်းသမီးက ပါးမရိုက်
ပါဘူး၊ သူတို့နှစ်ယောက်ဖက်နမ်းတာ သားသား
တွေ့တယ်"

"ဟာ…"

"ဟယ်…"

"တော်စမ်း…အတာပေါက်ကရစကားကြွယ်
တယ်၊ ကဲ…သွားမယ်"

အမျိုးသမီးမျက်နှာ ပန်းနုသွေးတက်အောင် ရှက်

www.burmeseclassic.com

www.burmeseclassic.com



သွားပုံရပေသည်။ အတာလေးကိုလည်း ဟိန်းဟောက်စကား ဆိုလိုက်ပါ၏။

ပိုင်စိုးက အမျိုးသမီးကိုတစ်ချက်ပြုံးကြည့်ပြီး ဘာ တစ်ခွန်းမှနှုတ်ဆက်စကားမဆိုဘဲ သူ၏မော်တော်ဆိုင်ကယ် ဆီသို့ ပြန်လျှောက်လာခဲ့သည်။ စက်နှိုးကာ ဒေါက်ကပ်ရေ မှပင် မောင်းထွက်လာခဲ့တော့သည်။

အမျိုးသမီးချောက နောက်မှဒေါက်ကပ်ကို မောင် လာရင်း မော်တော်ဆိုင်ကယ်နှင့် အလွန်ကြည့်ကောင်းသည့် လူလင်ကြီး၏နောက်ပိုင်းကို လှမ်းကြည့်ငေးမောနေပေသည်။

"အန်တီလေး"

"ဘာလဲ အတာ"

"ဟို ဦးဦးက သိပ်ကြည့်လို့ကောင်းတာပဲ နော်"

အမျိုးသမီးချောက ဘာမှပြန်မပြော။

"အဲဒီဦးဦး ဘယ်ကိုသွားတာလဲဟင်"

"အို...အန်တီလေး ဘယ်သိပါ့မလဲ၊ ရှေ့မှာ မှော်ရုံတောရွာလဲရှိတာ အဲဒီကိုသွားတာဖြစ်မှာပေါ့"

"ဘိုးဘိုးဆီကို သွားတာလားဟင်"

"ဘာဆိုင်လဲ...သူ့ကိုအန်တီလေးတို့ တစ်ခါမှ မမြင်ဖူးတာ၊ ဘိုးဘိုးအိမ်ကိုသွားတာ ဘယ်ဖြစ်နိုင်မလဲ"



မနေ့ကမိုးလင်းကတည်းက အတာလေး၏မိခင် အမျိုးသမီးချော၏အစ်မရင်း ဆွေဆွေနေထိုင်ရာ သုံးခွသို့ အမိ သမီးချောသည် သွားခဲ့သည်။ တူတော်မောင် အတာ ကျောင်းပိတ်ရက်မို့ ခေါ်သွားခြင်းဖြစ်ပါ၏။

သုံးခွတွင် မမဆွေ၏ယောကျ်ား ကို ရှယ်နီးထိမ်လုပ်ငန်း၊ အခြားရောင်းအဝယ်လု တန်ငယ်ချောင်ချောင်လည်လည် ကြွယ်ကြွယ် သည်။ သူမတို့၏သား အတာလေးမှာ မူလတန်း ကျောင်းသားလေးဖြစ်ပေသည်။

အမျိုးသမီးချောနွေးနွေးသည် ရန်ကုန်မှစီး ဏ္ဍသိုလ်တွင် နောက်ဆုံးနှစ်ဖြေဆိုပြီးခဲ့သဖြင့် ဖေ ဦးအိန္ဒအိမ်သို့ အပြီးပြန်လာခြင်းဖြစ်သည်။

နွေးနွေးက သူမ၏တူလေးအတာကို သိပ်ချစ်သည်။ ကြောင့် အတာကျောင်းပိတ်ရက်တွင် မိမိတို့အိမ်တွင်လာနေ ရန် သွားခေါ်လာခြင်းဖြစ်ပါလေ၏။

မနေ့မနက်ကတည်းက သုံးခွသို့သွားနေသဖြင့် မိမိ အိမ်သို့ ဦးရွှေလှုနှင့် ပိုင်စိုးရောက်လာခဲ့ခြင်းအကြောင်းများ နွေးနွေး မသိပါလေ။

ပိုင်စိုးကလည်း မောင်မိုးနှင့်ဦးအိန္ဒပြောပြချက်အရ သည်းကောင်း၊ အိမ်တွင်နွေးနွေးဆိုသည့် အမျိုးသမီး တစ် ဘက်ရှိသည်ဆိုခြင်းကို ကြားရုံကလွဲပြီး မြင်ဖူးခြင်းမရှိ

www.burmeseclassic.com

www.burmeseclassic.com



မိမိပါးကိုရိုက်သူမှာ နွေးနွေးမှန်းမသိပါလေ။
ဆို ရှုမှမောင်းထွက်လာသော မော်တော်ဆိုင်ကယ်
ပ်းဖြည်းဝေးသွားပြီး မြင်ကွင်းမှ ကွယ်ပျောက်
တစ်ခွန်းမှ
ဆီသို့ ပြန်ဒီလေး"
မှပင် မော်ျားလဲ အတာရယ်"
ဦးဦးမော်တော်ဆိုင်ကယ် မမြင်ရတော့
လာရင်း
လုလဲ့ဒါ ဘာဖြစ်လဲ"
အိုး...အန်တီလေးကဘာဖြစ်နေတာလဲ၊ အ
သားသားကို စိတ်တိုနေတယ်"
ဟုတ်၏။

မိနွေးနွေးတစ်ယောက် ဘာကြောင့်များ နေရင်းထိုင်ရင်း စိတ်ဘက်မအီမသာ ဖြစ်နေရပေသနည်း။ ကလေးအား ဘာလို့စိတ်မရှည်ဖြစ်နေရဘိသနည်း။

နွေးနွေးသည် သူ့ဟာသူပြန်စဉ်းစားမိကာ အတာလေး၏ပခုံးကို ယုယုယယဖက်လိုက်သည်။

"ကဲပြော...အတာလေး ဘာပြောချင်လဲ၊ ပြောချင်တာပြော၊ အန်တီလေးနားထောင်မယ်၊ ခုနက အန်တီလေးရင်ထဲမှာ တစ်မျိုးကြီးဖြစ်သွားလို့ပါ"



"လန့်သွားလို့ ဖြစ်တာနေမှာပေါ့နော်"

"အင်းလေ...အဲဒီလိုပဲ ထားပါတော့"

အတာက နာမည်နှင့်လိုက်အောင် တီတီတာတာလေးပြောတတ်ပါ၏။ ပြီး...ကလေးသဘာဝအတိုင်း ဘာမဆိုသိချင်သည်။

"ဟိုဦးဦးမှာ သေနတ်ကြီးနဲ့ အန်တီလေးတွေ့လိုက်သလား"

"တွေ့သားပဲ"

"ရုပ်ရှင်တွေ၊ ဗီဒီယိုတွေထဲက ဓာတ်လိုက်မင်းသားဟာ သေနတ်ကြီးကိုင်တာပဲ၊ အဲဒီဦးဦးက ရုပ်ရှင်မင်းသားဖြစ်မှာပါနော်"

"ဓာတ်လိုက်က ရုပ်ရှင်ထဲမှာမို့ သေနတ် ကိုင်တာပါ၊ အပြင်မှာဆိုရင် ရဲအရာရှိတို့၊ စစ်ဗိုလ်တို့ပဲ သေနတ်ကိုင်တာ"

"ဒါဆို အဲဒီဦးဦးဟာ ရဲအရာရှိလား၊ စစ်ဗိုလ်လား"

"ဒါတော့ အန်တီလေး ဘယ်သိမလဲအတာရယ်၊ အခုမှ မြင်ဖူးတာ၊ ကဲပါ...အတာရယ်၊ ခါတိုင်းဆို အတာက သားရေခွနဲ့လမ်းဘေးက ငှက်ကလေးတွေ၊ ပုတ်သင်ညိုလေးတွေကို ပစ်ခတ်နေတာ၊ အခုလဲ ပစ်ပါလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း…ဒီတစ်ခါ သားသား သားရေခွဲ မပစ်ချင်ဘူး အန့်တီလေး"

"ဘာလို့လဲ အတာရဲ့"

"သားသားစိတ်ထဲမှာ သားသားကြီးလာရင် ဟိုဦးဦးလိုသေနတ်လွယ်ပြီး မော်တော်ဆိုင်ကယ်ကြီးနဲ့ လျှောက်သွားချင်လို့ ဟိုဦးဦးကို အန့်တီလေး လာတွေ့သားပဲ၊ အရမ်းကြည့်လို့ကောင်းတယ်လေ"

ဘာကြောင့်မှန်းတော့မသိ။ နွေးနွေးသည် တူတော်မောင် အတာလေး၏ စကားကိုနားထောင်ပြီး နှုတ်ခမ်းမှာ အလိုလိုပြုံးမိသွားပါလေ၏။

မော်တော်ဆိုင်ကယ်ကို လုံးဝမမြင်ရပေတော့။ စက်သံပင် မကြားရတော့။

မိမိဒေါက်ကပ်က လမ်းမကောင်းသဖြင့် အဆောင့်သက်သာစေရန် ဖြည်းဖြည်းပင်မောင်းနေရပေတော့သည်။

※

## (၆)

"ဘိုးဘိုး"

"ဟော…ငါ့မြေးအတာလေး ရောက်လာနေပြီ ကိုးကွ"

အိမ်တံခါးအဝင်တွင်ရပ်ပြီး ဘိုးဘိုးဟု အတာလှမ်းခေါ်သံကြားသည်နှင့် ဦးအိန္ဒသည် ချာခနဲလှည့်ကာ မြေးလေးအတာဆီသို့ ခြေလှမ်းကျဲကြီးများဖြင့် ကပျာကယာ ရောက်လာပြီး အတာကို ကောက်ချီလိုက်ပေသည်။

နွေးနွေးက ခြံထဲရောက်သည်နှင့် ဒေါက်ကပ်ကို ဂိုဒေါင်အထိမောင်းသွားပြီး မိုးပျံကြီးကို ဒေါက်ဖြုတ်နေစဉ် အတာက သူ့ဘိုးဘိုးထံသို့ ပြေးသွားခြင်းဖြစ်ပါ၏။

မိုးပျံကြီးကိုဒေါက်ဖြုတ် မြင်းဇောင်းထဲထားခဲ့ပြီးမှ

www.burmeseclassic.com

www.burmeseclassic.com



နွေးနွေးသည် နောက်မှာ အိမ်ဘက်ဆီသို့လှမ်းလာခဲ့သည်။

အိမ်ရှေ့ပေါ်တီကိုအောက်တွင် တစ်ချောင်းထောက်ပြီး ခပ်စောင်းစောင်းရပ်ထားသော မော်တော်ဆိုင်ကယ်ကြီးကို နွေးနွေးတွေ့ရှိသည်နှင့် တုန့်ခနဲရပ်ကာ မော်တော်ဆိုင်ကယ်ကို စိုက်ကြည့်နေမိသည်။

"ဟေး…လာလေ မိနွေး…ဘာရပ်ကြည့်နေတာလဲ၊ အိမ်မှာဧည့်သည်ရောက်နေတယ်၊ မိနွေးနဲ့ မိတ်ဆက်ပေးမလို့"

နွေးနွေးအိမ်ထဲသို့ဝင်လာခဲ့သည်။ ဧည့်ခန်းထဲတွင် ဆက်တီကလားထိုင်ပေါ် အမြိုင့်သားထိုင်နေသော ဧည့်သည်ဆိုသူမှာ လမ်းတွင်ဆုံခဲ့ကြုံခဲ့သော မော်တော်ဆိုင်ကယ်နှင့် လူပင်ဖြစ်နေကြောင်း တွေ့ရှိရသည်။

မိမိက ပါးရိုက်ခဲ့သူ။

သူကမိမိကို လက်လိမ်ချိုးသူပင် ဖြစ်နေပါ၏။

"မိခွေတော…နေကောင်းရဲ့လား"

ဦးအိန္ဒ သုံးခွရှိ သမီးအကြီးကိုမေးမြန်းသည်ကို အတွေးလွန်နေသော နွေးနွေး မကြားမိလိုက်သောကြောင့် ပြန်မပြောမိပေ။

"ဟဲ့…ငါမေးနေတယ်လေ မိနွေး"

"ရှင် ဖေဖေ…ဘာမေးလို့လဲဟင်"

"မိနွေး…နင်ဘာဖြစ်နေလဲ…ငူငူငေါင်ငေါင်နဲ့ နေလို့မှကောင်းရဲ့လား၊ ငါမေးနေတာက မိခွေတို့ကော နေထိုင်ကောင်းကြရဲ့လားလို့"

"ကောင်းတယ်ဖေဖေ၊ မမခွေက လူကောင်း၊ ဖေဖေ့ဆီလိုက်လာချင်တာ သူ့ယောကျ်ားက အလုပ်တွေသိပ်များနေလို့ မလိုက်ပါနဲ့ဦးလို့ တောင်းပန်တာနဲ့ မလိုက်တော့တာ"

"အေး…ဒီကောင် မျိုးညွန့်က အလုပ်လောဘကြီးတဲ့ကောင်ပဲ၊ ကဲ…လာ အထဲဝင်ကြစို့"

ဦးအိန္ဒက သူ့မြေးအတာကောင်ကြီးကို ချိုချိုပိုးပိုးဖြင့် အိမ်ထဲဝင်လိုက်သည်။

"ဟာ…ဦးဦး ဒီရောက်နေတယ်လား"

အတာက ဧည့်ခန်းထောင့်ကွယ် ဆက်တီပေါ်တွင် ထိုင်နေသည့် ပိုင်စိုးကို ယခုမှတွေ့သွားကာ ဝမ်းသာသော အသံလေးနှင့် လှမ်းပြောနှုတ်ဆက်လိုက်သည်။

"အေးကွာ အတာ၊ ဦးဦးရောက်နေတယ်"

ဦးအိန္ဒ အံ့ဩသွားသည်။

"ဟာ…အတာက မောင်စိုးစိုးနဲ့ အသိအကျွမ်းဖြစ်နေပါလား၊ ငါ့မြေးက ဘယ်ဆိုးလို့လဲ၊ ရုန့်ကုန့်၊ မန္တလေးကလူနဲ့တောင် သိနေတာကိုး"

"မဟုတ်ဘူးဘိုးဘိုးရ…ဦးဦးနဲ့ အခုလာရင်း လမ်းမှာတွေ့ဖူးတာ၊ အဲဒီဦးဦးက…"

www.burmeseclassic.com



နွေးနွေးက ဇွတ်ကြားဖြတ်ဝင်ပြောလိုက်သည်။

"ကဲ…အတာဆင်းတော့၊ သားသားကိုယ်ကြီးက အလေးကြီးဖေဖေ၊ ဒီကောင်ကြီးချီထားရင် ခါးနာတာတို့ ခါးမျက်တာတို့ ဖြစ်လိမ့်မယ်"

အတာက သူ့အန့်တီလေးစကားကြောင့်အဘိုးပေါ်မှလျှောဆင်းသည်။ ဦးအိန္ဒကလည်း အတာ၏ ကိုယ်အလေးချိန်ကို ကြာကြာမချီနိုင်သဖြင့် အလိုက်သင့်လွှတ်ပေးလိုက်သည်။

အတာသည် ပြောလက်စစကားကို မေ့သွားပါလေ၏။

"ခြံထဲမှာ ငှက်သွားပစ်မယ် ဘိုးဘိုး"

ပြောပြောဆိုဆို အတာထွက်ပြေးသွားသည်။ ကျောင်းပိတ်၍ အဘိုးအိမ်ကိုလာတိုင်း အတာကခြံထဲတွင် ငှက်တို့၊ ပုတ်သင်ညိုတို့ကို သားရေခွနှင့် လိုက်ပစ်နေကျဖြစ်သည်။ သို့သော်ကနေ့အထိ အတာသည်ငှက်တစ်ကောင်တစ်လေ ပစ်၍ ရဖူးသည် မရှိသေး။

"သြော်…သြော် မိနွေးတို့တူဝရီးက လမ်းမှာ မောင်စိုးစိုးနဲ့တွေ့ဖူးခဲ့ကြပြီကိုး၊ ဒါပေမယ့် ဖေဖေက သမီးနဲ့ မောင်စိုးစိုးကို ထပ်ပြီး မိတ်ဆက်ပေးရဦးမယ်"

ဟုပြောပြီး ထပ်မံမိတ်ဆက်ပေးသည်။



"မောင်စိုးစိုးကို ဦးရွှေလူခေါ်လာတာပဲ၊ မိနွေး မောင်စိုးစိုးက မန္တလေးကတဲ့၊ ရန်ကုန်လာရင်း အေးအေးဆေးဆေး စာရေးဖို့နေရာလိုက်ရှာတာ၊ ဖေဖေတို့ဆီက ဦးရာမခြံကိုသဘောကျပြီး အပြီးအပိုင် ငါးသောင်းနဲ့ ဝယ်လိုက်တာတဲ့လေ"

ဦးအိန္ဒသည် ပိုင်စိုးဘက်သို့ လှည့်လိုက်ပြန်သည်။

"အဲဒါ ဦးလေးရဲ့သမီးအငယ် မိနွေးလေ၊ အဲ…နွေးနွေးဆိုပါတော့ကွာ၊ မိနွေးက ရန်ကုန် စီးပွားရေးတက္ကသိုလ် နောက်ဆုံးနှစ် ဖြေပြီးလို့ အိမ်ပြန်လာတာ"

ပိုင်စိုးက ထိုင်ရာမှထပြီး အလေးအနက်သဘောနှင့်

"တွေ့ရ သိရကျွမ်းရတာ ဂုဏ်ယူပါတယ် နွေးနွေး"

နွေးနွေးက သူ့ကိုပြန်ကြည့်ပြီး မဲ့ပြုံပါ၏။

ပိုင်စိုး ပြန်ထိုင်သည်။

"နွေးနွေး…အဝတ်လဲဦးမယ်ဖေဖေ"

"အေး…လဲပြီးရင် ပြန်လာခဲ့၊ ပြောစရာစကားတွေရှိသေးတယ် မိနွေး"

နွေးနွေး ဧည့်ဝိုင်းမှ ထ,သွားသည်။

"သုံးခွမှာ သမီးအကြီးရှိသေးတယ်၊ ဆွေဆွေတဲ့၊ အတာရဲ့အမေပေါ့၊ ဆွေဆွေယောကျ်ားက

www.burmeseclassic.com

www.burmeseclassic.com



မျိုးညွှန့်တဲ့''

ဦးအိန္ဒက သူတို့မိသားစုအကြောင်းပြောပြီးနောက် ထိုင်ရာမှထကာ အောက်ထပ်ရှိ သူ့အိပ်ခန်းထဲသို့ဝင်သွားသည်။

ပြန်ထွက်လာသောအခါ နှစ်လုံးပြူးနှစ်လက်နှင့် ကျည်ဆန်ဘူးကြီး ကိုင်လာသည်။

''ရော့...ကြိုက်ရာတစ်လက် မောင်စိုးစိုး ယူထား၊ မိုးလဲ နှစ်လုံးပြူးကောင်းကောင်းပစ် တတ်တယ်၊ တစ်ခါတလေ ငမိုးပဲတောထဲဝင်ပြီး ပစ်ခတ်လာတဲ့အခါ တောဝက်တို့ ချေတို့ရတတ် တယ်၊ အိမ်မှာ ဟင်းစားလောက်ယူပြီး အရပ်ကို ဝေငှပေးလိုက်တာပဲ၊ အေး...ကျည်ဆန်တန်ဖိုးထက် ပိုတဲ့ အဲဒီလိုအကောင်တွေ ပစ်လာရင်တော့ မဆိုး ဘူးပေါ့''

နှစ်လုံးပြူးနှစ်လက်မှာ အရပ်ခေါ် ခေါ်ရလျှ တစ်လက်က စိုင်မောင်း၊ တစ်လက်က မောင်းပုန်းဖြစ် သည်။

စိုင်မောင်းဆိုသည်က သေနတ်နှစ်ခု၏ နောက်ပိ တွင် စိုင်ဦးချိုလိုထောင်နေသော မောင်းနှစ်ခု တစ်ဘက် တွင်ရှိသည်။ ခါးချိုးကျည်ဆန်ထည့်ပြီး ပစ်လိုက်ရသ အခါကျမှ စိုင်ဦးချို မောင်းလေးကိုဆွဲတင်ပြီး ခလုတ် မောင်းဖြုတ်ပစ်ရသည်။ ကိုင်တွယ်သူတွက်အန္တရာယ်က



သည်။

မောင်းပုန်းကတော့ စိုင်မောင်းကဲ့သို့ ဆွဲတင်မောင်း မရှိ။ သေနတ်ကို ခါးချိုး ကျည်ဆန်ထည့်ပြီး ပြန်ပိတ်သည် နှင့် မောင်းတင်ပြီးသားဖြစ်နေသည်။ မောင်းတင်ရန်လွယ် ကူသော်လည်း ကိုင်တွယ်သူတွင် အန္တရာယ်ရှိသည်။ သတိ ထား ကိုင်တွယ်ရသည်။

ပိုင်စိုးက ထိုးပစ်လွယ်သော မောင်းပုန်းသေနတ်ကို ပင် ယူလိုက်သည်။

''အေး...မောင်စိုးစိုး ကြိုက်တာယူ၊ ဟော ဒါက ကျည်ဆန် ရှစ်တောင့်လောက် ရွေးယူသွား၊ အစိမ်းရောင်က စရိတ်ကျည်ဆန်၊ အနီရောင်က ကိုးလုံးထိုးကျည်၊ အဝါရောင်ကတော့ တစ်လုံးထိုး ပဲ''

အဝါရောင်တစ်လုံးထိုးကျည်ဆန်ကို ပိုင်စိုးမယူသွား ပေ။ တစ်လုံးထိုးကျည်ဆန်က ထိမှန်ခြင်းခံရသူက တစ်ချက် တည်း သေနိုင်လောက်သည်။ စရိတ်နှင့်ကိုးလုံးကျည်ကတော့ ထိမှန်စေကာမူ ဒဏ်ရာရရုံသာ ဖြစ်နိုင်သောကြောင့် ဖြစ်ပါ ၏။

''ဦးရွှေလှတို့ ရသလောက် နှစ်လုံးပြူး ကျည် ဆန်လာပို့ပေးဖို့ မှာထားပါတယ် ဦးလေး''

''အေး...အေး...နှစ်လုံးပြူးကျည်ဆန် နည်း

www.burmeseclassic.com

www.burmeseclassic.com



နည်း ရှားချင်တယ်၊ ဒါပေမယ့် ကိုရွှေလူ ရှာရင် ရလာမှာပါ”

ထိုစဉ်မှာပင်…

နွေးနွေး အဝတ်အစားလဲပြီး ပြန်ဆင်းလာပါ၏။

စောစောက နွေးနွေးသည် နိုင်ငံခြားရုပ်ရှင်များတွင် မင်းသမီးက မြင်းစီးလျှင်ဖြစ်စေ၊ မြင်းလှည်းမောင်းသည် ဖြစ်စေ ဝတ်ဆင်လေ့ရှိသော ရှပ်အင်္ကျီခါးစည်း ဂျင်းဘောင်းဘီ ခြေသလုံးဝတ်ပုံစံမျိုးဝတ်ဆင်ထားသဖြင့် ခေတ်မီခေတ် ဆန်သယောင်နှင့် အလွန်ကြည့်ကောင်းခဲ့ပေသည်။

ယခု နွေးနွေးအဝတ်လဲပြီးပြန်ထွက်လာသည့်အခါ ကျတော့လည်း နောက်တစ်မျိုး ချောမောလှပကြည့်ကောင်း နေပြန်သည်။

ရိုးရိုးလေးမှ တကယ့်ရိုးရိုးလေး မြန်မာဆန်ဆန်ပီသ စွာ ဝတ်ဆင်ထားသည်။ ဘာအသားမှန်းတော့ ပိုင်စိုးမသိ အင်္ကျီမှ မထူလည်းမထူ၊ မပါးလည်းမပါး မာခေါ ခေါ အသားမျိုးလည်းမဟုတ်။ အပြာအနုရောင် ဖြောင်လက်ရှည် ရင်ဖုံးဝတ်ဆင်ထားသည်။

ထဘီမှာ မီးခိုးရောင်ရင့်ရင့် တက်ထရွန်တစ်ပက် ကို ခါးစည်းဝတ်ထားသည်။ ဝတ်ထားသည်မှာလည်း ခြေ မျက်စိပေါ်ရုံ မတိုလွန်း မရှည်လွန်းဝတ်ထားသည်။

လမ်းတုန်းက သနပ်ခါးရည်ကျဲလေး လိမ်းထားသည်



ကိုတွေ့ရသော်လည်း ယခုဘူမ၏မျက်နှာတွင် သနပ်ခါးမှုန့် ပါးပါးလေးဖို့ထားပုံရသည်။ မျက်နှာလေးဝင်းဝင်းပပရှိနေ ပါ၏။

မြန်မာဆန်ဆန် မည်းမှောင်လုံလုံလဲလဲ ဝတ်ထားစေ ကာမှ နဂိုရှိသူမို့ နဂိုင်းထွက်ခါ အတင်းအမို့ အစို့အပို့နှင့် ကောက်ကြောင်းလေးတွေ အလိုလိုပေါ်ထွက်လျက်ရှိနေ သည်။

နွေးနွေးသည် ရှိုးတိုးရှန်းတန်းမရှိ၊ အပိုဟန်ပန်တွေ သည်း မရှိဘဲ ဆက်တီကလားထိုင်လွတ်တစ်လုံးတွင် ဝင် ထိုင်လိုက်သည်။

“ဒီမယ် မိနွေး…မောင်စိုးစိုးက ကိုရာမတိုက် အိမ်ကြီးမှာနေပြီး စာရေးမှာဆိုတော့ ငမိုးကို မောင် မောင်စိုးအဖော်ရအောင်ပေးထားတယ်၊ နှစ်လုံးပြူး သေနတ်တစ်လက်လဲပေးထားတယ်၊ တစ်ယောက် အိပ်မွေ့ရာ ခေါင်းအုံး၊ ခြင်ထောင်၊ စောင်တွေ ဖေဖေတို့ပေးရမယ်၊ မောင်စိုးစိုးက မော်တော် ဆိုင်ကယ်နဲ့လာတာဆိုတော့ ကျောပိုးအိတ်တစ်အိတ် ပဲ ပါတယ်”

“မွေ့ရာ မလိုပါဘူးဦးလေး”

“ဟာ…လိုတာပေါ့၊ မွေ့ရာမပါရင် ကျော အောင့်ကျောနာဖြစ်မှာပေါ့ ငမိုးတို့လိုနဂိုကတည်းက

www.burmeseclassic.com

www.burmeseclassic.com



အကြမ်းသမား ဖျာပေါ်အိပ်ကျင့်ရှိနေတဲ့လူဆိုရင်တော့ ဘာအရေးလဲ၊ နောက်ပြီး မောင်စိုးစိုး ဒီအိမ်မှာပဲ ထမင်းဟင်း၊ ကော်ဖီ၊ မုန့်အားလုံးစားမယ်၊ အဲဒါ မိနွေးက အိမ်မှာမဖွားနဲ့ ကြည့်စီမံပေးလိုက်ပါ”

ထိုအခိုက်မှာပင် . . .

“ဘိုးဘိုးရေ . . . ဝေ ဘိုးဘိုး . . . ဒီမှာလာပါဦး၊ သားသားပစ်လိုက်တာ ဆက်ရက်လေးတစ်ကောင် အောက်ကျလာသားနဲ့ ရှာမတွေ့လို့ ဘိုးဘိုးလာရှာပေးပါဦး”

“ဟေ . . . ငါ့မြေးက ဆက်ရက်တောင်ထိအောင် ပစ်နိုင်နေပါလား”

ဦးအိန္ဒသည် မြေးခေါ်သည်ကို ပျာပျာသလဲပင် သုတ်ခြေတင်ထွက်သွားပေသည်။

ဧည့်ခန်းထဲတွင် ပိုင်စိုးနှင့်နွေးနွေးသာ ကျန်ခဲ့ကြသည်။

တစ်ယောက်ကိုတစ်ယောက် အမ်းနေကြသည်။

တစ်ယောက်က ပါးရိုက်ထားသူ။

တစ်ယောက်က လက်ချိုးလိမ်ထားသူ။

အမ်းနေသည့်ကြားကပင် နှစ်ယောက်စလုံးသည် ဘာကြောင့်မှန်းမသိ။ ကိုယ်စီရင်ခုန်နေကြသည်။



နောက်ဆုံး အိမ်ရှင်ဖြစ်စီနေသည့် နွေးနွေးကပင် စတင် စကားပြောရတော့သည်။

“ကိုစိုးစိုးက စာရေးဆရာလား”

“လုံးဝ မဟုတ်သေးဘူး”

နွေးနွေးမျက်နှာလေးနှစ်ဘက်ပေါ်ပင့်သွားပြီး မျက်ဝန်းလေးပြူးပြသည်။ ပိုင်စိုး၏အဖြေကို အံ့သြသွား၍ ဖြစ်ပါ၏။

“ဒါနဲ့ ဦးရာမတိုက်အိမ်ကြီးမှာ အေးအေးဆေးဆေး စာရေးချင်လို့ဆို”

“အဲဒါ ဟုတ်ပါတယ်”

“စာရေးဆရာလဲ မဟုတ်သေးဘူးလဲဆိုသေး”

“တို့က စာရေးသူအဆင့်ပဲ ရှိသေးတာကိုး”

“ဘယ်လို ကွာခြားလို့လဲ”

“စာရေးဆရာဆိုတာက စာအုပ်ထုတ်ဝေသူကိုယ်တိုင်က လိုလိုလားလားနဲ့ စာရေးဆရာဆီက စာမူတောင်းခံတယ်၊ အဲဒီစာရေးဆရာရဲ့ စာအုပ်ထွက်လာရင်လဲ စာဖတ်ပရိသတ်က နှစ်နှစ်သက်သက်ဖတ်တယ်၊ စာဖတ်ပရိသတ်များများရှိပြီး စာအုပ်များများထုတ်ဝေရလေ . . . ထုတ်ဝေသူက စာရေးဆရာကို ဉာဏ်ပူဇော်ခများများပေးလေပဲ၊ အဲဒါ အကြမ်းဖျဉ်းအားဖြင့် စာရေးဆရာပဲ”

www.burmeseclassic.com

www.burmeseclassic.com



"စာရေးသူဆိုတာကကော..."

"စာရေးသူဆိုတာက စာတော့ရေးတယ်၊ ဒါပေမယ့် တစ်ဘက်စာဖတ်ပရိသတ်ထံကို ကိုယ့်စာအုပ်မရောက်သေးဘူး၊ အခု ကို့စာအုပ်နှစ်အုပ်ကို ရန်ကုန်မေတ္တာစာပေတိုက်က ထုတ်ဝေပေးဖို့ လက်ခံလိုက်တယ်၊ စာအုပ်ထွက်လာပြီးတဲ့အခါ စာဖတ်ပရိသတ်က လက်ခံအားပေးလာတယ်၊ စာအုပ်တွေရောင်းရတယ်၊ ဒါကြောင့် ထုတ်ဝေသူက ဆက်တိုက်ထုတ်ဝေမယ်ဆိုရင်တော့ တို့ဟာ စာရေးသူအဆင့်ကတက်လာပြီး စာရေးဆရာဖြစ်လာနိုင်တယ်"

"ဒါဆို စာအုပ်နှစ်အုပ်ထွက်တဲ့အထိစောင့်ပြီး အကဲခတ်ရမှာပေါ့"

"အဲဒီအခြေအနေအတိုင်းပဲ၊ ဒါပေမယ့် မေတ္တာစာပေတိုက်ပိုင်ရှင် ကိုကျော်ဦးက သူကိုယ်တိုင် ရေးပြီးသားနှစ်အုပ်ကိုဖတ်ကြည့်ပြီး သူ့စိတ်ကြိုက်ဖြစ်လို့ ထုတ်ဝေတာပဲ၊ ကိုကျော်ဦးက သုံးအုပ်အထိဆက်တိုက်ထုတ်ကြည့်မယ်၊ သုံးအုပ်ဆက်တိုက်ကြည့်လို့မှ စာဖတ်ပရိသတ်ရဲ့ လှုပ်ရှားမှု တန်ပြန်မှု တောင်းခံလာမှုမရှိဘူးဆိုရင်တော့ သူကလက်မြှောက်မယ်တဲ့၊ ထို့အတွက် စာမူခခေါ်



မလား...အဲဒါကိုတော့ သူမှာအကျိုးအမြတ်ရှိတဲ့အပေါ်မှာ ငါးဆယ်ရာခိုင်နှုန်းပေးမယ်တဲ့၊ ရှုံးသွားရင်တော့ သူကပဲခံမယ်တဲ့၊ ဒါကြောင့် တို့အနေနဲ့ တတိယအုပ်ကို ကြိုးစားပြီး အေးအေးဆေးဆေး ရေးချင်တယ်၊ ရေးဖို့နေရာရှာတယ်၊ အဲဒီမှာ ဦးရာမ တိုက်အိမ်ကြီးနဲ့ခြံကြီးကို သဘောကျပြီး ဝယ်လိုက်တာပဲ"

နွေးနွေးက ပိုင်စိုးကို စူးစူးစိုက်စိုက်ပင် ကြည့်လိုက်သည်။ နွေးနွေး အကြည့်ရဲပါ၏။

သို့သော် သူမ၏အကြည့်တွင် မရိုးသားစိတ်မပါဘဲ ပြားသောအကြည့်မျိုးမဟုတ်။ ပိုင်စိုးအား အကဲခတ်ပြီး ဘယ်လိုလူစားလဲဟု စူးစမ်းသည့်အကြည့်မျိုးသာဖြစ်ပါ၏။

"ဦးရာမ တိုက်အိမ်နဲ့ခြံကို စာရေးဖို့အတွက် ငါးသောင်းပေးဝယ်တယ်ဆိုတော့ ဒီက မေးလိုက်ချင်တယ်၊ ရေးစရာနေရာ ဒီလောက်တောင် ရှားသလားလို့၊ အခုလက်ရှိအခြေအနေမှာ ဦးရာမတိုက်ကို ဌာနေ ဒီဘက်နယ်ဘက်ကလူတွေဆိုရင် ငါးသောင်းနဲ့တောင်မဝယ်ရဲတဲ့ အခြေအနေပဲ"

"မဝယ်ရဲကြတာက ခြံနဲ့တိုက်အိမ်ကြီးက ဈေးတန်လို့မှမဟုတ်တာပဲ မနွေးနွေး၊ သရဲကုပ်ချိုးတယ်၊ သရဲခြောက်တယ်ဆိုတဲ့ သတင်းဆိုးတွေ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် မဝယ်ရဲကြတာပဲ၊ ဒီတိုက်အဆောက်အအုံနဲ့ခြံကြီးရဲ့အကျယ်ဟာ ကနေ့ခေတ်ကာလတန်ကြေး နဲ့ဆိုရင် ငါးသိန်းထက်မနည်း တန်ကြေးရှိနိုင်တာပဲ''

''တန်ကြေးဆိုတာက ကာလဒေသပရောဂပေါ်မှာ မူတည်နေတာပဲ ကိုစိုးစိုး၊ လူသူမရှိတဲ့ ကျွန်းကြီးတစ်ကျွန်းမှာ ကိုယ်တစ်ယောက်တည်း ဒေါ်လာတွေ ရွှေဒင်္ဂါးတွေ တစ်ပွေ့တစ်ပိုက်ကြီး ရှိနေတော့ကော ဒီဒေါ်လာတွေ ငွေဒင်္ဂါးတွေဟာ ငှက်ပျောတစ်ဖီး၊ အုန်းသီးတစ်လုံးလောက်တောင်မှ တန်ကြေးရှိပါ့မလား''

အတွေးအခေါ်ပါဝင်သော နွေးနွေးစကားကြောင့် ပိုင်စိုး ပြုံးလိုက်မိသည်။

''မနွေးနွေးပြောတာ မှန်ပါတယ်၊ တို့ဦးရာမခြံနဲ့တိုက်အိမ်ဝယ်လိုက်တာဟာ စာရေးဖို့သက်သက်ချည်းလဲမဟုတ်ပါဘူး၊ ဒီခြံနဲ့ဒီတိုက်အိမ်ကြီးရဲ့ တကယ်စစ်မှန်တဲ့ ကာလဒေသပရောဂါရဲ့အဖြေကို ရှာဖွေစွန့်စားချင်လို့လဲ ပါပါတယ်''

''အင်မတန်စွန့်စားရမှာပဲ စိုးစိုး''

''တို့ဟာ စွန့်စားမှုကို ဝါသနာလဲပါတယ်၊ နှစ်လဲနှစ်သက်တယ်၊ အခု တို့ရေးပြီးလို့ မေတ္တာ



စာပေကိုပေးပို့ထားတဲ့ ဝတ္ထုကော်ပီနှစ်ပုဒ်လုံးဟာ ချင်း ကချင်နဲ့ရှမ်းပြည်နယ်တွေရဲ့ ကြိုကြိုကြားကြားတွေသွားပြီးမှ စွန့်စားလှို့ဝှက်မှုတွေကို အချစ် ဇာတ်လမ်းနဲ့ ဖြည့်စွက်ပြီး ရေးသားထားတာတွေပါ''

နှစ်ဦးသား ပြောစရာစကားကုန်သွားသည့်အလား ခဏ်ထောက်နား ငြိမ်သက်သွားကြသည်။

''ဒါဆို ကိုစိုးစိုးအနေနဲ့ ဦးရာမခြံကြီးနဲ့ တိုက်အိမ်ကြီးမှာ သရဲခြောက်တယ်ဆိုတာ မယုံကြည်ဘူးပေါ့ ... ဟုတ်လား''

''တစ္ဆေသရဲဆိုတာကတော့ နာမ်လောက၊ ဝိညာဉ်လောကနဲ့ပတ်သက်နေတာမို့ မယုံကြည်ဘူးလဲမဟုတ်၊ ယုံကြည်တယ်လို့လဲမဟုတ်ဘူး မနွေးနွေး၊ တို့လုံးဝမယုံကြည်တာက သရဲက လူကိုကုပ်ချိုးတယ်ဆိုတာကိုပါ''

''ဒါဆို အခုလက်တွေ့အထင်ကရ သရဲကုပ်ချိုးလို့သေသွားတဲ့လူနှစ်ယောက် ရှိနေတာပဲ၊ အဲဒါကိုရော ကိုစိုးစိုး ဘာပြောမလဲ''

''အဲဒီအဖြေမှန်ကိုသိချင်လို့ တို့ဒီခြံနဲ့ဒီတိုက်အိမ်ကို ဝယ်လိုက်တာပဲ''

''ကိုစိုးစိုးရဲ့သတ္တိကိုရော၊ ဇွဲကိုရော အတွေးအခေါ်ပိုင်းကိုရော နွေးနွေးချီးကျူးပါတယ်၊ နွေး

www.burmeseclassic.com

www.burmeseclassic.com



နွေးကိုယ်တိုင်ကလဲ သရဲကုပ်ချိုးတယ်ဆိုတာကို ယုံမှမယုံကြည်နိုင်တာ''

နွေးနွေး၏အမူအရာလေးတွေမှာ လမ်းမပေါ်မှာ တွေ့စဉ်ကလို တင်းမာခြင်းမရှိတော့ဘဲ ပိုင်စိုးအပေါ် နူးညံ့ ပျော့ပျောင်းလာသည်ဟု ပိုင်စိုးထင်မိပါ၏။

အပြင်ဘက်မှ မြေးအဘိုးအခြေအတင်ပြောဆို ဆက် ဆံသံတွေထွက်လာသဖြင့် ပိုင်စိုးရော နွေးနွေးပါ အပြင်ဘက် သို့ လှမ်းကြည့်လိုက်သည်။

''သားသားပစ်လို့ထိတာ မဟုတ်ပါဘူးကွာ၊ တစ်ယောက်ယောက်ပစ်လိုက်လို့ထိပြီး ဆက်ရက် လေးဟာ ဒဏ်ရာနဲ့ဘိုးဘိုးတို့ခြံထဲက သစ်ပင် ပေါ်မှာ နားနေတုန်း သားသားပစ်လိုက်တာကို လန့်ပြီး အောက်ကျလာတာဖြစ်မှာပါ''

''ဟာ…ဘိုးဘိုးကြီးကလဲ သားသားပစ်လိုက် တာ ဖတ်ခနဲထိသွားပြီး ဖတ်ကနဲထိသွားပြီး ဖုတ် ခနဲကျသွားတာပါဆိုနေမှ…''

မြေးအဘိုး အခြေအနေပြောရင်း အိမ်ထဲသို့ ပြန်ဝင် လာကြသည်။

အဘလေး၏လက်ထဲတွင် ဆက်ရက်ကလေး တစ် ကောင်ဆုပ်ကိုင်လျက်သား ပါရှိလာပါ၏။

''ကျွန်တော် တိုက်အိမ်ကြီးကိုသွားတော့မယ်



ဦးလေး''

''အေး…ဒီလိုလုပ်၊ မောင်စိုးစိုးရဲ့ မော်တော် ဆိုင်ကယ်နဲ့ ငမိုးကိုတင်ခေါ်သွား၊ လိုအပ်တဲ့နှလုံး ပြုးသေနတ်နဲ့ တိုလီမိုလီတစ်ချို့ကို ငမိုးနောက်က ကိုင်တက်ပစေပေါ့၊ မိနွေးနဲ့မဖွားက ခေါင်းအုံးတွေ ရယ်၊ သန့်ရှင်းရေးလုပ်ဖို့ တံမျက်စည်းတွေ ဘာတွေ ရယ် ဒေါက်ကပ်နဲ့တင်ပြီး နောက်ကလိုက်သွား ကြ၊ ဟိုကျတော့ ငမိုးနဲ့မဖွားက တိုက်အိမ်ကြီးကို သန့်ရှင်းရေးလုပ်၊ ပြီးတော့ မိနွေးနဲ့မဖွား ဒေါက် ကလပ်နဲ့ ပြန်လာခဲ့ကြပေါ့''

ဦးအိန္ဒ စီစဉ်သည့်အတိုင်းပင် နွေးနွေးလိုအပ်သော ပစ္စည်းတွေကိုသယ်ယူပြီး မဖွားခေါ်ကာ ဒေါက်ကလပ်နှင့် လိုက်သွားကြသည်။

ရောက်သောအခါ မောင်စိုးနှင့်မဖွားတို့က တိုက်အိမ် ကြီးကို သန့်ရှင်းရေးလုပ်ကြရာတွင် ပိုင်စိုးဝင်လုပ်သည်ကို မောင်မိုးက အတင်းငြင်းပယ်စကားပြောပေသည်။

''အစ်ကို ဘာမှဝင်မလုပ်နဲ့ နေပလေ့စေ၊ မ နွေးနွေးနဲ့သာ စကားပြောနေပါ၊ ကျုပ်နဲ့ဒေါ်ဖွား အားလုံးလုပ်မယ်၊ ဒါတွေကို ကျုပ်တို့လုပ်နေကျ အလုပ်တွေပါ''

ပိုင်စိုးနှင့်နွေးနွေးတို့ ခြံကျယ်ကြီးထဲသို့ ဆင်းလာခဲ့

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။

"ကိုစိုးစိုး ဘာနဲ့ဘွဲ့ယူခဲ့သလဲ"

"တို့လား…"

ပိုင်စိုးက ချက်ချင်းမဖြေသေးဘဲ သူ့ဟာသူပြုံးလိုက်မိပါ၏။ နွေးနွေးက သူ့အကြောင်းကို စူးစမ်းသောကြောင့်ဖြစ်ပေသည်။ သူ တက္ကသိုလ်တစ်ခုခုက ဘာအဓိကနဲ့ ဘွဲ့ယူခဲ့သလဲဟု မေးမြန်းဖြစ်ပါ၏။

"တို့ ပဋ္ဌိသခ်ါယောနိသောဆိုတဲ့ဂါထာရယ်၊ သက္ကဝတ္တုဆိုတဲ့ သက်န်းတောင်းတွေရယ်ရွတ်ပြီး ကိုရင်ဝတ်တုန်းကတော့ တို့ကကြာသပတေးသားဆိုပြီး ဆရာတော်ကြီးက တို့ကို ကိုရင်ဘဒ္ဒန္တဆိုတဲ့ ဘွဲ့ချီးမြှင့်ခဲ့ဖူးတယ်၊ ပဉ္စင်းမတက်ဖူးသေးလို့ ဦးပဉ္စင်းဘွဲ့ မရသေးဘူး"

နွေးနွေးကပြုံးရုံလေးပြုံးပြီးပြန်ပြောပါ၏။

"မပြောချင်လဲရပါတယ်၊ နွေးနွေးက စပ်စုတဲ့သဘောနဲ့မေးတာမျိုးမဟုတ်ပါဘူး၊ အိမ်နီးချင်းတို့၊ ခင်မင်သူမိတ်ဆွေတို့ဆိုတာ တစ်ယောက်အကြောင်း တစ်ယောက်သိထားသင့်တယ်ထင်လို့ မေးမိတာပါ"

"ကို့ကို မနွေးနွေးကခင်မင်သူမိတ်ဆွေ တစ်ယောက်လို့ အသိအမှတ်ပြုပြီလား၊ ကို့ကို ပါးရိုက်



ထားတဲ့အထိ ဒေါသထွက်ဖူးထားလို့ အငြိုးထားပြီး မိတ်ဆွေရယ်လို့ အသိအမှတ်မပြုမှာကိုဘဲ တို့က စိုးရိမ်နေတာပါ"

"လမ်းမှာ ဖြန့်းကနဲဖြစ်ခဲ့တာတွေကို ဘဲစားဘဲချေထားလိုက်ပေါ့ ကိုစိုးစိုး၊ နွေးနွေးလဲ လက်လိမ်အချိုးခံရတာပဲဟာ၊ နောက်တစ်ချက်က ကိုစိုးစိုးကို ဖေဖေကခင်ပုံရတယ်၊ ဖေဖေကခင်မင်သူ ဆိုရင် နွေးနွေးကလဲ ခင်မင်သူလို့အသိအမှတ်ပြုရမယ်ဆိုတဲ့ သဘောနဲ့မေးတာပါ"

"အလကားနောက်နေတာပါ မနွေးနွေး၊ တို့မန္တလေးတက္ကသိုလ်က မြန်မာစာအဓိကနဲ့ဝိဇ္ဇာဘွဲ့ရပြီးသား၊ နှစ်နှစ်ကျော်ကျော် သုံးနှစ်နီးပါးရှိနေပါပြီ၊ တက္ကသိုလ်ဘွဲ့ရပြီးတဲ့နောက် တို့အနေနဲ့ ပိုက်ဆံရတဲ့ ဘာအလုပ်မှမလုပ်သေးပါဘူး မနွေးနွေး"

"ပိုက်ဆံဖြန့်းတဲ့အလုပ်တော့ လုပ်တယ်ပေါ့နော်"

"ဟိုက်…မနွေးနွေး အဲဒီလိုဘာလို့ပြောလိုက်တာလဲ"

"အိမ်မှတုန်းက ကိုစိုးစိုးပြောခဲ့ပါတယ်နော်၊ စာရေးဖို့အတွက် ဒေသန္တရဗဟုသုတရှာဖွေရင်း

www.burmeseclassic.com

www.burmeseclassic.com



ပြည်နယ်အနှံ့ ချောင်ကြိုချောင်ကြားအထိ သွားခဲ့တယ်လို့ ဒီခေတ်ထဲမှာ ခရီးသွားတယ်ဆိုတာ အလွန်ကြေးကြများတာပဲ၊ အခုတစ်ခါ စာရေးဖို့ဆိုပြီး ဦးရာမရဲ့ တိုက်အိမ်ကြီးကို ဝယ်လိုက်ပြန်တယ်၊ အဲဒါတွေဟာ ပိုက်ဆံဖြုန်းရာရောက်နေသလားလို့ပါ၊ ကိုစိုးစိုး အခုလိုလုပ်နေတာကို ကိုစိုးစိုးရဲ့မိဘတွေက ဘယ်လိုသဘောထားလဲဟင်''

''တို့မိဘတွေနဲ့ပတ်သက်လို့တော့ တို့ ဘာမှ မနွေးနွေးကို မပြောချင်ဘူး၊ အကြမ်းဖျင်းအားဖြင့် တို့ဟာ မိဘနဲ့ကင်းကွာနေတတ်လို့ပါ၊ မနွေးနွေးနားလည်ထားစေချင်တယ်၊ နောက်တစ်ချက်က တို့ ခရီးသွားလို့ ပိုက်ဆံကုန်တာတွေ၊ ဟောဒီ ခြံနဲ့ တိုက်အိမ်ကြီးကို ဝယ်လိုက်တာတွေဟာ တို့အနေနဲ့ ပိုက်ဆံဖြုန်းတယ်လို့ သဘောမပိုက်ဘူး၊ အရင်းအနှီးမြုပ်တဲ့ အလုပ်တစ်ခုလုပ်တယ်လို့ပဲ တို့က ယူဆထားတယ်၊ အင်းပေါ့လေ...ပိုက်ဆံတစ်ပြားမှမရသေးတဲ့ စာရေးသူတစ်ယောက်ဘဝနဲ့တော့ မနွေးနွေးရဲ့အမြင်မှာ ပိုက်ဆံဖြုန်းတယ်လို့ပဲ မြင်မှာပေါ့''

''နွေးနွေး တမင် အစ်အောက်ချင်လို့ ဒီစကား



မျိုး တမင်ပြောလိုက်တာပါ၊ တကယ်တမ်းက နွေးနွေး ရင်ထဲက ကိုစိုးစိုးကိုမြင်တဲ့ အမြင်ကျတော့ တစ်မျိုးပါ''

''မနွေးနွေးရင်ထဲက တို့ကို ဘယ်လို တစ်မျိုးမြင်လို့လဲ''

''ယောကျ်ားဆန်လွန်းတဲ့ ယောကျ်ားလို့ မြင်တယ်''

''အားပါးပါး...မနွေးနွေးစကားက သိပ်မြင့်ပါလား''

''ယောကျ်ားဆိုတာ မလျှော့တဲ့ဇွဲရှိရမယ်၊ ဘာမဆို အခက်အခဲမှန်သရွေ့ ရင်ဆိုင်ရဲတဲ့သတ္တိရှိရမယ်၊ ကိုယ့်ဦးတည်ချက်ကို နောက်မဆုတ်တမ်း လုံ့လဝီရိယနဲ့ လုပ်ရမယ်၊ ဘာမဆို အတွေးအခေါ်အမြော်အမြင်နဲ့ ချင့်ချိန်စဉ်းစားဝေဖန်ရမယ်၊ ယေဘူယျအားဖြင့်တော့ အဲဒီအချက်တွေ ပြည့်ပြည့်စုံစုံရှိနေမှ ယောကျ်ားကောင်းဖြစ်မှာပေါ့၊ အဲတခြား အသေးအဖွဲအချက်တွေကတော့ စိတ်သဘောထားကြီးမြင့်တာတို့၊ ခွင့်လွှတ်နိုင်တာတို့၊ သည်းခံနိုင်တာတို့ ဆိုပါတော့၊ ကိုစိုးစိုးမှာ အဲဒီအချက်အလက်တွေ တော်တော်များများ ရှိနေသလားလို့...''

www.burmeseclassic.com

www.burmeseclassic.com



"တို့ကို ချီးမွမ်းတာကျေးဇူးတင်ပါတယ်၊ အဲ… ကဲ့ရဲ့တဲ့သဘောနဲ့ ပြောတာဆိုလဲ ကျေးဇူးတင်ပါတယ် မနွေးနွေး"

ပိုင်စိုးကပြောပြီး သူ့ဟာသူ ရယ်သည်။

နွေးနွေးက လိုက်မရယ်ပေ။ ထောင်တန်တဲ့စကား ရယ်လျှင်ပေါ့ ဆိုသကဲ့သို့ ဖြစ်သွားမှာ စိုးရိမ်၍လား မသိ။

"ဒီလိုဆိုရင် တို့ကလဲ မနွေးနွေးကို တချို့နေရာတွေမှာ မိန်းမဆန်သော မိန်းမလို့ ပြောချင်မိတယ်"

"ဘာလို့…"

"မနွေးနွေးအိမ်ကို တို့ ရောက်ဖူးတာ နှစ်ခေါက်ရှိပြီ၊ တို့ သိသလောက် ဦးလေး ဦးအိန္ဒမှာ ဇနီးလဲ မရှိတော့ဘူး"

"မေမေဆုံးသွားတာ သုံးနှစ်လောက် ရှိသွားပါပြီ"

"အဲ…သမီး အကြီးကလဲ သုံးခွမှာ သူ့အိမ်ထောင်နဲ့သူ၊ အတာတောင် ကိုးနှစ်ဆယ်နှစ်အရွယ်ရှိနေပြီ၊ အိမ်ထောင်ခွဲသွားတာ ဆယ်နှစ်ကျော်ပြီဆိုပါတော့၊ ဒါပေမယ့် မနွေးနွေးတို့ အိမ်ထဲဝင်လာလိုက်တာနဲ့ ကြမ်းပြင်၊ နံရံ၊ မျက်နှာကြက်အားလုံးဟာ ဖုန်တစ်မှုန့်မရှိဘူး၊ ပင့်ကူအိမ်မရှိဘူး၊



အိမ်ထောင်ပရိဘောဂတွေစာလဲ ခေတ်ပေါ် အသစ်အဆန်းတွေမဟုတ်ပေမယ့် သန့်ရှင်းတောက်ပနေတယ်၊ ဒါတွေဟာ မိခင်လဲမရှိ၊ အစ်မလဲ မရှိတော့ အိမ်မှာ မနွေးနွေးရဲ့စီမံခန့်ခွဲ လုပ်ဆောင်မှုတွေပဲဖြစ်ရမှာပေါ့၊ အဲဒါတွေဟာ မနွေးနွေးရဲ့ မိန်းမပီသတဲ့ အိမ်ထောင်တစ်ခုကို စနစ်နဲ့ အုပ်ထိန်းနိုင်တယ်လို့ ပြောရမှာပဲ"

"ထားပါတော့…မနွေးနွေး မိန်းမ မဆန်ဘူးဆိုတာကကော…"

"မိန်းမသားတွေဟာ အထူးသဖြင့် နွေးနွေးလို အပျိုအရွယ်တွေဟာ ကြောက်တတ်တယ်၊ စိတ်အား ပျော့တယ်၊ အလှအပအခြယ်အသ အဖီးအလိမ်းကို မက်မောတယ်၊ ဆက်ဆံရေးမှာ ဟန်တွေပန်တွေ အမူအရာတွေလုပ်ပြီး လူအထင်ကြီးအောင် တမင်လုပ်တတ်တယ်၊ အထူးသဖြင့် ယောကျ်ားပျိုတွေနဲ့ဆက်ဆံတဲ့အခါ မူရာမာယာလေးတွေ တမင်လုပ်တတ်တယ်၊ စိတ်ထဲက တစ်မျိုး အပြင်ကတစ်မျိုးဆိုပါတော့၊ မနွေးနွေးကတော့ အဲဒီလိုမဟုတ်ဘူး၊ လိုအပ်တဲ့အချိန်မှာ ရှပ်အကျီဝတ် ဂျင်းဘောင်းဘီဝတ်ပြီး ဒေါ်ကပ် မောင်းတယ်၊ ယောကျ်ားတစ်ယောက်လို မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



မခံ လက်မြန်ခြေမြန် လက်တုန့်ပြန်ရဲတယ်၊ အဲ…၊ ကိုယ့်အိမ်မှာကို နေရိုးနေစဉ်မျိုးကျတော့ ကြွေရုရု မိရိုးဖလာဝတ်စုံကို မြတ်မြတ်နိုးနိုး ဝတ်တယ်၊ အခြယ်အသတွေမှာ သာမန်ထက်မပိုဘူး၊ သူစိမ်းယောကျ်ားပျိုနဲ့ဆက်ဆံတဲ့နေရာမှာလဲ ရှက်သလိုလို ရွံ့သလိုလိုမရှိဘူး၊ သဘောရိုးနဲ့ ရဲရဲတင်းတင်းပဲ ဆက်ဆံတာတွေ့ရတယ်၊ အဲဒါတွေကျတော့ မိန်းမဆန်တဲ့သဘောတွေပဲ"

နွေးနွေးက ပြုံးပါ၏။ ပြန်ပြီးတော့လည်း ပြောလိုက်ပါ၏။

"နွေးနွေးကို ချီးမွမ်းတာဆိုရင် ကျေးဇူးတင်ပါတယ်၊ ကိုစိုးစိုးကဲ့ရဲ့တာဆိုလဲ ကျေးဇူးတင်တာပါပဲ"

ပြောပြီး ပြုံးရာမှ ရယ်လိုက်သည်။

ပိုင်စိုးလည်း ရယ်လိုက်မိပါ၏။

တစ်နာရီကျော်ကျော် မောင်မိုးနှင့် ဒေါ်ဖွားရှင်တို့ ရှင်းလင်းသောအခါ ပြီးစီးသွားပေပြီ။ တိုက်အိမ်ကြီး၏နေရာတိုင်းမှာလည်း သန့်ရှင်းသွားပေတော့သည်။

နွေးနွေးက ဒေါက်ကပ်မောင်းပြီး ဒေါ်ဖွားရှင်နှင့်အတူ ပြန်သွားတော့သည်။

ပြန်မောင်းမသွားမီ ပိုင်စိုးကိုနှုတ်ဆက်သည်ေ



ဖိတ်ကြားသည်ရော စကားနှစ်မျိုးပြောသွားသေးသည်။

"ပြန်မယ် ကိုစိုးစိုး၊ ညနေကျရင် အိမ်ကို လာပေါ့…ညစာ စားဖို့လေ"

ပိုင်စိုးက ခေါင်းညိတ်ပြသည်။ ပြန်၍ လက်ပြနှုတ်ဆက်သည်။ ဒေါက်ကပ်ထွက်သွားသည်ကို ငေးမောကြည့်နေမိသည်။ မောင်မိုးသည် ပိုင်စိုး၏နောက်တွင် ကျန်ရစ်နေပြီး…။

"တကယ်တော့ မမနွေးဟာ ကိုလိုင်ဘွားလို လူနဲ့ လုံးဝမတန်ပါဘူး အစ်ကို"

ဟုပြောသံထွက်လာသဖြင့် ပိုင်စိုးနောက်လှည့်ကာ မောင်မိုးနှင့် မျက်နှာချင်းဆိုင်လိုက်ပါသည်။

"ဟေ…မောင်မိုး မင်းဘာပြောတယ်"

"မမနွေးဟာ ကိုလိုင်ဘွားလိုလူနဲ့ မတန်ဘူးလို့ပြောလိုက်တာပါ"

"ကိုလိုင်ဘွားဆိုတာ ဘယ်သူလဲ"

"သုံးခွက သူဌေးသားလေ၊ သူ့မိဘတွေက ဆန်စက်နဲ့ ဆီစက်ပိုင်တယ်၊ လူချမ်းသာထဲကပေါ့၊ မမနွေးရဲ့ယောကျ်ား အစ်ကိုမျိုးညွန့်ရဲ့သူငယ်ချင်းပဲ အစ်ကို"

"ဟုတ်လား…သူနဲ့မနွေးနွေးနဲ့ ကြိုက်နေကြလို့လား"

www.burmeseclassic.com



"မမနွေးက ပြန်ကြိုက်လား…မကြိုက်လား တော့ မသိဘူး၊ ကိုလှိုင်ဘွားကတော့ မမနွေးကို ကြိုက်နေတာ သေချာတယ်"

"ဩော်…ဩော်"

"မမဆွေနဲ့ သူ့ယောက်ျားက သဘောတူပြီး ဆက်သွယ်ပေးတာလေ"

"ပြီးခဲ့တဲ့နှစ်ကပေါ့…မမနွေး ကျောင်းပိတ် လို့ပြန်လာရင်း အဲဒီကိုလှိုင်ဘွားက မမနွေးအိမ်ကို လာလည်တယ်၊ အခု မမနွေးကကျောင်းပြီးသွား တော့ ကိုလှိုင်ဘွား ပိုပြီးတောင် ဒီကို အလာများ သေးတယ်၊ ကျွန်တော် နားစွန်နားဖျားကြားတာ ကတော့ မမနွေးကျောင်းပြီးသွားပြီမို့ ကိုလှိုင်ဘွား က လက်ထပ်ဖို့ ပြောနေတယ်ဆိုလားပဲ"

"ဦးလေး ဦးအိန္ဒရဲ့ သဘောထားကကော"

"အဘကတော့ သဘောတူတယ်လဲ မဟုတ် ဘူး၊ သမီးကြီးမမဆွေတို့က လိုလားတဲ့လူဖြစ်နေ လို့ သဘောမတူဘူးလည်း မဟုတ်ဘူး၊ ဒါပေမယ့် မမနွေးကိုတော့ အဘပြောသံကြားတယ်၊ မကြိုက် ရင် မယူနဲ့တဲ့၊ ငါတို့မှာ ကြွယ်ပိုးကြွယ်ဝကြီးမဟုတ် ပေမယ့် ငါတို့သားအဖ ထိုင်စားနိုင်တယ်တဲ့၊ အဲဒီ လိုပြောတာတော့ ကြားတယ်"



"ဘာလဲ…မနွေးနွေးက ကိုလှိုင်ဘွားကို မကြိုက်ဘူးလို့ ပြောလို့လား"

"ဒါတော့ ကျုပ်မသိဘူး အစ်ကို"

"မနွေးနွေးက ကိုလှိုင်ဘွားအပေါ်မှာထားတဲ့ သဘောထားကိုတော့ မောင်မိုးမသိဘူးလား"

"ဒါတော့ မသိဘူးအစ်ကို၊ ကိုလှိုင်ဘွား လာလည်တဲ့အခါမှာတော့ မမနွေးက ဧည့်ခန်းမှာ ကောင်းကောင်းမွန်မွန် လက်ခံစကားပြောတာတော့ ပြောတယ်၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်အစ်ကို"

"ဘယ်လို တစ်ခုလဲ ဆိုပါဦး"

ပိုင်စိုးသည် အလောတကြီးမေးလိုက်ပြီးမှ ကိုယ့်ဟာ ယ် ပြန်သတိထားမိပြီး အံ့သြနေမိသည်။ အဘယ်ကြောင့် သည် မနွေးနွေးနှင့်ပတ်သက်ပြီး ဒီလောက်မေးခွန်းတွေ လောတကြီးမေးမိပါလိမ့်။ မန္တလေးတုန်းက မေမေသည် အတွက် ရည်ရွယ်သည့် မိန်းမချော မိန်းမလှလေးတွေ ကြောင်းပြောလာလျှင် အဲဒါတွေထားလိုက်စမ်းပါ မေမေရာ မိမိပြောခဲ့သည်ချည်းဖြစ်ပါ၏။

မိမိ၏ တက္ကသိုလ်ကျောင်းသားသက်တမ်း တစ် က်၌လည်း မိမိဆွတ်လျှင်ညွတ်မည့် တကယ့်ဒိတ်ဒိတ် လေးတွေနှင့်လည်း ဆုံဖူးသည်။ မိမိ၏နှလုံးသားသည် ဒါဖြစ်ခဲ့သည်။ မိမိ၏အသည်းသည် မာလှမ်းခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုမှ ဘယ့်နှယ် မနွေးနွေးနှင့်ကျတော့…။

“မနွေးနွေးဟာ ကိုလှိုင်ဘွားကို စကားပြောဧည့်ခံရင်း ဧည့်ခန်းမှာပဲ ဧည့်ခံစကားပြောလေ့ရှိတယ်၊ အိမ်ရှင်က ဧည့်သည်ကို ဧည့်ခံတာထက်မပိုဘူး။ မမနွေးရဲ့မျက်နှာအမူအရာဟာ တသမတ်တည်းထားတယ်၊ အဲ ဒါပေမယ့် အစ်ကိုနဲ့ကျတော့ မမနွေးစကားပြောတဲ့မျက်နှာဟာ တစ်မျိုးပဲ၊ ဘယ်လိုတစ်မျိုးလဲဆိုတာတော့ ကျုပ် ရှင်းမပြတတ်ဘူး၊ ကိုလှိုင်ဘွားနဲ့ မျက်နှာမျိုး မဟုတ်ဘူး ဆိုတာပဲ ကျုပ်ပြောတတ်တယ်၊ အိမ်မှာတုန်းက အဘနဲ့အတာဆက်ရက်ကိစ္စနဲ့ အပြင်ထွက်သွားတော့ အစ်ကိုနဲ့ မမနွေးစကားပြောတာကို ကျုပ်မလှမ်းမကမ်းက ကြည့်နေတာပဲ၊ ဒီတိုက်အိမ်ကြီး ကျုပ်တို့ သန့်ရှင်းရေးလုပ်နေတုန်း ခြံထဲမှာ အစ်ကိုနဲ့ မမနွေး စကားပြောတာကိုလဲ ကျုပ်လှမ်းမြင်တာပဲ၊ ကျုပ်အမြင်တော့ အစ်ကိုနဲ့စကားပြောတဲ့အခါတိုင်း မမနွေးရဲ့ မျက်လုံးတွေဟာ ပြုံးနေတယ်လို့ ကျုပ် မြင်မိတာပဲ၊ အရောင်လေးတွေတောင် တောက်နေသလားပဲ”

“တော်ပြီ မောင်မိုး…ငါ စာရေးဆရာမဖြစ်ဘဲ မင်းပဲ စာရေးဆရာဖြစ်သွားမလား အောက်မေ့



ရတယ်”

ပိုင်စိုးက ရယ်ရယ်မောမောပင် မောင်မိုးအားပြောဒိက်ပါ၏။

“ဒါထက် မနွေးနွေးရဲ့အိမ်မှာ စန္ဒရားတွေ့တယ်…ဘယ်သူတီးတာလဲ”

“အဘရဲ့ဇနီး မမနွေးတို့ မေမေလေ”

“သြော်…သြော် မနွေးနွေးတို့အမေက စန္ဒရားတီးတတ်သတဲ့လား”

“တီးတတ်ရုံဘယ်ကမလဲ…သမီးဖြစ်တဲ့ မမနွေးကိုရော ဒေါ်လေးသီတာက သင်ပေးခဲ့တာ”

“ဒါဆို…မနွေးနွေးလဲ စန္ဒရားတီးတတ်တယ်ပေါ့…ဟုတ်လား”

“မမနွေး စန္ဒရားတီးပြီး သီချင်းဆိုရင် အရမ်းနားထောင်ကောင်းတာ၊ ဒါပေမယ့် အစ်ကိုရာ မမနွေးက အခုဆို စန္ဒရားလဲ မတီးတော့ဘူး၊ သီချင်းလဲ မဆိုတော့တာ ကြာသွားပြီ”

“ကြာပြီဟုတ်လား…ဘာလို့ မတီးမဆိုတော့တာလဲ”

“ဒေါ်လေးကွယ်လွန်သွားကတည်းက မတီးတာ…မဆိုတာပဲ အစ်ကို၊ မမနွေးက မအေကို သိပ်ချစ်တာ၊ တီးရင်ဆိုရင် မအေကိုသတိရပြီး ငိုတ်

www.burmeseclassic.com



ထိခိုက်လို့ဖြစ်မယ် ထင်တာပဲ၊ အစ်ကိုရော စန္ဒရား တီးတတ်သလား ဟင်''

''အင်း…ငါလဲ မမနွေးလိုပေါ့ကွ၊ ငါ ရှစ်တန်းကျောင်းသားဘဝကတည်းက ငါ့မေမေက ငါ့ကို စန္ဒရားတီး သင်ပေးတယ်၊ ငါက အလုပ် တစ်ခုလုပ်ပြီဆိုရင် ဇွဲနဲ့လုပ်ကျင့်ရှိတော့ မေမေ သင်ပေးတာတောင်မကဘူး၊ စန္ဒရားဆရာခေါ်ပြီး သင်လို့တီးတတ်တယ်ပေါ့ကွာ၊ ဒါပေမယ့် ငါလဲ ခရီးတွေသွားနေတာနဲ့ စန္ဒရား မတီးတာ ကြာပါ ပြီ''

(၇)

ပိုင်စိုးနှင့် မောင်မိုးတို့ မော်တော်ဆိုင်ကယ်ဖြင့် ဦးအိန္ဒြေ ခြံဝင်းထဲသို့ မောင်းဝင်လာခဲ့သည်။ ညစာ ထမင်းစားရန် ဖြစ်ပါ၏။

အိမ်ရှေ့တွင် အက်(စ်)အီးတိုယိုတာလီမီတက် ကား ဖြူလေးတစ်စီး ရပ်ထားသည်ကို တွေ့ကြရသည်။

''အဲဒါ သုံးခွက ကိုလှိုင်ဘွားရဲ့ကားပဲ အစ်ကို၊ ကိုလှိုင်ဘွား ဒီအိမ်အလည်ရောက်နေပြီ''

မောင်မိုးက မော်တော်ဆိုင်ကယ်ရပ်သည်နှင့် အက်(စ်)အီးကားဖြူကြီးကို လက်ညှိုးထိုးပြပြီး အိမ်ကိုပတ်၍ နောက်ဖေးပေါက်မှသာ ဝင်ပေသည်။

ပိုင်စိုးသည် ကားနှင့်လွတ်ရာတွင် မော်တော်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com



ကာယ်ကို စက်သတ်ရပ်ပြီး ဒေါက်ထောက်ထားလိုက်မိသော်လည်း အိမ်ထဲဝင်ရန် ခက်နေသည်။

အကယ်၍ မောင်မိုးက ကိုလှိုင်ဘွားအကြောင်း ဘာမှပြောမထားလျှင် စိတ်သန့်သန့်ဖြင့် ဘာမသိ ညာမသိ အိမ်ထဲသို့ တန်းဝင်မည်ဖြစ်သော်လည်း ယခုလှိုင်ဘွားရောက်နေသဖြင့် တန်းဝင်ရန်ခက်နေပါ၏။

ကိုလှိုင်ဘွားက လက်ထပ်ဖို့အထိပြောထားပြီဆိုသောကြောင့် မိမိဝင်ရောက်လိုက်လျှင် အနှောက်အယှက်ဖြစ်သွားမည်ကို စိုးရိမ်မိသည်။

ဆင်ဝင်အောက်မှာ အုတ်ခုံပေါ်တွင် ပိုင်စိုး ထိုင်နေလိုက်ရင်း အက်(စ်)အီးလီမီထက်ကားကြီးကို ငေးကြည့်နေမိသည်။

တန်ဖိုးကြီးမားသောကားကြီး ဖြစ်ပါ၏။

သုံးခွမှ မော်ရုံတောလမ်းသည် လှည်းလမ်းမို့ လမ်းဆိုးသည်။ ဒီလိုလမ်းမျိုးကို ဒီလိုကားကြီးမျိုးနှင့် မောင်းလာသည်မှာ ကားကိုနှမြောစရာကောင်းသည်ဟု ပိုင်စိုး စိတ်ထဲထင်မှတ်မိသည်။

"ဟေး...ကိုစိုးစိုး အဲဒါ ဘာလုပ်နေတာလဲ၊ လာလေ...အိမ်ထဲကို၊ စောစောက ဖေဖေတောင် မောင်စိုးစိုး မလာသေးဘူးလားလို့ မေးနေသေးတယ်"



နွေးနွေး အိမ်ရှေ့တံခါးမှလှမ်းပြောကာ ပိုင်စိုး ထိုင်နေရာ အုတ်ခုံအထိ ဆင်းလျှောက်လာသည်။

"နွေးနွေး မော်တော်ဆိုင်ကယ် ခြံထဲဝင်လာသံ ကြားတယ်၊ ဒါနဲ့တောင် အကြာကြီး ကိုစိုးစိုး အိမ်ထဲဝင်မလာလို့ ထွက်ကြည့်တာ"

ပိုင်စိုးက အက်(စ်)အီး ကားဖြူကြီးကို မေးဆတ်ပြရင်း...

"မနွေးနွေးမှာ ဧည့်သည်ရောက်နေသလားလို့ မဝင်သေးတာပါ"

"အို...ဘာဆိုင်လဲ...အိမ်ကို ဧည့်သည်လာတာ အဆန်းမှမဟုတ်တာ"

"တို့ဝင်လာရင် အနှောက် အယှက်ဖြစ်သွားမှာစိုးလို့ပါ"

"မဆိုင်လိုက်တာ၊ ကဲ...လာပါ အစ်ကို"

ပိုင်စိုး ထပြီးလိုက်သွားသည်။ ရှေ့မှ နွေးနွေး ပြန်င်သွားသည်ကို နောက်မှလိုက်သဖြင့် နွေးနွေး၏နောက်ပိုင်းို စိတ်ကမကြည့်မိရန် ရှောင်ဖယ်သော်လည်း မျက်စိကလိုလိုကြည့်မိသည်။

ဘယ်တော့ကြည့်ကြည့်၊ဘယ်တော့မြင်မြင် နွေးနွေးည် အချိုးကျ လှပချောမောကြော့ရှင်းသည်သာ။

"ဒီမယ် ကိုလှိုင်ဘွား...ဟောဒါ ကိုစိုးစိုးတဲ့၊

www.burmeseclassic.com

www.burmeseclassic.com



နာမည်ရှည်တော့ ကိုပိုင်စိုးတဲ့၊ ဖေဖေက မောင်စိုးစိုးလို့ခေါ်သလို နွေးနွေးတို့က လိုက်ခေါ်တာ၊ ဦးရာမတိုက်အိမ်နဲ့ခြံကြီးကို ဝယ်လိုက်တဲ့ ကိုစိုးစိုးဆိုတာလေ''

နွေးနွေးက ပိုင်စိုးဘက်သို့ ပြန်လှည့်ပြန်သည်။

''အဲဒါက ကိုလှိုင်ဘွားတဲ့၊ သုံးခွက မမဆွေ ကိုမျိုးညွန့်ရဲ့ မိတ်ဆွေလေ''

''တွေ့ရတာ ဝမ်းသာပါတယ် ကိုလှိုင်ဘွား''

''အေးဗျ…ကျွန်တော်ကလဲ တွေ့ရတာ ဝမ်းသာပါတယ်လို့…မိတ်ဆက်ထုံးစံအတိုင်း ပြန်ပြောရမှာပေါ့၊ ဒါပေမယ့် ကျွန်တော်ကြာကြာ ဝမ်းသာနိုင်မလားလို့တော့ သံသယဖြစ်မိတယ် ကိုပိုင်စိုး''

နွေးနွေးက ကိုလှိုင်းဘွား၏အပြောကို မျက်မှောင်လေး ကုတ်ကြည့်မိသည်။ ကိုလှိုင်ဘွားကို ရယ်သလို မော သလိုနှင့် ဆက်၍ပြောပါသေး၏။

''ဘာလို့လဲဆိုတော့ သုံးခွ၊ ခရမ်း၊ တညင်နဲ့ ဒီမှော်ရုံတောမှာတော့ သေချင်ရင် စိန်မစားနဲ့၊ ဦးရာမတိုက်ကိုသွားလို့ စာဆိုစကားရှိနေလို့…''

''အား…ကိုလှိုင်ဘွား…ဘာတွေပြောနေတာလဲ၊ အခုမှ မိတ်ဆက်ပေးလို့ မပြီးသိရသေးတဲ့သူကို''



''စေတနာနဲ့ပါ နွေးနွေး၊ ကိုပိုင်စိုးရဲ့ စွန့်စားမှုဟာ အချည်းနှီး ဖြစ်မှာစိုးလို့''

ပိုင်စိုးက တည်ငြိမ်စွာ မပြုံးမရယ် ပြန်ပြောသည်။

''ကျွန်တော်ရဲ့အတွေ့တွေ့ ဗဟုသုတအရတော့ စွန့်စားမှုတစ်ရပ်ဟာ ကိုယ်ကျိုးမရှိရင်သာနေရမယ်၊ အချည်းအနှီးတော့ မဖြစ်တတ်ပါဘူး ကိုလှိုင်ဘွား၊ အခုခေတ် ရောက္ကတ်နဲ့တခြားဂြိုဟ်တွေကို သွားနေတဲ့ စွန့်စားသူတွေဟာ သူတို့ကိုယ်ရေးကိုယ်တာ အကျိုးမှမရှိပေမယ့် တခြားဂြိုဟ်ရဲ့ ပထဝီအနေအထား၊ သက်ရှိသတ္တဝါတွေ ရှိမရှိ…စတဲ့အချက်တွေကို ကမ္ဘာကသိစေနိုင်တဲ့ အကျိုးကျေးဇူးတွေ ကော့ ရှိတယ်''

''ဟဲ…ဟဲ…ဟိုဟာက ဟိုဟာ ကိုပိုင်စိုး၊ အခုဟာက ဦးရာမတိုက်အိမ်ကြီးမှာ သရဲကုပ်ချိုးတဲ့ ကိစ္စပဲ၊ ဟိုဟာနဲ့ဒီဟာ သိပ်မဆိုင်ဘူး ထင်တယ်''

''အဲဒီ ကုပ်ချိုးတဲ့သရဲကို ကျွန်တော်က မိအောင်ဖမ်းနိုင်ရင် ခရမ်း၊ သုံးခွ၊ တညင်နဲ့ မှော်ရုံတောကလူတွေအားလုံးက အဖြစ်က ဒီလိုပါလား ဆိုတာ သိခွင့်ရသွားနိုင်တာပေါ့ ကိုလှိုင်ဘွား''

''ဟဲ…ဟဲ… လက်တွေ့မှာတော့ အဲဒီသရဲက လူနှစ်ယောက်ကို ထင်ထင်ရှားရှားကြီး ကုပ်ချိုး

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီးပြီ၊ ကိုပိုင်စိုး သတိထားပေါ့၊ တတိယ ,
မြောက် ကုပ်ချိုးခံရတဲ့သူ ဖြစ်နေဦးမယ်''

''ဒီမယ်…ကိုလှိုင်ဘွား…''

နွေးနွေးက တင်းမာသောအသံလေးဖြင့် ကိုလှိုင်ဘွားအား ဝင်ပြောလိုက်သည်။

''ဒီမယ်…ကိုလှိုင်ဘွား…ကိုစိုးစိုးဟာ ဖေဖေ
ကိုယ်တိုင် အရေးတယူ ကူညီထားတဲ့လူပါ၊ ကို
လှိုင်ဘွားပြောတဲ့ စကားတွေက တစ်ဘက်သား
အပေါ်မှာ နိုင်ထက်စီးနင်းနဲ့ သိပ်ရင့်နေတယ်''

''သြော်…သြော်…နွေးနွေး''

ကိုလှိုင်ဘွားသည် နွေးနွေးက ဒီလိုပြောလိုက်သည်ကို လွန်စွာအံ့သြသွားပုံရသည်။ နွေးနွေးကိုလည်း စိုက်ကြည့်နေသည်။

နွေးနွေးကတော့ ကိုလှိုင်ဘွား၏ တအံ့တသြဖြစ်သွားသည့် ပုံစံကို အလေးအနက် မထားသလိုပင် ရှိနေပါ၏။

ကိုလှိုင်ဘွားသည် ချက်ချင်း ထိခိုက်သွားသည့် ပုံစံ မျက်နှာပေါ်တွင်ပေါ်လာသည်။ ရုပ်ရှင်ထဲက ဇာတ်လိုက်မင်းသား စိတ်ထိခိုက်သွားသည့် အမူအရာမျိုး ဖြစ်ပေါ်လာခြင်းပါပေ။ ထိုင်ရာမှထကာ ပြတင်းပေါက်ဆီသို့ သွားရောက်ပြီး နွေးနွေးတို့ဘက်သို့ ကျောလေးရပ်ခါ ခပ်ဆွေးဆွေးပုံစံဖြင့် ငေးကြည့်နေသည်။



ထိုစဉ်မှာပင် အပြင်မှပြန်လာသော မြေးအဘိုးနှစ်ယောက်၏ ပူညံပူညံသံ အခြေအတင်အသံများ ထွက်ပေါ်လာသည်။

''ဘိုးဘိုးက မိအောင်ဖမ်းပါဆို မဖမ်းဘူး''

''ဟ…ဘိုးဘိုးက ဘယ်မိအောင် လိုက်နိုင်မှာ
လဲကွ အတာရ၊ ယုန်ဆိုတဲ့အကောင်က အပြေး
သိပ်မြန်တာ၊ အတာလဲ ပြေးလိုက်တာပဲ၊ ယုန်ကို
မိအောင် ပြေးနိုင်လို့လား''

''အတာက ကလေးပဲ ဘိုးဘိုးရ''

''ဟ…ဘိုးဘိုးကလဲ လူကြီးပဲ အတာရ''

မြေးအဘိုး မပြေမလည်ဖြင့် အိမ်ထဲ ဝင်လာကြသည်။

''ဟော…မောင်လှိုင်ဘွား ရှိနေသေးသကိုး၊
ဦးလေးက ပြန်သွားပြီမှတ်နေတာ၊ နေတောင်
တော်တော်စောင်းသွားပြီ''

''ဟုတ်ကဲ့…ဦးလေး၊ အခုပဲ ကျွန်တော်
ပြန်တော့မလို့ပါ၊ ဦးလေးကို နှုတ်ဆက်ဖို့ စောင့်
နေတာပါ''

''အေး…အေး…သြော်…မောင်စိုးစိုးလဲ
ရောက်နေပြီကိုး၊ ဟဲ့…မိနွေး…မဖွားနဲ့ ပိန်ကို
ထမင်းပွဲပြင်ခိုင်းတော့လေ၊ မောင်လှိုင်ဘွားလဲ

www.burmeseclassic.com



စားသွားပါလားကွာ၊ ဒီနေ့မှဆိုးပေတလူ၊ ချေ တစ်ကောင်ရလို့ ဝယ်ပြီး ချေသားဟင်း ချက်ထားတယ်''

''တော်ပါပြီ ဦးလေး…ဒီနေ့တော့ အပြန်မှာ မိုးချုပ်မှာမို့ မစားတော့ပါဘူး၊ နောက်အခေါက်မှ စားပါ့မယ်၊ ကျွန်တော့်ကို သွားခွင့်ပြုပါဦး၊ ဩော် နွေးနွေး ကိုယ်ပြန်တော့မယ်၊ ကိုပိုင်စိုးကိုလဲ နှုတ်ဆက်ပါတယ်၊ ကံမကုန်သေးရင်လဲ ပြန်ဆုံသေးတာပေါ့ ကိုပိုင်စိုး''

ကိုလှိုင်ဘွားက ကားစက်နှိုးပြီး ဒေါ်နှင့်မောနှင့် မောင်းထွက်သွားသံ ကြားရသည်။

နွေးနွေးသည် ပိုင်စိုးအား အသိမသာလေးကြည့်သည်။ ကိုစိုးစိုးထံမှ ကိုလှိုင်ဘွားနှင့်ပတ်သက်သည့် စကားတစ်ခုခု ပြောလေမည်လားဟုလည်း နားစွင့်ထားမိသည်။

သို့သော် ပိုင်စိုးက တစ်ခွန်းမှ မပြောပေ။

ဒါကိုပင် နွေးနွေး၏ရင်တွင်း မကျေနပ်သလိုလို ခံစားရသည်။

အဲတာသည် အဘိုးက ယုန်ကို မီအောင် ဖမ်းမပေးသည်ကို စိတ်ကောက်သလား မပြောတတ်၊ အိပ်ခန်းတစ်ခုထဲသို့ ဝင်သွားသည်။

''ဘယ်လိုလဲ မောင်စိုးစိုး…ဒီနေ့တစ်နေ့လုံး



ကိုရာမ တိုက်အိမ်ကြီးမှာ ဘာထူးခြားတာတွေ့လဲ''

''မတွေ့သေးဘူး ဦးလေး၊ သရဲသရွှေဆိုတာ ညဘက်ကျမှထွက်သလားပဲ၊ ဒါမှမဟုတ် မကောင်းမှုတစ်ခုခုဟာညဘက်ကျမှ ဖြစ်တတ်သလားပဲ''

''အင်း…သတိဝီရိယတော့ရှိနော်၊ သေသွားတဲ့ ကျင်ဟုတ်ရော…ဒေးဗစ်ရော ညပိုင်းမှာ အရက်သောက်တယ်၊ သူတို့သေသွားတော့ သူတို့ အလောင်းပါးစပ်က အရက်နံ့တွေထွက်နေတယ်၊ အရက်သောက်ပြီး မူးနေတော့ ထွက်ပြေးဖို့ ဖြစ်ဖြစ် ခုခံဖို့ဖြစ်ဖြစ် ဘာမှတတ်နိုင်တော့မှာလဲ''

''ကျွန်တော် အရက်သောက်လေ့သောက်ထ မရှိပါဘူး ဦးလေး''

''အေး…ကောင်းတယ်၊ အရက်ဆိုတာ မသောက်ဘဲ နေရင် အကောင်းဆုံးပဲ''

ဒေါ်ဖွားထွက်လာပြီး ထမင်းပွဲအသင့်ဖြစ်ကြောင်း ပြောသည်။

''လာ…ကိုစိုးစိုး…ထမင်းစားဖို့''

''ဦးလေးကော…''

''ဖေဖေက သူ့မြေးနဲ့အတူ စားဖို့စောင့်နေတယ်၊ အတာက ဒီအိမ်ကိုလာတိုင်း အဘိုးကချစ်

www.burmeseclassic.com



မုန်း···အလိုလိုက်မုန်းသိလို့ အားကြီးဆိုးတယ်၊ အဲဒီလို မြေးက နွဲ့ဆိုးဆိုးတာကိုပဲ ဖေဖေက ပိုပြီး ချစ်နေပြန်ရော''

ထမင်းဝိုင်းဆီသို့ လာကြသည်။

စားပွဲကုလားထိုင်နှင့် ထမင်းဝိုင်း မဟုတ်။ ဘုန်းကြီးဆွမ်းကျွေးစားပွဲဝိုင်းကြီးဖြစ်ပြီး ကြမ်းပေါ်တွင် ဖျာခင်းထိုင်စားဝိုင်း ဖြစ်ပါ၏။

ထမင်း ပူနွေးနွေး၊ ဟင်း ပူနွေးနွေးဖြစ်ပါ၏။ ချေ သားကို အလောတော်အတုံးများတုံးပြီး ဆီပြန်ချောက်ချောက် ချက်ထားသည်။ နံပြာရည် ဆီသတ်၊ မန်းကျည်းရွက်နုနုကို ပုစွန်ခြောက်နှင့်သုတ်၊ ဘူးသီးကို ငရုပ်ကောင်းဖြင့် ဟင်းချို၊ တည်းသီး ဆားရည်စိမ်တို့ ဖြစ်ပေသည်။

မြန်မာထမင်းဝိုင်း ပီသပါပေ၏။

အသားဟင်း နှစ်မျိုးသုံးမျိုးမချက်။ ကိုယ့်အိမ်တွင် စားနေကျ တစ်မည်အသားဟင်းကောင်းပုံစံဖြစ်ပေသည်။

ဒါကို ပိုင်စိုးသဘောကျသည်။ မိမိရောက်လာသဖြင့် ညှိသည်ကျွေးပုံစံဖြင့် ဟင်းပွဲစုံအောင် ချက်ကျွေးသည်ကို ပိုင်စိုးမလိုလား။ နေ့စဉ် ရက်ရှည်ကျတော့ ခက်သွားပေမည်။

နောက်တစ်ချက်မှာ မိမိကိုဧည့်သည်လို သဘောမထား။ အိမ်သားတစ်ဦးအသွင်ဖြင့် အိမ်မှာနေ့စဉ်စားပုံ အတိုင်း ကျွေးသည်ကိုလည်း ပိုင်စိုးသဘောကျမိခြင်းဖြစ်သည်။



ထမင်းဝိုင်းတွင် ဦးအိန္ဒနှင့်အတော မဝင်စားသေးသာကြောင့် နွေးနွေးနှင့် ပိုင်စိုးတို့ နှစ်ယောက်တည်း စားကြသည်။

''မောင်မိုး တစ်ယောက်ကော မနွေးနွေး''

''ကိုမိုးက ဒေါ်လေးဖွားနဲ့ နေ့တိုင်း အတူစားနေကြလေ''

ပိုင်စိုး တကယ်ခံတွင်းတွေ့ပြီး စားရသည်မှာ လေးသားပင်ပင် အရသာရှိလှပါ၏။

''စားလို့ အဆင်ပြေရဲ့လား ကိုစိုးစိုး''

''တကယ်ကောင်းတယ်၊ နေ့တိုင်း ဆိုင်ထမင်းဆိုင်ဟင်းစားခဲ့တာ တစ်လခွဲလောက်ရှိနေပြီ၊ အခုလို အိမ်ထမင်း အိမ်ဟင်းဟာ တို့အဖို့ နတ်သုဒ္ဓါပဲ''

ပြောသလိုလည်း ပိုင်စိုးတကယ်စားသည်။ ပိုင်စိုး၏ ချင့်မှာ အလှူအိမ်ဖြစ်ဖြစ် ပါတီပွဲတွေမှာဖြစ်ဖြစ် ယုတ်စွ ဆုံး မလွှဲမရှောင်သာစားရသော အသုဘအိမ်မှာဖြစ်ဖြစ် ပြီဟော့ဆိုလျှင် ဟန်လုပ်မစား။ စားနေကျ စံချိန်အတိုင်း သည်။ သူများအကဲ့ရဲ့လွတ်အောင် လျှော့စားခြင်းမျိုး တတ်။

''ကိုစိုးစိုး''

''ပြောပါ မနွေးနွေး''

www.burmeseclassic.com

www.burmeseclassic.com



"ကိုလှိုင်ဘွားကို ကိုစိုးစိုး ဘယ်လိုမြင်သလဲ ဟင်"

"ဘယ်လိုမှာ မမြင်ဘူး"

"ပြောပုံက တစ်မျိုးကြီးပဲ"

"ချောသားဟင်း တော်တော်ကောင်းတယ်၊ ငရုတ်သီးစပ်စပ်လေးနဲ့ ချက်ထားတာ၊ ချောသားက လဲ လတ်လတ်ဆတ်ဆတ်ဆိုတော့ ပိုကောင်းတာပေါ့"

ပိုင်စိုးစကားလမ်းကြောင်းပြောင်းလိုက်ကြော နွေးနွေး ရိပ်မိပါ၏။

နွေးနွေးမသိမသာလေး သက်ပြင်းချမိသည်။

ပိုင်စိုးသည် ထမင်းသုံးပန်းကန်အထိ စားပေသ နွေးနွေးက တစ်ပန်းကန်သာ စားနိုင်ပါ၏။

ယောကျ်ားသားတစ်ယောက်အနေနှင့် ဤသို့စာ သည်ကို နွေးနွေးသဘောကျသည်။ ဖေဖေဦးအိန္ဒဆို ထမင်းစားသည့်အခါ ကြွေပန်းကန်နှင့်မစား။ ကြွေလေ ထဲတွင် ဆန်တစ်လုံးခွဲချက်လောက် ထမင်းကိုထည် ကုန်သည်အထိ စားသည်။

ဖေဖေ အစားကောင်းကောင်းစားပြီး အလုပ်ကော ကောင်းလုပ်နိုင်သည်။ နေ့ခင်းဘက် အိပ်လေ့မရှိ၊ လှုပ်လှုပ်ရှားရှားနေသေးကြောင်း ဗိုက်မပူ၊ အသားပို



မရှိ။ ယခုသက်ကြီးရွယ်အထိ ဖေဖေကြံ့ခိုင်သည်။

ထမင်းစားပြီးနောက် ပိုင်စိုးသည် ဦးလေး ဦးအိန္ဒနှင့် နာရီဝက်ခန့်စကားပြောပြီး မိမိ၏တိုက်အိမ်ကြီးသို့ပြန်ရန် မောင်မိုးကိုရှာရာ မောင်မိုးသည် ခြံထဲတွင် နွေးနွေးနှင့် စကားပြောနေသည် ကိုလည်း တွေ့ရသည်။

နွေးနွေးကိုပါနှုတ်ဆက်ပြီး မောင်မိုးနှင့်အတူ မော်တော်ဆိုင်ကယ်ဖြင့် ပြန်လာခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



(၈)

"မအိပ်မနေ အသက်ရှည်ဆိုတဲ့စကားကို မင်းကြားဖူးလား မောင်မိုး"

"ကြားဖူးတယ်အစ်ကို၊ မောင်ပေါက်ကျိုင်းဇာတ်ကို ကျုပ်သွားကြည့်တယ်၊ အဲဒီဇာတ်ထဲမှာ မောင်ပေါက်ကျိုင်းဟာ ညဘက်မှာမအိပ်ဘဲနေတဲ့အတွက် နဂါးကြီးကို သန်လျက်နှင့် ခုတ်ဖြတ်သတ်ပြီး အနိုင်ရဖူးတာ ကျုပ်ကြည့်ရဖူးတယ်"

"အေး…ငါတို့လဲ ဒီညမှာ တစ်ခုခုတော့ ရင်ဆိုင်ရမယ်လို့ ငါထင်ထားတယ်၊ သရဲဆိုလဲ ညဘက်မှာ လာခြောက်မှာပဲ၊ သရဲမဟုတ်တဲ့ တခြားအကောင်တစ်ကောင်ကောင်ဆိုလဲ ဒီညလာမှာပဲ၊



နေ့ခင်းဟာ ဒီအိမ်ကလူတွေရောက်လာပြီး သန့်ရှင်းရေးလုပ်တာတွေဘာတွေ အဲဒီအကောင်က တစ်နေရာရာက ချောင်းကြည့်နေမှာပဲ၊ ငါ့စိတ်ထဲ နောက်ဖေး ခွေးတိုးပေါက်က ထွက်ပြေးသွားတဲ့ လူပုလေးကို မသင်္ကာဘူး၊ ဒီည မအိပ်ဘဲ စောင့်ကြည့်ရမယ်"

"အဲဒီအကောင်ပုလေးဟာ မှင်စာများဖြစ်နေမလားမဲ့ အစ်ကို"

"မှင်စာဆိုတာ တစ္ဆေသရဲထဲမှာ အပါအဝင် နာနာဘာဝ အကောင်တစ်မျိုးပဲ၊ ဘာလဲ…မင်းက တစ္ဆေသရဲနာနာဘာဝကို ယုံကြည်စိတ်ရှိနေလို့လား"

"ယုံတစ်ဝက် မယုံတစ်ဝက်ပဲအစ်ကို၊ ပဆွမတုန်းကတော့ ယုံမိတယ်၊ ဒါပေမယ့် မမနွေးပြောတဲ့စကားတွေ…အစ်ကိုလေးရောက်လာပြီးပြောတဲ့စကားတွေကြောင့် အဲဒီသရဲတွေကို မယုံပြန်တော့ဘူး"

"အေး…ဘာပဲဖြစ်ဖြစ် ငါတို့ တစ်ခုခုတော့ တွေ့ပြီးရင်ဆိုင်ရမှာပဲ၊ဒီနေ့မတွေ့ နက်ဖြန် သန်ဘက်မှာတွေ့ရ၊ ရင်ဆိုင်ရမှာပဲ၊ မင်းကို ငါ မှာထားမယ်၊ တွေ့ပြီဟောဆိုရင် ဘာမှမကြောက်နဲ့၊

www.burmeseclassic.com

www.burmeseclassic.com



မင်းကိုပေးထားတဲ့ နှစ်လုံးပြူးသာ ထိုးပစ်၊ ငါတို့သေနတ်နဲ့ပစ်လို့ အဲဒီအကောင်ဟာ မျက်စိအောက်မှာပဲ ပျောက်သွားတာဆိုရင်တော့ သရဲပဲ၊ မပျောက်သွားလဲ သေနတ်မှန်လို့ လဲကျတဲ့ အကောင်တစ်ကောင်ကောင်ဆိုရင်လဲ ဘာကောင်လဲဆိုတာ ငါတို့ မြင်ရ၊ သိရ အဖြေပေါ်ထွက်လာမှာပဲ၊ မင်းသေနတ်နဲ့သာထိုးပစ်…ကြားလား မောင်မိုး''

''ဟုတ်ကဲ့ပါ အစ်ကို''

နှစ်ယောက်သား တိတ်ဆိတ်သွားကြပြန်သည်။

စားပွဲပေါ်တွင် ရေနံဆီမီးအိမ်ထွန်းထားသည်။ မီးခြစ်ဖယောင်းတိုင်ကိုလည်း အသင့်တင်ထားသည်။

လက်နှိပ်ဓာတ်မီးလည်း အဆင်သင့်ထားရှိသေးသည်။ မီးခလုတ်တွေလည်းအားလုံးဖွင့်ထားသည်။ လိုအပ်ပါက မီးစက်ကြိုးဆွဲဖွင့်ပြီး တစ်အိမ်လုံးလင်းသွားစေရန် ကြိုတင်ပြင်ဆင်ထားမှုတွေ လုပ်ထားသည်။

နှစ်ယောက်စလုံး တိတ်ဆိတ်နေခြင်းကို မလိုလားသဖြင့် ပိုင်စိုးက စကားရှာပြောသည်။

''နေဦး…ဟိုအိမ်က ထမင်းစားပြီး ငါတို့ပြန်ခါနီးမှာ မင်းနဲ့မနွေးနွေး ခြံထဲမှာစကားပြောနေတာ ငါမြင်လိုက်တယ်၊ ဘာအကြောင်းတွေ ပြောနေတာလဲ မောင်မိုး''



''အစကတော့ မမနွေးပြောတာကတော့ အစ်ကို့အကြောင်းပဲဗျ''

''ငါ့အကြောင်းဟုတ်လား…ဘာတွေပြောလဲ''

''အစ်ကို့ကို မမနွေးက သိပ်အားနာသွားတယ်တဲ့၊ ကိုလှိုင်ဘွား အစ်ကို့ကိုပြောသွားတဲ့စကားတွေကို စော်ကားရာ ရောက်နေလို့တဲ့''

''ကိုလှိုင်ဘွားရဲ့ စကားတွေက ငါ့ကိုစော်ကားသလို ဖြစ်နေတဲ့အတွက် မနွေးနွေးက အားနာတယ်ဆိုရင် သူနဲ့ကိုလှိုင်ဘွားဟာ ပတ်သက်နေသူတွေမို့ဆိုတဲ့ အဓိပ္ပာယ် မသက်ရောက်ဘူးလား မောင်မိုး''

''အဲဒီလို တွက်လို့မရဘူး အစ်ကို၊ ကိုလှိုင်ဘွားဟာ မမနွေးရဲ့ဧည့်သည်ဖြစ်နေတယ်၊ သူ့ဧည့်သည်က အစ်ကို့ကို စော်ကားရင့်သီးတဲ့စကားတွေ ပြောလာတော့ မမနွေးမှာတာဝန်ရှိလာတဲ့သဘောနဲ့ အစ်ကို့ကို အားနာတဲ့သဘောပါ''

''အင်းလေ…အဲဒီလို ဟုတ်ချင်လဲ ဟုတ်မှာပေါ့''

''နောက်ပြီး…မမနွေးက ကျုပ်ကိုမေးသေးတယ်၊ ကိုလှိုင်ဘွားနဲ့မမနွေးတို့ရဲ့ ဆက်ဆံရေးအကြောင်းရင်းကို ကျုပ်က အစ်ကို့ကိုပြောပြသေး

www.burmeseclassic.com

www.burmeseclassic.com



လားလို့၊ ကျုပ်ကပြောလိုက်တယ်လို့ ဝန်ခံလိုက်တော့ မမနွေးက ဒါကြောင့်ကိုးလို့ ပြန်ပြောတယ် အစ်ကို''

''အဲဒီ ဒါကြောင့်ကိုးလို့ ပြန်ပြောတဲ့ အဓိပ္ပာယ်ကကောကွာ''

''အစ်ကို့လိုလူဟာ သူတစ်ပါးစော်ကားတာကို ခံတတ်မယ့် လူစားမျိုးမဟုတ်ဘူးတဲ့၊ ကိုလှိုင်ဘွားပြောတာတွေကို ညည်းခံလိုက်တာဟာ မမနွေးနဲ့ ကိုလှိုင်ဘွားဆက်ဆံရေးကို အထင်မှားပြီး မမနွေးကြောင့် သည်းခံတာဖြစ်ရမယ်တဲ့၊ အဲဒါကြောင့် မမနွေးက ဒါကြောင့်ကိုးလို့ ပြောတဲ့အဓိပ္ပာယ်ပဲ အစ်ကို''

''ငါက သူ့ကိုအထင်မှားတယ်ဆိုတာက ဘာကို အထင်မှားတာလဲ မောင်မိုး''

''ကိုလှိုင်ဘွားကို မမနွေးက လက်ခံပြီးသား၊ တုန့်ပြန်ပြီးသားလို့ အစ်ကိုထင်နေပုံရတယ်၊ ဒါကြောင့် အစ်ကိုနဲ့ မမနွေး ထမ်းစားကြတုန်းက ကိုလှိုင်ဘွားကို ဘယ်လိုသဘောရလဲလို့ မမနွေးက မေးတာကို အစ်ကိုက ဘယ်လိုမှသဘောမရဘူးလို့ ပြောတဲ့အပြင် အဲဒီစကားလမ်းကြောင်းကို ပြောင်းပစ်လိုက်တယ်တဲ့''



''သြော်…သြော်…အဲစကားတွေတောင် မနွေးနွေးက မင်းကိုပြောပြသတဲ့လား''

''ပြောမှာပေါ့ အစ်ကို၊ ကျုပ်က ကိုလှိုင်ဘွားနဲ့ မမနွေးရဲ့အကြောင်း တကယ်အစစ်အမှန်ကို ဂဃနဏမသိဘဲ အစ်ကို့ကို ပြောထားမိတာဆိုတော့ အခု ဂဃနဏ ရှင်းသွားအောင် မမနွေးက ကျုပ်ကို ပြောတာပေါ့''

''မင်းရဲ့ ဂဃနဏဆိုတာက ဘာကို ဆိုလိုချင်တာလဲ မောင်မိုး''

''ရှင်းနေသားပဲ အစ်ကို၊ မမနွေးဟာ ခုချိန်ထိ ကိုလှိုင်ဘွားကို လက်မခံသေးဘူးဆိုတာ ဂဃနဏပဲပေါ့၊ ကျုပ်က ဂဃနဏမသိဘဲ အစ်ကို့ကို ပြောမိထားတော့ အခု မမနွေးက တကယ့်ကို ဂဃနဏ ကျုပ်ကိုပြောပြတဲ့ သဘောပေါ့''

''ဟော…ဟော…နားထောင်စမ်း…မောင်မိုး''

ကိုလှိုင်ဘွားနဲ့ပတ်သက်ပြီး မနွေးနွေး၏ ဂဃနဏကို မောင်မိုး ရှင်းပြနေစဉ်မှာပင် နားစွင့်ထားတော့ ပိုင်စိုး၏ နားထဲသို့ ထူးခြားသောအသံတစ်သံ ကြားလိုက်ရသောကြောင့် ပိုင်စိုးက မောင်မိုးကို နားထောင်စမ်းဟု ပြောကြားလိုက်ခြင်း ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"တောက်…တောက်…တောက်"

မီးဖိုဘက်ဆီမှ ထွက်လာသောအသံဖြစ်သည်။

အချိန်မှာ ညသန်းခေါင်ရှိပေပြီ။ သန်းခေါင်ယံတွင် စတင်ထွက်လာသော အသံဖြစ်သည်။

နှစ်ယောက်သားငြိမ်၍ နားထောင်နေစဉ်မှာပင် တောက်တောက်အသံ ပျောက်သွားပေသည်။

ပိုင်စိုးသည် ချိုင်းအောက်စလွယ်အိတ်ထဲမှ ပစ္စတို ကို ထုတ်ယူလိုက်သည်။ ကျည်ဆန်ခုနစ်တောင့်ပါ မဂ္ဂဇင်း ထည့်ထားပါ၏။ မောင်မိုးကလည်း သူ၏မောင်ပုန်းသေနတ် ကို ခါးချိုးကျည်ဆန်ထည့်ပြီး ချပ်ကနဲပြန်ပိတ်သည်နှင့် မောင်းတင်ပြီးသား ဖြစ်သွားပါလေ၏။

"ဝူး…ဝူး…ဝူး…"

တဝူးဝူးနှင့် နောက်ထပ်အသံတစ်မျိုး ထွက်လာပြန် သည်။ မီးဖိုဘက်မှပင် ဖြစ်ပါ၏။

ပိုင်စိုးကပစ္စတိုကိုချိန်ရင်း မီးဖိုဘက်ဆီသို့ ဖြည်းဖြည်း လေးလျှောက်လာခဲ့သည်။ မောင်မိုးကလည်း နှစ်လုံးပြူး ပြောင်းကို ချိန်ရင်း လိုက်ပါလာသည်။

မီးဖိုဘက်ဆီသို့မရောက်မီမှာပင် အကောင်မည်းမည်း ကြီးတစ်ကောင် မီးဖိုတံခါးပေါက်မှ ဘွားခနဲထွက်လာတော့ သည်။

"ဝါး…ဟား…ဟား"



အသံနက်ကြီးဖြင့် ဟိန်းနေအောင်ရယ်သံထွက်လာ သည်။ အကောင်မည်းမည်းကြီး။ တစ်ကိုယ်လုံးမှာ အမွေး အမှင်အနက်တွေဖုံးနေသည်။ အကောင်ကြီး၏အရပ်မှာ ခြောက်ပေပင်ကျော်ဦးမည်။ ကြီးထွားသည်မှာလည်း ရင်အုပ် ကျယ်ကြီး။ နည်းသည့်အကောင်ကြီး မဟုတ်။

ရေနံဆီမီးဖိုအလင်းရောင်ဖြင့် အလုမ်းဝေးနေသော ကြောင့် အကောင်ကြီး၏မျက်နှာကိုမူ သဲသဲကွဲကွဲ မမြင်ရပေ။ မျောက်ဝံ၏ မျက်နှာမျိုးဖြစ်မည်။

"ဒိုင်း…ဒိုင်း"

ပိုင်စိုး သတ္တဝါကြီး၏ ရင်အုပ်ကျယ်ကြီးကို ပစ္စတို နှင့် နှစ်ချက်ဆင့်ပစ်လိုက်သည်။

မလွဲတမ်း ထိမှန်မှန်းသေချာသည်။ သေနတ်ထိမှန် သောကြောင့် သတ္တဝါကြီးနောက်သို့ ယိုင်ခနဲ…ယိုင်ခနဲ ယိုင်ထိုးသွားသည်ကိုလည်း တွေ့ရသည်။

"ထိန်း"

မောင်မိုးကလည်း နှစ်လုံးပြူးဖြင့် ပထမတစ်ချက် ပစ်လိုက်သည်။ ထိမှန်သည်သာပင်။ သတ္တဝါကြီး ထပ်မံ ဘာနောက်သို့ ယိုင်ယိမ်းသွားပြန်သည်။

သို့သော် လဲပြိုကျသွားရုံမက သူ့ကိုယ်ကြီးကို ချက် ချင်းပြန်မတ်ခါ ရှေ့သို့ထပ်တိုးလာသည်။

"ထိန်း"

www.burmeseclassic.com

www.burmeseclassic.com



မောင်မိုးက နောက်ထပ် ဒုတိယကျည်ဆန်ဖြင့် ထပ်ပစ်ပြန်သည်။

သတ္တဝါကြီး တွန့်ခနဲဖြစ်သွားလျက်ကြားကပင် မောင်မိုးထံသို့အတင်းဝင်ကာ နှစ်လုံးပြူးသေနတ်ပြောင်းရှည်ကို ဆွဲယူရာ…ပြီး ဘေးသို့ လွှင့်ပစ်လိုက်သည်။

"ပြေး…ပြေး…မောင်မိုး၊ မင်း လွတ်အောင် ပြေးတော့"

လက်ထဲတွင် သေနတ်မရှိတော့ပြီဖြစ်သော မောင်မိုးကို လွတ်အောင် ပြေးခိုင်းရတော့သည်။

မောင်မိုးသည် အိမ်အပြင်ဘက်သို့ ထွက်ပြေးသွားပါ၏။

"ဒိုင်း…ဒိုင်း"

ပိုင်စိုးက နောက်ထပ်နှစ်ချက်ဆင့်ပြီး သတ္တဝါကြီးကို ပစ်ပြန်သည်။

သတ္တဝါကြီးသည် ပိုင်စိုးဆီသို့ တရှူးထိုးဝင်လာတော့သည်။

ပိုင်စိုး ပြေးထွက်ချိန်မရလိုက်တော့ပေ။

သတ္တဝါကြီး၏ လက်နှစ်ဖက်ထဲသို့ ပိုင်စိုး ရောက်သွားတော့သည်။

ပိုင်စိုး သူအားရှိသမျှရုန်းသည်။

ဘယ်လိုမှ အင်အားခြင်းမမျှပေ။ သတ္တဝါကြီးက



အင်အားကြီးမားလွန်းနေသည်။ လူကြီးလက်ထဲသို့ ကလေးရောက်နေသလိုပင်။

သတ္တဝါကြီးသည် သူ၏အမွေးထူထူ လက်ကြီးတစ်ဖက်ဖြင့် ပိုင်စိုးကိုချုပ်ကိုင်ထားပြီး ကျန်လက်တစ်ဘက်က ပိုင်စိုး၏ဦးခေါင်းကို ဖမ်းချုပ်ဖို့ကြိုးစားသည်။

ပိုင်စိုး ချက်ချင်းသဘောပေါက်သည်။ သတ္တဝါကြီးသည် သူ၏ဦးခေါင်းကို အမိကိုင်ပြီး လည်ပင်းကိုလိမ်ချိုးရန် အားထုတ်နေခြင်းပင်။

ပိုင်စိုးက ဦးခေါင်းကို အမိမခံဘဲ ဟိုယိမ်းဒီယမ်းဖြင့် ရှောင်ရင်း သတ္တဝါကြီးနှင့်ပူးကပ်နေသဖြင့် သတ္တဝါကြီး၏ ရင်အုပ်ကြီးကို ကိုင်မိဆွဲမိသည်။

သတ္တဝါကြီး၏ ရင်အုပ်ကြီးတစ်ခုလုံးမှာ လိပ်ကျောကုန်းလို အခွံမာကျောလှကြောင်း စမ်းမိသဖြင့်သိရသည်။ ထို့ကြောင့် သေနတ်ကျည်ဆန်မထွင်းဖောက်နိုင်ခြင်းဖြစ်မှန်းလည်း သဘောပေါက်သွားသည်။

ပိုင်စိုး၏လက်သည် သတ္တဝါကြီး၏ဝမ်းဗိုက်ကို စမ်းမိပြန်သည်။ သတ္တဝါကြီး ပေါင်တံတစ်ဖက်ကိုလည်း ရုန်းရင်းကန်ရင်း စမ်းမိသည်။

သတ္တဝါကြီး၏ ဝမ်းဗိုက်နှင့်ပေါင်တံသည် လိပ်ခွံလိုမာကျောခြင်းမရှိ။ အသားပျော့တွေမှန်း သတိထားမိသည်နှင့်ပထမအနီးဆုံးစမ်းမိသည့် ပေါင်ထဲသို့ ပစ္စတိုပြောင်းတေ့

www.burmeseclassic.com



ကာ ဒိုင်းခနဲ မောင်းဖြုတ်ချလိုက်သည်။

"အား…အား…"

သတ္တဝါကြီး နာကျင်စွာအော်လိုက်စဉ်မှာပင် ပိုင်စိုးသည် သတ္တဝါကြီးဝမ်းဗိုက်သားအပျော့ကို ပြောင်းတော့ကာ ဒိုင်းခနဲ နောက်တစ်ချက်ပစ်လိုက်ပြန်သည်။

အသံနက်ကြီးဖြင့် အား…ဟု တအားကြီးအော်ကာ ပိုင်စိုးကို ချုပ်ကိုင်ထားရာမှ တွန်းထုတ်လိုက်ပြီး မီးဖိုတံခါးပေါက်ဆီသို့ တန်းခနဲဝင်ပြေးသွားပါလေတော့၏။

"အစ်ကို…အစ်ကို"

သတ္တဝါကြီးတွန်းထုတ်လိုက်သောအရှိန်ဖြင့် ဖင်ထိုင်လဲကျသွားသော ပိုင်စိုးထံသို့ မောင်မိုးပြေးဝင်လာပြီး တွဲထူလိုက်သည်။

ပိုင်စိုးလူးလဲထရင်း သေနတ်ထဲမှကျည်ကပ်ကိုထုတ်ကာ နောက်အသစ်တစ်ကပ် ထပ်သွင်းထားလိုက်သည်။

"မောင်မိုး…မင်း နှစ်လုံးပြူးပြန်ကောက်ပြီး ကျည်ဆံထပ်ထည့်၊ မောင်းတင်ထား"

မောင်မိုးက ချက်ချင်းလုပ်ဆောင်သည်။

ပိုင်စိုးသည် မီးစက်ဆီသို့သွားကာဆီဖွင့် မီးကြိုးဆွဲပြီး မီးစက်ကိုစက်နှိုးလိုက်သည်။ မီးစက်နိုးသွားပြီး တစ်အိမ်လုံး ထိန်လင်းသွားတော့သည်။

"လာဟေ့ မောင်မိုး…အဲဒီကောင်ကြီး မီးဖိုထဲ



ဝင်ပြေးသွားတယ်၊ မြန်မြန်လိုက်မှ…"

နှစ်ယောက်သား သေနတ်တွေချိန်ရင်း မီးဖိုထဲသို့ ဝင်ခဲ့သည်။

မီးဖိုထဲတွင် သတ္တဝါကြီးကို မတွေ့တော့ပေ။ မီးဖို၏ နောက်ဖေးဘက်တံခါး ပွင့်နေသည်ကို တွေ့ရသည်။

"ဒီကောင်ကြီး နောက်ဖေးတောတန်းထဲ ဝင်ပြေးသွားပြီထင်တယ် အစ်ကို"

ပိုင်စိုးက မောင်မိုးထင်မြင်ချက်ကို ခေါင်းမညိတ်ဘဲ မီးဖိုကြမ်းပြင်တစ်နေရာသို့ ငုံ့ကြည့်နေသည်။

"ဒီမှာကြည့်စမ်း…မောင်မိုး"

"ဟာ…သွေးစက်တွေပဲ အစ်ကို"

"အေး…တစ္ဆေသရဲဆိုရင်သွေးထွက်ပါ့မလား"

မောင်မိုး ခေါင်းခါပြသည်။

"ဒါဆိုရင် အစ်ကိုထင်သလို လူဝံကြီးတစ်ကောင်လား၊ မျောက်ဝံကြီးတစ်ကောင်လား အစ်ကို၊ ဒါကြောင့် အစ်ကိုပစ်တာထိသွားပြီး နောက်ဖေးတောတန်းထဲ ပြန်ဝင်ပြေးတာဖြစ်မယ်"

ပိုင်စိုး ခေါင်းခါပြပြန်သည်။

"မင်းက 'သတ္တဝါကြီးကို နှစ်လုံးပြူးနဲ့ နှစ်ချက်ပစ်တယ်၊ ငါကလဲ ပထမပိုင်းမှာ ပစ္စတိုနဲ့ လေးချက်ပစ်တယ်၊ ငါတို့ပစ်သမျှဟာ သတ္တဝါ

www.burmeseclassic.com

ကြီးရဲ့ရင်အုပ်ကို ကပ်ပြီးပစ်တာ၊ ငါတို့ပစ်သမျှ သတ္တဝါကြီးရဲ့ရင်အုပ်ကို သေချာပေါက်ထိတာ ချည်းပဲ၊ ဒါပေမယ့် ဒီကောင်ကြီး လဲမသွားဘူး၊ လူဝံဖြစ်ဖြစ်၊ မျောက်ဝံဖြစ်ဖြစ် ဒီလောက်သေနတ် ပစ်ချက်တွေ ရင်အုပ်ကိုထိမှတော့ မသေတောင် လဲကျသွားရမယ်၊ ဒီကောင်ကြီး ဘာလို့မလဲမပြို တာလဲ''

''ဟုတ်တယ်နော် အစ်ကို၊ အဲဒါ ထူးဆန်း တယ်''

''နောက်တစ်ချက်က မင်း ဒီအိမ်ကြီးရဲ့တံခါး တွေအားလုံးပိတ်တယ်၊ မီးဖိုနောက်ဖေးတံခါးပိတ် တာလဲ ငါမြင်သားပဲ''

''ကျုပ်...အပြင်ကဝင်နိုင်တဲ့ တံခါးတွေ အားလုံးပိတ်တယ် အစ်ကို''

''ဒါဆို...ဒီကောင်ကြီး မီးဖိုထဲကို ဘယ်လို ဝင်နိုင်သလဲ၊ အခု မီးဖိုနောက်ဖေးတံခါးပေါက် ပွင့်နေပေမယ့် တံခါးမင်တုံးကို ချိုးဖျက်တာတို့၊ တံခါးကိုရိုက်ချိုးဖွင့်တာမျိုးမဟုတ်ဘဲ တံခါး ပကတိ အတိုင်း ကောင်းနေတယ်၊ ဒီကောင်ကြီးဟာ သေနတ်ဒဏ်ရာရလို့ ထွက်ပြေးပြီး မီးဖိုနောက်ဖေး တံခါးကိုဖွင့်ပြေးတာဆိုရင် ဒီကောင်ကြီးဟာ လူဝံ



လဲ မဖြစ်နိုင်ဘူး၊ မျောက်ဝံလဲမဖြစ်နိုင်ဘူး၊ ဘာ လို့လဲဆိုတော့ လူဝံဖြစ်ဖြစ် မျောက်ဝံဖြစ်ဖြစ် အဲဒီ အကောင်တွေဟာ တိရစ္ဆာန်တွေပဲ၊တိရစ္ဆာန်မှာ တံခါးမင်းတုံးဆွဲပြီး တံခါးဖွင့်ရမယ်ဆိုတဲ့ ဦးနှောက် လဲမရှိဘူး၊ ဘယ်တိရစ္ဆာန်မှ တံခါးမင်းတုံးကို မဖွင့် တတ်ဘူး''

''ဒါဆို...အဲဒီသတ္တဝါကြီးက ဘာကောင်ကြီး ဖြစ်မလဲ အစ်ကို''

''အင်မတန် ထွားကျိုင်း ထောင်မောင်း ကြံ့ခိုင် အင်အားသိပ်ကောင်းတဲ့ လူကြီးတစ်ယောက်ပဲ ဖြစ် ရမယ် မောင်မိုး''

''ဟာ...အစ်ကို သူ့တစ်ကိုယ်လုံး အမွေးရှည် မည်းမည်းကြီးတွေနဲ့ပဲ၊ မျက်နှာကလဲ မျောက်မျက် နှာကြီး''

ပိုင်စိုးက ပုခုံးကိုသာ တွန့်ပြလိုက်သည်။

''လာ...လာ...ငါတို့အပြင်ပြန်ထွက်မယ်၊ ငါ ခြေရာခံစရာရှိနေတယ်''

မီးဖိုမှအပြင်ခန်းသို့ပြန်အထွက်တွင် ပိုင်စိုးက ကြမ်း ပြင်ကို သေချာကြည့်သည်။ သတ္တဝါကြီး ပြန်ထွက်ပြေးရာ ည့်ခန်းမှ မီးဖိုအထိသွေးစက်များကျသွားသည်ကို တွေ့ရ ပေသည်။

www.burmeseclassic.com



ဝမ်းဗိုက် တစ်ချက်။

ပေါင်တစ်ဘက်တွင် တစ်ချက်။

ပိုင်စိုးပစ်လိုက်သော ကျည်ဆန်နှစ်တောင့်ထိသွားသည့် နှစ်နေရာမှ သွေးတွေကျခဲ့ခြင်းသာဖြစ်ရမည်။

"အစ်ကို...အစ်ကို၊ ဟိုမှာ...ဟိုမှာ"

မောင်မိုးက တိုက်အိမ်ကြီးရှေ့သို့ လက်ညှိုးထိုးပြသည်။ ပိုင်စိုး လှမ်းကြည့်လိုက်သည်။

အရိပ်မည်းကြီးသုံးခု ခြံထဲသို့ ချဉ်းကပ်ဝင်ရောက်လာနေသည်ကို မှန်ပြူတင်းပေါက်မှ လှမ်းမြင်ရသည်။

"ဒိုင်း...ဒိုင်း"

ပိုင်စိုးက အလျင်ဦးစွာပင် အရိပ်မည်းသုံးခုဆီသို့ ထိုးပစ်သည်။

"မောင်မိုး...ပစ်...ပစ်"

"ထိန်း...ထိန်း"

မောင်မိုးက နှစ်လုံးပြူးဖြင့် နှစ်ချက်စလုံးဆင့်ကာ ပစ်သည်။

အရိပ်မည်းတွေထံမှလည်း ပြန်၍ လှမ်းပြီး သေနတ်နှင့် နှစ်ချက် ပစ်သဖြင့် ပြတင်းပေါက်မှန်တွေ ကွဲသွားသည်။

"မောင်မိုး...နံရံကပ်နေ၊ သူတို့ မီးအလင်းရောင်ထွက်နေတဲ့ ပြတင်းပေါက်ကို လှမ်းပစ်နေ





တယ်"

ပိုင်စိုးက မီးစက်ဆီသို့တွားသွားကာ မီးခလုတ်ပိတ်လိုက်သည်နှင့် မီးတွေငြိမ်းသွားသည်။

ပိုင်စိုးဆက်ပြီး ဘေးဘက်တွားသွားကာ ကောင်းကင်၏ရောင်ပြန်ဟပ်အလင်းရောင်ဖြင့် မှုန်ပျပျမြင်ရသည့် အရိပ်သုံးခုဆီသို့ ကျည်ကပ်ထဲတွင် ကျန်နေသမျှကျည်ဆန်တွေဖြင့် ပစ်တော့သည်။ မောင်မိုးကလည်း ကျည်ဆန်နှစ်တောင့်ထည့်ပြီး ဆက်ပစ်ပြန်သည်။

အရိပ်မည်းသုံးခုစလုံး ကမ်းစပ်သို့ပြန်ပြေးသွားကြသည်။ လှေဖြင့်လှော်ထွက်သွားကြတော့သည်။ သူတို့ကိုထိလေသလား...မထိလေသလားတော့ မသိနိုင်ပါလေ။

www.burmeseclassic.com

www.burmeseclassic.com



## (၉)

"ဟေး…မောင်စိုးစိုး…မောင်စိုးစိုး"

"ဟေး…ငမိုး"

မော်ရုံတောရွာဘက်မှ မီးတုတ်တွေကိုင်ပြီး လူ

လာကြသည်မှာ သီတင်းကျွတ်မီးပွဲလှည့်သလား

မေ့ရသည်။

ဦးအိန္ဒက နှစ်လုံးပြူးကိုင်ကာ ကျည်ဆန်တွေ

အိတ်နှင့်လွယ်လာသည်။ ရွာမှလူကြီးတွေ လူငယ်တွေ ဒု

လုံ၊ မှိန်း၊ ခရင်းခွတွေဖြင့် တစ်သီကြီး လိုက်ပါလာသ

ပိုင်စိုးက ဦးအိန္ဒလှမ်းခေါ်သည်ကို အသံပြန်ပေး

သည်။

"ကျွန်တော်တို့ ဘာမှမဖြစ်ဘူး ဦးလေး"



"ဟုတ်တယ်…အဘ၊ ကျုပ်တို့ ဘာမှမဖြစ်ဘူး"

"အေးကွာ…သေနတ်သံတွေက တရုတ်နှစ်သစ်ကူး ဗျောက်အိုးဖောက်သလား အောက်မေ့ရတယ်၊ ရွာထဲကအတိုင်းသား ကြားနေရတယ်၊ ဟေ့ မောင်စိုးစိုး အကြောင်းကော ထူးသလားကွ"

"ထူးတယ် ဦးလေး၊ ဩော်…ဩော်မနွေးနွေးပါ လိုက်လာသလား၊ ညကြီးမင်းကြီး အန္တရာယ်များလိုက်တာ မနွေးနွေးရယ်"

"ရပါတယ် ကိုစိုးစိုး၊ ဖေဖေ့ တစ်ယောက်တည်း မလွှတ်ချင်တာရော၊ ကိုစိုးစိုးကို စိတ်ပူမိတာရော၊ အခြေအနေအဖြစ်မှန်ကို သိချင်တာရော ကြောင့် နွေးနွေးဇွတ်လိုက်လာတာ"

ဘေးမှကြားလျှင် နှစ်ယောက်သားရိုးရိုးသားသား

သည်ဟုပင် ထင်ရသည်။

သို့တစေ…စကားနောက်တွင် တရားလေးပါနေ

ပိုင်စိုးက မနွေးနွေးလိုက်တာ အန္တရာယ်များလိုက်တာ

တွင် နွေးနွေးအပေါ် စိုးရိမ်ကြောင်း သံယောဇဉ်

ကြောင်း ပါဝင်သွားသည်။ မျက်နှာမှာလည်း စိုးရိမ်ပူပန်

ကြောင်း ပေါ်လွင်နေသည်။

အလားတူပင် ကိုစိုးစိုးအတွက် စိတ်ပူမိတာရောဟု

www.burmeseclassic.com

www.burmeseclassic.com



နွေးနွေးပြန်အပြောတွင်လည်း သံယောဇဉ်နှင့် စိုးရိမ်ပူပန်မှုလေး မျက်နှာတွင်ပေါ်လွင်နေသည်။ ဘေးလူသာမသိသည်၊ သူတို့နှစ်ဦးချင်းတော့ သိကြသလိုပင်။

"ပြောပါဦးကွ မောင်စိုးစိုးရ၊ ဘယ်လိုဘာတွေ ထူးခြားသလဲ"

"ဟာ…အဘ"

ဟု မောင်မိုးက အားရပါးရ အာဂလုတ်သံကြီးနှင့် ဝင်ပြောသည်။

"နည်းနည်းနောနောအကောင်ကြီး မဟုတ်ဘူး၊ မျက်နှာကမျောက်မျက်နှာနဲ့၊ တစ်ကိုယ်လုံးအမွေးနက်ကြီးတွေနဲ့ အဘ၊ ကျုပ်က နှစ်လုံးပြူးနဲ့နှစ်ချက်၊ အစ်ကိုက သူ့သေနတ်နဲ့ ဆက်ပစ်လိုက်တာ အကောင်ကြီးက တွန့်သွားရုံ…ယိုင်သွားရုံရှိတယ်၊ ဘာမှမဖြစ်ဘူး၊ ဒီနောက် ကျုပ်လက်ထဲက နှစ်လုံးပြူးဆွဲယူလွှင့်ပစ်တယ်၊ ကျုပ်ကို ရန်လုပ်တော့မှာမို့ အစ်ကိုက ပြေးပြေးပြောတာနဲ့ ကျုပ်လွတ်ရာကို ခုန်ထွက်ပြေးတယ်၊ ကျုပ်လက်ထဲသေနတ်မရှိတော့ဘူးလေ၊ အကောင်ကြီးက အစ်ကို့ကို အတင်းလုံးဖက်ပြီး ပွေ့ချီထားတာ လူကြီးက ကလေးကို ပွေ့ချီထားသလား အောက်မေ့ရတယ်၊ ဒါတောင် အစ်ကိုက အရုပ်အမောင်းရော၊ ဗလရော



ရှိတဲ့လူနော်၊ အစ်ကိုကအတင်းရုန်းရင်းကန်ရင်း အကောင်ကြီးကို နောက်ထပ်လက်ထဲက သေနတ်နဲ့ နှစ်ချက်ထပ်ပစ်တော့မှ အကောင်ကြီးက အသံနက်ကြီးနဲ့အော်ပြီး မီးဖိုဘက် ဖွတ်ပြေးသွားတော့တယ်၊ မီးဖိုထဲက နောက်ဖေးတံခါးပွင့်နေတယ်၊ အကောင်ကြီးကို ရှာမတွေ့တော့ဘူး အဘ"

မောင်မိုးကပြောသည်ကို ဦးအိန္ဒမှအစ လိုက်ပါလာသည့် လူကြီးလူငယ်အားလုံး မျက်လုံးတွေ အဝိုင်းသား၊ ပ်တွေ အဟောင်းသားနှင့် ငြိမ်ပြီးနားထောင်နေကြသည်။

နွေးနွေးက စွန့်စားရဲသော ကိုစိုးစိုးကို မျက်ဝန်းလှဲ ကြည့်ရင်း ပြောလိုက်သည်။

"ဒါဆို ကိုစိုးစိုးတွက်ထားသလို တစ္ဆေသရဲ မဟုတ်ဘဲ လူဝံ၊ ဒါမှမဟုတ် မျောက်ဝံကြီး တစ်ကောင်များ ဖြစ်နေမလား"

"တို့ကတော့ လူဝံမျောက်ဝံလို တိရစ္ဆာန် တစ်ကောင် မဖြစ်နိုင်ဘူးလို့ထင်တာပဲ၊ ဒီမှာလာ ဦးလေး…အားလုံး လူတွေပါလိုက်ကြည့်ပါ၊ ကျွန်တော်ပြမယ်"

ဦးအိန္ဒ…နွေးနွေးနှင့် အရုပ်လူကြီးလူငယ်တွေ လိုက်သည်။ လက်ထဲမှ မီးတုတ်ရောင်ဖြင့် ထင်ထင်ရှားရှား မြင်ရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာလေ…အကောင်ကြီးဆီက ကျွန်တော် နောက်ဆုံးနှစ်ချက်ပစ်လို့ထိသွားပြီး သူ့ကိုယ်က ကျတဲ့သွေးစက်တွေ၊ ထွက်ပြေးရာ ကြမ်းပြင်တစ်လျှောက်လုံးမှာ ကျခဲ့တာ"

"ဒါဆို…စောစောက ပစ်လိုက်တဲ့ ကျည်ဆံတွေကကော အကောင်ကြီးကို မထိလို့လား"

"မလွဲနိုင်ဘူး ဦးလေး၊ သတ္တဝါကြီးနဲ့ ကျွန်တော်တို့ အကွာအဝေးဟာ လေးငါးရှစ်ပေပဲရှိတာ ထိတာသေချာတယ်၊ မောင်မိုးကလဲ နှစ်လုံးပြူးနဲ့ နှစ်ချက်ဆင့်ပစ်တာ မလွဲနိုင်ဘူး"

"ဒါတောင် ဒီကောင်ကြီး လဲမသွား သေမသွားတာ အံ့သြစရာပဲ"

"ကျွန်တော် ပစ်တာရော…မောင်မိုးပစ်တာရော အကောင်ကြီးရဲ့ ရင်အုပ်ကိုပစ်ကြတာကိုး၊ နောက်မှ ကျွန်တော် သဘောပေါက်တာက အကောင်ကြီးရဲ့ ရင်အုပ်ဟာ လိပ်ခွံလိုမာကျောနေလို့ ကျည်ဆံမဖောက်ထွင်းနိုင်တာလို့ သဘောပေါက်ရတယ်၊ သူ ကျွန်တော့်ကိုဖမ်းမိပြီး လည်ကုပ်ကိုလိမ်ချိုးဖို့ အားစိုက်နေတုန်း ကျွန်တော် ရုန်းရင်းကန်ရင်း သူ့ဝမ်းဗိုက်နဲ့ ပေါင်တစ်ဘက်ကို စမ်းကိုင်မိတယ်၊ အဲဒီနေရာတွေက လိပ်ခွံလို



မာကျောမနေဘဲ သာမာန်အသားလို ပျော့နေတယ်၊ အဲဒီနေရာကို ကျွန်တော်ပစ္စတိုနဲ့ နှစ်ချက်ထပ်ပစ်တော့မှ အကောင်ကြီးအော်ပြီး မီးဖိုဘက်ထွက်ပြေးသွားတာ၊ အဲဒီဒဏ်ရာက သွေးစက်တွေကျခဲ့တာ"

သွေးစက်ကျရာတစ်လျှောက်သို့ လိုက်ကြည့်ကြလေသည်။ မီးဖိုထဲရှိ နောက်ဖေးတံခါးအထိ သွေးစက်များကို တွေ့ရသည်။

"ဒါဆို ဒီအကောင်ကြီးဟာ ဒီမီးဖိုနောက်ဖေးတံခါးပေါက်ကထွက်ပြေးတာ သေချာတာပေါ့"

"ကျွန်တော် နောက်ဖေးတံခါးက အပြင်ဘက်ကို ထွက်ကြည့်သေးတယ်၊ သွေးစက်တွေကျတာ မတွေ့ရတော့ဘူး၊ အပြင်ဘက်ထွက်ပြေးရင် အပြင်ဘက်မှာလဲ သွေးစက်တွေတွေ့ရမယ်"

မီးတုတ်အလင်းရောင်ရော လက်နှိပ်ဓာတ်မီး အလင်းရောင်တွေရောဖြင့် မီးဖိုတံခါးအပြင်ဘက်တွင် သွေးစက်လိုက်ရှာကြည့်ကြသည်။ သွေးစက်မတွေ့ရတော့ပေ။

ပိုင်စိုးက နွေးနွေးကိုကြည့်ပြီး ပြောလိုက်သည်။

"ဟိုတုန်းကတော့ တို့စိတ်ထဲမှာ သရဲတစ္ဆေတော့မဟုတ်ဘူး၊ မျောက်ဝံ၊ လူဝံနဲ့ ပင်လယ်ထဲက သတ္တဝါတစ်ကောင်ကောင်ဖြစ်မယ်၊ တိရစ္ဆာန်တစ်ကောင်ဖြစ်မယ်လို့ပြောခဲ့တယ်၊ အခုလက်

www.burmeseclassic.com

www.burmeseclassic.com



တွေ့ကျတော့ အဲဒီအကောင်ဟာ တိရိစ္ဆာန်မဟုတ်ဘူးလို့ ကိုယ့်ယူဆလိုက်တယ် မနွေးနွေး၊ တိရိစ္ဆာန်မှာ ဓာံခါးမင်းတုတ်ဖွင့်နိုင်တဲ့ အသိဉာဏ်မရှိဘူး”

မောင်မိုးကို ရှင်းပြသလိုပင် ရှင်းပြပြန်သည်။

“ဒါဖြင့်…အခု ကိုစိုးစိုးက ဘယ်လိုပြောင်းလဲယူဆလိုက်လို့လဲဟင်”

“ဒဏ်ရာရပြီး ထွက်ပြေးသွားတဲ့ ကုပ်ချိုးကောင်ကြီးဟာ အလွန်ထွားကျိုင်းသန်မာထောင်မောင်းတဲ့ လူကြီး တစ်ယောက်ပဲဖြစ်ရမယ်”

“ကိုမိုးပြောတော့ အဲဒီကောင်ကြီးရဲ့ မျက်နှာဟာ မျောက်မျက်နှာဆို၊ သူ့တစ်ကိုယ်လုံးမှာလဲ အမွေးနက် အရှည်တွေနဲ့ဆို…”

“ဒါက ခက်တာမှ မဟုတ်တာ၊ လူဝံ တစ်ကောင်၊ မျောက်ဝံတစ်ကောင်ရဲ့ အရေခွံ စွပ်ချုပ်စွပ်မယ်၊ ဒါမှမဟုတ် အတုလုပ်ထားတာကို ဝယ်ပြီး စွပ်ချုပ်စွပ်မယ်၊ မှုန်မွှားမွှားအလင်းရောင်မှာ မြင်တော့ လူဝံမျောက်ဝံလို့ ထင်စရာပေါ့”

“လူဝံရေဖြစ်ဖြစ်၊ မျောက်ဝံရေဖြစ်ဖြစ် စွပ်ထားရင် သေနတ်နဲ့ပစ်လို့ ကျည်ဆန်က မထိုးဖောက်နိုင်ဘူးလား၊ မောင်စိုးစိုးရော၊ ဧမိုးရော လေးငါး ရှစ်ပေအကွာ ဒီကောင်ကြီး ရင်အုပ်ကို



ပစ်ကြတာဆို….”

“ဆင်ကိုတောင် သေနတ်ကျည်ဆန်က ဖောက်တာပဲ ဦးလေး၊ လူဝံမျောက်ဝံ အရေစွပ်ထားလဲ ကျည်ဆန်က ဖောက်နိုင်တာပဲ၊ ဒါပေမယ့် ဒီကောင်ကြီး ရင်ဘတ်မှာ ကျည်ကာတစ်မျိုးမျိုး အထဲက ခံထားတာဖြစ်နိုင်တယ်၊ ကျည်ကာဝတ်ထားရင်တော့ ကျည်ဆန်က မဖောက်နိုင်ဘူးလေ”

“အေး…ငါ နိုင်ငံခြား ရုပ်ရှင်ကားတွေမှာ ကျည်ကာဝတ်ထားလို့ သေနတ်နဲ့ပစ်ပေမယ့် မသေတာမျိုး ကြည့်ဖူးတယ်”

“ဒါဆို…ကျွန်တော့်အယူအဆကို အားလုံးခြုံပြီးပြောပြမယ်၊ အင်မတန်ကြီးမားထွားကျိုင်းပြီး အင်အားကြီးမားတဲ့ လူတစ်ယောက်ဟာ အတွင်းမှာ ကျည်ကာအင်္ကျီဖြစ်ဖြစ် တစ်မတ်ထုလောက် သံပြားကြီးဖြစ်ဖြစ် ရင်ဘတ်မှာကာကွယ်ထားပြီး အပေါ်က လူဝံအရေ မျောက်ဝံအရေဝတ်ထားမယ်၊ နောက်ပြီး သူဟာ ဦးရာမတိုက်အိမ်ကြီးထဲ လာနေတဲ့ လူတွေကို ကုပ်ချိုးလည်ပင်းချိုးနည်းနဲ့ သတ်မယ်၊ ဦးကျင်ဟုတ်ရောယ မစ္စတာဒေးဗစ်ရော ညပိုင်းမှာအရက်သောက်မူးနေတော့ ဒီကောင်ကြီးကို မခုခံနိုင်ဘူး၊ ဒီကောင်ကြီးဟာ ဦးရာမတိုက်

www.burmeseclassic.com



အိမ်ကြီးက တစ်နေရာရာမှာ ပုန်းနေမယ်၊ ဒီလိုပုန်းနေပြီး တိုက်အိမ်ကြီးထဲမှာဖြစ်ဖြစ်၊ ခြံကြီးထဲမှာဖြစ်ဖြစ် သူလှုပ်ရှားသွားလာတာကိုမြင်တဲ့လူတွေက သရဲခြောက်တာလို့ပြောကြမယ်''

အားလုံးသည် ပိုင်စိုးပြောပြသည်တို့ကို စိတ်ဝင်စားစွာ နားထောင်နေကြသည်။ ခေါင်းတညိတ်ညိတ်နှင့် ပိုင်စိုးပြောပြသည်ကို ထောက်ခံသည့်အသွင်လည်းရှိကြသည်။

ထောက်ခံခေါင်းညိတ်ပြီပေါ့။ အခု လောလောလတ်လတ်မှာပင် ပိုင်စိုးက ဒီကောင်ကြီးကို ရင်ဆိုင်တိုက်ခိုက်ပြီး ဒီအကောင်ကြီးသွေးထွက်သံယို ရှိသွားကြောင်း အသိတွေဖြစ်နေပေပြီကိုး။

''ကနေ့ညလဲ ဒီကောင်ကြီးက လူလုပ်နေကျပုံစံလုပ်တာပဲ၊ ကျွန်တော်နဲ့မောင်မိုးကို သူက အရင်လူတွေသတ်သလို သတ်ဖို့ကို ထွက်လာတာပဲ၊ သူလာတာနဲ့ သရဲချောက်တဲ့ပုံစံနဲ့ ဝူးဝူးဝါးဝါးအသံပေးတယ်၊ တော်ရုံလူအဖို့တော့ ဒီကောင်ကြီးက အရေခွံစွပ်ထားပြီး အမွေးပြိုင်းပြိုင်းနဲ့ ဝူးဝူးဝါးဝါးအသံလုပ်တာကို မြင်ရကြားရတာနဲ့ ကြောက်နေပြီလေ၊ ဒီအထဲ အရက်ကမူးနေပြန်တော့ ဒီကောင်ကြီးက အလွယ်တကူ ကုဂ်ခီးသတ်နိုင်တာပေါ့…

အဲ… ကျွန်တော်နဲ့မောင်မိုးကတော့ ဒီအိမ်



ကြီးကို လာနေကတည်းက အကြောင်းမှန်ဇစ်မြစ်ကို သိချင်လို့ ရင်ဆိုင်တိုက်ခိုက်ဖို့ အသင့်ပြင်ဆင်ထားတဲ့ လူတွေပဲ၊ ဒါကြောင့် သူဝူးဝါးသံနဲ့ ထွက်လာလည်း ကျွန်တော်တို့ မကြောက်ဘူး၊ ပြန်ပြီး တိုက်ခိုက်တယ်၊ နောက်ဆုံး သူဝမ်းဗိုက်နဲ့ ပေါင်တစ်ဘက်ကို သေနတ်ထိမှန်တော့ သူမဟန်နိုင်တော့ဘဲ သူလာခဲ့တဲ့ လမ်းမီးဖိုဘက်ကို ထွက်ပြေးတာပဲ၊ နောက်ကလိုက်လာတဲ့ ကျွန်တော်နဲ့ မောင်မိုးအထင်မှားအောင် မီးဖိုတံခါးကို မင်းတုံးဖြုတ်ဖွင့်ထားလိုက်တယ်၊ သူနောက်ဖေးတောတန်းဘက်ထွက်ပြေးသွားတယ်၊ မျောက်ဝံ လူဝံကြီးလို့ ထင်အောင်လို့ပေါ့လေ၊ ပြီးမှ သူက ဒီတိုက်အိမ်ကြီးထဲ သူပုန်းနေကျနေရာမှာ ဝင်ပုန်းနေတာပဲဖြစ်မယ်လို့ ကျွန်တော်ယူဆတယ်''

''ဟာ…ဒါဆို ဒီကောင်ကြီး ဒီတိုက်အိမ်ကြီးထဲမှာပဲရှိနေမှာပေါ့၊ ဒါဆို ဝိုင်းရှာမယ်''

''ဒီကောင်ကြီး မီးဖိုထဲမှာတင် ပျောက်သွားတော့ည ဒီမီးဖိုတစ်နေရာရာမှာပဲ ပုန်းနေတာဖြစ်မယ် ဦးလေး''

မီးဖိုထဲတွင် ရှာကြတော့သည်။

မီးဖိုထဲတွင် ဒီအကောင်ကြီး ပုန်းရှိုင်လောက်သော

www.burmeseclassic.com

www.burmeseclassic.com



အကာအကွယ် ဗီရိုကြီးတွေဘာတွေမရှိပေ။

ရှာ၍ မတွေ့ကြပေ။

"ဒီကောင်ကြီး နောက်ဖေးတံခါးပေါက်က ထွက်ပြီး အိမ်အပေါ်ထပ်ကိုများ လှေကားထစ်က ပြန်တက်သွားသလားပဲ မောင်စိုးစိုး"

"ဒီတိုက်အိမ်ကြီးကို နေ့ခင်းကတည်းက သေချာစစ်ဆေးကြည့်ပြီးပြီ၊ အပေါ်ထပ်အောက်ထပ်ကိုဆင်းတဲ့ တက်တဲ့ လှေကားဟာ အိမ်ထဲမှာ တစ်ခုပဲရှိတယ်၊ အပြင်ဘက်မှာ ကြောင်လိမ် လှေကားတို့ ဘာလှေကားမှမရှိဘူး၊ ဒီကောင်ကြီး မီးဖိုဘက်ထွက်ပြေးသွားတော့ ကျွန်တော်နဲ့မောင်မိုး နောက်ကလိုက်တာပဲ၊ ဒီကောင်ကြီး အိမ်ထဲတလှေကားရှိတဲ့ အပြင်ဧည့်ခန်းကို ပြန်ထွက်လာလို့မှ မရတာ ဦးလေး"

"ဒါဆို အပေါ်ထပ်ကို ကြိုးနဲ့ဆွဲတက်သွားရင်တော့..."

"သာမန်ဆိုရင်တော့ ဦးလေးပြောတာ စဉ်းစားစရာပဲ၊ ဒါပေမယ့် ဒီကောင်ကြီး ဝမ်းဗိုက်နဲ့ဝေါင်မှာ သေနတ်မှန်ထားတယ်၊ ဒီဒဏ်ရာတွေနဲ့ ကြိုးဆွဲတက်နိုင်ဖို့ မဖြစ်နိုင်ဘူး ဦးလေး၊ ဆွဲတက်ရင်လဲ အဲဒီနေရာမှာ သွေးစက်တွေရှိနေရမယ်၊ ဒါပေမယ့်



မလိုလဲလိုလဲ ကျွန်တော်အိမ်ပေါ်ထပ်ကို တက်ကြည့်ကြတာပေါ့"

ပိုင်စိုး ဦးအိန္ဒ မောင်မိုး သေနတ်သမား သုံးယောက်နှင့်အတူ ရှာသူရှာသား လူသိုက်တစ်ချို့ပါ အိမ်ပေါ်တက်ရန် ပြင်ဆင်ကြသည်။

"မနွေးနွေး အောက်မှာပဲ ရှာကလူတချို့နဲ့ နေခဲ့ပါလားဟင်၊ အပေါ်ထပ်ကို တို့လဲ တက်မကြည့်ရသေးတော့ ဘာဖြစ်မယ်မှန်းမသိဘူး၊ အရေးအကြောင်းဖြစ်လာရင် နွေးနွေးက မိန်းမသားဆိုတော့..."

ကိုစိုးစိုး၏စကားမှာ မိမိအပေါ် စိုးရိမ်စိတ်နှင့် ပြောသည့်အပြင် လက်ခံသင့်သောအကြိုးအကြောင်းမို့ နွေးနွေးခေါင်းညိတ်ပြီး အောက်မှာပင် နေခဲ့ပါ၏။

ပိုင်စိုးပင်ခေါင်းဆောင်ပြီး ရှေ့ဆုံးမှ တက်ခဲ့သည်။ အပေါ်ထပ်အခန်းစေ့နေရာစေ့ဒေါင့်စေ့ လက်နှိပ်ဓာတ်မီးနှင့်ရော မီးတုတ်အလင်းရောင်နှင့်ရော ရှာဖွေကြည့်ရှုစစ်ဆေးကြသည်။

လုံးဝ...ဘာကိုမှ မတွေ့ရပါလေ။

"မောင်စိုးစိုး တွက်တာမှန်တယ်၊ အပေါ်မှာမရှိတာ သေချာပြီ။ ကဲ...အောက်ပြန်ဆင်းကြစို့"

အောက်ဆုံးပြန်ဆင်းခဲ့ကြသည်။ ပိုင်စိုးကနောက်

www.burmeseclassic.com

www.burmeseclassic.com



ဆုံးမှ ဆင်းသည်။

နွေးနွေးက လှေကားခြေရင်းမှ စောင့်နေရှာပေသည်။ ပိုင်စိုးဆင်းပြီးသည်အထိ ရပ်စောင့်ပြုံးမှ...

"ကိုစိုးစိုး နွေးနွေးစိတ်ထဲမှာ သံသယဖြစ်စရာ တစ်ခု တွေ့ထားတယ်"

"ဘာများလဲ...နွေးနွေး"

"လာ...နွေးနွေးပြမယ်"

နွေးနွေးက အိမ်ရှေ့ခန်းသို့ ခေါ်သွားပြီး အခန်း အနေအထားကို ဟိုဘက်အစွန်းမှ ဒီဘက်အစွန်းထိ ညွှန် သည်။ ခေါင်းရင်းအစွန်းမှ ခြေရင်းအစွန်းကို ညွှန်ပြ ဖြစ်ပါ၏။

"ဒီတိုက်အိမ်ကြီးရဲ့အနံဟာ ခေါင်းရင်းက ခြေ ရင်းအထိ ပေလေးဆယ်ရှိတယ် ကိုစိုးစိုး၊ ဒီအတိုင်း ပဲ တိုက်အိမ်ကြီးအဝင်ကစပြီး မီးဖိုအဆုံးအထိ အပြင်ကကြည့်ရင် တစ်ပြေးညီရှိနေတယ်၊ လာ... မီးဖိုခန်းကို နွေးနွေးပြမယ်"

မီးဖိုခန်းသို့ နွေးနွေးနှင့်ပိုင်စိုး ထပ်ဝင်ခဲ့သည်။ ဦး တို့နောက်မှ လိုက်လာကြသည်။

"ကိုစိုးစိုး သေသေချာချာကြည့်၊ တကယ် ဆိုရင် မီးဖိုဘက်နံရံထိ အပြင်ကအတိုင်း ပေလေး ဆယ်ရှိရမယ်၊ အခု မီးဖိုနံရံ အကွာအဝေးဟာ





ပေသုံးဆယ်ပဲရှိတယ်၊ ဒါဆို ကျန်တဲ့ ဆယ်ပေ ဟာ စဉ်းစားစရာပဲ"

ဟုတ်၏။ မှန်၏။

အနံ...ဟိုဘက်ဒီဘက် ပေလေးဆယ်ရှိသင့်ပါ လျက် ဒီဘက်နံရံတွင် အုတ်ပြောင်ချောကြီး ပိတ်ကာထား သည်အထိ ပေသုံးဆယ်သာရှိနေသည်။

အမှတ်တမဲ့ဆိုလျှင် မသိသာသော်လည်း နွေးနွေး က သေချာတွက်ပြသောအခါ ထူးခြားမှုရှိနေသည်ကို တွေ့ရပေသည်။

သို့သော် ခြေရင်းပိတ်နံရံသည် အခိုင်အမာ ပြောင် ချောအပိတ်ဖြစ်နေသည်။ တံခါးမရှိ၊ အပေါက်မရှိ၊ အဖုအထစ် မရှိ၊ ဘယ်နေရာတွင်မှ ဘာမှမရှိ။

ပိုင်စိုးက ခြေရင်းနံရံပြောင်ချောကို မော်တော်ကား ဘော်ဒီ ဆရာစမ်းသလို လက်ဝါးလက်ချောင်းများဖြင့် ဖွဖွ အုပ်ခါ ပွတ်ခါစမ်းကြည့်သည်။

ပိုင်စိုးသည် အောက်ကြမ်းခင်းကို သေချာဂရုစိုက် ကြည့်ပြန်သည်။ ကြမ်းခင်း၏လက်ယာဘက်ပိုင်း တစ်နေ ရာတွင် သွေးစက်များ ပို၍ကျလာသည်ကို တွေ့ရသည်။

သွေးစက်များပို၍ တစ်နေရာတည်းစုပုံ ကျနေခြင်း သည် ထိုနေရာတွင် အကောင်ကြီးရပ်နေသောကြောင့်ဖြစ်ရ မည်ဟု တွက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုကြောင့် ထိုနေရာလက်ယာဘက် အုတ်နံရံကို ပိုမို ဂရုတစိုက် လက်ဝါးလက်ချောင်းတို့ဖြင့် စမ်းသပ်ရှာဖွေကြည့် သည်။

"ဟော…ဒီနေရာ"

ပိုင်စိုး နှုတ်မှရွတ်ဆိုလိုက်သည်။ အကြောင်းမူ လက်ယာဘက်စွန်း အုတ်နံရံတွင် သစ်သားဘောင်တစ်ဘောင်ရှိနေသည်။ ထိုဘောင်၏ ငါးပေခန့်အမြင့်တွင် အံဝှက်သဘောမျိုးထဲ့၍ထွင်းထားသည့် ဒိုင်ယာမီတာ နှစ်လက်မခန့်ရှိ သံကွင်းတစ်ကွင်းကို တွေ့ရတော့သည်။

ပိုင်စိုးက သံကွင်းကို ဆွဲချလိုက်သည်။

ကျွီ…ကျွီ မြည်သောအသံနှင့်အတူ အုတ်နံရံမှ ပွတ်တိုင်လည်ပွင့်နည်းမျိုးဖြင့် ကန့်လန့်တစောင်းပွင့်သွားသည်ကို တွေ့ရတော့သည်။

ကန့်လန့်ပွင့် အုတ်ပွတ်တိုင်တံခါးထဲသို့ ပိုင်စိုးက လက်နှိပ်ဓာတ်မီး ထိုးကြည့်လိုက်ရာ အောက်သို့ ဆင်းသောလှေကားတစ်ခုကို တွေ့ရသည်။

လှေကားမှဆင်းလျှင် အောက်တွင် မြေတိုက်ခန်းရှိကြောင်း အားလုံးတွေ့ရသည်။

ပိုင်စိုးက ဦးအိန္ဒနှင့် မောင်မိုးကို သူ့အစီအစဉ် ပြောသည်။

"ဒီလိုလုပ်ရအောင်၊ ကျွန်တော်က မီးတုတ်တစ်ဖက်၊

www.burmeseclassic.com



ပစ္စတိုတစ်လက်နဲ့ရှေ့ကဆင်းမယ်၊ ကျွန်တော်က တတိယအဆင့် လှေကားထစ်ရောက်တာနဲ့ မောင်မိုးက ပထမအထစ် ဆင်းလိုက်ခဲ့၊ မောင်မိုးဆင်းပြီးရင် ဦးလေး ဆက်ပြီးလိုက်ပေါ့"

၄င်းအစီအစီအစဉ်အတိုင်း လှေကားမှ မြေတိုက်ထဲ ဆင်းခဲ့ကြသည်။

အီး…အီး…နှင့် ညည်းတွားသောအသံတစ်ခု ကြား၏။

ပိုင်စိုးသည် လှေကားထစ်အလယ်ကောင်မှပင် လက်က မီးတုတ်ကို မြေအောက်ခန်းကြမ်းပြင်ပေါ်သို့ ပစ်ချ ရာ မြေတိုက်တစ်ခုလုံး အလင်းရောင်လွှမ်းသွားသည်။

ပိုင်စိုးသည် လက်နှိပ်ဓာတ်မီးတစ်ဘက် ပစ္စတို ဘက်ဖြင့် လက်နှိပ်ဓာတ်မီးအလင်းအားဖြင့် မြေတိုက်ခန်း အနှံ့ ထိုးကြည့်လိုက်သည်။

တွေ့လေပြီ။

အမွေးနက်တွေဖြင့် မည်းမည်းသဏ္ဌာဝါသည် စိမ်း အရောင်ထွက်နေသည့် ကျောက်တုံးတစ်တုံးကို ဦးခေါင်း က၊ ညည်းတွားနေသည်ကိုတွေ့ရသည်။ သူ့ဘေးတွင် ခေါင်း မျက်နှာပုံစံခေါင်းစွပ်ကြီး ချထားပေသည်။

အမွေးမည်းနှင့် အစွပ်ကြီးတော့ မချွတ်သေး ားဆဲဖြစ်ပေသည်။ သူထိုင်နေရာတွင် သွေးကျက်ကြီး

www.burmeseclassic.com



ဖြစ်နေပါ၏။

သူသည် ခေါင်းတုံးဆံတောက်နှင့် အလွန်ကြ
ထွားကျိုင်းသော လူကြီးတစ်ဦး ဖြစ်နေပေသည်။
အခြေအနေမှာ ဒဏ်ရာကြောင့် နုံးချည့် အင်အားကု
သည့် အခြေအနေမျိုးရှိနေသည်။ ထိုလူကြီးက ပိုင်စိုးက
ကြည့်ပြီး လေသံပျော့နှင့်ပြောသည်။

"ငါ့ကို ဆေးရုံအမြန်ပို့ပေးပါ၊ ငါ့မိုက်နဲ့ ပေါင်
တစ်ဘက်ကို မင်းတွေ့ပြီးပစ်လိုက်တာ ငါ သိ
အထိနာသွားပြီ"

ဦးအိန္ဒနှင့် မောင်မိုးတို့ သေနတ်ချိန်ရင်း
လာသည်။

လူကြီးမှာည ဘယ်သူတွေလာလာ မလှုပ်
သာ ရှိနေပါ၏။ သေနတ်ဒဏ်ရာကို ခံနေရလေပြီ။

"ငါ့ကို ဒီအရေခွံကြီး ချွတ်ပေးပါ၊ ဝတ်ထာ
ရတာ လေးလွန်းလို့"

"ငမိုး…ချွတ်ပေးလိုက်စမ်း၊ ငါ သူ့
သေနတ်နဲ့ ချိန်ထားတယ်၊ မောင်စိုးလဲ ချိန်ထာ
တယ်၊ ဘာမှမကြောက်နဲ့"

မောင်မိုးသာမက ဆင်းလိုက်လာသော ရွာ
တို့နှင့်အတူ အရေခွံကြီးကို ချွတ်ပေးသည်။

ထိုလူ၏ရင်ဘတ်ကြီးကို တစ်ပေထုခန့်



ပေခွဲ၊ အနံတစ်ပေခန့်ရှိသည့် သံပြားကို ပေါက်ဖောက်
ယ်ကုပ်မှဆွဲပြီး ရင်ဘတ်ကို အုပ်ကာထားသည်။ ထို့
င့် သေနတ်ကျည်ဆန်မဖောက်နိုင်ခြင်းဖြစ်ပေတော့

"ဦးလေး…သူ့ကို သုံးခွရဲစခန်း အမြန်ပို့ရင်
ကောင်းမယ်၊ ရဲစခန်းရောက်မှ ဆေးရုံကိစ္စတွေ
ာတွေ ဆက်လုပ်ပစေလေပေါ့"

ဦးအိန္ဒက သူ့ဒေါက်ကပ်နှင့် ရွာလူကြီးတွေ လိုက်ပါ
င်ရန် ချက်ချင်းစီစဉ်တော့သည်။

ဤ

www.burmeseclassic.com

## (၁၈)

"မောင်စိုးစိုးကတော့ ဒီရွာမှာသာမကဘူး၊ သုံးခွဘက် သန်လျင်ဘက်မှာတောင် နာမည် ဟိုးလေးတကျော် ကြီးသွားပြီကွ၊ ကုပ်ချိုးသတ်တဲ့သရဲကိုတောင် မိအောင်ဖမ်းတယ်လို့…"

"လူကြီးတစ်ယောက်လုံးကို သေနတ်နဲ့ ပစ်ဖမ်းလို့ မိတာတောင် ကုပ်ချိုးတဲ့သရဲကို ဖမ်းတယ်လို့ လူတွေကပြောကြသတဲ့လား ဦးလေး"

"ဟဲ…ဟဲ…တင်စားပြီးပြောကြတဲ့ သဘောလေကွာ၊ ကိုရာမတိုက်ဒိုင်နဲ့ ခြံကြီးထဲမှာ သရဲကုပ်ချိုးသတ်လို့ လူနှစ်ယောက်သေခဲ့တယ်ဆိုတာ အထင်ကရကျော်ကြားခဲ့တာကို တင်စားပြော



ကြတာပါ"

တနင်းလာနေ့မနက်အစောကြီး အတာကို ကျောင်းတက်အမီ ဦးအိန္ဒက ဒေါက်ကပ်နှင့်လိုက်ပို့ပြီး သုံးခွ သန်လျင်တွင် သူ ကြားသမျှ ပြန်ပြောပြနေခြင်း ဖြစ်ပေသည်။

သုံးခွရှိ သမီးကြီးဆွေဆွေအိမ်တွင် တစ်နေ့လုံးနေပြီး ညနေမိုးမချုပ်မီရွာသို့ အရောက်ပြန်ပြီး အိမ်မှာ ညနေထမင်းဝိုင်းပြင်ဆင်နေစဉ် ပြောနေခြင်းဖြစ်ပါ၏။

"ဒါထက် ဒဏ်ရာရထားတဲ့လူကြီးရဲ့ အခြေအနေကော ဘယ်လိုနေသလဲ ဦးလေး"

"အင်း…သွားရှာပြီကွ၊ ဒီနေ့မနက်ပိုင်းမှာပဲ ဆေးရုံမှာဆုံးသွားတယ်၊ သူ့နာမည်က မိုးဟိန်းတဲ့၊ သုံးခွစခန်းက စခန်းမှူး ကိုအောင်ဖုံနဲ့ ကိုနိုးတို့က မိုးဟိန်းမသေမီက ထွက်ဆိုချက်တွေ၊ ဖြောင့်ဆိုချက်တွေ အားလုံးရတယ်၊ ဒီနေ့အတာကို ပြန်ပို့ရင်း ငါသုံးခွ မိဆွေအိမ်ရောက်နေတယ်ကြားလို့ ရဲကြပ်ကြီး ကိုနိုးတောင် ငါ့ကိုလာတွေ့ပြီး စကားတွေပြောသွားသေးတယ်၊ အာပါးပါး… မိုးဟိန်းအောင်းနေတဲ့ မြေတိုက်ထဲက ကိုနိုးတို့ ရဲစခန်းက လာသိမ်းသွားတဲ့ ဥပဒေမဲ့ ပစ္စည်းတွေဟာ ကာလတန်ကြေးနဲ့တွက်ရင် အနည်းဆုံး သိန်းငါးရာဖိုးလောက်ရှိလောက်တယ်လို

www.burmeseclassic.com

www.burmeseclassic.com



ကိုနိုးက ငါ့ကို ပြောပြတယ်ကွ"

"အဲဒီ ဦးမိုးဟိန်းကြီး မြေတိုက်ထဲမှာ ဒဏ်ရာနဲ့မှီထားတဲ့ စိန်းလဲ့လဲ့ကျောက်တုံးကြီးက ကျောက်စိမ်းတုံးကြီး မဟုတ်လား ဦးလေး"

"အစစ်ပေါ့…ဒါတင်မကဘူး၊ မြေတိုက်ထဲက ပတ္တမြားအလုံးနှစ်ဆယ်လောက်လဲ တွေ့ရှိသိမ်းဆည်းရသတဲ့၊ နောက်ပြီး ဘိန်းဖြူထုပ်တွေလဲ အများကြီးတဲ့၊ ဒါကြောင့် စုစုပေါင်း သိန်းငါးရာဖိုးထက်မနည်းဘူးလို့ ကိုသာနိုးက ပြောတာ"

"ကျွန်တော့်ကိုရော သုံးခွရဲစခန်း ဦးသာနိုးတို့က ဘယ်လိုအရေးယူဦးမလဲမသိဘူး၊ ဦးမိုးဟိန်းသရဲကြီးကို ကျွန်တော်သေနတ်နဲ့ပစ်လို့ အခု သေသွားတာမဟုတ်လား"

"ဟ…အဲဒါလဲ ကိုသာနိုးကပြောလိုက်တယ်၊ မင်းကိုပြောလိုက်ပါတဲ့၊ အဲဒါအတွက် စိတ် အနှောင့်အယှက် ဘာမှမဖြစ်နဲ့တဲ့၊ မိုးဟိန်းကြီးရဲ့ ဖြောင့်ချက်ပေးတဲ့အထဲမှာ ကိုကျင်ဟုတ်နဲ့ ဒေးဗစ်ကိုလည်ပင်းလိမ်ချိုးသတ်ခဲ့တာ သူပါလို့ ဖြောင့်ချက်ပေးတဲ့အပြင် မောင်စိုးစိုးကိုလဲ သူက ဖမ်းမိတာနဲ့ လည်ပင်းလိမ်ချိုးပြီး သတ်တာတဲ့၊ မောင် စိုးစိုးရာ ‌-င်အားတောင့်ပြီး ရုန်းကန်ရင်း သူ့ ဝမ်းဗိုက်နဲ့



ပေါင်ကို သေနတ်နဲ့ပစ်တာလို့ ထွက်ဆို သွားတော့ မောင်စိုးစိုးဟာ ကိုယ့်အသက်ကို ခုခံ ကာကွယ်ရင်းပစ်တာမို့ ဥပဒေအပြစ်ကလွတ်တယ်တဲ့၊ ဒါပေမယ့် မောင်စိုးစိုးဆီက ဝန်ခံထွက်ဆိုချက်တော့ လာယူရဦးမယ်တဲ့၊ အခု အလုပ်သိပ်များနေလို့ မလာသေးတာတဲ့၊ မောင်စိုးစိုး စိတ်အေးအောင် ပြောလိုက်ပါတဲ့"

ပိုင်စိုးက ဝမ်းသာသွားပြီး နွေးနွေးကို လှမ်းကြည့်သည်။ နွေးနွေးမျက်နှာတွင်လည်း ဝမ်းသာရိပ်ကလေး သမ်းနေသည်ကို တွေ့ရပါ၏။

"အဲ…အဲဒီ ကျောက်စိမ်းတွေ၊ ပတ္တမြား‌တွေနဲ့ ဘိန်းဖြူတွေက ဘယ်သူ့ပစ္စည်းတွေတဲ့လဲ ဦးလေး"

"အေး…အဲဒါလဲ ကိုသာနိုးပြောသေးတယ်၊ ဒီပစ္စ‌ည်း‌တွေအားလုံးဟာ တေဇတို့အဖွဲ့ ပစ္စည်းတွေတဲ့၊ တေဇအဖွဲ့မှာ လူခြောက်ယောက် ပါဝင်တယ်တဲ့၊ တေဇကခေါင်းဆောင်ပေါ့၊ သူတို့အဖွဲ့က မြန်မာပြည်ထဲက တွင်းထွက်ပစ္စည်းတွေ လိုက်ဝယ်ပြီး နိုင်ငံခြားကို ဘိန်းဖြူနဲ့ အလဲအလှယ်လုပ်တယ်တဲ့၊ ပင်လယ်ကမ်းစပ်က ကိုရာမတိုက်အိမ်ကြီးရဲ့ မြေတိုင်ခန်းကို ဂိုထောင်သဘောနဲ့ ပစ္စည်းတွေထားတာတဲ့၊ အချိန်းအချက်လုပ်တဲ့နေ့ကျရင်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြား ငါးဖမ်းစက်လှေကြီး ရောက်လာပြီး အရောင်းအဝယ် ဖလှယ်တာတွေ လုပ်တာတဲ့၊ ဒါကြောင့် ဒီအိမ်ကြီးကို ဦးမိုးဟိန်းကြီးလာပြီး သရဲချောက် ကုပ်ချိုးသတ်တာတွေ တမင်ဖန်တီးထားတာတဲ့၊ မိုးဟိန်းအဖော်က ရှောတီဆိုတဲ့ လူပုလေးတဲ့၊ မောင်စိုးစိုးနဲ့ ငမိုးတောင် ဒီလူပုလေးကို တွေ့ဖူးလိုက်တာပဲ''

ပိုင်စိုးက ခေါင်းညိတ်ပြသည်။ ဒေါ်ဖွားရောက်လာပြီး နွေးနွေးကို တိုးတိုးလေးပြောသည်။

''ထမင်းပွဲ အဆင်သင့်ဖြစ်နေပြီ၊ ဖေဖေလဲ တစ်ခါတည်း ဝင်စားပါလား ဖေဖေ''

''အေး…ငါလဲ ဗိုက်ဆာနေတယ်၊ မိခွေ့က တော့ ဖေဖေစားပြီးမှပြန်ပါလို့ ပြောသေးတယ်၊ မိုးချုပ်မှာစိုးလို့ ငါ မစားခဲ့ဘူး''

ထမင်းဝိုင်းသို့ သွားရောက်စားသောက်ကြသည်။ ဦးအိန္ဒက စကားဆက်ပြန်သည်။

''တေဇတို့အဖွဲ့ဟာ မိုးဟိန်းလဲသေတယ်၊ သူတို့စခန်းလုပ်တဲ့ ရာမခြံနဲ့တိုက်အိမ်ကြီးကို လက်လွှတ်ရရုံမကဘူး၊ သိန်းငါးရာဖိုးလောက် သူတို့ပစ္စည်းတွေဆုံးရှုံးသွားတယ်ဆိုတော့ မောင်စိုးစိုးကို ရန်ငြိုးထားလိမ့်မယ်တဲ့၊ ကိုသာနိုးက သတိပေး



လိုက်တာပါ၊ ရာမတိုက်နဲ့ ခြံမှာ ဆက်နေရင် အန္တရာယ် ရှိနိုင်တယ်တဲ့''

နွေးနွေးသည် ကိုစိုးစိုးက ဘာပြန်ပြောလေမလဲဟု နားစွင့်နေမိသည်။ နွေးနွေး၏ရင်ထဲတွင် ဦးနိုးသတိပေးချက်အရ တကယ်တမ်းတွင်လည်းတေဇတို့အဖွဲ့က အန္တရာယ်ပေးနိုင်သည်မို့ ကိုစိုးစိုးက ဦးရာမတိုက်ခြံကြီးတွင် ဆက်မနေတော့ပါဟု ပြောလိုက်မည်ကို အလိုလိုစိုးရိမ်နေမိသည်။ တစ်ဆက်တည်းမှာပင် ငါဘာဖြစ်နေတာလဲ၊ ကိုစိုးစိုး ဆက်နေနေ၊ မနေနေ ညည်းနဲ့ ဘာဆိုင်လဲ…ဟုလည်း သူ့ဟာသူ ပြန်မေးမိသည်။

''ကျွန်တော် ဦးရာမတိုက်အိမ်မှာပဲ ဆက်နေမှာဦးလေး၊ ဒီအိမ်ကြီးမှာ သရဲချောက်တာကို… ကုပ်ချိုးသတ်တာကို ကျွန်တော့်ရဲ့ စူးစမ်း စွန့်စားတတ်တဲ့ ဝါသနာအရ လုပ်ဆောင်ပြီး အစစ်အမှန်ကို ရှာဖွေဖော်ထုတ်တာပါ၊ နဂိုရည်ရွယ်ချက်က ဒီအိမ်ကြီးဝယ်ကတည်းကိုက စာတစ်အုပ် အေးအေးဆေးဆေးရေးမယ် ရည်ရွယ်ခဲ့တာပါ၊ အခု ကုပ်ချိုးသရဲတွေရှင်းသွားတော့ ဒီအိမ်ကြီးမှာ ကျွန်တော် နဂိုရည်ရွယ်ချက်အတိုင်း ဆက်နေပြီး စာရေးမှာပါ၊ ဒါပေမယ့် ဒီဦးရာမတိုက်အိမ်ကြီးမှာ ကျွန်တော်ဆက်နေဖို့မှာ အကြောင်းတစ်ခုရှိနေတယ်''

www.burmeseclassic.com

www.burmeseclassic.com



"ဘာနှစ်ကြောင်းလဲကွ…ပြောလေကွာ"

"ပထမအကြောင်းက ကျွန်တော် ဦးလေးတို့ အိမ်မှာနေ့တိုင်း ထမင်းစားနေတာဟာ ရေရှည်ကျ တော့…"

"အိုး…အဲဒါ…မဟုတ်ဘူး"

ပိုင်စိုး စကားမဆုံးမီမှာပင် နွေးနွေးက ဖွတ်အတင်း အသံမျိုးလေးနှင့် ဝင်ရောက်ဖြတ်တောက်ပြောလိုက်သည်။

"နွေးနွေးတို့အိမ်မှာ လူတစ်ယောက်စာဟာ ဘာမှပိုပြီး အပန်းမကြီးဘူးကိုစိုးစိုး၊ နောက်ပြီး ကိုစိုးစိုးကို ညှို့သည်ကျွေး…ကျွေးတာမျိုးမှ မဟုတ် တာ၊ တကူးတက ဘာမှမလုပ်ဘဲ ကိုယ့်အိမ်သား တစ်ယောက်အတိုင်း ကျွေးတာ"

"အိမ်သားတစ်ယောက်အတိုင်း"ဟု နွေးနွေးပြော လိုက်သောစကားကို ပိုင်စိုးစိတ်ထဲက တန်ပြန်ရေရွတ်လိုက် မိသည်။ နွေးနွေးကိုလည်း စူးစူးစိုက်စိုက်ကြည့်လိုက်မိသည်။

နွေးနွေးသည်လည်း လွှတ်ခနဲရင်ထဲရှိသည့်အတိုင်း ပြောလိုက်မိပြီးမှ ကိုစိုးစိုးက သူမကို စူးစိုက်ကြည့်သည်ကို ပြန်တွေ့မှ အိမ်သားတစ်ယောက်ဟု ပြောမိခြင်းအတွက် မျက်နှာလေး ပန်းနုရောင်လွှမ်းသွားရှာပေသည်။

"ဒါက အကြောင်းမဟုတ်ပါဘူးကွာ၊ မိနွေး ပြောသလို ငါတို့အိမ်မှာ လူတစ်ယောက်စာ ထမင်း ဟင်းက အကြောင်းမဟုတ်တာ၊ ကဲ…ဒုတိယ အကြောင်းကိုပဲ ပြောပါဦး မောင်စိုးစိုး"



"ဒုတိယအကြောင်းက မောင်မိုးကို ကျွန်တော် ဆက်ပြီးခေါ်ထားချင်တယ်၊ သူ့ကို မုန့်ဖိုးပဲဖိုး ကျွန်တော်ပေးတဲ့အပြင် ကျွန်တော်ရဲ့ခြံကြီးကို ရှင်း လင်းပြီး မျက်နှာစာမှာ ပန်းပင်တွေစိုက်ချင်တယ်၊ ပွင့်တဲ့ပန်းတွေကို အလှထားပြီး ပိုသမျှပန်းတွေ ရော ခြံထဲကသီးပင်တွေက သီးသမျှအသီးတွေကို မောင်မိုးပဲ ခူးပြီး ရောင်းစားခွင့်လဲပေးမယ်"

"ဟ…ဒါဆို ငမိုးတစ်ကောင် ထောပြီပေါ့၊ နှစ်စဉ် ကိုရာမခြံထဲကသီးတဲ့ တညင်း၊ ပိန္နဲ၊ မရမ်း၊ မာလကာနဲ့ အုန်းသီးတွေက နည်းနည်းနောနောမှ မဟုတ်တာ၊ ကောင်းတယ်၊ ငမိုးလဲ ဝင်ငွေရတဲ့ အလုပ်တစ်ခုရတာပေါ့၊ ခေါ်ထား…ခေါ်ထား"

"အဲ…မောင်မိုးနဲ့အတူတူ ဦးလေးရဲ့ နှလုံး ပြူးသေနတ်လဲ ကျွန်တော်ဆက်ယူထားချင်တယ်၊ အန္တရာယ်အတွက် ကြိုတင်ကာကွယ်တဲ့သဘော ပေါ့"

"အေးကွ…သေနတ်ယူထားတာကအကြောင်း မဟုတ်ဘူး၊ အရေးကြီးတာက နှစ်လုံးပြူးကျည် ဆန်ကွ၊ ငါက ငါ့မြေးအတာ သားရေခွအတွက်

www.burmeseclassic.com

www.burmeseclassic.com



လောက်တာလုံး မက်မောသလို နှစ်လုံးပြူးက ကျည်ဆန်ကို စုံမက် တယ်ကွ''

''ဒါအတွက်တော့ စိတ်ချဦးလေး၊ အခုနှစ်ရက်သုံးရက်အတွင်း ကျွန်တော် ရန်ကုန်ကို ခဏသွားဦးမှာပါ၊ ရန်ကုန်က နှစ်လုံးပြူး ကျည်ဆန်တွေဝယ်လာပြီး ဦးလေးကို လက်ဆောင်ပေးပါမယ်၊ ဒီကြားထဲ ဦးရွှေလူကြီး ရောက်လာလဲ နှစ်လုံးပြူးကျည်ဆန် တွေ ပါလာမှာပါ''

''အေး…ကောင်းတယ်၊ နှစ်လုံးပြူးကျည်ဆန်က ရသလောက် စုထားမှအဲတော်ကျတာကွ၊ သြော်…ဒါထက် ဒီနေ့ သုံးခွကမိဆွေအိမ်မှာ မောင်လှိုင်ဘွားက ငါ့ကိုလာတွေ့သေးတယ်ကွ''

ကိုလှိုင်ဘွားလာပြီး ဦးအိန္ဒကို ဘာတွေပြောသွားသလဲဆိုသည်ကို ပိုင်စိုးရော နွေးနွေးပါ သိချင်ကြသည်။ သို့သော် ကိုလှိုင်ဘွား ဘာတွေပြောသလဲဟု နွေးနွေးရော ပိုင်စိုးကရော မမေးမြန်းပေ။

''မောင်စိုးစိုးရဲ့ ဦးရာမတိုက်နဲ့ခြံကြီးကို မောင်စိုးစိုး ပြန်ရောင်းမယ်ဆိုရင် သူဝယ်မယ်တဲ့၊ ဟိုတုန်းကတော့ ဒီတိုက်အိမ်ကြီးနဲ့ခြံကြီးဟာ သရဲခြောက်တယ်၊ ဒီခြံဒီတိုက်ကြီးကို အလုပ်လုပ်မစားရဲကြတာတဲ့၊ ခုတော့ အဲဒီကိစ္စတွေရှင်းသွားပြီမို့



သူ့ အနေနဲ့ ဒီတိုက်နဲ့ခြံကြီးကို စက်ရုံတစ်ခုခု တည်ဆောက်မယ်တဲ့၊ စက်ရုံမဖြစ်လဲ ဆိပ်ကမ်းဟိုတယ်ကြီးတစ်ခု ဖွင့်မယ်တဲ့၊ အဲဒါ မောင်စိုးစိုး ကြိုက်ဈေးတောင်းပါတဲ့၊ ဦးရာမဆီက မောင်စိုးစိုး ငါးသောင်းနဲ့ဝယ်ထားတာကိုလဲ သူ သိထားပါတယ်တဲ့''

''အဲမာ…သူက…''

ဟု…နွေးနွေးက မခံချင်လေသံဖြင့် ဝင်ပြောလိုက်သည်။ နှုတ်ခမ်းလေးကိုလည်း မဲ့လိုက်ပါသေး၏။

''သူက ရုံးပြီးခပ်ပြီးသားကျမှ အဆင်သင့်ဝင်နှိုက်ချင်တဲ့သူပဲဖေဖေ၊ သူက သုံးခွမှာနေတဲ့သူပဲ၊ အစကတည်းက သူ့လုပ်ငန်းအတွက် ဝယ်ပါလား၊ အခု ကိုစိုးစိုးက အသက်စွန့်ပြီး ပြဿနာကိုရှင်းလိုက်မှ သူက ဝယ်ချင်တယ်လေးဘာလေးနဲ့၊ အစကတည်းက သူလိုချင်ရင် ကိုစိုးစိုးလို သတ္တိရှိရှိနဲ့ စွန့်စားပြီး ဖြေရှင်းပါလား''

''အေး…ဒါလဲ ဟုတ်သားပဲ၊ ငါကတော့ မောင်စိုးစိုးအတွက် ကျေနပ်လောက်တဲ့ အမြတ်ရပါစေဆိုတဲ့ သဘောနဲ့ သူပြောတာကို ပြန်ပြောပြတာ''

''ကျွန်တော် မရောင်းပါဘူး ဦးလေး၊ ကျွန်တော်လဲ ကိုလှိုင်ဘွားလိုပဲ ဒီခြံနဲ့တိုက်ကြီးမှာ လုပ်

www.burmeseclassic.com

www.burmeseclassic.com



ငန်းတစ်ခုခု လုပ်ရင် ဖြစ်တာပဲဟာ''

''မောင်စိုးစိုးမှာ အဲဒီလိုလုပ်ငန်းလုပ်ဖို့ အရင်းအနှီး ငွေရှိလို့လား''

ပိုင်စိုးသည် သူ့ဟာသူ ကြိတ်၍ပြုံးမိပါ၏။

မော်ရုံတောရွာသည် ရောက်သည့် ပထမဆုံးနေ့က ဦးရွှေလှကြီးသည် ပိုင်စိုး၏ မန္တလေးက မိဘတွေအဘယ်မျ ချမ်းသာကြွယ်ဝသည်ကို ပြောရမည်ပြုစဉ် ပိုင်စိုးက ဦးရွှေ အားမပြောရန် ဟန့်တားထားပြီး သူ့ကိုယ်သူ သာမန်လူတ စားတစ်ယောက်အဖြစ်သာ ပြောခဲ့သောကြောင့် ဦးအိန္ဒ သူ့အား အရင်းအနှီးတွေရှိပါ့မလားဟု ပြောလာခြင်းဖြစ်သည်

''အခြေအနေအရပေါ့ဦးလေး၊ ဒီတိုက်ကြီးနဲ့ ခြံကြီးကို ဝယ်လိုက်ကတည်းက အစိက စာတစ်ပုဒ် အေးအေးဆေးဆေး ရေးမယ်ဆိုတဲ့ ရည်ရွယ်ချက် ပဲ၊ နောက်တစ်ချက်က တိုက်အိမ်ကြီးနဲ့ခြံကြီးကို ဝယ်ထားရင် တန်ဖိုးမဆုံးဘူးဆိုတာလဲ ပါတာပေါ့ ကျွန်တော်ရေးချင်တဲ့ စာတစ်ပုဒ်ရေး ပြီးရင်တော့ ဘယ်သူ့ကိုပဲဖြစ်ဖြစ် ကျွန်တော် ရောင်းချင်လဲ ရောင်းမယ်၊ မရောင်းချင်လဲ နေမယ် ပေါ့လေ··· ဟို···''

ဟို···ဟုပြောရင်း စကားကို တစ်တောက် ရပ် ကာ နွေးနွေးအားကပ်၍ ကြည့်မိပြန်သည်။ နွေးနွေးက

www.burmeseclassic.com



ပြန်အကြည့်နှင့် မျက်လုံးချင်းဆုံ ရင်ခုန်ရပြန်ပါ၏။

''ဟို···အခြေအနေပေးတဲ့အတိုင်းပေါ့ ဦးလေး၊ အခြေ အနေပေးလာရင်လဲ ကျွန်တော်မရောင်းဘဲ မော်ရုံတောရွာမှာ ဆက်နေမယ်၊ အခြေအနေမပေး ဘူးဆိုရင် ရောင်းသွားသင့် ရောင်းသွားရမှာပဲ''

''အခြေအနေဆိုတာက မောင်စိုးစိုး ဘာကို ဆိုလိုတာလဲ''

ယင်း ပိုင်စိုးပြောနေသည့် အခြေအနေဆိုသည်ကို နွေးနွေးလည်း သိချင်လှပါ၏။

''သြော်···စာတစ်ပုဒ်ရေးပြီးသွားတဲ့အချိန်မှာ ကျွန်တော့်လက်ထဲ အရင်းအနှီးလေးဘာလေး ရလာ ရင် ဒီခြံနဲ့ ဒီတိုက်ကြီးမှာ ကျွန်တော်တို့ဘာသာ လုပ်ငန်းတစ်ခုခုများ လုပ်နိုင်မလားလို့ပါ ဦးလေး''

စကားပြောရင်း စားသောက်ရင်းပင် ညနေက မင်းဝိုင်း ပြီးစီးသွားသည်။ နွေးနွေးက ဒေါ်မွှားနှင့်အတူ ခင်းဝိုင်း ကူသိမ်းပေးနေစဉ် ပိုင်စိုးအိမ်ရှေ့ခြံထဲသို့ ဆင်း သည်။

အိမ်ပြန်ဖို့ မောင်မိုးကို ခြံထဲမှာပင် စောင့်နေသည်။ ငမိုးအား ဦးလေးဦးအိန္ဒက တစ်ခုခိုင်းထားသဖြင့် ထွက် ာသေးသည်ပဲဖြစ်သည်။

ခြံဥပစာတွင် ယခုမှ ပန်းပင်လေးများကို မြေအိုး

www.burmeseclassic.com

www.burmeseclassic.com



အစီအရီနှင့် စိုက်ထားသည်ကို တွေ့ရသည်။

နွေးနွေး ကျောင်းပြီးသွား၍ အိမ်သို့အပြီးပြန်လာ ... ပန်းပင်တွေ စတင်စိုက်ပျိုးထားသည်ပဲဖြစ်ပေမည်။

"ကိုစိုးစိုး"

ခေါ်သံကြားရသည့်ဘက်သို့ ပိုင်စိုးလှည့်ကြည့်လို ... သည်။ မိမိနောက်တွင် မနွေးနွေးရောက်နေသည်ကို တွေ ... ပါ၏။

"သြော်...မနွေးနွေး စားသောက်ပြီး အညောင်းပြေ ခြံထဲဆင်းလျှောက်မလို့လား"

"နွေးနွေးက အညောင်းပြေ ကျန်းမာရေးအရ ဆိုရင် ခြံထဲမှာလျှောက်လေ့မရှိပါဘူး၊ ကမ်းစပ်သောင်ပြင်မှာလျှောက်ပါတယ်၊ အခုခြံထဲကိုဆင်းလာတာက ကိုစိုးစိုးကို ပြောစရာစကားနဲ့ မေးစရာစကားရှိလို့ပါ"

"မေးပါ...ပြောပါ မနွေးနွေး"

"မေးဖူးပြီးသားမေးခွန်းပါ၊ ကိုစိုးစိုးဆီက အဖြေသာ ထွက်မလာသေးတာပါ၊ ကိုလှိုင်ဘွား ကို ကိုစိုးစိုး ဘယ်လိုမြင်သလဲလို့ မေးထားတာလေ"

"ဘယ်လိုမှမမြင်ဘူးလို့ တို့ပြောပြီးသားပဲ"

"ဒါက မေးခွန်းအကြောင်းအရာပေါ်မှာ လုံး ...



ပြန်မဖြေချင်လို့ ယတိပြတ်ဖြေတာမျိုးကြီးပဲ"

ပိုင်စိုးသည် အဝေးသို့လှမ်းမျှော်ကြည့်လိုက်ပါ၏။

"လူဆိုတာက ခက်သားပဲ နွေးနွေး"

"ဘယ်လို ခက်တာလဲ"

"ကိုယ်နဲ့ပတ်သက်ရာပက်သက်ကြောင်း ရှိနေတဲ့သူရဲ့အကြောင်းကို တစ်ပါးသူက ဝေဖန် စကားမျိုးပြောလာရင် လူတွေမှာ မနှစ်သက်တဲ့ သဘောရှိလို့ လူဆိုတာ ခက်တယ်လို့ပြောတာပါ၊ တို့နဲ့ နွေးနွေးဟာ လူတွေမဟုတ်လား"

"ဘာလဲ...ကိုစိုးစိုးပြောချင်တာက ကိုလှိုင်ဘွားဟာ နွေးနွေးနဲ့ပတ်သက်နေတဲ့ လူဆိုတာလား"

ပိုင်စိုးက ဘာမှမပြောဘဲ ငြိမ်နေလိုက်သည်။

"ကိုစိုးစိုး နွေးနွေးအကြောင်းကြားရသမျှတွေဟာ ကိုမိုးပြောတဲ့စကားတွေပါ၊ ကိုမိုး အနေနဲ့ကတော့ သုံးခုက ကိုလှိုင်ဘွားဟာ မမဆွေတို့ လင်မယားနဲ့ပတ်သက်ပြီး နွေးနွေးတို့အိမ်ကို မကြာခဏလာလယ်၊ ကိုလှိုင်ဘွားလာရင်လဲ နွေးနွေးက ညှော်ခံတယ်၊ ဒီတော့ ကိုမိုးရဲ့မီးဖိုထဲက လှမ်းအမြင်နဲ့ကတော့ ကိုလှိုင်ဘွားနဲ့ နွေးနွေးဟာ ဘာလိုလို ရှိနေတယ်လို့မြင်မှာပဲ၊ သူမြင်တာကြားတာလဲ ကိုစိုးစိုးကို ပြောပြတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို…ဘာလိုလို မဟုတ်လို့လား"

"ကိုလှိုင်ဘွားဘက်ကတော့ ဘာလိုလို ဟုတ်ပါတယ်၊ နွေးနွေးကို လက်ထပ်ချင်တယ်လို့ မမဆွေကတစ်ဆင့် ပြောနိုင်းတယ်၊ မမဆွေတို့ လင်မယားကလဲ သိပ်သဘောတူတယ်"

"မနွေးနွေးကကော"

"ခုချိန်ထိ ကိုလှိုင်ဘွားကို နွေးနွေးက တစ်ခွန်းမှ ပြန်အဖြေမပေးဘူး၊ ဒါကြောင့်လဲ ကိုလှိုင်ဘွား ဘယ်လိုမြင်လဲလို့ ကိုစိုးစိုးကို မေးတာ"

"ကိုလှိုင်ဘွားဟာ ရုပ်ရော မိဘချမ်းသာတာရော၊ လုပ်ငန်းတွေမှာကျွမ်းကျင်တာရောပြည့်ဝတဲ့ ဘစ်ယောက်ပဲ"

နွေးနွေး သက်ပြင်းလေး ချပါ၏။

"ကန်စွန်းရွက်တစ်စီးကို ငါးကျပ်၊ ရွှေတစ်ကျပ်သားကို ငါးသောင်း၊ စိန်တစ်ရတီကို တစ်သိန်းလို့ပဲ အကြမ်းဖျဉ်းထားပါတော့၊ ရော့…ငွေငါး ကျပ် ကန်စွန်းရွက်တစ်စီးပေး၊ ရော့…ငွေငါးသောင်း ရွှေတစ်ကျပ်သားပေး၊ ရော့…ငွေတစ်သိန်း စိန်တစ်ရတီပေး ဆိုတာမျိုးတွေကတော့ အရောင်းအဝယ်သဘောအရ လွယ်ပါတယ် ကိုစိုးစိုး"

"မနွေးနွေး ဥပမာပေးတဲ့ သုံးခုထဲမှာ နှိုင်းယှဉ်စတမ်းဆိုရင် မနွေးနွေးဟာ အမြင့်ဆုံး စိန်ရတီပါ၊ မနွေးနွေးကို ငွေတစ်သိန်းကြီးများတောင် ပေးဝယ်နိုင်မှ ရမှာပါ"



"ထားပါတော့…ကိုစိုးစိုး စကားအတိုင်းပြန်ပြီး နွေးနွေးကပြောပါ့မယ်၊ ကိုလှိုင်ဘွားက ငွေ တစ်သိန်းကိုင်ပြီး ရော့..ယူပါ၊ စိန်တစ်ရတီပေးပါလို့ လာဝယ်တောင်းခံနေတာ ကြာမှကြာပြီပဲ၊ နွေးနွေးက ငွေတစ်သိန်းလဲ လက်မခံ၊ စိန်တစ်ရတီလဲ ပေးမှ မပေးဘဲ၊ အဲဒါ ဘာလို့လဲသိလား ကိုစိုးစိုး"

"တို့က ဘာသိနိုင်မှာလဲ မနွေးနွေး"

"နွေးနွေးက နွေးနွေးရဲ့အိမ်ထောင်ရေးမှာ ဂုဏ်ပကာသနနဲ့ငွေကြေးကို အုတ်မြစ်ချ တိုင်ထူပြီး ဆောက်ဖို့ လုံးဝလက်မခံလို့ပဲ၊ နွေးနွေး တည်ဆောက်ချင်တဲ့ အိမ်ထောင်ရေးက နှလုံးသားမေတ္တာကို အုတ်မြစ်ချမယ်၊ တိုင်ထူမယ်၊ မေတ္တာနဲ့အကာကာပြီး မေတ္တာနဲ့သာ အမိုးမိုးချင်လို့ပဲ၊ ဒီနေရာမှာတော့ နွေးနွေးက မမဆွေနဲ့လုံးဝမတူဘူး၊ ကွယ်လွန်သွားတဲ့ အဒေမနဲ့ ရာနှုန်းပြည့်တူနေတယ်"

"ဘယ်လိုတူနေတာလဲ မနွေးနွေး"

"မေမေ့နာမည်က ဒေါ်ကြေးမုံတဲ့၊ နွေးနွေးရဲ့ဘိုးဘိုးဘွားဘွားလက်ထက်က မေမေဒေါ်ကြေးမုံ

www.burmeseclassic.com

www.burmeseclassic.com



ဟာ တောသူဌေးရဲ့ တစ်သီးတည်းသောသမီးပေါ့၊ မေမေက သုံးနွယ်မှာကျောင်းနေတယ်၊ ဆယ်တန်း အောင်တယ်''

''ဘယ်ဆိုးလို့လဲ''

''ဒါတောင် တက္ကသိုလ်ကို မေမေကသွားချင်တာ၊ မိဘတွေကတစ်ဦးတည်းသောသမီးမို့ မခွဲနိုင်တာရယ်၊ မိဘလုပ်ငန်းတွေမှာ မေမေဝင်ပြီး ဦးစီးလုပ်ကိုင်ပေးဖို့ လိုတာရယ်ကြောင့် တက္ကသိုလ်ကို မသွားဖြစ်တော့တာ၊ အဲဒီအချိန်မှာ ဘိုးဘိုး,ဘွားဘွားရဲ့ လုပ်ငန်းတွေကို အယုံကြည်ရဆုံး သစ္စာအရှိဆုံးနဲ့ တိုးတက်ကြီးပွားအောင် လုပ်ပေးဆုံးက အခုခွေးခွေးရဲ့ဖေဖေ ဦးအိန္ဒပဲ၊ ဟိုခေတ်စကားနဲ့ ပြောရရင်တော့ ဖေဖေဦးအိန္ဒဟာ ဘိုးဘိုးဘွားဘွားရဲ့ လူယုံတော် သူရင်းငှားပေါ့၊ အခုခေတ်စကားနဲ့ ပြောရင်...ဖေဖေက ဘိုးဘိုးဘွားဘွားရဲ့ အထွေထွေမန်နေဂျာပေါ့၊ ဘိုးဘိုးဘွားဘွားကို ခေတ်စကားနဲ့ ပြောရရင် ဖေဖေက လောကဓာတ်ကျောင်း မနေခဲ့ဖူးဘူး၊ လောကဓာတ်ကျောင်းဆိုတာ အစိုးရက ဖွင့်ပေးတဲ့ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းပေါ့၊ အင်္ဂလိပ်စာလဲသင်တယ်၊ သိပ္ပံပညာလဲ သင်တာနဲ့ ဘိုးဘိုးဘွားဘွားတို့က လောကဓာတ်



ကျောင်းလို့ခေါ်တာ''

ပိုင်စိုးခေါင်းညိတ်ပါ၏။ အဲဒီခေတ်က အဲဒီလိုပင်ခေါ်ခဲ့ကြောင်းလည်း ကြားဖူးနားဝရှိပြီးသားဖြစ်ပါ၏။

''ဖေဖေက ဘုန်းကြီးကျောင်းထွက်လေ၊ အတန်းအောင်တယ်လို့တော့ မပြောနိုင်ဘူး၊ ဒါပေမယ့် ဆရာတော်ဘုရားသင်ပေးထားလို့ မြန်မာစာနဲ့ အတွက်အချက်သိပ်တတ်တယ်၊ သိပ်တော်တယ်၊ အဲဒီတုန်းက အတွက်အချက်မှာ အင်မတန် မြန်၊ အင်မတန်မှန်တယ်ဆိုတဲ့ တရုတ်ပေသီးကို ကိုင်တွက်ကြတယ်၊ ဖေဖေက ပေသီးကိုင်စရာမလိုဘဲ ပါးစပ်က လက်ာရွတ်သလိုရွတ်ပြီး စိတ်က တွက်တာ၊ တရုတ်ပေသီးသမားက လက်ဖျားခါ အရှုံးပေးရတယ်၊ တစ်ပြားတစ်ချပ် မလွဲစေရဘူး၊ အဲ... မေမေ ဆယ်တန်းအောင်ပြီးတဲ့နောက် ဘိုးဘိုး ဘွားဘွား လုပ်ငန်းတွေ ဦးစီးတော့ သူရင်းငှား ဖေဖေနဲ့ တွဲလုပ်ရတာပေါ့...

''တိုတိုပြောရရင် အဲဒီတွဲလုပ်ကိုင်ရင်း ဖေဖေက မေမေ့ကို ရင်ထဲကကြိတ်ပြီး မေတ္တာရှိနေတယ်၊ ဒါပေမယ့် ဖေဖေ့အဖို့ မေမေဟာ ဆွတ်ချူးရန်လ ခက်ခဲတဲ့ မဇ္ဈူနတ်ပန်းဖြစ်နေတော့တာပေါ့၊ ဖွင့်မပြောရဲပါဘူး၊ ကြိတ်ပြီးမြဲပြီး မေတ္တာရှိနေရ

www.burmeseclassic.com

www.burmeseclassic.com



ဟာပါ၊ ဓမေမကာ ရုပ်ကလဲ သိပ်ချောတယ်၊ မိဘကလဲ ချမ်းသာတယ်၊ လောကဓာတ်ကျောင်းက ဆယ်တန်းလဲအောင်ထားတယ်၊ အဲဒီခေတ်က ဆယ်တန်းအောင်တဲ့လူဟာ နှယ်နှယ်ရရ မဟုတ်တာ၊ သန်လျင်က၊ သုံးခွက ပိုက်ဆံပေါတဲ့ သူဌေးသားတွေ၊ ရန်ကုန်က လူချမ်းသာရဲ့ သားတွေက မေမေ့ကိုလိုချင်ကြလို့ ဘိုးဘိုးဘွားဘွားဆီမှာ လာစပ်ကြတယ်၊ လာတောင်းကြတယ်၊ ဘယ်လောက်ထိ ငွေကြေး၊ စိန်တစ်ဆင်စာ စသည်ဖြင့် တင်တောင်းကြတယ်ပေါ့လေ''

''ဟုတ်မယ်…မနွေးနွေးရဲ့အမေ ဒေါ်ကြေးမုံ သိပ်ချော သိပ်လှတယ်ဆိုတာ တို့ ခြွင်းချက်မရှိ ယုံတယ်၊ ဘာလို့လဲဆိုတော့ မအေရဲ့ အချောအလှ အမွေကို သမီးရတာတ်လို့ပဲ၊ နွေးနွေးလဲ သိပ်ချော သိပ်လှတယ် မဟုတ်လား''

''အို…နွေးနွေးက အကောင်းပြောနေတာ''

''တို့ကလဲ အကောင်းပဲပြောတာပါဗျာ''

နွေးနွေးပြုံးပါ၏။ ကျေနပ်သောအပြုံးဟု ကင်မွန်း ၁ပ်နိုင်ပါ၏။

နွေးနွေး ဆက်ပြောသည်။

''လာပြီး စပ်ဟပ်တင်တောင်းတဲ့ သူဌေးသား



တွေထဲမှာ ဘိုးဘိုး၊ ဘွားဘွား သဘောတူချင်တဲ့ လူလဲပါတာပေါ့၊ ဒါပေမယ့် ဇွတ် မတိုက်တွန်းဘူး၊ ဇွတ်မစီစဉ်ဘူး၊ မေမေဒေါ်ကြေးမုံရဲ့သဘောလို့ ခွင့်ပြုထားတယ်၊ မေမေက ဘယ်သူ့မှ လက်မခံခဲ့ဘူး၊ အဓိကမေမေပြောတာကတော့ အဲဒီလာစပ်တဲ့ သူဌေးသားတွေကို မေမေ့ရင်ထဲက တစ်ယောက်မှ မေတ္တာမျှလို့မရတာ၊ ချစ်လို့မရတာလို့ မေမေက ပြောတယ်တဲ့''

''တော်တယ်နော်၊ ဒေါ်ကြေးမုံဟာ ပြတ်သားတယ်''

''ကဲ…တိုတိုနဲ့ နိဂုံးပိုင်းကိုပြောမယ်နော် ကိုစိုးစိုး၊ ညတစ်ညမှာ ဘိုးဘိုး၊ဘွားဘွားတို့ကို ဓားပြလာတိုက်တယ်၊ ဓားပြလေးယောက်တဲ့၊ ခေါင်းဆောင်က နှစ်လုံးပြူးသေနတ်ကိုင်ပြီး ကျန်တဲ့ နောက်လိုက် သုံးယောက်က ငှက်ကြီးတောင်ဓား ကိုယ်စီနဲ့တဲ့၊ ဘိုးဘိုးနဲ့ ဘွားဘွားက လူကို အထိမခံဘူး၊ ရွှေတွေငွေတွေ ဓားပြတွေ ကျေနပ်တဲ့အထိ ထုတ်ပေးရတယ်၊ ဓားပြတွေက လိုချင်သလောက် ရတော့ ကျေနပ်ကြတယ်၊ သူတို့ပြန်ထွက်တော့ မယ်လုပ်တော့ ဓားစာခံအဖြစ် မေမေ့ကို အတင်း ဆွဲခေါ်ကြတယ်''

www.burmeseclassic.com

www.burmeseclassic.com



နွေးနွေး အကြာကြီးစကားပြောရသဖြင့် ပင်ပန်းရှာတော့မည်ဆိုသည့် ကရုဏာကြည့်ဖြင့် ဗိုင်စိုးက နွေးနွေးကို ကြည့်နေမိသည်။

"အဲ...မေမေ့ကို ဓားပြခေါင်းဆောင်က နှစ်လုံးပြူးနဲ့ချိန်ပြီး ခွတ်လှဲဆွဲခေါ်ရော အဲဒီတော့ ဖေဖေဦးအိန္ဒြာ ဖြုန်းခနဲ ဘာမပြောညာမပြော ထပြီး ခေါင်းဆောင်ဓားပြကို အတင်းနပန်းဝင်လုံးပြီး သေနတ်ကိုလုယူတော့တာပဲတဲ့၊ ကျန်တဲ့ ဓားပြသုံးယောက်က ဖေဖေ့ကို သူတို့ဓားတွေနဲ့ ဝင်ခုတ်ကြတယ်"

"ထိသွားမှာပေါ့နော်"

"ထိတာပေါ့...ကိုစိုးစိုး၊ ဖေဖေ့လက်မောင်းတွေရော၊ ကျောပြင်မှာရော ဓားခုတ်ခံရတယ်၊ ဒါပေမယ့် ဖေဖေငယ်ငယ်က ကိုစိုးစိုးလိုပဲ သိပ်မာ၊ သိပ်ကျစ်တယ်၊ ဗလလဲတောင့်တယ်၊ ခေါင်းဆောင်ဓားပြ လက်ထဲက နှစ်လုံးပြူးသေနတ်ကို ဓားတွေနဲ့ ဝိုင်းခုတ်တဲ့ကြားထဲက ရအောင်လုနိုင်တယ်၊ လက်ထဲကိုလဲ သေနတ်ရလာရော ဖေဖေက ဓားပြနှစ်ယောက်ကို နှစ်ချက်ပစ်ချလိုက်တယ်၊ ငှက်ကြီးတောင်ကိုင် ဓားပြနှစ်ယောက် ဝုန်းခနဲလဲကျသွားတယ်၊ ကျန်တဲ့နှစ်ယောက်ကိုလဲ ရွာကလူတွေ



ရောက်လာပြီး ဝိုင်းဖမ်းတာ မိသွားတယ်"

"ဦးလေးရဲ့ ဓားဒဏ်ရာတွေကကော..."

"သန်လျင် ဆေးရုံချက်ချင်းပို့ပြီး ကုရတယ်၊ ဖေဖေက မနားမနေ အလုပ်လုပ်တဲ့လူဆိုတော့ ဖေဖေ့မှာ ကြွက်သားတွေ၊ မာဆယ်တွေ တင်းတင်းမာမာရှိနေတယ်၊ နောက်တစ်ချက်က နောက်လိုက်ဓားပြတွေဟာ ဖေဖေနဲ့သူတို့ခေါင်းဆောင် လုံးထွေးနပန်းလုံးနေတော့ သူတို့ခေါင်းဆောင်ကို ထိမှာစိုးလို့ ရွေးခုတ် လျှော့ခုတ်ကြရတော့ ဖေဖေ့ကိုထိတဲ့ ဓားချက်တွေဟာ ထိချက်ပျော့တယ်၊ ဖေဖေ့အသားတွေ တင်းမာနေလို့ အရိုးကိုလဲ မထိဘူးတဲ့၊ ဒါကြောင့် ဖေဖေ့မှာ ကိုယ်အင်္ဂါချွတ်ယွင်းအောင် မထိဘဲ ဆေးကုရင်း ဒဏ်ရာတွေ ပျောက်ကင်းတယ်၊ ဒါပေမယ့် ဖေဖေ့လက်မောင်းနှစ်ဖက်နဲ့ ကျောပြင်မှာ ခုချိန်ထိ ဒဏ်ရာတွေ အမာရွတ်တွေ ရှိနေတယ်"

"ဦးလေးကတော့ တကယ့် အာဂသတ္တိပဲနော်၊ သေနတ်တစ်လက်၊ ဓားသုံးလက်နဲ့ လူလေးယောက်ကို ပြိုင်ချတာ"

"ဒါပေမယ့် ကိုစိုးစိုး၊ ဘိုးဘိုးနဲ့ ဘွားဘွားက အိန္ဒြာရယ်...မင်း ရဲတင်းလွန်းလိုက်တာ၊ မတော်

www.burmeseclassic.com

www.burmeseclassic.com



တဆ မင်းသေသွားရင် ဘယ်နှယ်လုပ်မလဲ၊ ငါတို့ရဲ့ ရွှေတွေငွေတွေဆိုတာက ပါသွားလဲ ဘာအရေးလဲ၊ ပြန်ရှာရင်ရမှာပဲလို့ပြောတော့ ဖေဖေ ဘာပြန်ပြောတယ်မှတ်လဲ ကိုစိုးစိုး''

''နွေးနွေး ပြောမှ တို့သိရမှာပေါ့''

''ဖေဖေက ပြောတယ်လေ၊ သူ့ကို ရွှေတွေငွေတွေယူတဲ့အထိ ကျုပ်ကြည့်နေသားပဲ၊ မကြေးမုံကိုခေါ်တဲ့အခါမှာတော့ သေချင်သေပလေစေဆိုပြီး ကျုပ်အတင်းဝင်လုပ်တာတဲ့လေ''

နွေးနွေး ပြော၍ပြီးဆုံးသွားပေပြီ။ သို့တိုင်အောင် နွေးနွေး၏မျက်နှာတွင် သူမ၏ဖေဖေက သူမ၏ မေမေကို ဘယ်လောက်ချစ်သလဲကြည့် ဆိုလိုချင်သည့်သွင်ပြင်လေး ပေါ်လွင်ကျန်ခဲ့ပါ၏။

နွေးနွေးက သူမဖေဖေ၏ မေတ္တာစိတ်ကြီးမားပုံကို ပြောပြီးနောက် သူမမေမေ ဒေါ်ကြေးမုံ၏မေတ္တာစိတ်ကို ဆက်ပြောပြပြန်ပါ၏။

''အဲဒီအချိန်ကစပြီး မေမေရဲ့ မေတ္တာ နှလုံးသားဟာ လှုပ်ရှားခဲ့တာပဲ ကိုစိုးစိုး၊ နောက်ဆုံး မေမေ့ရင်ထဲက သူလက်ထပ်သူဟာ သူ့ရင်ထဲ နှလုံးထဲက ချစ်သူဖြစ်ရမယ်ဆိုတဲ့ မေမေ့ရဲ့ခံယူချက်အတိုင်း ဖေဖေ့ကို ရဲရဲတင်းတင်းကြီးပဲ လက်



ထပ်လိုက်တယ်၊ ပတ်ဝန်းကျင်ကတော့ အမျိုးမျိုးပြောကြတာပေါ့၊ သူဌေးသမီး၊ ဥစ္စာပေါ၊ ရုပ်ချော၊ ပညာတတ်မလေး မကြေးမုံက ဘုန်းကြီးကျောင်းထွက်၊ တစ်ကောင်ကြွက်…သူရင်းငှား အိန္ဒိယလူကိုမှ လက်ထပ်ရသလားဆိုတဲ့ ပစ်တင်ကဲ့ရဲ့တာတွေလေ၊ ဒါပေမယ့် မေမေက ဘယ်သူ ဘာပြောပြောမမှုပါဘူး၊ မဖြုံပါဘူး၊ နောက်ဆုံး နှလုံးရောဂါနဲ့ ကွယ်လွန်သွားတဲ့အထိ ဖေဖေ့ကို ချစ်ချစ်ခင်ခင် မြတ်မြတ်နိုးနိုး ပေါင်းသင်းသွားတာပဲ''

''အင်မတန် နှစ်သက်ကြည်နူးပြီး ကြေကွဲစရာဇာတ်လမ်းလေးပါပဲ၊ ဒါဆို မနွေးနွေးကလဲ မေမေဒေါ်ကြေးမုံအတိုင်း ကိုယ့်ရင်ထဲနှလုံးသားထဲက ချစ်တဲ့လူကိုမှ လက်ထပ်မယ်ဆိုတဲ့ သဘောပေါ့ ဟုတ်လား''

''ကိုလှိုင်ဘွားကို ခုချိန်ထိ လက်မခံသေးတာ အဖြေမပေးသေးတာ အဲဒီသဘောပဲ ကိုစိုးစိုး''

''တကယ်လို့ မနွေးနွေး ရင်ထဲနှလုံးထဲက မေတ္တာရှိတဲ့သူဟာ ကြွယ်ဝိုးကြွယ်ဝ ချမ်းသာသူတစ်ယောက် မဟုတ်ဘူး ဆိုရင်ကော…''

''မေမေက ဘုန်းကြီးကျောင်းထွက် တစ်ကောင်ကြွက် သူရင်းငှား ဖေဖေ့ကိုတောင် သူချစ်

www.burmeseclassic.com

www.burmeseclassic.com



လို့လက်ထပ်ခဲ့တာပဲ၊ နွေးနွေးကလဲ မေမေစိတ်မျိုး ပါလို့ ပြောပြီးခဲ့ပြီပဲ ကိုစိုးစိုး"

ပိုင်စိုး ပြုံးဖြီးဖြီး ဖြစ်သွားပါလေ၏။

"အဲ…တစ်ခုတော့ ကိုစိုးစိုးကို နွေးနွေး အလေးအနက်ပြောချင်တာရှိနေတယ်"

"ပြောပါ…နွေးနွေး"

"အခု နွေးနွေးက ကိုလှိုင်ဘွားနဲ့ပတ်သက်ပြီး ကင်းရှင်းကြောင်း ရှင်းပြနေတာတွေကို ကိုစိုးစိုး ဘယ်လိုမှ နွေးနွေးကိုမထင်ပါနဲ့၊ သဘောကတော့ အမြင်မှားနေတာကို အမြင်မှန်အောင် တကယ့် အစစ်အမှန်ကို ရှင်းပြတဲ့သဘောပါ၊ အခုကိစ္စ ကိုစိုးစိုးကိုသာ ရှင်းပြတာမဟုတ်ဘူး၊ ကိုမိုးကိုလဲ နွေးနွေး ရှင်းပြတယ်၊ ဘာလို့လဲဆိုတော့ ကိုမိုးကလဲ အမြင်လွဲနေတဲ့လူမို့ပဲ၊ အဲ…ကိုမိုးကို ရှင်းပြတဲ့ နေရာမှာတော့ ဖေဖေဦးအိန္ဒ မေမေဒေါ်ကြေးမုံ တို့အကြောင်း မပါဘူးပေါ့လေ"

"တို့သဘောပေါက်ပါတယ် မနွေးနွေး"

"ဒါထက် ကိုစိုးစိုးကို နွေးနွေး ထပ်မေးချင် သေးတယ်၊ စောစောက ထမင်းဝိုင်းမှာ ကိုစိုးစိုးက ဒီတိုက်အိမ်ကြီးနဲ့ခြံကြီးကို မရောင်းပါဘူး၊ စာရေးဖို့ ဆက်နေမှာလို့ပြောခဲ့တာ သေချာပါတယ်နော်"



"သေချာပါတယ်၊ အခုလက်ရှိစိတ်အရဆိုရင် ဒီတိုက်အိမ်ကြီး ဒီခြံကြီးနဲ့ ဒီမှော်ရုံတောမှာ ဘယ် လိုမှ ထွက်သွားဖို့ စိတ်ကူးတောင် မရှိပါဘူး နွေးနွေး"

"ဒါဆို…အခုချိန်ကစပြီး စာတစ်ပုဒ်ရေးတော့ မှာပေါ့နော်၊ ဇာတ်လမ်း ဇာတ်ကွက် ဇာတ်အိမ် တော ရပြီလား"

"စပြီး မရေးရသေးပါဘူး၊ သရဲဖမ်းတဲ့ကိစ္စ မှာ အာရုံရောက်နေလို့ မရေးဖြစ်သေးတာပါ၊ အခု တော့ ပြဿနာတွေရှင်းသွားပြီမို့ စပြီးတော့ ရေး တော့မလို့၊ ဇာတ်လမ်းဇာတ်ကွက်ကတော့ အတွေ တွေ မစဉ်းစားတော့ဘူးလေ၊ အခု မှော်ရုံတောရွာ ကိုရောက်လာပုံကအစ ဦးရာမခြံနဲ့ တိုက်ကြီးထဲမှာ ဖြစ်ပျက်တာတွေအားလုံး ဇာတ်လမ်းဆင်ရေးမလား လို့"

"အဲ…ဒါဆို ဖေဖေဦးအိန္ဒတို့၊ နွေးနွေးတို့၊ ကိုမိုးတို့များ ကိုစိုးစိုးရေးတဲ့ ဇာတ်လမ်းထဲမှာ ပါနေဦးမှာလား"

"သိပ်ကို ပါတာပေါ့၊ ရန်ကုန်မှာ ဦးရွှေရကြီး နဲ့တွေ့တာကစပြီး ဇာတ်လမ်းစရေးမှာပဲ၊ ဒါပေမယ့် ဇာတ်လမ်းကရေးရင် တစ်ဝက်ကျော်ကျော်မှာ ဘာ

www.burmeseclassic.com



ဆက်ရေးရမှန်းမသိဘဲ နွေးနွေး၊ တို့က စွန့်စားခန်းတွေ၊ လျှို့ဝှက်တာတွေ၊ စုံထောက်ဝတ္ထုတွေရေးပေမယ့် ဇာတ်လမ်းထဲမှာ အဓိကဇာတ်ကောင်မင်းသားနဲ့ မင်းသမီးရဲ့ တွေ့ဆုံခန်း၊ မေတ္တာခန်း၊ အချစ်ခန်းတွေပါ ထည့်ရေးလေ့ရှိတာ"

"ဟင်···ဒါဆို အခုရေးမယ့် ဝတ္ထုမှာ ဇာတ်ဆောင် မင်းသားကဘယ်သူလဲ၊ မင်းသမီးကဘယ်သူလဲ၊ ကိုစိုးစိုးရေးမှာက တကယ့်အဖြစ်အပျက်ကို မှီတည်ပြီး ရေးတဲ့ဇာတ်လမ်းပဲဟာ"

"တကယ့်အဖြစ်အပျက် ဇာတ်လမ်းကို ရေးတာဆိုတော့ ဇာတ်ဆောင်မင်းသားကတော့ တို့ပဲပေါ့၊ အဲ···ဇာတ်ဆောင်မင်းသမီးကတော့···"

ပိုင်စိုး ခဏထစ်နေပြီးမှ ပြောချလိုက်ပေသည်။

"ဇာတ်ဆောင် မင်းသမီးတော့ နွေးနွေးပဲဖြစ်မှာပေါ့ နွေးနွေး"

"အို···ကိုစိုးစိုးကလဲ မဟုတ်က ဟုတ်က"

"ဝတ္ထုထဲမှာတော့ တကယ့်နာမည် အမှန်တွေဘယ်ထည့်ရေးမလဲ၊ နာမည်တွေပြောင်းရေးရမှာပေါ့၊ ပထမဆုံး မင်းသားမင်းသမီးစတွေ့တဲ့အခန်းဖွင့်မှာ လမ်းပေါ်မှာ အမှတ်မထင် တွေ့ဆုံကြပြီး မင်းသားပါးရိုက်ခံရတဲ့ အခန်းကစပြီး မေတ္တာဘွဲ့



ထည့်ရေးရမှာ"

"အို···ကိုစိုးစိုးဟာက မဟုတ်သေးပါဘူး"

"မှန်တယ် မနွေးနွေး၊ မဟုတ်သေးတာ အမှန်ပါပဲ၊ ကျန်တာတွေ ဆက်ရေးဖို့ဆိုတာကတော့ စိတ်ကူးယဉ်ပြီး ဇာတ်ကွက်ကို ဖန်တီးယူရတဲ့ အပိုင်းဖြစ်မှာပဲ"

နွေးနွေး ဘာပြောရမှန်းမသိ။ ထိုစဉ်မှာပင်···

"အစ်ကို···အဘခိုင်းတာတွေ ကျုပ်လုပ်ပြီးပြီ"

ဟုပြောရင်း မောင်မိုး ရောက်လာသည်။

"အေး···ဒါဆို ပြန်ကြစို့"

မော်တော်ဆိုင်ကယ်ဆီသို့ ခြေလှမ်းပြင်ရင် နွေးနွေးကို ပိုင်စိုး ပြောလိုက်သည်။

"တကယ်လို့ ဇာတ်ဆောင်မင်းသမီးနေရာမှာ မနွေးနွေးကို ထားတာ သဘောမတူပါဘူးဆိုရင်တော့ တခြား ဇာတ်ဆောင် မင်းသမီးတစ်ယောက်ယောက်ကို ဖန်တီးထည့်သွင်းရမှာပေါ့၊ ဥပမာ သန်လျင်မှာဖြစ်ဖြစ် သုံးခွမှာဖြစ်ဖြစ် အမျိုးသမီးတစ်ဦးဦးနဲ့တွေ့တဲ့ပုံစံမျိုး၊ ဒါမှမဟုတ် မော်ရုံတောမှာပဲ တခြားအမျိုးသမီးတစ်ဦးကိုတွေ့တဲ့ ပုံမျိုးပေါ့၊ မနွေးနွေး၊ ကဲ···တို့သွားတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



မော်တော်ဆိုင်ကယ် ရပ်ထားရာသို့ ပိုင်စိုး ဆက်လျှောက်သွားသည်။

မနွေးနွေးက နေရာမှာပင်ရပ်ကာ ကျောက်ရုပ်လေးပမာ ရပ်မြဲရပ်နေပြီး ကိုစိုးစိုးငေးကြည့်နေမိသည်။

ထုံးစံအတိုင်း မောင်မိုးက မော်တော်ဆိုင်ကယ်နောက်တွင် ခွထိုင်ပြီးသည်နှင့် ခြံထဲမှ ပိုင်စိုးမောင်းထွက်သွားသည်။

"ဘာမှန်းလဲမသိဘူး… ဓာတ်လမ်းထဲပါသွားဖို့
သူများက သဘောမတူဘူးလို့ ပြောသေးတာမှ
မဟုတ်ဘဲနဲ့…"

ပြီး

(၁၁)

ဒီမယ်ပိုင်စိုး…

မင်း လူစွမ်းကောင်းလုပ်လို့ ငါတပည့်ကြီး မိုးဟိန်းသေသွားပြီ။ငါတို့လျှို့ဝှက်စခန်းပစ္စည်း သိုလှောင်ထားတဲ့ ဦးရာမတိုက်အိမ်ကြီးကို ရဲအဖွဲ့သိသွားရုံမကဘူး၊ မြေတိုက်ထဲက သိန်းငါးရာတန်ဖိုးရှိတဲ့ ငါတို့ပစ္စည်းတွေလဲ အသိမ်းခံလိုက်ရတယ်။

မင်းအဖို့ပြေးနိုင်မှလွတ်မယ် ပိုင်စိုး၊ မင်း အသက်ကို နှမြောရင် မင်းအမြန်ဆုံး ဦးရာမတိုက်အိမ်ကြီးက လစ်ပေတော့။ငါတို့အဖွဲ့ကတော့ မင်းကို ကမ္ဘာမကျေဘဲ ပိုင်စိုး။

တော‌ေ

www.burmeseclassic.com

www.burmeseclassic.com



ယနေ့စနေနေ့။ ပိုင်စိုးမှော်ရုံတောရွာ ဦးရာမတို
အိမ်ကြီးသို့ ရောက်သည်မှာ သီတင်းတစ်ပတ်ရှိသွားပေပြ
သရဲယောင်ဆောင် ကုပ်ချိုး လူသတ်ဖွဲ့အား ဖော်ထုတ်ပြ
နောက် မောင်မိုးအားခြံထဲတွင် စိုက်ပျိုးခွင့်ပေးသဖြင့် မော
မိုးခြံကို ရှင်းလင်းနေစဉ် ခဲတစ်လုံးတွင် ငှင်းစာကို ချည်နှော
ပြီး မောင်မိုးအနီးသို့ ခြံကျော်ပြီးကျလာသည်။

မောင်မိုးက စာနှင့်ခဲကိုမကောက်သေးဘဲ ခဲလုံ
ခြံကျော်ကျလာရာဆီသို့ ပြေးသွားပြီး နောက်မှလိုက်၏။

အကျီနက်၊ ဘောင်းဘီနက်နှင့် လူပုလေး နော
ဖေးတောတန်းထဲသို့ ဝင်ပြေးသွားသည်ကိုတွေ့ရသည်
မောင်မိုးဆက်၍မလိုက်တော့ပေ။ လူပုလေးတွင် အခြား လ
နက်ကိုင် အဖော်များပါရှိပါက ဖွတ်လိုက်ခြင်းဖြင့် မိမိသ
ခံရမည်ကို မောင်မိုးစဉ်းစားမိသောကြောင့်ဖြစ်ပါ၏။

စာရှက်ချည်ထားသော ခဲလုံးကိုကောက်ယူလာ
ပိုင်စိုးလက်သို့ ပေးအပ်သဖြင့် ပိုင်စိုးက ငှင်းစာကို ဖွင့်ဖ
သိရှိရခြင်း ဖြစ်ပေသည်။

ပိုင်စိုးဖတ်ပြီးသည်နှင့် မောင်မိုးကို ပေးဖတ်သည်
မောင်မိုးဖတ်ပြီးနောက် စာကိုပြန်ပေးသည်။ ပိုင်စိုး စာရွ
ကိုခေါက်ပြီး အိတ်ထဲထည့်ထားလိုက်သည်။

"ဒါဆိုရင်တော့ အစ်ကိုကို သူတို့ရန်ရှာတော့
မှာ သေချာတယ် အစ်ကို"



"အေး..."

"အစ်ကို ဒီတိုက်ကနေ တခြားရွှေ့ပြောင်းသွား
မလား အစ်ကို"

"ငါ မရှောင်ဘူး၊ ဒါပေမယ့် မင်းအနေနဲ့
ပြန်ချင်ရင် ပြန်နိုင်တယ် မောင်မိုး၊ ငါ့ကြောင့်
မင်းကို အန္တရာယ် မဖြစ်စေချင်ဘူး"

"ခဲယဉ်းသားပဲ အစ်ကိုရာ၊ ကျုပ်ကို အစ်ကိုက
ထားပစ်ခဲ့ပြီး တခြားရှောင်သွားမှာတောင် ကျုပ်က
စိုးရိမ်နေတာ၊ ဘာပဲဖြစ်ဖြစ် အစ်ကိုနဲ့ အတူတူ
ဘာမဆို ကျုပ်ရင်ဆိုင်မယ်"

"ဒီစာထဲမှာ သူတို့ရန်ငြိုးထားတာ ငါ့ကိုပဲ
မောင်မိုး၊ မင်းမပါဘူး၊ ဒီတော့ မင်းရှောင်သွား
ရင် မင်းကိုတော့လိုက်ပြီး အန္တရာယ်ပြုမှာမဟုတ်
ဘူး၊ ငါ့အတွက်နဲ့တော့ မင်း သိပ် မစွန့်စားနဲ့
မောင်မိုး"

"စွန့်စားမယ်အစ်ကို၊ အစ်ကို့ကို ကျုပ်ခင်တယ်၊
အစ်ကိုနဲ့နေရတာ ပျော်တယ်၊ ကျုပ်က တစ်ကောင်
ကြွက်ငဲ၊ ကျုပ်ပထွေးဆီမပြန်ဘူး၊ အမေလဲ လင်
ကိုကြောက်နေရတာ၊ ကျုပ်ပြန်ရင် ပထွေးကို သတ်
ပို့ လူသတ်မှုနဲ့ ကြိုးစင်တက်ရမှာပဲ၊ ဒီမှာပဲ
အစ်ကိုနဲ့နေမယ်"

www.burmeseclassic.com

www.burmeseclassic.com



"အေး...ဒါဆိုလဲ ပြီးရော"

"ကျုပ် ညှို့သွားသလား မသိဘူး၊ တကယ်ဆို ခြံကျော်ခဲပစ်တဲ့လူပုလေးနောက်ကို လိုက်ပြီး အမိဖမ်းဖို့ကောင်းတယ်"

"မင်း မညှို့ဘူး၊ ဉာဏ်ရှိတာ မောင်မိုး၊ မင်းသူ့နောက်လိုက်သွားရင် မင်းသေသွားမှာပေါ့၊ ဒီလူပုလေးမှာ လက်နက်ကိုင် အဖော်တွေပါလာမှာ သေချာတယ်၊ နောက်ပြီး...မင်းမှာ ရန်သူကို ရင်ဆိုင်နိုင်ဖို့ ကိုယ်ခံပညာမှ မရှိသေးတာ၊ မင်းကို ငါ သင်ပေးထားဦးမယ်"

"ဟာ..ဒါဆို သိပ်ကောင်းတာပေါ့ အစ်ကို၊ ကျုပ် အရမ်းသင်ချင်နေတာ"

"ကဲ...မင်းရေချိုး၊ အဝတ်လဲတော့၊ ဆယ့်တစ်နာရီထိုးပြီ၊ မနက်စာ ထမင်းသွားစားကြစို့"

"အဘနဲ့ မနွေးနွေးတော့ မနက်ကတည်းက အတာလေးကိုခေါ်ဖို့ အဝေးကြီးသွားကြပြီ အစ်ကို"

"ငါ သိသားပဲ၊ မော်တော်ဆိုင်ကယ်အတွက် ဓာတ်ဆီတောင် ငါ မှာလိုက်သေးတယ်"

"မသိဘူးလေ၊ ဟိုအိမ်မှာ မမနွေး မရှိလို့ အစ်ကို ပျင်းနေမှာစိုးလို့"



မောင်မိုးက ရိုတိုတိုလေးပြောပြီး ထွက်သွားသည်။

မောင်မိုးက နွေးနွေးနှင်ပတ်သက်ပြီး ပြောသော်လည်း ပိုင်စိုးသည် ယခုလောလောဆယ်တွင် နွေးနွေးအကြောင်း မစဉ်းစားနိုင်သေးဘဲ ပစ်စာနှင့်ပတ်သက်ပြီး ဆက်၍ စဉ်းစားကြည့်ပေသည်။

ပစ်စာကို ပြန်ထုတ်ပြီး ပြန်ကြည့်သည်။

ပထမဦးစွာ ရေးထားသော လက်ရေးနှင့် မင်ရောင်ကို ပိုင်စိုးလေ့လာသည်။ လက်ရေးကတော့ အမျိုးသား တစ်ယောက် သော့ပြီးရေးသည့် လက်ရေးမျိုးဟု ခန့်မှန်းသည်။ မိမိအနေနှင့် ဤဒေသတွင် လူစိမ်းတစ်ဦးမို့ မည်သည့် အမျိုးသား၏ လက်ရေးဟူ၍တော့ မသိနိုင်ပေ။

သို့သော် မင်ရောင်မှာ စဉ်းစားစရာဖြစ်လာသည်။

မင်ရောင်သည် အစိမ်းရောင်ဖြစ်နေသည်။

ယနေ့ခေတ်တွင် ကျောင်းသူကျောင်းသားလေးမှစပြီး ရာခိုင်နှုန်းပြည့်နီးပါးတို့သည် ဘောလ်ပင်(န်)ကိုသာ အသုံးပြုသည်။ ဘောလ်ပင်(န်)တွင် မင်ရောင် အပြာ၊ အနက်၊ အနီ၊ အစိမ်း စသည်ဖြင့်ရှိသည်။

အနီရောင်နှင့် အစိမ်းရောင်ကို လူတွေအသုံးမပြုကြ။ အနီရောင်ကိုတော့ လိုအပ်သောနေရာတွင် အနည်းအကျဉ်း သုံးကြသည်။ အစိမ်းရောင်ကို မသုံးသလောက်ပါ၏။ အစိမ်းရောင် ဘောလ်ပင်(န်) မင်ချောင်းကလည်း

www.burmeseclassic.com



ဝယ်မရအောင် ရှားပါးသည်။ အများဆုံးလူတိုင်းလိုလိုသုံးသည်မှာ အပြာရောင်ဖြစ်သည်။ ဒုတိယ အနက်ရောင်ဖြစ်သည်။

ယခုစာတွင် မင်စိမ်းရောင်သည် စဉ်းစားစရာ။

ပြီး…မင်စိမ်းသုံးသည့်အတွက် ဘောလ်ပင်(န်) ဖြင့်ရေးခြင်းမဟုတ်ဘဲ မင်စိမ်းထည့်သုံးသည့် ဖောင်တိန်ဖြင့်ရေးသားခြင်းဖြစ်ရမည်။ စာလုံးပုံသဏ္ဍာန်တွေသည် ဘောလ်ပင်(န်) အသွားနှင့်ရေးခြင်းနှင့်လည်း မတူ၊ ဖောင်တိန် နစ်အသွားဖြင့် ရေးခြင်းဖြစ်ရပေမည်။

တေဇဆိုသည့် အဖွဲ့ခေါင်းဆောင်သည် ဖောင်တိန်ကို မင်စိမ်းထည့်၍ သုံးခြင်းဖြစ်ပေမည်။

စာရေးသည့်စက္ကူကို ပိုင်စိုးဆန်းစစ်ကြည့်ပြန်သည်။ ဗလာစာအုပ်မှ ဆုတ်ယူညှပ်ယူသော ဗလာစာရွက်မျိုးမဟုတ်။ သီးသန့် စာရေးစက္ကူကတ်မှ စာရွက်မျိုးဖြစ်နေသည်။

ဤအချက်တို့ကို ကြည့်ခြင်းဖြင့် ဒုစရိုက်ခေါင်းဆောင် တေဇကိုလွှော့တွက်၍မရဟု ပိုင်စိုး သတိချပ်လိုက်သည်။

"အစ်ကို…ကျူပ် အဆင်သင့်ပဲ"

"အေး…ဒါဆို သွားကြစို့"

အိမ်တွင် ဒေါ်ဖွားနှင့် မိပိန်တို့သာရှိသည်။ ခြံထဲတွင် ဂိုထောင်သော့ဖွင့်ထားသည်။ ဂိုထောင်ထဲမှ ငါးခြောက်



တွေကို လှည်းနှစ်စီးဖြင့် တင်နေသည်ကို တွေ့ရသည်။

ဒေါ်ဖွားကပင် ထမင်းပွဲပြင်ပေးသည်။

ဒီပြင်နေ့တွေကဆိုလျှင် နွေးနွေးကဦးစီးပြီး ထမင်းပွဲပြင်ဆင်ပေးခြင်းဖြစ်သည်။ ယနေ့ နွေးနွေးပြင်ဆင်ပေးခြင်းမဟုတ်သောကြောင့် ပိုင်စိုးစိတ်ထဲတွင် ခြောက်ကပ်ကြီး ဖြစ်နေသည်။

ပိုင်စိုးတစ်ယောက်တည်း ထမင်းဝိုင်းတွင် စားရသည်ကလည်း စိုပြည်ခြင်းကင်းလှသည်။

ခါတိုင်းစားသလောက် ပိုင်စိုးမစားနိုင်ပါလေ။

စားသောက်ပြီး လက်ဆေးလက်သုတ်ပြီး ပိုင်စိုးဧည့်ခန်းဘက်သို့ထွက်လာသည်။ ဧည့်ခန်းကုလားထိုင်တွင် ပိုင်စိုးထိုင်သည်။ ဧည့်ခန်းစားပွဲပေါ်တွင် မဂ္ဂဇင်းစာအုပ် အမျိုးမျိုးရှိနေသည်။ ပိုင်စိုးက မဂ္ဂဇင်းစာအုပ်တစ်အုပ် ကိုင်လိုက်ပြီးမှ ဖတ်ချင်စိတ်မရှိဖြင့် ပြန်ချထားလိုက်သည်။

ယနေ့ ဤအိမ်ကြီးသည် ခြောက်ကပ်ကပ်နိုင်လှသည်ဟု ထင်မိသည်။ ထိုင်နေရာမှ ထပြန်သည်။ ပြတင်းပေါက်ရှိရာသို့သွားပြီး ပြင်ပကိုကြည့်နေမိသည်။

ယနေ့ ရာသီဥတုသာယာပေသည်။ တက်သစ်စနေသည် ပင်လယ်ရေပြင်ပေါ်သို့ကျရောက်နေပြီး ပင်လယ်နေရောင်ဟပ်ပြီး တောက်တောက်ပပရှိနေသည်။

"မောင်စိုးစိုးတစ်ယောက် နွေးနွေးမရှိလို့ ပျင်း

www.burmeseclassic.com

www.burmeseclassic.com



နေပြီ ထင်တယ်”

အသံလာရာသို့ ပြန်လှည့်ကြည့်ရာ ဒေါ်ဖွားဖြစ်နေသည်။ ကြက်မွေးဖြင့် သန့်ရှင်းရေးလုပ်ရင်း စန္ဒရားအား ကြက်မွေးဖြင့် ဖုန်သုတ်နေသည်ကို တွေ့ရသည်။

နွေးနွေးမရှိလို့ ဖုန်းနေပြီဆိုသည့် ဒေါ်ဖွား၏ စကားကို ပိုင်စိုးကျေနပ်စွာပြုံးမိသည်။

“ကျွန်တော် စန္ဒရားခေါက်ကြည့်ချင်တယ်၊ ခွင့်ပြုမလား…ဒေါ်ဖွား”

“တီးတတ်ရင် တီးပေါ့ မောင်စိုးစိုး၊ ဒီစန္ဒရားကြီးခမျာ အသံမထွက်ရတာ၊ မတီးတာ မကြေးမုံဆုံးသွားတဲ့နေ့ကတည်းကစပြီး အခုထက်ထိပဲ”

“မနွေးနွေး တီးတတ်သားပဲဟာ”

”နွေးနွေး ကောင်းကောင်းတီးတတ်ပါတယ်၊ သီချင်းဆိုရင်လဲ အင်မတန် နားထောင်လို့ကောင်းတယ်”

“ကျွန်တော် ဒီရောက်လာပြီးမှ မနွေးနွေးတီးတာ ဆိုတာ တစ်ခါမှမတွေ့ပါလား”

“အင်း…”

ဟု ဒေါ်ဖွားက ညည်းတွားသံပြုရင်း ကြက်မွေးခါခြင်းရပ်ကာ ပိုင်စိုးကိုကြည့်လိုက်သည်။

“မကြေးမုံ မကွယ်လွန်မီကတော့ နွေးနွေး



ကျောင်းပိတ်လို့ ပြန်လာတဲ့အခါ မကြေးမုံက တီးရင် နွေးနွေးက ဆိုတယ်၊ နွေးနွေးတီးရင် မကြေးမုံက ဆိုတယ်၊ အင်မတန်သာယာခဲ့တာပေါ့၊ သားအမိနှစ်ယောက် တီးကြဆိုကြတာကို ကိုအိန္ဒက ပက်လက်ကုလားထိုင်မှာ မှိန်းပြီး ပီတိတွေနဲ့ ပြုံးပြုံးကြီးလေ၊ စီးပွားရေးကောင်းလာတယ်၊ သားအမိ သားအဖသုံးယောက် သိပ်ချစ်ကြတယ်ဆိုတော့ ဒီအိမ်ဟာ တကယ့်သီရိဂေဟာပဲ မောင်စိုးစိုး၊ အေး…မကြေးမုံဆုံးတဲ့နေ့ကစပြီး သီရိဂေဟာကြီးဟာ သုသာန်တစပြင်ကြီးလို တိတ်ဆိတ်သွားတော့တာပဲ၊ နွေးနွေးက လုံးဝစန္ဒရားမတီးတော့ဘူး၊ သီချင်းလဲ လုံးဝမဆိုတော့ဘူး…

ဒေါ်ဖွားက အချိန်ကြာလာတော့ နွေးနွေးကို ပြောပါတယ်၊ သေသွားတဲ့သူကိုလဲ မေ့လောက်ပါပြီ၊ မိန်းကလေး ပြန်တီးပါလား၊ ပြန်ဆိုပါလားလို့လေ၊ နွေးနွေးက သူ့အမေဆုံးသွားတော့ ခုထက်ထိ စိတ်ထိခိုက်နေတာ မပြေသေးဘူးတဲ့၊ စိတ်ပြေတဲ့အခါမှ ပြန်တီးမယ်၊ ဆိုမယ်လို့ပြန်ပြောတယ်၊ ဒီတော့လဲ ဒီစန္ဒရားကြီးကို နေ့စဉ် ဒေါ်ဖွား ဖုန်သုတ်ပေးရတာပဲရှိတယ်၊ စန္ဒရားကတော့ အသံအထွက်တဲ့ ရွှေအကြီးဖြစ်နေတာပေါ့ကွယ်”

www.burmeseclassic.com

www.burmeseclassic.com



ပိုင်စိုးသည် စန္ဒရားဆီသို့ ထသွားကာ စန္ဒရား အဖုံးကိုဖွင့်ပြီး သူ၏လက်ချောင်းများဖြင့် ခလုတ်ဖြူဖြူလေးတွေကို တို့ထိလိုက်သည်။

သာယာသော ဒေါင်ဒင်မြည်ကာ ရွှေအကြီး အသံထွက်လာသည်။

"ဦးလေးရော နွေးနွေးရော မရှိတဲ့အချိန်မို့ ကျွန်တော် တီးကြည့်မယ်နော်···ဒေါ်ဖွား"

"တီးပါကွယ်···တီးပါ၊ စန္ဒရားသံဆိုတာ မင်္ဂလာရှိတဲ့ အသံပဲဟာ"

ပိုင်စိုး စန္ဒရားထိုင်ခုံတွင် ဝင်ထိုင်လိုက်ပါ၏။ လက်ဆယ်ချောင်းဖြင့် စန္ဒရားကိုအသံ စမ်းတီးလိုက်သည်။ ရှေးစန္ဒရားပုံစံဖြစ်သော်လည်း မျိုးကောင်းသည်။ အသံကောင်းသည်။ ဒေါ်ကြေးမုံကွယ်လွန်သည်မှာ မည်မျှကြာပြီမှန်းတော့ ပိုင်စိုး သေချာမသိ။

သို့သော် ဒေါ်ကြေးမုံဆုံးသည့်နေ့မှစပြီး ရွှေအကြီးဖြစ်ခဲ့သည်ဆိုသည့် စန္ဒရားကြီး၏ သံစဉ်များသည် ယခုထိမှန်ကန်သာယာလျက်ရှိနေသေးသည်ကို တွေ့ရကြားရသည်။

ခလုတ်ပျက်ခြင်း၊ ကြိုးများလျော့ခြင်း မရှိပါလေ။

"ဪ···ဒေါ်ဖွား"

"အနားမှာပဲ ရပ်နေပါတယ် မောင်စိုးစိုး"

"ကျွန်တော်လဲ မတီးတာတော်တော်ကြာပြီ၊



ဘာ သီချင်းတီးရင် ကောင်းမလဲလို့"

"ကိုယ့်ရင်ထဲမှာပေါ်လာတဲ့ သီချင်းကိုပဲ တီးလိုက်ပေါ့ကွယ်"

ဟုတ်ပါ့။ တေးဂီတနှင့်ပတ်သက်လာလျှင် ရင်ထဲခံစားရသည့်အတိုင်း၊ စိတ်ဆာသည့်အတိုင်း တီးရဆိုရခြင်းသည်သာ ရသမြောက်ပါ၏။

ပိုင်စိုး ပဏာမခြေဆင်းလိုက်သည်။

"ဆွတ်ချူရန် ခက်ပါဘိ×××

မျက်ပါနဲ့ သက်လယ်×××

အုံ့ပုန်း မောင့် မျက်နှာငယ်မှာ×××

ကွက်မလည်နိုင်အား×××

ရှေးဟောင်းသီချင်းတစ်ပုဒ်ဖြစ်ပါ၏။ ဟိုခေတ်အဆိုကျော် ပြည်လှဖေ ဓာတ်ပြားသွင်းသီဆိုခဲ့သည့် ကျော်ကြားထင်ရှားသီချင်းပါပေ။ စာသားအဓိပ္ပာယ်များမှာ အဆင့်မြင့်သော ပိန်းကလေးအား အဆင့်နိမ့်သော ယောကျ်ားလေးက မေတ္တာသက်ဝင်စေကာမူ မတူမတန်မို့ ဖွင့်ဟမပြောဝံ့သည့် အဓိပ္ပာယ်ဖြစ်ပေသည်။

တီးရင်းဆိုရင်းပင် စိတ်ဆာနေသည့်အတိုင်း သီချင်းထဲတွင် ပိုင်စိုး နစ်မြုပ်သွားသည်။ ဆက်ပြီး အစဉ်တစ်ခုက်

www.burmeseclassic.com

www.burmeseclassic.com



တစ်ပိုဒ်ပြီးတစ်ပိုဒ် စိတ်ပါလက်ပါဆိုသည်။ စိတ်ပါလက်ပါ တီးသည်။

"မောင့်အသည်းမှာ စွဲကာရယ်×××
ခင်နဲ့မောင်နီးဖို့ ခက်ပါတယ်×××
ခင်ပို့ဖြူ သူ့ဓာနမရယ်×××မူယာကကြွယ်××
မြင်သူတိုင်းပဲ ငေးလောက်တယ့်×××
မျှော်နေသူ ချူရှန် ခက်လှတယ်×××"

တီးသည်ကလည်း တိုးတိုးဖွဖွလေး၊ ဆိုသည့်အသံကလည်း တိုးတိုးညင်ညင်လေးဖြင့် စိတ်ရောကိုယ်ရော နှစ်ပြောရင်းပင် သီချင်းသံ ပြီးဆုံးသွားသည်။

"ဖျောက်...ဖျောက်...ဖျောက်"

သီချင်းအပြီးတွင် လက်ခုပ်တီးသံပေါ်ထွက်လာသောကြောင့် ပိုင်စိုးနောက်သို့ လှည့်ကြည့်လိုက်သည်။

နွေးနွေး အိမ်တံခါးဝတွင်ရပ်နေသည်ကို တွေ့ရသည်။

ပထမဆုံး တွေ့ခါစကပုံစံအတိုင်း ရှပ်အင်္ကျီခါးစည်းချင်းဘောင်းဘီနှင့်ဖြစ်နေသည်။ ဒေါက်ကပ်မောင်းလျှင် ဝတ်သော ဝတ်စုံဖြစ်ပါ၏။

"သြော်...မနွေးနွေး ပြန်ရောက်လာပြီကိုး၊



မနွေးနွေးမရှိတုန်း စိတ်ဆာတာနဲ့ စန္ဒရားတီးမိတာကို ခွင့်လွှတ်ပါ"

"အို...ဘယ်သူကအပြစ်တင်နေလို့ တောင်းပန်နေရတာလဲ ကိုစိုးစိုး၊ နွေးနွေးက ခြံထဲမောင်းဝင်လာကတည်းက စန္ဒရားသံကြားတယ်၊ နွေးနွေးနားစွင့်မိတယ်၊ ကိုစိုးစိုးရဲ့လက်သံနဲ့တီးကွက်ကတော်တော်အဆင့်မြင့်တာပဲ၊ နွေးနွေး ဒေါက်ကပ်မြင်းကိုတောင် မဖြုတ်နိုင်ဘူး၊ အိမ်ပေါ်ကို ပြေးလာတယ်၊ ကိုစိုးစိုးရဲ့ဆိုသံပါထပ်ကြားရတယ်၊ ကိုစိုးစိုး အဆိုရောအတီးရော တကယ်တော်တယ်"

"ကိုကို ချီးမွမ်းတဲ့အတွက် မနွေးနွေးကို ကျေးဇူးတင်ပါတယ်၊ ဒါထက်...ဦးလေးကော"

"နွေးနွေး ဒေါက်ကပ်ကို ဒီအတိုင်းထားခဲ့တော့ ဖေဖေပဲ မြင်းဖြုတ် ဇောင်းသွင်း၊ အစာကျွေး ကျန်ခဲ့တာပေါ့၊ ကိုစိုးစိုးမှာလိုက်တဲ့ဓာတ်ဆီလဲပါတယ်၊ ခြောက်ဂါလန်ပုံးနဲ့ တစ်ပုံးအပြည့်ပဲ"

"ဓာတ်ဆီအတွက်လဲ ကျေးဇူးတင်ပါတယ်၊ အို...အတာလေးကော..."

"အတာက တနင်္လာနေ့မှာ လပတ်စာမေးပွဲရှိနေတယ်လေ၊ သူ့သားအတာက စာကျက်မယ်ဆိုပြီး မမခွေနဲ့ သူ့အဖေက ပေးမထည့်ဘူး၊ စာမေးပွဲ

www.burmeseclassic.com

www.burmeseclassic.com



ရှိနေတယ်ဆိုတော့ နွေးနွေးကလည်း ဇွတ်မခေါ်ချင်ဘူးလေ၊ ဒီအိမ်ရောက်ရင် အဘိုးက သိပ်အလိုလိုက်တော့ အတာကဆိုးချင်တယ်၊ စာကျိုက်မှာမဟုတ်ဘူး''

ပိုင်စိုးက စန္ဒရားအဖုံးကို ပြန်ပိတ်လိုက်သည်။

''ဘယ်လိုလဲ···ဆက် မတီးတော့ဘူးလား''

''ဒေါ်ဖွားကပြောတယ်···နွေးနွေးဟာ မိခင်ဆုံးတဲ့နေ့ကစပြီး စန္ဒရားကို လုံးဝပစ်ပယ်ထားတယ်တဲ့၊ တို့ တီးမိတာတောင် အလိုက်ကန်းဆိုးမသိရာရောက်နေတာပဲ''

မနွေးနွေးအဖို့ မီးလောင်ရာလေပင့်ဖြစ်သွားသလားပဲ···။

နွေးနွေးသည် ပိုင်စိုးရှိရာ စန္ဒရားဆီသို့ တစ်လှမ်းချင်း လျှောက်လာသည်။

''စိတ်နဲ့ပတ်သက်တဲ့ဝေဒနာမျိုးဆိုတာက ဆေးဝါးနဲ့ကုလို့ ရတာမျိုးမှမဟုတ်တာ ကိုစိုးစိုး၊ စိတ်ဝေဒနာကို စိတ်နဲ့ပဲ ပြန်ကုရမှာပဲ၊ မေမေဆုံးသွားတာကလဲ သုံးနှစ်လောက်တောင်ရှိသွားပြီဆိုတော့ သေသောသူ ကြာရင်မေ့ဆိုတဲ့ကာလအပိုင်းလောက်တော့ ရောက်လောက်ပြီပေါ့၊ နွေးနွေး ရင်ထဲမှာ မေမေ့အတွက် ထန်ခဲ့တဲ့လှိုင်းထမ်းပိုးဟာ ငြိမ်



သက်စ ပြုပါပြီ''

''စိတ်ကိုစိတ်နဲ့ပြန်ကုမှရတယ်ဆိုတဲ့ အဓိပ္ပာယ်ကို ရှင်းပြပါလား နွေးနွေး''

''နွေးနွေး စိတ်ထဲမှာကြောက်နေတယ်လေ၊ ဒီစန္ဒရားကို နွေးနွေးတီးမိလို့ စန္ဒရားသံကိုပြန်ကြားလိုက်ရင် မေမေ့ကိုသတိရလွမ်းဆွတ်တတမ်းတတဲ့စိတ်ပိုပြီး ကြွလာမလားလို့၊ ဒါကြောင့် စန္ဒရားနားကို မကပ်···မကပ်မိအောင်တောင် ရှောင်နေတာပေါ့···အခုတော့ မမျှော်လင့်ပဲ ကိုစိုးစိုးစန္ဒရားဆီးသံ သီချင်းဆိုသံကိုကြားလိုက်ရတယ်၊ နွေးနွေးထင်ထားသလို နွေးနွေး စန္ဒရားသံကို မကြောက်တော့ဘဲ စန္ဒရားသံမှာ ပြန်ပြီးသာယာတဲ့စိတ်ဖြစ်ပေါ်လာတာတွေ့ရတယ်၊ အဲဒါဟာ စိတ်ကို စိတ်နဲ့ကုစားရာရောက်တာပဲ ကိုစိုးစိုး''

''ဒါဆို···အခု တို့ စန္ဒရားတီး သီချင်းဆိုလိုက်တာဟာ နွေးနွေးရဲ့ စိတ်ဝေဒနာကို တို့ ကုစားရာရောက်သွားတာပေါ့နော်''

နွေးနွေးက သူမ၏ခေါင်းလေးကို ညင်သာစွာ ညိတ်ပြလိုက်သည်။

''ဒါဆိုရင်တော့ တို့ဝမ်းသာတယ်၊ နွေးနွေးကို တို့က ကုစားခွင့်ရလိုက်တာကြောင့်လေ''



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို…ဆက်တီး…ဆက်ဆိုလေ"

"နေဦး…နွေးနွေး၊ အခုလောလောဆယ်မှာ ဦးလေးနဲ့ တို့စကားပြောစရာ တိုင်ပင်စရာရှိနေလို့"

"အကြောင်းကိစ္စထူးလို့လားဟင်"

"အင်း…ထူးတယ်လို့ပြောရင် ရလောက်တယ်"

ထိုအခိုက်မှာပင် ဦးအိန္ဒ အိမ်ထဲသို့ဝင်လာသည်။

ဒေါ်ဖွားသည် နွေးနွေးရောက်လာပြီး လက်ခုပ်တီးကတည်းက အနီးအပါးမှ အခြားသို့ ထွက်သွားပြီဖြစ်၏။

"ဖေဖေ…ဟောဒီမှာ ကိုစိုးစိုးက ဖေဖေနဲ့ ကိစ္စတစ်ခုပြောချင် တိုင်ပင်ချင်လို့တဲ့၊ နွေးနွေးတော့ အဝတ်အစား သွားလဲဦးမယ်"

နွေးနွေးသည် အပါးမှထွက်သွားသည်။ ဦးအိန္ဒနှင့် ပိုင်စိုးတို့ ဧည့်ခန်းတွင်ထိုင်သည်။

"ပစ်စာတစ်စောင် ကျွန်တော့်ဆီရောက်လာတယ် ဦးလေး"

ပိုင်စိုးက သူ့အိတ်ထဲမှစာကို ထုတ်ယူပြီး ဦးအိန္ဒကို ပေးလိုက်သည်။ ပြီး နောက်ဖေးခြံစည်းရိုးကိုကျော်ပြီး မောင်မိုးရှိရာသို့ ထိုစာကို ပစ်ပေါက်ပေးခဲ့ပုံ စသည်တို့ကို ပြောပြသည်။

ဦးအိန္ဒက ပိုင်စိုးပြောသမျှနားထောင်ပြီးမှ စာကို ဖွ



ဖတ်သည်။

"ဒါဆို…မောင်စိုးစိုး ဘယ်လိုစိတ်ကူးလဲ"

"ဘာမဆို ကျွန်တော်ရင်ဆိုင်မယ် ဦးလေး၊ တေဇအဖွဲ့ဟာ ဒီ ဦးရာမတိုက်နဲ့ ခြံကြီးကို ပြန်လိုချင်ပုံရနေတာကိုပဲ ကျွန်တော်အံ့ဩတယ်၊ ကျွန်တော့်ကို ပစ်စာနဲ့ ခြိမ်းခြောက်တာဟာ ကျွန်တော် ထွက်ပြေးအောင်လို့ပဲ၊ ကျွန်တော်မရှိမှ ဒီတိုက်အိမ်ကြီးကို သူပြန်ရမှာ မဟုတ်လား"

"သူတို့စခန်းကို သူတို့ပြန်လိုချင်တာပဲ ဖြစ်မှာပေါ့၊ ဘာအံ့ဩစရာရှိလဲ"

"ဦးလေး စဉ်းစားကြည့်လေ၊ ဒီခြံနဲ့တိုက်ကြီးကို ပြန်ရဦးတော့ သူတို့စခန်းပြန်လုပ်လို့ ဘယ်ရတော့မလဲ၊ သုံးခွရဲ့စခန်းက ဒီခြံနဲ့ဒီတိုက်အိမ်ကြီးမှာ ကျွန်တော်မရှိတော့တာနဲ့ ပြန်ပြီးမျက်ခြေမပြတ် ပြန်ဂရုစိုက်တော့မှာပေါ့၊ သူတို့ဒုစရိုက်လုပ်ငန်း ပြန်လုပ်ခွင့်မရတော့တာ"

"အေး…ဒါလဲ ဟုတ်တာပဲ၊ ဒါဆို ဒီလိုလုပ်၊ နေ့ခင်းဘက်တော့ မောင်စိုးစိုးအဲဒီမှာပဲ စာရေးလေ၊ ညကျရင် ဦးလေးတို့အိမ်မှာလာအိပ်၊ ခုပုံအတိုင်းဆိုရင် ရာမတိုက်အိမ်ကြီးထဲမှာ မောင်စိုးစိုးကို သူတို့ အန္တရာယ်ပေးနိုင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ပိုင်စိုးခေါင်းခါ ငြင်းဆန်လိုက်သည်။

"ကျွန်တော် ဒီလိုရှောင်လိုက်ရင် သူတို့ကို ကြောက်လန့်ရာရောက်သွားလိမ့်မယ်၊ ညပိုင်းမှာ သူတို့ တိုက်အိမ်ကြီးထဲမှာ ဝင်မွှေခွင့်ပေးသလို ဖြစ်သွားမယ်၊ နောက်တစ်ချက်က ဒီအိမ်မှာ ကျွန်တော် ညလာအိပ်နေရင် မနွေးနွေးကို လူတွေက လူတွေ့ အထင်အမြင်သေးပြီး အမနာပတွေပြောလာမယ်။ ကျွန်တော်ကြောင့်ဘယ်သူ့ကိုမှ မထိခိုက်စေချင်ဘူး၊ မောင်မိုးကိုတောင် အန္တရာယ်ရှိတယ်၊ မင်းပြန်တော့လို့ ကျွန်တော်ပြန်ခွင့်ပေးထားတယ်"

"ငမိုးက ဘာတဲ့လဲ"

"မပြန်ဘူး၊ ကျွန်တော်နဲ့ပဲနေမယ်တဲ့"

"အေး…ငမိုးကြည့်ရတာ မောင်စိုးစိုးအပေါ် တော်တော်သံယောဇဉ်ရှိတဲ့ပုံပဲ၊ ကောင်းတယ်၊ ငမိုး မပြန်တာကောင်းတယ်၊ ဦးလေးရဲ့နှစ်လုံးပြူးလဲ ငမိုး ကိုင်ဖို့ ဆက်ယူထား"

နွေးနွေးအဝတ်လဲပြီး ပြန်လာသည်။ နေ့စဉ်အိ ဝတ်နေကျ တစ်ပတ်ရစ် ထဘီအင်္ကျီနှင့် ရိုးရိုးလေး သည်။ မျက်နှာကိုမူ ပေါင်ဒါပါးပါးလေး ထပ်လိမ်းပြီး ရောင် နှုတ်ခမ်းနီလေး မသိမသာဆိုးလာသည်ထင် အုံကောင်းမည်းနက်သောဆံပင်ကို နဖူးပြောင်သ



တက်လှန်ပြီး အပိဖြီးထားသဖြင့် လှပချောမောလှသည့် နှာလေး ပိုမိုပေါ်လွင်စေသည်။

"ဖေဖေနဲ့ ကိုစိုးစိုးတို့ တစ်ခုခု အကြံတိုင်အနယ် ဆွေးနွေးနေပုံပဲ၊ ဘာလို့…"

"အေး…မောင်စိုးစိုးကိုသာ မိနွေးမေးကြည့် ပေတော့၊ ဖေဖေ အောင်မင်းတို့ဆီ ခဏသွားလိုက်ဦးမယ်၊ သူတို့ ဖေဖေတို့ သုံးခွသွားတုန်း ငါးခြောက်လှည်းနှစ်စီးလာတင်သွားတယ်လို့ မဖွားပြောတယ်၊ စာရင်းသွားရှင်းလိုက်ဦးမယ်"

ဦးအိန္ဒ ထွက်သွားပါ၏။

ဧည့်ခန်းတွင် နွေးနွေးနှင့် ပိုင်စိုး နှစ်ယောက်တည်း ခဲ့သည်။

ပိုင်စိုးစိုးသည် နွေးနွေးကို ငေးငေးစိုက်စိုက်လေး ည့်နေမိသည်။

"နွေးနွေးက တကယ်လှတယ်"

"အယ်…ဆိုင်းမပါ…ဗုံမပါ တစ်ချီတည်း ပစ်မြှောက်တာပါလား ကိုစိုးစိုး"

ပိုင်စိုးပြုံးလိုက်ပြီး ရန်ကုန်တုန်းက မိမိ ထမင်းစား ရထားဆောင် စားတော်ဆက်မှ စားပွဲထိုးလေး မောင် ပြောခဲ့သော စကားအတိုင်း ပြန်ပြောပေသည်။

"အရှိကိုအရှိအတိုင်း အမြင်ကိုအမြင်အတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ပြောတာပါ မနွေးနွေး၊ အသားမည်းတဲ့ လုလင်ကြီးကို ဘာဘူကြီးက အသားဖြူဝင်းနေတာပဲလို့ ဆိုတာမျိုးကသာ မြောက်ပင့်တဲ့ စကားမျိုးပါ"

"စာရေးဆရာ ပီသတယ်၊ စကားလုံးတွေ အားကြီးပြောင်မြောက်တာပဲ၊ ကဲ...ဖေဖေနဲ့ပြောတဲ့ စကားတွေ နွေးနွေး သိခွင့်ရမလား ကိုစိုးစိုး"

"အလကားပါ...ပစ်စာနဲ့ ခြိမ်းခြောက်တဲ့ စာကြောင်းပါ နွေးနွေး"

ပိုင်စိုးက တိုတိုနှင့်လိုရင်းကို နွေးနွေးသိအောင် ပြောပြလိုက်သည်။ ပစ်စာကိုလည်း နွေးနွေးအား ထုတ်ပြဖတ်ရှုစေသည်။

နွေးနွေးက စာရွက်လေးကိုဖတ်ရှုနေစဉ် ပိုင်စိုးသည် နွေးနွေး၏ မျက်နှာလေးကိုသာ ငေးကြည့်နေမိသည်။ စာဖတ်ပြီး နွေးနွေးခေါင်းပြန်မော့လာမှ ပိုင်စိုးအကြည့်က တခြားသို့ လွှဲလိုက်ပါလေ၏။

"မနွေးနွေး"

"ရှင်...ကိုစိုးစိုး"

"အားလဲ နာတယ်၊ စိတ်ဆိုးမှာလဲစိုးတယ်၊ မနွေးနွေးကို တို့ချစ်နေပြီ"

"ဟယ်...လာပြန်ပြီ...မိုးမချုန်း၊ လျှပ်မပြတ်ဘဲ တစ်ချီတည်းပစ်ချတဲ့မိုးကြိုးကြီးပါလား"



"ရင်လဲနှလုံးထဲက ထွက်လာတဲ့အတိုင်း ဖွင့်ဟချက်ပါ မနွေးနွေး၊ ဒါပေမယ့် နွေးနွေးစဉ်းစားပါ၊ တို့လိုကောင်မျိုးက မနွေးနွေး အများကြီးစဉ်းစားသင့်တဲ့ကောင်မျိုးပါ၊ တို့ကို သားရေပေါ်အိပ် သားရေနားစားလို့တော့ မယူမှတ်စေချင်ဘူး၊ ရင်ထဲက ဖွင့်ပြောချင်တာကို တားဆီးမရဖြစ်လို့ မြိုမထားနိုင်တော့ဘဲ ဖွင့်ချလိုက်တာပါ၊ စဉ်းစားပါ မနွေးနွေး"

နွေးနွေးခမျာ ဖြုန်းခနဲကြီး ဒိုင်းခနဲကြီး ဘာပြန်ပြောရမှန်းမသိ ပိုင်စိုးအား သူမ၏မျက်ဝန်း ကလည်ကလည် ကြည့်နေမိပြီး အိုးတိုးအတ ကြောင်တိကြောင်တောင်ဖြစ်နေသည်။

"မနွေးနွေး"

"ရှင်...ကိုစိုးစိုး"

"မနွေးနွေး စိတ်အနှောက်အယှက်မဖြစ်ဘူး၊ စိတ်ကြည်နူးပါတယ်ဆိုရင် စန္ဒရားတီးကြစို့၊ သီချင်းဆိုကြစို့လား၊ တို့ရင်ထဲမှာ မြုံထားရတာကြီး ပွင့်ထွက်သွားလို့ စိတ်ပေါ့ပါးကြည်နူးသွားတယ်၊ တေးဂီတဆိုတာ စိတ်ကြည်နူးစေတတ်တာပဲ မဟုတ်လား"

"တီးလေ...ကိုစိုးစိုး တီးပါ"

www.burmeseclassic.com

www.burmeseclassic.com



"မနွေးနွေးကကော"

"နားထောင်မယ်လေ"

"ဒါဆို တီးမယ်၊ နွေးနွေး အနှစ်သက်ဆုံး သီချင်း တစ်ပုဒ်ပြော၊ အဲဒါကို တို့တီးမယ်"

"နန်းကေသီ"

"အား…သိပ်ကောင်းတဲ့သီချင်းတစ်ပုဒ်ပဲ၊ တို့ဂရု နှစ်သက်ခဲ့တယ်၊ ခေတ်ဟောင်းက ဦးပြည်လှဖေနဲ့ ဒေါ်မေရှင် စုံတွဲဓာတ်ပြားသွင်း သီဆိုခဲ့တာ၊ သူတို့နှမျိုးစဉ်က ဆိုသွားကြတာလေ"

ပိုင်စိုးက စန္ဒရားခုံတွင် ပြန်ထိုင်သည်။ စန္ဒရားခလုတ်လေးများကို လက်ချောင်းဆယ်ချောင်းဖြင့် ကျင်လည်စွာတို့ထိလိုက်သည်။ တီးခတ်ရင်းပင် ဘေးတွင်ရပ်နေသည့် နွေးနွေးအား မော့ကြည့်ပြီး ပြောလိုက်သည်။

"ဟုတ်,မဟုတ်တော့ မသေချာဘူးပေါ့ မနွေးနွေး၊ နန်းကေသီ သီချင်းကို **ရေးထားခဲ့တာ** လှိုင်မင်းသမီးနဲ့ ကနောင်မင်းသားကို **ရည်ရွယ်ပြီး** ရေးခဲ့တာလို့ လူပြောများတယ်"

"အဲဒါ…ဟုတ်နိုင်ပါတယ် ကိုစိုးစိုး"

"အဲ…ခက်တာက နန်းကေသီ သီချင်းရဲ့ ပထမဆုံးပိုဒ်ဟာ အမျိုးသမီးဖြစ်တဲ့ ဒေါ်မေရှင်က စပြီးဆိုတယ်၊ ဒီတော့ အမျိုးသမီး ဆိုပိုဒ်မှာ မနွေး



နွေးဆိုပေးပါလား၊ ဦးပြည်လှဖေရဲ့ ဆိုပိုဒ်တွေကျတော့ တို့ဆိုမယ်လေ"

နွေးနွေးသည် ရှက်ပြုံးလေးပြုံးပါ၏။

နန်းကေသီ သီချင်းသည် ဖိုနှင့်မ အချစ်ချင်း ဖလှယ်အချစ်ချင်း ပြိုင်ကြသည်ကို ရေးသားသီကုံးထားခြင်းဖြစ်နေသည်။

ယခုပင် **သူမအားမေတ္တာစကားဖွင့်ပြောထားသော** ကိုစိုးစိုးအား **နွေးနွေး နန်းကေသီ သီချင်းဆိုပြရန်** ရှက်နေမိသည်။

"အဓိပ္ပာယ်တော့ **တစ်မျိုးမကောက်ပါနဲ့ မနွေး**နွေး၊ အနုပညာသဘောသက်သက်ပါ၊ **ဦးပြည်လှ**ဖေနဲ့ ဒေါ်မေရှင်ဟာ နှစဉ်က နန်းကေသီကို တွဲဆိုဓာတ်ပြားသွင်းပေမယ့် သူတို့ချင်း အကင်းရှင်းကြီးပါ၊ တို့ မနွေးနွေးကိုပြောထားပြီးပါပြီ၊ အချိန်ယူစဉ်းစားပါလို့၊ နန်းကေသီ သီချင်း မနွေးနွေး ဆိုပြရုံနဲ့ ဒါဟာ အဖြေပေးတာမဟုတ်မှန်း တို့နားလည်ခံယူပြီးသားပါ မနွေးနွေး"

"ကြည့်…"

ဟု နွေးနွေးရင်ထဲက ရေရွတ်လိုက်မိပြန်သည်။ ဒီကောင် ဘာတစ်ခွန်း၊ ဘာတစ်လုံးမှမပြောရသေးဘူး၊ သူ့ဟာ တရားခံ၊ သူ့ဟာသူ တရားလို၊ သူ့ဟာသူ တရားသူကြီး

www.burmeseclassic.com

www.burmeseclassic.com



လို လျှောက်ပြောနေတယ်။

တကယ်လို့သာ အဖြေပေးပြီးသား . . .ရှင်းနီးပြီးသား ဆိုလျှင် သည်အပြော . . .သည်အမူအရာကြောင့် ကျောဖြင့်ကြီးကို ထုပစ်လိုက်ချင်သည်။ ဗိုက်ခေါက်ကို ဆွဲလိမ်ပစ်ချင်မိသည်။

"ကဲပါ ကိုစိုးစိုး၊ နွေးနွေးဆိုပါမယ်၊ တကတည်း ဖြေရှင်းချက်တွေ ပေးနေလိုက်တာ၊ တရားရုံးမှာ လျှောက်လဲချက်ပေးတာ ကျနေတာပဲ"

ပိုင်စိုး ရယ်မောကာ စန္ဒရားဆက်တီးသည်။ မနွေးနွေး လိုက်၍ သီဆိုပါ၏။

"ပင်တော်တိုင်ဦး×××ကျော့မှုးရယ်တဲ့ကေသီ
ရွှေညီလာက×××မျှော်မှန်း×××
အဆောင်တော်ထဲ×××သန်းခေါင်းကျော်ဆဲ××
မယ်တစ်ကိုယ်တည်း×××ပျော်ပါပဲ×××
"ရွှေသည်းဘဝင်မှာ×××မရွှင်နိုင်ပါ။
မျှော်ဆဲမျှော်ကာ×××မပေါ်က×××
မောင့်ဘုရားအတွက်သာ×××သက်ညှာ
သနားတော့တာ"



အမိ ဒေါ်ကြေးမုံက မွေးခဲ့သော သမီးမနွေးနွေး သီဆိုနေခြင်းဖြစ်ပါ၏။ ဒေါ်ဖွားကပြောခဲ့သည်။ နွေးနွေး၏ မိခင်ဒေါ်ကြေးမုံသည် သီချင်းအဆိုရော စန္ဒရားအတီးရော သိပ်တော် သိပ်ကောင်းသည်ဟူ၍။

ယုံကြည်လောက်ပါပေသည်။ ယခုလက်တွေ့အားဖြင့် နွေးနွေး သီဆိုသည်ကိုနားထောင်ခြင်းဖြင့် မိခင် ဒေါ်ကြေးမုံက သမီးနွေးနွေးကို ကျကျနနသင်ပြထားခဲ့ကြောင်း ထင်ရှားစေပါသည်။

နွေးနွေးသည် အသံလုံသည်။ ဆွဲလျှင် ဆွဲသလောက် စန့်ထွက်လာစေသည်။ လိုရင်းပြောရလျှင် နွေးနွေးအသံကောင်းသည်။ အဆိုပိုင်သည်။ နွေးနွေးအား ပိုင်စိုး သဘောအကျကြီးကျမိပါ၏။အမျိုးသမီးဆိုပိုဒ် ပြီးသွားသဖြင့် အမျိုးသား အဆို ပိုဒ်တွင် ပိုင်စိုးသည် စန္ဒရားတီးရင်းပင် သီဆိုနေသည်။

"တစ်ပါးခင် နှမပျိုသူဓာ×××
သနားချင်စရာ×××ရွှေမျက်နှာ
မောင့်ကြင်ယာနန်းသူခင်မှာ
လှမ်းယူချင်စရာ×××ဘိသိက်သွန်းလောင်းကာ
အောင်ပွဲဆင်သ×××ဆင်သ
တောင်ညာစံထားမယ်×××ယုံပါ.

www.burmeseclassic.com



နှစ်ပါးမြတ်စုံစွာ×××သိကြားနတ်နှင်းအပ်ခါ

-စုလျားဆင်မယ်×××မောင်ဘုရားပါ"

ပိုင်စိုး ဆိုအပြီးတွင် ဘယ်ကထွက်လာမှန်းမသိသော လက်ခုပ်သံတဖြောင်းဖြောင်းထွက်လာသည်မို့ ပိုင်စိုးရော နွေးနွေးပါ လှမ်းကြည့်လိုက်သည်။ကိုလှိုင်ဘွားပါပေ။

"ဟေး…ကောင်းတယ်…သိပ်ကို ကောင်းတယ်၊ အနည်းဆုံး ဇာတ်ထောင်စားလို့ ရမယ်"

နွေးနွေးရော ပိုင်စိုးရော အဆိုအတီးကို ရပ်နားလိုက်ကြပါ၏။

နွေးနွေးက အိမ်ရှင်ဝတ္တရားအတိုင်း ညွှန့်သည် ကိုလှိုင်ဘွားကို စတင်နှုတ်ဆက်သည်။

"သြော်…ကိုလှိုင်ဘွားပါလား"

"ဟုတ်ပါ့ဗျား…အတာက နွေးနွေးတို့ပြန်သွားတော့ တအားကြီးလူးလိမ့်ပြီး ဂျီတိုက်တယ်လေ၊ ဘိုးဘိုးဆီလိုက်ပို့၊ အန်တီလေးဆီလိုက်ပို့နဲ့ ဘယ်လိုမှ ချော့လို့မရဘူး၊ နောက်ဆုံး မဆွေရော၊ မျိုးသန့်ရော ကြာရင်အတာ့ကို သူ့အဘိုးဆီ လိုက်ပို့ပေးပါ ဆိုတာနဲ့ ကိုယ် အတာ့ကို လာပို့ပေးတာ"

"ဒါဖြင့်…အတာလေးကော…"

"ကားပေါ်ကဆင်းတာနဲ့ ခြံထဲမှာရှိနေတဲ့ သူ့



အဘိုးဆီ ပြေးသွားတယ်၊ ဘယ်လိုလဲနွေး၊ ကိုယ်ရောက်လာလို့ စုံတွဲအရှိန်ပျက်သွားသလား၊ ဒါနဲ့ နွေးက အန်တီဆုံးသွားကတည်းက မတီးချင်၊ မဆိုချင်တော့ဘူးဆို၊ အခုတော့လဲ ဆိုလိုက်တီးလိုက်တာ မြိုင်လို့ပါလား"

"ထိုင်ပါ…ကိုလှိုင်ဘွား၊ သီချင်းဆို တီးခတ်နေတဲ့အရှိန် ပျက်သွားတာလဲမှန်တယ်၊ နောက်ပြီး မေမေဆုံးပြီးကတည်းက နွေးနွေး မဆိုချင်၊ မတီးချင်တာလဲမှန်တယ်၊ ဒါပေမယ့် အရာခပ်သိမ်းဟာ တသမတ်တည်း ရှိမနေတတ်ဘူးဆိုတာ ကိုလှိုင်ဘွား သတိမထားမိဘူး ထင်တယ်"

ပိုင်စိုးသည် စန္ဒရားဖုံးကို ပြန်ပိတ်လိုက်သည်။ စောစောက နွေးနွေးဖတ်ပြီး ချထားသောပစ်စာကိုလည်း ပြန်သိမ်းခေါက်ခါ အိတ်ထဲသို့ ပြန်ထည့်လိုက်သည်။

"တို့ ပြန်တော့မယ် နွေးနွေး"

စန္ဒရားထိုင်ခုံမှ မတ်တပ်ရပ်လိုက်ပြီး ပြန်ရန် ခြေလှမ်းလိုက်သည်။

"ဟာ…ကိုပိုင်စိုးနေပါဦးဗျ၊ အခု မော်ရုံတောကို ကျုပ်က အတာပို့တာတော့ အဓိကပေါ့၊ ဒါပေမယ့် ကိုပိုင်စိုးနဲ့လဲ စကားပြောစရာရှိလို့"

ပိုင်စိုးက လှမ်းနေနေသောခြေလှမ်းကို ရပ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြီး တည်တည်တံ့တံ့မျက်နှာနှင့် ပြန်မေးသည်။

"ကြဲတုန်းကြဲခိုက် ပြောချင်တဲ့စကားမျိုးလား၊ ဒါမှမဟုတ် ကျွန်တော်နဲ့ သီးသီးသန့်သန့် ပြောချင်တဲ့ စကားမျိုးလား ကိုလှိုင်ဘွား"

"အား"

ဟု ကိုလှိုင်ဘွားက အာမေဍိတ်သံလည်း ပြုလိုက်သည်။ ဟန်ပါပါ ပခုံးကိုလည်းတွန့်လိုက်သည်။ အဓိပ္ပာယ်မှာ ပိုင်စိုးပြန်ပြောလိုက်သောစကားသည် ကြီးကျယ်လွန်းသည်ဟု ယူဆသောပုံစံ အဓိပ္ပာယ်သက်ရောက်ပါ၏။

"အဲ…ခင်ဗျားနဲ့ သီးသီးသန့်သန့် ပြောချင်တဲ့ စကားမျိုး ဆိုပါတော့"

"ဒါဆို…ကျွန်တော် ဦးရာမတိုက်အိမ်ကြီးမှာပဲ ရှိနေမယ်၊ ကျွန်တော့်အိမ်ကို လာခဲ့ပါ ကိုလှိုင်ဘွား၊ ကဲ…နွေးနွေး တို့ပြန်မယ်"

ပိုင်စိုးက ပြောပြောဆိုဆိုပင် ဘယ်သူ့ကိုမှ မကြည့်တော့ဘဲ အိမ်ပေါက်ဝမှထွက်လာခဲ့သည်။

ကိုလှိုင်ဘွားက ယခုမှ ဧည့်ခန်းဆက်တီကုလားထိုင်တွင် ဝင်၍ထိုင်ပေသည်။

"လူနဲ့စကားလုံးနဲ့ မတန်လိုက်တာ၊ ပြောလိုက်တဲ့စကားလုံးတွေမှာ ဟိတ်ဟန်ကြီးမားသလောက် လူကျတော့ ဘာခြောက်ပြားတစ်ပဲမှမရှိတဲ့လူ၊ မ



ပြည့်တဲ့အိုးဘောင်ဘင်ခတ်တယ်ဆိုတာဒါမျိုးပေါ့"

"ကိုစိုးစိုးမှာ ဘာမှမရှိဘူးလို့ ကိုလှိုင်ဘွား ဆိုချင်တာလား"

နွေးနွေးကလည်း ဆက်တီလွတ်တစ်လုံးတွင် ဝင်ထိုင်ရင်း ပြန်မေးလိုက်သည်။

"ဒါပေါ့…ကိုယ်သိသလောက် ဒီလူဟာ အလုပ်မရှိအကိုင်မရှိနဲ့ ပိုက်ဆံလေး တစ်ပဲခြောက်ပြားကိုင်ပြီး မော်တော်ဆိုင်ကယ်တစ်စီးနဲ့ လေလွင့်လာတဲ့ လူတစ်ယောက်ပဲ နွေး"

"ကိုစိုးစိုးဟာ မန္တလေးတက္ကသိုလ်က ဘီအေဘွဲ့ရပြီးသား တစ်ယောက်ပါ ကိုလှိုင်ဘွား"

"အဲဒါ မက်မောစရာတဲ့လားနွေး၊ ကိုယ့်အနေနဲ့ဆို မိဘရဲ့လုပ်ငန်းတွေ မနိုင်မနင်းဖြစ်လို့ ဆယ်တန်းအောင်ပြီး မိဘလုပ်ငန်းထဲ ဝင်လိုက်ရတာ၊ ကိုယ်သာ တက္ကသိုလ်ဆက်သွားပြီး ဘွဲ့ယူပြီး နိုင်ငံခြားသွားမယ်ဆိုတောင် ဆယ်ခေါက် လောက်သွားနိုင်တယ်၊ မဟာဘွဲ့တွေ ယူနိုင်တယ်"

နွေးနွေးက ဆက်ပြောပြန်သည်။

"ကိုစိုးစိုးဟာ ဦးရာမတိုက်အိမ်ကြီးက လူတွေအားလုံးကြောက်လန့်နေတဲ့ သရဲကိုဖော်ထုတ်ပြီး ဒုစရိုက်ဂိုဏ်းကြီးရဲ့ သိန်းငါးရာတန်လောက် မှော်

www.burmeseclassic.com



ခိုပစ္စည်းတွေကို သက်ဆိုင်ရာလက်ထဲ ထည့်နိုင်တယ်”

“အဲဒါကော ဘာပြုလဲ နွေး”

“အဲဒါ အရည်အချင်းပဲပေါ့ ကိုလှိုင်ဘွား၊ စဉ်းစားဝေဖန်နိုင်စွမ်းရှိတဲ့ စွန့်စားရဲတဲ့သတ္တိရှိတယ်ဆိုတဲ့ အရည်အချင်းပေါ့”

“ဒါလောက်က အသေးအဖွဲ့ပါ”

“အသေးအဖွဲ့ဆိုရင် အစကတည်းက သုံးခွမှာ အသိုင်းအဝိုင်းကောင်းတဲ့ ကိုလှိုင်ဘွား ဒီရာမ သရဲခြောက်တဲ့အိမ်ကြီးကိစ္စကို ရှင်းလိုက်ရောပေါ့၊ အခုကိုစိုးစိုးက ပြဿနာကို စွန့်စားပြီးရှင်းလိုက်၊ ဒီတိုက်အိမ်ကြီးမှာ သရဲခြောက်တာ၊ သရဲကုပ်ချိုးတာ မဟုတ်ဘူး၊ဒုစရိုက်ဂိုဏ်းက သရဲခြောက်တယ်၊ ကုပ်ချိုးတယ်ထင်ပြီး လူတွေမလာရဲအောင် ဖန်တီးထားတယ်ဆိုတာ အားလုံးပေါ်ပြီး ရှင်းသွားမှ ကိုလှိုင်ဘွားက အဲဒီခြံနဲ့ တိုက်အိမ်ကြီးကို ဝယ်ချင် လိုချင်နေတယ်ဆို”

“ဟဲ…ဟဲ…စွန့်စားတယ်ဆိုတာ စွန့်စားတဲ့ပုဂ္ဂိုလ်ရဲ့တန်ဖိုးပေါ်မှာ မူတည်တွက်ချက်ရတာမျိုးရှိတယ် နွေး၊ ဥပမာ ရုပ်ရှင်ဇာတ်ဆောင် ရုပ်ါစတားမင်းသားတစ်လက်ဟာ ဇာတ်ကွက်အရ သုံးထပ်



တိုက်မြင့်ကြီးပေါ်က ခုန်ချတဲ့အခန်းတို့၊ မြင်း ဒုန်းစိုင်းစီးပြီး မြင်းပေါ်က ကျသွားတဲ့အခန်းတို့ကို သူ့အသက်စွန့်ပြီး ဘယ်လိုလုပ်မလဲ၊ အခကြေးငွေပေးပြီး လူငှားအစားထိုးပြီး လုပ်ရတာပေါ့၊ အဲဒါ ဘာလို့လဲ၊ လူချင်းတန်ဖိုးမတူလို့ပဲ၊ ကိုပိုင်စိုးလိုလူကတော့ ဦးရာမတိုက်အိမ်ကြီးကိစ္စမှာ စွန့်စားလုပ်ပေမယ့် ကိုယ့်လိုတန်ဖိုးသိပ်ရှိနေတဲ့လူမျိုးကျတော့ ဒီနေရာမျိုးမှာ အချည်းအနှီးမစွန့်စားဘူး၊ မစွန့်စားရဲတာမဟုတ်ဘူး၊ ဒီလောက်နဲ့ မစွန့်စားသင့်လို့ အစွန့်စားတာ”

နွေးနွေးက မျက်နှာလေး မဲ့ပြလိုက်ပါ၏။

“လူ့ရဲ့တန်ဖိုးကို ကိုလှိုင်ဘွားက ဘာနဲ့ တိုင်းတာပြီး တန်ဖိုးဖြတ်တာလဲ”

“ငွေကြေးပေါ့ နွေး၊ ကိုယ့်မိဘတွေကာ သိပ်ချမ်းသာတယ်၊ ကိုယ်က တစ်ဦးတည်းသောသား၊ ကိုယ့်လို သိန်းပေါင်းအများကြီး ချမ်းသာကြွယ်ဝတဲ့လူက ကိုပိုင်စိုးလို အလုပ်အကိုင်မရှိတဲ့ လူစားမျိုးကိုတော့ ဘယ်မှာ အမိုက်ခံစွန့်စားပါ့မလဲ နွေး”

“ဩော်…ဩော်…လူတန်ဖိုးကို တွက်တဲ့နေရာမှာ ကိုလှိုင်းဘွားက ငွေကြေးနဲ့ တွက်သတဲ့လား၊ နွေးနွေးရဲ့ တွက်နည်းထဲမှာတော့ အဲဒီတွက်

www.burmeseclassic.com

www.burmeseclassic.com



နည်းမျိုးမပါဘူး ကိုလှိုင်ဘွား"

လှိုင်ဘွားသည် နွေးနွေးကို မျက်မှောင်ကြုတ်ပြီး ကြည့်လိုက်ပါ၏။

"နေပါဦး…အခု နွေးနွေးပြောသမျှတွေဟာ ပိုင်စိုးဘက်ကို မဲတင်းပြီး အလေးသာစကားမျိုးတွေ ပြောနေတယ်၊ အဲဒါ ဘယ်လိုသဘောလဲနွေး"

"ဘယ်လိုသဘောမှမဟုတ်ဘူး၊ အရှိကိုအရှိအတိုင်း…အမြင်ကို အမြင်အတိုင်း ပြောနေတာ"

"ထားပါတော့လေ၊ စိတ်နှတဲ့မိန်းကလေးဆိုတာ ရုပ်ရှင်ထဲကမင်းသားကလူကြမ်းကိုထိုးလို့ လူကြမ်းလဲကျသွားတာကိုတောင် မင်းသားက တကယ့် လူစွမ်းကောင်းကြီးပါလားဆိုပြီး ဩဘာပေးကြတာပဲ၊ ကဲပါလေ…အဲဒါတွေ ဘေးချိတ်ထားလိုက်ပါ၊ နွေးနဲ့ကိုယ်လက်ထပ်ဖို့ကိစ္စ ကိုယ်ပြောထားသားပဲ၊ အဲဒါ ဘယ်လိုလဲ နွေး"

"ဘယ်လိုမှမလဲဘူး ကိုလှိုင်ဘွား"

"ဘာလဲ…နွေးက အခုစိတ်ပြောင်းသွားပြီလား"

"နွေးနွေး…အခုမှစိတ်ပြောင်းသွားတာ မဟုတ်တာ၊ ဟိုတုန်းကတည်းက ကိုလှိုင်ဘွားကို လက်ထပ်ပါ့မယ်လို့ တစ်ခါမှ မပြောဖူးတာ"



"ဒါကတော့ ဟိုတုန်းက နွေးက ကျောင်းမှ မပြီးသေးတာ"

"ကျောင်းပြီးသွားရင် ကိုလှိုင်ဘွားကို လက်ထပ်မယ်လို့လဲ နွေးနွေး တစ်ခွန်းတောင် မဟာခဲ့ပါလား ကိုလှိုင်ဘွား"

လှိုင်ဘွားသည် ထိုင်ရာမှ ထလိုက်သည်။ သူ့မျက်နှာအမူအရာမှာ ခံပြင်းမှုနဲ့ ဒေါသရိပ်သမ်းနေပါ၏။

"ရတယ်လေ…အချိန်တွေရှိနေသေးတာပဲ၊နွေး စဉ်းစားဦးပေါ့၊ စဉ်းစားတဲ့နေရာမှာ အဆုံး အဖြတ်မမှားဖို့ အရေးကြီးတယ်နော်၊ ရွှေနဲ့ကြေး၊ စိန်နဲ့ ဖန်သား ခွဲခြားနားလည်ဖို့လိုမယ်"

ပြောပြောဆိုဆိုပင် လှိုင်ဘွားသည် ထွက်ပေါက်မှ ထွက်သွားတော့သည်။နွေးနွေးက ထိုင်မြဲထိုင်နေသည်။

ကိုလှိုင်ဘွား၏ ကားမောင်းထွက်သွားသော စက်သံကို နားထောင်ရင်း သုံးခွသို့ပြန်သည့်လမ်းကို မောင်းသွားခြင်းမဟုတ်ဘဲ ပင်လယ်ကမ်းစပ်ရှိ ဦးရာမတိုက်အိမ်ကြီးဘက်သို့ မောင်းသွားမှန်း သိသာသည်။

နွေးနွေး ထကြည့်မိသည်။

တကယ်ပင် ကိုလှိုင်ဘွားသည် ဦးရာမတိုက်အိမ်ကြီးဘက်သို့ မောင်းသွားသည်ကို မြင်တွေ့ရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



(၁၂)

"မရောင်းပါဘူး…ကိုလှိုင်ဘွား"

"ဆယ်ဆ…ဆယ်ဆပေးမယ်၊ ခင်ဗျား ငါးသောင်းနဲ့ဝယ်ထားမှန်း ကျုပ်သိသားပဲ၊ အခု ဆယ်ဆ…ငါးသိန်းပေးမယ်"

လှိုင်ဘွားက ဟန်ပါပါ သူ၏လက်ဆယ်ချောင်းကို ထင်ထင်ရှားရှားမြင်အောင် ထောင်ပြရင်း ပြောလိုက်သည်။

"မရောင်းပါဘူး"

"ဟာ…ခင်ဗျား ဘယ်လိုလူလဲ ကိုပိုင်စိုး၊ ဆယ်ဆ ငါးသိန်းကြီးများတောင် ပေးနေတာတောင် ခင်ဗျားက အိုက်တင်ခံနေသေးတယ်၊ ခင်ဗျား မဆိုးဘူး၊ အရောင်းအဝယ်ပညာ မညံ့ဘူး၊ ဈေးဆွဲနိုင်



တယ်၊ ကဲ…ပြော…ခင်ဗျား ဘယ်လောက်ထိ လိုချင်လဲ"

"ဘယ်လောက်မှ မလိုချင်ဘူး ကိုလှိုင်ဘွား၊ ကျွန်တော် ရောင်းကိုမရောင်းတာပါ"

"ဒီမယ် ကိုပိုင်စိုး၊ မျောက်လက်ထဲ အုန်းသီး ရသလို ခင်ဗျားဖြစ်နေပြီ၊ အုန်းသီး၊ အုန်းဆန်ဟာ စားလို့ကောင်းမှန်းသိပေမယ့် မျောက်က အုန်းခွံကို နွာနိုင်စွမ်းမရှိဘူး၊ အုန်းသီးကို ခွဲနိုင်စွမ်းမရှိဘူး၊ အဲဒီတော့ မျောက်လက်ထဲ အုန်းသီးရတော့ ဘာ ထူးခြားမှာလဲ"

"ဦးရာမ တိုက်အိမ်ကြီးနဲ့ခြံကြီးက အုန်းသီး၊ ကျွန်တော်က မျောက်လို့ ကိုလှိုင်ဘွားဆိုလိုတာ လား"

"အဲဒီသဘောသက်ရောက်နေလို့ပါ၊ တိုက်အိမ် ကြီးနဲ့ခြံကြီး ကျွန်တော့်လက်ထဲရောက်ရင် ကမ်းခြေ ဟိုတယ်ကြီးတစ်ခု ဖြစ်လာနိုင်တယ်၊ ဒါမှမဟုတ် စက်ရုံကြီးတစ်ခုခု ဖြစ်လာနိုင်တယ်၊ ဒါကြောင့် ကျုပ်က ဆယ်ဆပိုပြီး ပေးရဲတာ"

"ကျွန်တော် တစ်နေ့ကို ထမင်းနှစ်နပ် မှန်မှန် စားနိုင်တယ်၊ ဝတ်ဖို့ဆိုလဲ တစ်ထည်စုတ်ရင် နောက် တစ်ထည် လဲဖို့ လုံလုံလောက်လောက်ရှိတယ်၊

www.burmeseclassic.com

www.burmeseclassic.com



နေဖို့ အရိပ်အာဝါသ ကောင်းတဲ့ခြံကြီးနဲ့ တိုက်အိမ်ကြီးလဲရှိတယ်၊ ဒီတော့ ကျွန်တော့်အတွက်ငွေပိုငွေလျှံမလိုပါဘူး၊ ဒီတိုက်အိမ်ကို ငါးသိန်းနဲ့ ရောင်းတော့ကော ကျွန်တော့်အတွက် ဘာထူးမှာမို့လဲ၊ လောကကြီးမှာ ငွေစက္ကူတွေဟာ ဝါးစားလို့လဲ အာဟာရမဖြစ်ဘူး၊ ငွေစက္ကူတွေ သီချုပ်ပြီး အင်္ကျီလုံချည်ဝတ်လို့လဲ မရဘူး၊ ငွေစက္ကူတွေနဲ့ အိမ်တိုင်ထူဆောက်လို့လဲ မရဘူး၊ ဒါကြောင့် ခင်ဗျား ဆယ်ဆမကလို့ အဆတစ်ရာ ပိုပေးလဲ ကျွန်တော် မရောင်းဘူးဗျာ"

"ခင်ဗျား သေချာစဉ်းစားပါ ကိုပိုင်စိုး၊ အခုဆို ဒီတိုက်အိမ်ကြီးမှာ ခင်ဗျားဆက်နေဖို့ အန္တရာယ်ရှိနေပြီ၊ ကိုတေဇရဲ့ဂိုဏ်းအဖွဲ့က ခင်ဗျားကို လုံးဝမကျေနပ်ဘူး၊ သူတို့အတွက် အဖက်ဖက်က နစ်နာဆုံးရှုံးလို့ ခင်ဗျားကို အစိမ်းလိုက် ဝါးစားနေချင်ကြပြီ၊ သူတို့တကယ် ရန်ရှာလာပြီဆိုရင် ခင်ဗျား သေသွားမယ်"

ပိုင်စိုးက လှိုင်ဘွားကို အကဲခတ် စူးစမ်းအကြည့်ဖြင့် ကြည့်လိုက်သည်။

"နေပါဦး…တေဇတို့အဖွဲ့က ကျုပ်ကို အစိမ်းလိုက် ဝါးစားချင်တာတို့၊ သတ်ပစ်ချင်တာ ဒါကို



ကိုလှိုင်ဘွားက ဘယ်လိုသိတာလဲ"

"ဒါ…အဆန်းမှမဟုတ်တာ၊ သုံးခွ၊ သန်လျင်မှာ သရဲကြီးမိုးဟိန်း မသေမီက ကိုတေဇတို့ ဂိုဏ်းအဖွဲ့အကြောင်း ရဲအဖွဲ့မှာဖြောင့်ချက်ပေးသွားတာ လူတိုင်းသိကြ၊ ကြားကြတာပဲ၊ ကိုတေဇအဖွဲ့ဟာ ခင်ဗျားကြောင့် သူတို့လျှို့ဝှက်စခန်းကို ရဲအဖွဲ့က သိရှိမကဘူး၊ သူတို့ပစ္စည်းတွေ သိန်းငါးရာ ခြောက်ရာဖိုး ရဲဘက်က အသိမ်းခံလိုက်ရတာ ခင်ဗျားကြောင့်ပဲ ကိုပိုင်စိုး…"

"အဲဒီတော့ ကိုတေဇ ဂိုဏ်းအဖွဲ့က ခင်ဗျားကိုတွေ့ရင် ကျေးဇူးတင်ပါတယ်ဆိုပြီး လက်ဆွဲနှုတ်ဆက်မတဲ့လား၊ အသေသတ်ချင် သတ်မယ်၊ အစိမ်းလိုက် ဝါးစားချင်မယ်ဆိုတာ ကလေးကစပြီး သိနေတာပဲဟာ"

"ရတယ်…ကိုလှိုင်ဘွား၊ တေဇနဲ့တွေ့တာလဲ ကျွန်တော်က ရင်ဆိုင်လိုက်ရုံပဲ၊ ကျွန်တော့်အဖို့ကတော့ ဘုရင့်နောင်ဖောင်ဖျက်ပဲ၊ နောက် မဆုတ်ဘူး၊ ထွက်မပြေးဘူးပဲ"

"သတ္တိဆိုတာ တန်ဖိုးကြီးမားတာ အမှန်ပဲ၊ အဲဒီသတ္တိကို အလွဲသုံးစားလုပ်ရင်တော့ အချည်းနှီး စွန့်စားရာရောက်ရုံမကဘူး၊ ကိုယ့်အသက်ကိုပါ ဆုံးရှုံး

www.burmeseclassic.com

www.burmeseclassic.com



သွားနိုင်တယ်ဆိုတာကိုကော ကိုပိုင်စိုး စဉ်းစားမိရဲ့လား"

"ကျွန်တော် မမိုက်မဲပါဘူး ကိုလှိုင်ဘွား၊ သတ္တိကို သူ့နေရာနဲ့သူ အသုံးချတတ်ပါတယ်"

"ဒါဆို ဒီတိုက်အိမ်ကြီးမှာ ခင်ဗျားမနေတော့ဘူးဆိုရင် ဘာလုပ်မလဲ၊ ရောင်းလဲမရောင်းနဲ့၊ ကျုပ်ကြားသလောက်တော့ ခင်ဗျား လွတ်လွတ်လပ်လပ် စာရေးချင်လို့ ဒီတိုက်နဲ့ ခြံကြီးကို ဦးရာမဆီက ဝယ်လိုက်တာ၊ ခင်ဗျားရဲ့ငွေကြေးအခြေအနေက ကျုပ်လို ကမ်းခြေဟိုတယ်လဲ မဖွင့်နိုင်၊ ဘာစက်ရုံမှလဲ မတည်နိုင်တဲ့ အရင်းအနှီးဗလာသက်သက်ကြီးပဲဟာ"

ပိုင်စိုး ဝမ်းတွင်း ကြိတ်ပြုံးလိုက်သည်။

"ဟောဒီ မော်ရုံတောရွာက ဘုန်းကြီး ကျောင်းကို ကျွန်တော် လေ့လာပြီးပြီ၊ ကျောင်းထိုင် ဆရာတော်ကြီးကပညာသိပ်တော်တယ်၊ ကျန်တဲ့ ဦးပဉ္စင်းတွေ၊ ကိုရင်တွေကိုလဲ အမြဲစာချပေးတယ်၊ သိပ်ကြည်ညိုဖို့ကောင်းတယ်၊ ဒါပေမယ့် ဆရာတော်ရဲ့ ကျောင်းအဆောက်အအုံက စာသင်သားတွေနဲ့ဆိုရင် ကျဉ်းနေတယ်၊ စာသင်သား ဦးပဉ္စင်းတွေ၊ ကိုရင်တွေ အနေအထိုင်မချောင်ဘူး၊ ဒီတော့ ကျွန်တော်



မော်ရုံတောရွာက သွားတဲ့နေ့ မှာ ဒီခြံနဲ့ဒီတိုက်အိမ်ကြီးကို ဆရာတော်ဘုရားကို ရေစက်ချလှူပစ်ခဲ့ဖို့ ရည်ရွယ်ပြီးသားပဲ ကိုလှိုင်ဘွား"

"ဩော်...ဩော်...အခုလက်ငင်း ကျုပ်ကငါးသိန်းနဲ့ဝယ်တဲ့ ဒီတိုက်နဲ့ဒီခြံကို ခင်ဗျားက မရောင်းဘဲ ဆရာတော် ဘုန်းကြီးကို လှူပစ်မယ်ဟုတ်လား"

"အဲဒီ အတိုင်းပဲ"

"ခင်ဗျားက ဘုရားဖြစ်မယ့် အုတ်နီခဲပဲ၊ ဝ, မရှိဘဲ ဝိချင်တဲ့လူပဲ၊ ဦးနှောက် အင်မတန်နည်းတယ်လို့ ပြောရမှာပဲ"

ပိုင်စိုးသည် ထိုင်နေသော လှိုင်ဘွားကို ချိုင်းအောက်မှ လက်မောင်းဆွဲပြီး မြှောက်လိုက်သည်။ အရုပ်တစ်ရုပ်လိုပါလာပါ၏။

"ခင်ဗျား ပြန်တော့၊ ခင်ဗျားပြောသမျှ ကျုပ်သည်းခံနေတာ သည်းခံနိုင်တဲ့အမှတ်ကို ကျော်သွားပြီ၊ ဒီထက်ကဲလာရင် ခင်ဗျားနာတော့မယ်၊ ခင်ဗျား မနာခင် ပြန်တော့"

ပိုင်စိုးက လှိုင်ဘွားကို နားရွက်ကိုင်၍ ဆွဲခေါ်သွားသည်။ သူ့မော်တော်ကားရပ်ထားရာရောက်သည်နှင့် ကားတံခါးဖွင့်ကာ အရုပ်တစ်ရုပ်ပစ်သွင်းလိုက်သလို သွင်း

www.burmeseclassic.com

www.burmeseclassic.com



သိုက်ပြီး ဂျိန်းခနဲ ကားတံခါးကို ပိတ်ပစ်လိုက်သည်။

ကားထဲရောက် စက်နှိုးပြီးမှ လှောင်အိမ်ထဲက ခွေးဟောင်သလို ပိုင်စိုးအား လှမ်းပြောလိုက်သေးသည်။

"ဒီမယ်...ပိုင်စိုး၊ မင်း ထမင်း၀,၀စားထား၊ မင်း မျော်ရှုံတောကိုရောက်လာတာဟာ တောထဲက ကျားတစ်ကောင် ရွာထဲ၀င်ဆွဲသလို ငါခံစားရတယ်၊ အေး...ဘယ်လိုကျားပဲဖြစ်ဖြစ် နောက်ဆုံးမှာတော့ မုဆိုးရဲ့ဓားချက် မုဆိုးရဲ့မြားချက်နဲ့ သေရစမြဲပဲ၊ မင်း ကောင်းကောင်းကြီး သတိထားပေတော့ ပိုင်စိုး"

ပိုင်စိုးက ထပ်မံပြီး ကားတံခါးသို့တိုးကပ်သွားသည်နှင့် ဟောင်ရင်းထွက်ပြေးသောခွေးလို ကားကို ဂီယာထိုးပြီး ၀ူးခနဲ တစ်ရှိန်ထိုး မောင်းပြေးသည်။

မောင်မိုးသည် တစ်ချိန်လုံး ပျောက်နေရာမှ ဘွားခနဲပေါ်လာပြီး သူ့လက်ထဲတွင်ကိုင်ထားသော အုတ်ကျိုးပိုင်းဖြင့် မောင်းသွားသော ကားနောက်ကို လှမ်းပေါက်လိုက်သည်။

"ဟေ့...ဟေ့...မောင်မိုး...မပေါက်နဲ့"

ဟု အော်ဟစ်တားမြစ်သည့်ကြားကပင် မောင်မိုးပစ်ပေါက်လိုက်သော အုတ်ခဲကျိုးသည် လှိုင်ဘွား၏ အဖိုးတန်ကား၏နောက်မှန်ကို တည့်တည့်ကြီး ထိမှန်သွားကာ ဖွားခနဲ



ဖွားခနဲ ကွဲသွားသည်ကို လှမ်းမြင်ရသည်။

"မင်းကွာ...ငါ့စကား နားမထောင်ဘူး၊ ဟိုမှာ မှန်ကွဲသွားပြီ"

"ကျုပ်ကို ရိုက်ချင်ရိုက်ပါ အစ်ကို၊ သူနဲ့အစ်ကို ညှိနှိုင်းထဲမှာစကားတွေပြောနေကတည်းက သူက အစ်ကို့ကိုပြောတာတွေ ကျုပ်ကြားရပြီး ဝိတောက်သားနဲ့ ထွက်ရိုက်ချင်နေတာ လက်ကိုယားနေတာပဲ၊ အစ်ကိုကိုယ်တိုင် ငြိမ်နေလို့ အစ်ကို့ကို ကျော်ပြီး ကျုပ်ထွက်မရိုက်တာ၊ နောက်ဆုံး အစ်ကိုကတရွတ်တိုက် သူ့ကိုဆွဲခေါ်သွားတော့ ကျုပ် နောက်ကလိုက်ကြည့်တာ၊ သူ ကားမောင်းပြေးတော့ မိရာအုတ်ခဲနဲ့ လှမ်းပစ်တာ၊ ကျုပ် စိတ်ထဲ မခံချင်လို့ပါ အစ်ကို"

ပိုင်စိုးက ကိုလှိုင်ဘွားကားပြန်လှည့်လာမလားဟု ကြည့်နေသေးသည်။

ပြန်လာလည်း ကွဲသွားသော မှန်တန်ဖိုး တောင်းသလောက်လျော်မည်ဟု ဆုံးဖြတ်ထားပါ၏။

သို့သော် ကိုလှိုင်ဘွား ပြန်လှည့်မလာပေ။ ကားကို အရှိန်မြှင့်၍ပင် မောင်းသွားသေးသည်။

ပိုင်စိုး အိမ်ထဲပြန်ဝင်ထိုင်ကာ ကိုလှိုင်ဘွားပြောသွားသောစကားများကို ပြန်စဉ်းစားကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုလှိုင်ဘွားသည် မိမိကို ငွေအရင်းအနှီးမရှိသူ၊ ချို့တဲ့သူဟုမြင်နေသည်။ သူပြောသွားသောစကားတို့က သက်သေခံနေသည်။

မော်ရုံတောဝယ် မိမိကို ယင်းသို့ချို့တဲ့ သူအဖြစ်မြင်သည်ကိုပင် ပိုင်စိုးသဘောကျပါ၏။ ထို့ကြောင့်လည်း အမြတ်များများပေးလျှင် ဒီတိုက်၊ ဒီခြံကြီးကို ရောင်းလိမ့်မည်ဟု ကိုလှိုင်ဘွား ကျိန်းသေတွက်ထားပုံရသည်။

နောက်တစ်ချက်မှာ မိမိအား တေဇ ဂိုဏ်းအဖွဲ့က အသက်အန္တရာယ်ပေးမည်ဟု ကိုလှိုင်ဘွားက ခြိမ်းချောက်စကားပြောသွားသေးသည်။

မိမိနှင့်တေဇဂိုဏ်းအဖွဲ့ပြဿနာတွင် လှိုင်ဘွားသည် ဘာမှမဆိုင် အနေသာကြီးဖြစ်ပါ၏။

အဘယ့်ကြောင့် မိမိအား တေဇအဖွဲ့နှင့် ခြိမ်းခြောက်စကားတွေ ပြောသွားသည်။

တစ်ခုပဲရှိသည်။

ဤတိုက်နဲ့ခြံကြီးကို သူသိပ်လိုချင်သောကြောင့် မိမိကရောင်းပြီးထွက်သွားစေရန် တေဇအဖွဲ့နှင့် လှည့်၍ ခြိမ်းခြောက်ခြင်းဖြစ်နိုင်သည်။

နောက်ထပ် ကိုလှိုင်ဘွားပြောသွားသောစကားရှိသေးသည်။

မိမိ မော်ရုံတောသို့ရောက်လာခြင်းသည် တောထဲက



ကျား ရွာထဲဝင်ဆွဲသည်ဟု ပြောသွားသည်။

နွေးနွေးကိုရည်ရွယ်ပြီးပြောသွားသည့် စကားဖြစ်နိုင်လောက်သည်။ မိမိနှင့် နွေးနွေးအတူ စန္ဒရားသီချင်းဆိုသည်ကို သူတွေ့သွားသည်။ မိမိပြန်ထွက်လာပြီးနောက် နွေးနွေးက ဘာတွေထပ်ပြီးပြောလိုက်မှန်းတော့မသိ။ သူမကျေမနပ်ဖြစ်လာသည်ကတော့ ထင်ရှားသည်။ မိမိဘက်သို့ နွေးနွေးပါနေပြီဟုယူဆကာ မိမိအားတောထဲက ကျားနှင့် နှိုင်းပြောသွားခြင်းဖြစ်မည်။

မည်သို့ပင်ဖြစ်စေ တေဇ ပစ်စာနှင့်ပတ်သက်၍တော့ သုံးခွရဲစခန်းသို့ အကျိုးအကြောင်း အသိပေးထားသင့်သည်ဟု ပိုင်စိုးဆုံးဖြတ်သည်။

"မောင်မိုးရေ...မောင်မိုး"

"လာပါပြီ အစ်ကို"

"ငါ သုံးခွသွားမလို့၊ မင်းအိမ်မှာတစ်ယောက်တည်း မနေရဲရင် တံခါးတွေသော့ပိတ်ပြီး ရွာထဲမှာသွားနေ"

"ကျုပ်လဲ သုံးခွလိုက်မယ်၊ အစ်ကို လမ်းမှာအသွားအပြန် အစ်ကိုတစ်ယောက်တည်း"

"ရပါတယ်ကွ၊ ဒီလမ်းကို ငါတစ်ယောက်တည်း သွားလိုက်ပြန်လိုက်ပဲဟာ"

"မဟုတ်ပါဘူး အစ်ကို၊ ကိုလှိုင်ဘွားကို ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



မယုံဘူး၊ ဒီလူက မိန်းမဉာဏ်ရှိတယ်၊ နောက်ပြီး ကျူပ် မော်တော်ဆိုင်ကယ် အဝေးကြီးလိုက်စီးချင်လို့ပါ အစ်ကို''

''ကဲ…ဒါဆိုလဲ လိုက်ခဲ့''

## (၁၃)

စခန်းမှူးသည် အလုပ်များသူဖြစ်ပါ၏။

ရဲကြပ်ကြီး ဦးနိုးနှင့်မင် တွေ့ရသည်။

ပိုင်စိုးက ရဲကြပ်ကြီးအား တောဧဏ်ပစ်စာ ခြိမ်းချောက်စာကို ပြသပြီး ပစ်စာရပုံနည်းကို ပြောပြပေးသည်။

''ဒီကိစ္စ ဒီပစ်စာနဲ့ ပတ်သက်ပြီး မောင်ပိုင်စိုး ဘယ်လို ယူဆမြင်သလဲ''

''တောဧတို့ ဂိုဏ်းအဖွဲ့တာ ဒီခြံနဲ့ဒီတိုက်အိမ်ကြီးကို ပြန်လိုချင်လို့များ ကျွန်တော် အဲဒီက ထွက်ခွာသွားအောင် ခြိမ်းခြောက်ပစ်စာပေးတာလို့ ထင်ရမလားလို့ပဲ ဦးနိုး''

ရဲကြပ်ကြီး ဦးနိုးကဖြည်းလေးစွာ ဦးခေါင်း ခါရမ်း

www.burmeseclassic.com

www.burmeseclassic.com



ပြသည်။ သူ၏ထင်မြင်ယူဆချက်ကို ပြောသည်။

"ငါ့ရဲ့ ဒီအသက်အရွယ်အထိ ရဲအတွေ့အကြုံအရပေါ့ကွာ၊ ဒုစရိုက်ခန်းတစ်ခုကို ရဲကသိရှိဖမ်းမိသွားပြီး ဒုစရိုက်တရားခံဟာ လွတ်မြောက်သွားတယ်ဆိုဦးတော့၊ အဲဒီဒုစရိုက်ကောင်ဟာ သူ့စခန်းဟောင်းကို ပြန်ထူထောင်ဖို့ လုံးဝမကြိုးစားတော့ဘူး၊ ဘာလို့လဲဆိုတော့ ရဲအဖွဲ့က မျက်ခြေမပြတ် စောင့်ကြည့်တော့မယ်ဆိုတာသိသွားပြီကိုး၊ နောက်ပြီး တေဇတို့အဖွဲ့ဟာ သူတို့ဦးရာမတိုက်အိမ်စခန်းကြီးကို ငါတို့သိရှိဖမ်းဆီးပြီး ပစ္စည်းတွေသိမ်းပြီးနောက် သူတို့အားလုံးခြေရာဖျောက် ထွက်သွားကြတယ်၊ ငါ ကြားသလောက်ဆိုရင် နယ်ခြားအရှေ့ဘက်တိုင်းပြည်ထဲ ဝင်သွားကြပြီလို့တောင် ကြားတယ်၊ ဒါမှမဟုတ်လဲ ဒီပြင်တစ်နေရာရာကိုရှာပြီး သူတို့စခန်းသစ်ဖွင့်ချင်ဖွင့်ကြမယ်၊ စခန်းဟောင်းဖြစ်တဲ့ မော်ရုံတောက ဦးရာမရဲ့ တိုက်အိမ်ကြီးကိုတော့ ပြန်လာမှာမဟုတ်တာ သေချာတယ်"

"ဒါဖြင့် ဒီပစ်စာရဲ့သဘောကကော ဦးနိုး ဘယ်လို ယူဆမလဲ"

"ငါ့စိတ်ထင်တော့ ဦးရာမခြံနဲ့တိုက်အိမ်ကြီးကို သရဲချောက်တာမဟုတ်မှန်းသိသွားပြီး လိုချင်တဲ့လူတစ်ယောက်ယောက်က မောင်ပိုင်စိုးမနေရဲဘဲ ထွက်သွားအောင် တေဇတို့အဖွဲ့ကို ခုတုံးလုပ်ပြီး ခြိမ်းခြောက်ပစ်စာပေးထားလို့ ထင်တာပဲ"

"ပစ်စာကို ခြံထဲပစ်ပေါက်ပေးတဲ့လူဟာ တေဇတို့အဖွဲ့က အဝတ်နဲ့လူပုလေးပဲဖြစ်နေတာကို ဦးနိုး ဘယ်လို ယူဆမလဲ"

"ဒါကတော့ သေသွားပြီးတဲ့ ဦးမိုးဟိန်းတို့ အဝတ်နက်နဲ့ လူပုလေးဆိုတာတို့က တေဇဂိုဏ်းအဖွဲ့ကြီးက ကြေးစားငှားထားတဲ့ အောက်ခြေ အခစားသမားမျိုးတွေပဲ၊ တေဇတို့ထွက်ပြေးသွားတဲ့ဆိကို ဒီလိုအောက်ခြေ ကြေးစားအလုပ်သမားမျိုးကို ဘယ်လိုခေါ်သွားမလဲ၊ ထားခဲ့မှာပေါ့၊ အဲဒါကို ဒီတိုက်အိမ်ကြီးနဲ့ခြံကြီးကို လိုချင်တဲ့လူကသိထားပြီး အဲဒီလူပုလေးကိုပဲ ပိုက်ဆံပေးပြီး ပစ်စာပေါက်ခိုင်းတာဖြစ်နိုင်တာပဲ မောင်ပိုင်စိုး"

ပိုင်စိုး သဘောပေါက်ရပါ၏။

ကိုလှိုင်ဘွားက မိမိတိုက်နှင့်ခြံကြီးကို ငါးသိန်းပေးပြီးဝယ်ယူကြောင်း ပိုင်စိုးက စပြောကတည်းက ထည့်မပြောပေ။

ကိုလှိုင်ဘွားသည် သုံးခွတွင် အရေးပါသူတစ်ဦးဖြစ်နေသောကြောင့် သုံးခွစခန်းရဲကြပ်ကြီး ဦးနိုးအား ကိုလှိုင်





www.burmeseclassic.com

www.burmeseclassic.com



ဘွားအကြောင်း တမင်မပြောဘဲ ချန်လှပ်ထားခြင်းဖြစ်လေသည်။ စကားနောက် တရားပါသွားမည်စိုးသဖြင့် မပြောဘဲနေခြင်းပါတည်း။

ဦးနိုးက ဆက်၍ပြောပြန်သည်။

"ဦးရာမတိုက်အိမ်ကြီးဟာ သရဲခြောက်တာမဟုတ်ဘဲ ဒုစရိုက်အဖွဲ့က သရဲခြောက်တယ်လို့ ဖန်တီးထားတာမှန်း သန်လျင်၊ သုံးခွက လူတွေသိပြီးတဲ့နောက်မှာ အဲဒီခြံနဲ့ တိုက်အိမ်ကြီးကို လိုချင်တဲ့လူတွေရှိနေတယ်လို့ ငါကြားနေတာပဲ မောင်ပိုင်စိုး၊ ဘာလို့ လိုချင်ကြလဲဆိုတော့ အဲဒီတိုက်အိမ်ကြီးနဲ့ ခြံကျယ်ကြီးကို မောင်ပိုင်စိုး ငါးသောင်းနဲ့ ဝယ်ထားတာလဲ သိကြတယ်၊ ခုခေတ်ကြေးနဲ့ဆိုရင် ခြံကြီးကလဲ အကျယ်ကြီး၊ တိုက်အိမ်ကြီးကလဲ ထုနဲ့ထည်နဲ့သိပ်ကောင်းနေတာ၊ စီးပွားရေးသမားမျက်စိနဲ့ အမြတ်ပေးပြီး ဝယ်မယ်ဆိုတဲ့လူတွေလဲရှိတယ်၊ တချို့ကျတော့ ဒီတိုက်အိမ်ကြီးရဲ့ ခြံထဲမှာပဲ ဒုစရိုက်သမားတွေ မြေမြှုပ်ဝှက်ထားခဲ့တဲ့ ရတနာတွေရှိနေနိုင်တယ်၊ အေးအေးဆေးဆေး ရှာဖွေဖော်ထုတ်ရင် ရမယ်ဆိုတဲ့အထင်နဲ့ သိုက်တူးသဘော ဝယ်ချင်တဲ့သူတွေလဲ ရှိတာပဲ၊ ဒါတွေကတော့ ငါကြားတဲ့ ကောလဟာလ သတင်းတွေ



ပေါ့ကွာ၊ အစက ငါပြောချင်တာကတော့ အခု ခြိမ်းခြောက်ပစ်စာဟာ တေဇတို့အဖွဲ့က တေဇ ပစ်တာမဟုတ်နိုင်ဘူးလို့ အစကပြောချင်တာ၊ ဘာလဲ…မောင်ပိုင်စိုးက အဲဒီတေဇရဲ့ပစ်စာကြောင့် အထိတ်တလန့် စိုးရိမ်စိတ်ရှိနေလို့လား၊ လိုအပ်ရင် ငါ ရဲအစောင့်ချပေးထားမယ်လေ"

"ကျွန်တော် လုံးဝအထိတ်တလန့်မဖြစ်ပါဘူး၊ ဦးနိုး ရဲအစောင့်ချပေးဖို့လဲမလိုပါဘူး၊ အခု ကျွန်တော် ဒီပစ်စာအကြောင်း လာပြောတာက ဦးနိုးတို့ သုံးခွရဲအနေနဲ့ သိထားအောင် သတင်း လာပေးတဲ့သဘောလောက်ပါ၊ အခုဟာက ဦးနိုး အနေနဲ့ ဖမ်းမိတဲ့ ဦးမိုးဟိန်းကလဲ သေသွားတယ်၊ ဒုစရိုက်ဂိုဏ်းက လူတွေကို မမိလိုက်ဘူး၊ တကယ်လို့ တေဇတို့ ရဲ့ပစ်စာအမှန်ဖြစ်နေရင် တေဇတို့အဖွဲ့က လူတွေကို ဦးနိုးဖမ်းနိုင်ခွင့်ရအောင် သတင်းပေးပို့တာပါ"

"ဟုတ်ပြီ မောင်စိုး၊ ငါတို့လဲ တစေ့တစောင်းကြည့်နေတာပါ၊ ဒီလိုသတင်းလာပေးတာလဲ ကျေးဇူးတင်ပါတယ်ကွာ"

ထိုမျှလောက် ဦးနိုးနှင့်ပြောဆိုပြီး ရဲစခန်းမှ ပိုင်စိုး ထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သုံးခွဈေးပိုင်းသို့ ပိုင်စိုးနှင့်မောင်မိုး ဆက်မောင်းခဲ့သည်။ ကုန်စုံဆိုင်တစ်ခုတွင်ဝင်ပြီး နို့ဆီ၊ သကြား၊ ဘီစကွတ်မုန့်ဖျော်ရည်ပုလင်း စသည်တို့ ပိုင်စိုးဝယ်သည်။ တိုက်အိမ်ကြီးတွင် နံနက်စောစော နေ့ခင်းနေ့လယ်နှင့် ညပိုင်းတွင် စာရေးရင်း အာသာပြေစားသောက်နိုင်ရန်အတွက် ဖြစ်ပါသည်။

"အစ်ကို ဟိုမှာ…ဟိုမှာ"

"အေး…ငါတွေ့တယ် မောင်မိုး"

မိမိတို့ မော်တော်ဆိုင်ကယ် ကုန်စုံဆိုင်ရှေ့တွင် ရပ်ပြီး စားသောက်စရာများနှင့် လိုအပ်တာတွေဝယ်နေစဉ် ကိုလှိုင်ဘွား၏ ကားအဖြူကြီး ဆိုင်ရှေ့မှ ကိုလှိုင်ဘွားကိုယ်တိုင် ဖြတ်မောင်းသွားသည်ကို ပိုင်စိုးရော မောင်မိုးပါ လှမ်းမြင်တွေ့ခြင်းဖြစ်ပါ၏။

ကိုလှိုင်ဘွား၏ ကားနောက်ခန်းမှာ အကွဲအတိုင်းပင် ဖြစ်နေသေးသည်ကိုလည်း တွေ့ရသည်။

လိုရာပစ္စည်းများ ဝယ်ခြမ်းပြီးနောက် ပိုင်စိုးနှင့် မောင်မိုးတို့ သုံးခွမော်ရုံတောအပြန်လမ်းအတိုင်း မောင်းလာခဲ့သည်။

မြို့ပြင်ရောက်သည်နှင့် ပိုင်စိုးက မော်တော်ဆိုင်ကယ်ကို ရပ်လိုက်သည်။

"မောင်မိုး"



"ဗျာ…အစ်ကို"

"အခု အပြန်လမ်းမှာ အန္တရာယ်ရှိနိုင်တယ်၊ အဓိက ငါ့ကို ရန်ရှာမယ့်အန္တရာယ်ပဲ၊ မင်း ဒီမှာ ဆင်းနေခဲ့ပြီး ကြုံရာလှည်းနဲ့လိုက်ခဲ့၊ ငါ့ကြောင့် မင်းမှာ အနာအရ မဖြစ်စေချင်ဘူး"

"ဟာ…အစ်ကိုကလဲ၊ ခွဲခြမ်းခွဲခြမ်းနဲ့၊ ကျုပ်မနေခဲ့ပါဘူး၊ ဗမာစကားပုံရှိတယ်၊ တစ်ယောက်တည်းဆိုရင် သေလူတဲ့၊ နှစ်ယောက်ဆိုရှင် ရှင်လူတဲ့၊ သုံးယောက်ပေါင်းရင် လောင်းကျော်သတဲ့၊ ကျုပ်အစ်ကိုနဲ့ အတူ နှစ်ယောက်ဆိုရင် ရှင်လူပဲ၊ ဘာအန္တရာယ်မှမကြောက်ဘူး"

"အေး…ဒါဆိုရင်ပြီးရော…"

ပိုင်စိုး မော်တော်ဆိုင်ကယ် ဆက်မောင်းခဲ့သည်။ သခုတစ်ခေါက်ထွက်လာရာတွင် ချက်ချင်းစိတ်ကူးပေါက်ချက်ချင်းထွက်လာခဲ့ခြင်းမို့ စလွယ်သိုင်း ပစ္စတိုကိုပင် ယူခဲ့ မေ့သွားသည်။

သုံးခွတွင် မိမိကုန်စုံဆိုင်၌ပစ္စည်းဝယ်နေစဉ် ကိုလှိုင်ဘွားဖြတ်မောင်းသွားသည်ကို လှမ်းကြည့်ရာ ကိုလှိုင်ဘွား ကန့်နာအရိပ်အကဲကို လှမ်းမြင်ပြီး အပြန်လမ်းတွင် မိမိကို အန္တရာယ်တစ်ခုခု ပေးလိမ့်မည်ဟု စိတ်ထဲ၌ မှတ်ယူခဲ့မိသည်။

www.burmeseclassic.com

www.burmeseclassic.com



လှိုင်ဘွားသာ မကသေး။ ကျန်ခဲ့သော တေဇ၏ အဆွယ်အပွားတွေကလည်း အန္တရာယ်ပေးနိုင်သည်သာ။

မိမိအတွက် ကြားထဲက မောင်မိုးအနာတရမဖြစ်သင့်သေးကြောင်း မောင်မိုးကို ပြောခြင်းဖြစ်သည်။

မိမိ ထင်သလိုပင် ဖြစ်လာပါ၏။

သုံးခွမှထွက်လာပြီး တစ်မိုင်သာသာ နှစ်မိုင်နီးပါး အရှေ့ဘက်မှာပင် လူသုံးယောက်သည် လမ်းကိုပိတ်ပြီး တန်းစီရပ်နေသည်ကို တွေ့ရတော့သည်။

သူတို့ကိုယ်စီလက်ထဲတွင် ဓားရှည်မှာ ကိုယ်စီ ကိုင်ထားကြသည်။

ပုဆိုးတိုတိုဝတ်ထားသည်။

ရှပ်အင်္ကျီဝတ်သူက တစ်ယောက်။

စွပ်ကြယ်လက်စက ဝတ်ထားသူက နှစ်ယောက်။

မျက်နှာသုတ်ပဝါကို သုံးဦးစလုံးခေါင်းပတ်ထားကြသည်။

ပိုင်စိုးက မော်တော်ဆိုင်ကယ်ကို ကလပ်(ရှ်)ဆွဲ ဘရိတ်နင်းထားပြီး ရပ်လိုက်သော်လည်း နံပါတ်ဝမ်းဂီယာ ထိုးထားသည်။

ခြေတစ်ဘက်ထောက်ပြီး တစ်စောင်းရပ်ထား လိုက်သည်။

"မောင်မိုး မင်းအောက်ကိုဆင်း၊ တွေ့သမျှခဲ



တွေကိုကောက်ပြီး ပစ်သင့်တဲ့အချိန် သူတို့ကို ခဲနဲ့ သာပစ်ထု၊ ငါက သူတို့သုံးယောက်လုံးကို ရင်ဆိုင်မယ်"

မောင်မိုး အောက်ဆင်းသည်။

လက်ပစ် ကောင်းမည့် ခဲလုံးတွေ ရှာပေတော့ သည်။

ပိုင်စိုးသည် မောင်မိုးဆင်းသွားသည်နှင့် နံပါတ်ဝမ်း ယာကြီးအတိုင်း ကလပ်(ရှ်)လွှတ်ဆက်မောင်းကာ လမ်း တ်ရပ်နေသည့် ရှပ်အင်္ကျီဝတ်အလယ်လူထံ တည့်တည့်ကြီး င်သွားပြီး ၂၅၀ စီစီ တောစီးခရီးသွားမော်တော်ဆိုင်ကယ် ကြီးနှင့်, တည့်တည့်ကြီးဝင်တိုက်ပစ်သည်ကို အလယ်လူက ခံနိုင်လေမည်နည်း။

လမ်းပိတ်ရပ်နေကြသဖြင့် ရှောင်တိမ်းချိန် မရလိုက် အလယ်လူတည့်တည့်ကြီးအတိုက်ခံ ရကာ ပက်လက်ကြီး န်လဲသွားသည်။

ပက်လက်ကြီး လဲအကျတွင် သူ့ခေါင်းနောက်စေ့ င် လမ်းပေါ်က ကျောက်ခဲအမာခံ ရိုက်မိသွားသည်။

ဓားရှည်တခြား လူတခြားဖြစ် သွားကာ အလယ်လူ မထနိုင်လေတော့။

ယင်းသို့အလယ်လူ လဲကျသွားသည်နှင့် ဘေးလူ ယောက်က မိမိကို ဓားနှင့်ဝင်ခုတ်လိမ့်မည်ကို ပိုင်စိုး

www.burmeseclassic.com

www.burmeseclassic.com



တွက်ပြီးသားဖြစ်သည်။

ထို့ကြောင့် တစ်ရှိန်ထိုးဝင်တိုက်ပြီးသည်နှင့် မော်တော်ဆိုင်ကယ်ကို တုံးလုံးလှဲချလိုက်သည်။တွက်ဆထားသည့်အတိုင်းပင် လူနှစ်ယောက်သည် ဓားကိုယ်စီဖြင့် ခုတ်ဖို့ဝင်လာသည်။

ပိုင်စိုးက မော်တော်ဆိုင်ကယ်ကို တုံးလုံး လှဲချလိုက်သည်နှင့် တစ်ချိန်တည်းမှာပင် လူကလျှောခနဲ ရှေ့သို့ လိုက်ပြီးသား ဖြစ်တော့သည်။

လူနှစ်ယောက် ဝင်ခုတ်သည်မှာ ပိုင်စိုးကိုမထိတော့ဘဲ လဲကျနေသော မော်တော်ဆိုင်ကယ်ကိုသာ ခုတ်မိတော့သည်။

ပိုင်စိုး၏ အလှည့်ပြန်ရောက်လာသည်

ဓားဖြင့်ခုတ်သဖြင့် မားကုန်း ခါးကုန်းဖြစ်နေသည့် သက်ဝဲဘက်ကလူ၏ ဝမ်းဗိုက်ကို ပိုင်စိုးကအရှိန်ဖြင့် သူ၏ ခြေတစ်ဘက်ဖြင့် မြားဦးစိုက် ထိုးကန်လိုက်တော့သည်။

အားခနဲ အော်သံနှင့်အတူ လက်ဝဲဘက်လူ ဘိုင်းခနဲ နောက်ပြန်လဲကျသွားတော့သည်။

လက်ယာဘက်မှလူသည် ပိုင်စိုးထံ ပြေးဝင်လာသည်နှင့် ဗိုးခနဲလေထဲတွင် ပျံဝဲလာသည့် ခဲတစ်လုံးက ထိုသူ၏နဖူးတည့်တည့်ကို ထိမှန်လိုက်ပြန်သည်။ မောင်မိုးပစ်ပေါက်သောခဲလုံးဖြစ်ပါ၏။ မောင်မိုးသည် ခဲပစ်အလွန်



လက်ဖြောင့်ပါပေ၏။

အောင်မယ်လေးဗျဟု အသံထွက်လာပြီး ထိုသူ၏ နဖူးမှ သွေးတွေ ပန်းထွက်လာသည်။

ပိုင်စိုးသည် ဆိုင်ကယ်နှင့် အတိုက်ခံရပြီး ဓားတခြားလူတခြား အလယ်လူ၏ဓားကို ကောက်ယူလိုက်သည်နှင့် နဖူးကို ခဲမှန်သူသည် သောဘက်တောထဲသို့ ခွတ်ပြီး ထွက်ပြေးသွားတော့သည်။

ကျန်နှစ်ယောက်မှ ပက်လက်ကြီးလဲရာမှ သတိမေ့နေကြပြီသည်။

ပိုင်စိုးက ဝမ်းဗိုက်အကန်ခံရပြီး သတိမေ့နေသူ၏ ဓားကို ကောက်ယူပြန်သည်။

"ရော့...မောင်မိုး...မင်းခြံရှင်းဖို့ ဓားနှစ်လက်ရတာပေါ့ကွာ"

ဓားနှစ်လက် မောင်မိုးကိုပေးပြီး မော်တော် ဆိုင်ကယ်ကို ပြန်၍ ထူလိုက်သည်။

"သွားစို့ မောင်မိုး"

"ဒီပက်လက်ကြီး နှစ်ယောက်တော့ ဘယ်လိုလုပ်မလဲ အစ်ကို"

"ဒီအတိုင်းထားခဲ့ပေါ့ကွာ၊ သူတို့ခမျာ ကိစ္စမအောင်မြင်တဲ့အပြင် သုံးယောက်လုံး ခံသွားရလို့ သူတို့ အလုပ်ခွင်တောင် ဆင်းနိုင်မှာမဟုတ်ဘူး၊

www.burmeseclassic.com



သူတို့ဆရာကလဲ သူ့ကိုညံ့ရမလားလို့ ဆူပူ ကြိမ်းမောင်းတာ ခံရဦးမှာပါ''

''သူတို့က ဘယ်သူတွေလဲ၊ အစ်ကိုက သူတို့ကို သိနေလား''

''သူတို့ကို ငါမသိဘူး မောင်မိုး၊ ဒါပေမယ့် သူတို့ပုံစံတွေက အလုပ်ရုံတစ်ခုက အလုပ်သမားတွေဖြစ်ပုံရတယ်၊ သူတို့ဆရာ ကိုလှိုင်ဘွားခိုင်းလို့ လုပ်ရတာဖြစ်မှာပေါ့''

''တေဇအဖွဲ့ကလူတွေကော မဖြစ်နိုင်ဘူးလား အစ်ကို''

''မဖြစ်နိုင်ဘူးကွ၊ တေဇတပည့်တွေဆိုရင် သတ်ပုတ်တိုက်ခိုက်ရေးမှာ ဒီလောက်မညံ့နိုင်ဘူး၊ ငါ့တို့ကို ကုန်စုံဆိုင်မှာ ကိုလှိုင်ဘွားတွေ့သွားတယ် မဟုတ်လား၊ ဒါကြောင့်ချက်ချင်း သူ့အလုပ်ရုံက မိုက်တိမိုက်ကန်း ဇ,ရှိတဲ့ သုံးယောက်ကိုလွှတ်ပြီး ငါ့ကို ချခိုင်း၊ ခုတ်ခိုင်းတာဖြစ်မှာပေါ့၊ ဒီသုံးယောက်ဟာ သူ့အလုပ်ရုံမှာ လူမိုက်တွေ ဖြစ်ချင်ဖြစ်မယ်၊ ဒါပေမယ့် ကိုယ်ခံပညာနဲ့ပတ်သက်လို့ ဘာမှ အဆင့်မရှိဘူး''

မောင်မိုးက မော်တော်ဆိုင်ကယ်နောက်တွင် ခွထိုင်ပြီးသည်နှင့် မောင်းထွက်လာခဲ့သည်။



''အစ်ကို့မှာ ရန်သူတွေဝိုင်းနေပြီ၊ ကိုလှိုင်ဘွားက တစ်မျိုး၊ တေဇတို့အဖွဲ့က တစ်မျိုးနဲ့''

''ငါ့မှာ ရန်သူနှစ်မျိုးမရှိဘူး မောင်မိုး၊ ရန်သူတစ်မျိုးပဲရှိတယ်''

www.burmeseclassic.com

www.burmeseclassic.com

## (၁၅)

"ကိုစိုးစိုး…ဒီနေ့ သုံးခွကို လာသွားတယ်ဆို"

ပိုင်စိုးက ခေါင်းညိတ်ပြသည်။

"တို့ တေဇရဲ့ပစ်စာနဲ့ပတ်သက်ပြီး သုံးခွစခန်းက ရဲကြပ်ကြီး ဦးနိုးကို သတင်းသွားပေးတာပါ မနွေးနွေး"

"အပြန်မှာ ကိုလှိုင်ဘွားရဲ့တပည့်သုံးယောက်က ဓားတွေနဲ့စောင့်ပြီး ကိုစိုးစိုးကို ခုတ်ဖို့ကြိုးစားကြတယ်ဆို"

"ကိုလှိုင်ဘွားရဲ့လူတွေပါလို့တော့ တပ်တပ်အပ်အပ် တို့ မစွပ်စွဲနိုင်ပါဘူး၊ သူ့တပည့်တွေဖြစ်



နိုင်တယ်လို့တော့ ခန့်မှန်းတယ်"

ပိုင်စိုးက သုံးခွကုန်စုံဆိုင်တွင် ဝယ်ခြမ်းနေစဉ် ကိုလှိုင်ဘွားတွေ့ရှိသွားသဖြင့် သူ့တပည့် လူမိုက်တွေနှင့် ကြံစည်သည်ထင်မြင်ကြောင်းပါ ပြောပြလိုက်သည်။

"ဘာလဲ…မောင်မိုးက မနွေးနွေးကို ဖြစ်ခဲ့သမျှပြောပြပြီးပြီလား"

နွေးနွေးက ခေါင်းညိတ်ပြပါ၏။

ညနေစာထမင်းဝိုင်းတွင် ပြောကြခြင်းဖြစ်သည်။ ထမင်းဝိုင်းတွင် နွေးနွေးနှင့် ပိုင်စိုးနှစ်ယောက်တည်းဖြစ်ပါ၏။

အတာလေး ဗိုက်ဆာပြီ ထမင်းစားမယ်၊ ဘိုးဘိုးနဲ့အတူစားမယ်ဆိုသဖြင့် ဦးလေးဦးအိန္ဒနှင့်အတာက ညစာစားပြီးသား ဖြစ်နေပေသည်။

"ကိုလှိုင်ဘွားဟာ စိတ်ဓာတ်တော်တော်ညံ့တဲ့လူပဲ"

"ပြောရခက်သားပဲ မနွေးနွေး"

"ဘယ်လို ပြောရခက်တာလဲ"

"သူ့စကားအရပေါ့လေ၊ တောထဲကကျားဟာ ရွာထဲကနွားကို ဝင်ဆွဲရင်း မုဆိုးမြားချက်ထိမှာပဲတဲ့"

"အဲဒီစကားက သူက ဘာကိုညွှန်းတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီစကားအဓိပ္ပာယ်ကို တို့ပြောပြရမလား၊ ပြောပြရင် မန္တေးန္တေး နားထောင်နိုင်စွမ်း ရှိပါ့မလား"

"ပြောပါ…မန္တေးန္တေးက သိချင်လို့ မေးတာပဲဟာ၊ နားထောင်ချင်လို့ပေါ့"

"အင်း…မန္တေးန္တေးက ရွာထဲကနွား၊ တို့က တောထဲကကျား၊ ကိုလှိုင်ဘွားက မုဆိုး၊ တို့က မန္တေးန္တေးကိုရယူဖို့ကြိုးစားလို့ တို့ကို ကိုလှိုင်ဘွားက အန္တရာယ်ပြုတယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ၊ ဒါပေမယ့် မုဆိုးကြီးကိုလှိုင်ဘွား အတွက်မှား အထင်မှားတာပါ"

"ကိုလှိုင်ဘွားက ဘယ်လို အတွက်မှား အထင်မှားတာလဲ ကိုစိုးစိုး"

"တောထဲကျားဟာ ရွာထဲကနွားကိုမှ မမိတာ၊ ဖမ်းလို့မှမရတာ၊ မုဆိုးကနွားကိုမမိတဲ့ ကျားကို မြား နဲ့ပစ်ရာရောက်တာပေါ့"

"သြော်…ကိုစိုးစိုးရယ်"

ဟု န္တေးန္တေးက ညည်းညည်းတွားတွားလေး ရေရွတ်လိုက်မိသည်။

"အန်တီလေး…အန်တီလေး"

အတာလေးသည် အဒေါ်ကိုအော်ခေါ်ရင်း ထမင်း



စားပွဲရှိရာသို့ ပြေးလာသဖြင့် ပြောလက်စစကားပြတ်သွားသည်။

"ပြောလေ…ဘာပြောမလို့လဲ အတာ"

"ဘိုးဘိုးနဲ့ သားသား ဘယ်သူမှန်လဲလို့ အန်တီလေးကို လာမေးတာ"

"ဘာတွေများ မြေးအဘိုး အငြင်းအခုန်တွေ ဖြစ်ကြပြန်ပြီလဲ အတာ"

"အတာတို့ကျောင်းမှာဆရာမက ပထဝီသင်ပေးတာ ကမ္ဘာကြီးဟာ လုံးတယ်တဲ့၊ အဲဒါ ဘိုးဘိုးက ကမ္ဘာကြီးဟာ မလုံးဘူး၊ ပြားတယ်တဲ့၊ လုံးနေရင်း ဘိုးဘိုးတို့ သားသားတို့ လိမ့်ကျမှာပေါ့တဲ့၊ အဲဒါ ဘိုးဘိုးနဲ့အတာက ဘယ်သူမှန်သလဲလို့ အန်တီလေးကို လာမေးတာ"

န္တေးန္တေးက ပြုံးပါ၏။ ဖေဖေဦးအိန္ဒသည် သူ့မြေးလေးကို တမင်စ,နေခြင်းဖြစ်ပါ၏။ ဖေဖေက အတာ သူ့မြေးလေးကို စပြီး အတာလေး ဒေါမာန်လေးနှင့်ငြင်းသည်ကို ဖေဖေ အလွန်သဘောကျပျော်ရွှင်ပါ၏။ ပိုင်စိုး ထမင်း စားပြီးသဖြင့် လက်ဆေးသည်။ လက်သုတ်ပြီး ထိုင်ရာမှထ,သည်။ န္တေးန္တေးက အတာလေးကို ပွေ့ပိုက်ထားရာမှ ပိုင်စိုးကို မော့ကြည့်သည်။

"ကိုစိုးစိုး ခြံထဲကခဏစောင့်ပါလား၊ ထမင်း

www.burmeseclassic.com

www.burmeseclassic.com



ပွဲသိမ်းပြီးရင် နွေးနွေး ဆင်းလာခဲ့မယ်လေ"

ပိုင်စိုးက ခေါင်းညိတ်ပြပြီး ထွက်လာသည်။

အတာလေးမေးသည့် မေးခွန်းကို နွေးနွေး အတာလေး မှန်တယ်၊ ကမ္ဘာကြီးလုံးတယ်ဟုဖြေမည်မှာ သေချာပါ၏။

မိမိပြန်ဖြေမည့်နွေးနွေး၏ အဖြေသည် လုံးလေမလား၊ ပြားလေမလားမသိ။ ချွဲလေမလား၊ ခါးလေမလား မသိ။

ခြံထဲတွင် တန်းလျားတွင် ပိုင်စိုးထိုင်လိုက်သည်။ နွေးနွေး၏ မျက်နှာအမူအရာနှင့် အရိပ်အမြွက်ထွက်ဆိုသော စကားများသည် မိမိအား အချစ်ကိုတုန့်ပြန်လက်ခံလိမ့်မည်ဟု ပိုင်စိုးမျှော်လင့်မိသည်။ အကယ်၍သာ မိမိအား တုန့်ပြန်လက်ခံပြီး ပြန်ချစ်သည်ဆိုပါလား နွေးနွေး၏မေတ္တာသည် တကယ်မေတ္တာစစ်မှန်ကန်လေမည်သာ။

မိမိ၏ လက်ရှိအခြေအနေအား နွေးနွေးတို့ အမြင်အားဖြင့် ကိုလိုင်ဘွားလို ကြွယ်ဝချမ်းသာသူမဟုတ်။ ဝင်ငွေမရှိသောသူတစ်မယောက်သာ ဖြစ်လေသော်ကြောင့်ဖြစ်ပါ၏။

"ကိုစိုးစိုး"

တွေးနေစဉ် နွေးနွေးရောက်လာပြီး ခေါ်လိုက်သဖြင့် ပိုင်စိုးက နွေးနွေးရှိရာဘက်သို့ လှည့်လိုက်သည်။ နွေးနွေးက ခုံတန်းလျား၏ကျောအမှီဘက်နောက်တွင် ရပ်နေပေသည်။

နှစ်ဦးစလုံး၏ ရင်တွေမှာ ခုန်နေသည်။ လှုပ်ရှားနေသည်။ တစ်ဦးကမေတ္တာရှိကြောင်း ဖွင့်ပြောထားသူ။ ကျန်တစ်ဦးက မေတ္တာအဖြေပေးရမည့်သူ။ ရင်ထဲကိုယ်စီမှာကိုက မေတ္တာဂယက်ထနေသဖြင့် ရင်ခုန်စိတ်လှုပ်ခြင်း ကိုယ်စီဖြစ်နေရခြင်းပင်။

"ကိုစိုးစိုး တတိယပုဒ်ရေးနေတာ တော်တော်ရေးပြီးပြီလားဟင်"

စကားမရှိ တမင်စကားရှာပြောခြင်းပေလား မပြောတတ်။ ရင်ခုန်စိတ်လှုပ်ရှားသူအဖို့ ဒီလိုပင် စကားရှာဖွေပြောတတ်ပါ၏။

"အင်း...တို့ပထမဆုံး နွေးနွေးကို လမ်းမှာ အတာလေးနဲ့အတူတွေ့ခဲ့ပြီးတဲ့နောက် အခု နှစ်ခေါက်တောင် အတာလေး ထပ်ရောက်လာတာဆိုတော့ တို့မော်ရုံတောကိုရောက်လာတာ သီတင်းသုံးပတ်ရှိပြီပေါ့နော်"

"ကြည့်...နွေးနွေးမေးတာအခြား၊ ကိုစိုးစိုး ပြောတာက တခြား"

"မတခြားပါဘူး နွေးနွေး၊ တို့မော်ရုံတောကို ရောက်ပြီးတဲ့ သီတင်းသုံးပတ်အတွင်းမှာ တတိယအုပ်အတွက် စာမျက်နှာ တစ်ရာငါးဆယ်ကျော်



www.burmeseclassic.com

www.burmeseclassic.com



လောက် ရေးပြီးပြီဆိုတာ တွက်ပြတာပါ၊ ဒါ တောင် ရောက်စ ပထမပတ်ထဲက သရဲဖမ်းတာနဲ့ဘာနဲ့ မရေးဖြစ်တဲ့ရက်တွေ ရှိသေးတယ်''

''အခု ဇာတ်လမ်းကတော့ ဘယ်အထိရောက်သွားပြီလဲ၊ ကိုစိုးစိုးပြောခဲ့တဲ့အတိုင်း တကယ့်အဖြစ်အပျက်ကို အခြေခံရေးထားတာလားဟင်''

''ဟုတ်ပါတယ် မနွေးနွေး''

''ဒါဆို ရန်ကုန်ကနေပြီး ဦးရွှေလူကြီးနဲ့ စပြီးလာတာက ဇာတ်လမ်း စမှာပေါ့နော်''

''မဟုတ်ဘူး၊ မန္တလေးက စာမူနှစ်ခုကိုင်ပြီး ရန်ကုန်ဆင်းလာတာက ဇာတ်လမ်း စထားတယ်၊ ဒါပေမယ့် အခုတစ်ရက်နှစ်ရက်မှာ မရေးဖြစ်သလောက်ပါပဲ၊ ဇာတ်လမ်းကထစ်နေတော့ ဘာဆက်ရေးရ မှန်းမသိဖြစ်နေတယ်''

''ဘာလို့ ထစ်နေတာလဲ''

''သရဲကြီး ဦးမိုးဟိန်းအကြောင်း၊ တေဇအဖွဲ့ရဲ့ ဒုစရိုက်လုပ်ငန်း၊ အဲဒါတွေက ရေးရတာ လွယ်ပါတယ်၊ ဒါတွေက တို့ရေးလေ့ရှိတဲ့ လျို့ဝှက်စွန့်စား၊ သဲဖို၊ ရင်ဖိုဇာတ်ကွက်တွေပဲ၊ ဒါပေမယ့် တို့ဇာတ်လမ်းထဲမှာ ဇာတ်ဆောင်မင်းသားနဲ့ မင်းသမီးရဲ့မေတ္တာခန်း၊ အချစ်ခန်းတွေလဲ ထည့်ရေး





လေ့ရှိတယ်၊ ပြီးခဲ့တဲ့နှစ်အုပ်စလုံးဟာ ကိုယ့်စိတ်ကူးနဲ့ကိုယ် ဇာတ်လမ်းရှာ ဇာတ်ကွက်ဆင်ရေးတာမို့ မေတ္တာခန်း၊ အချစ်ခန်းတွေမှာလဲ စိတ်ကူးနဲ့ဖန်တီးယူလို့ရတယ်၊ အခုရေးတာကျတော့ တကယ့်အဖြစ်အပျက်နဲ့ အခု မေတ္တာခန်း၊ အချစ်ခန်းမှာလာထစ်နေတာပဲ မနွေးနွေး''

''ဒါဖြင့် ခုရေးပြီးတဲ့ စာမျက်နှာတစ်ရာကျော်ထဲမှာရော မေတ္တာခန်း အချစ်ခန်းတွေမပါသေးဘူးလား''

''ဇာတ်လမ်းစပြီး ပိုးကတည်းက ပါထားတာပေါ့ မနွေးနွေး၊ ကိုယ်လိုချင်မှ ခါးလည်ကဖြတ်ပြီး အချစ်ခန်း၊ မေတ္တာခန်းကိုထည့်ရင် ဝတ္ထုမှာ ဘယ် ရသမြောက်မလဲ''

''ဘယ်အခန်းက မေတ္တာခန်းကို စသလဲဟင်''

''သုံးခွနဲ့မှော်ရုံတောလမ်းမှာ မင်းသားကို မင်းသမီးက ပါးရိုက်တဲ့အခန်းက စတယ်''

နွေးနွေးသည် အံ့ဩသောရုပ်လက္ခဏာ မပြတော့ ပြုံးပြုံးလေးပင် နားထောင်နေသည်။

''အဲဒီအခန်းက မေတ္တာခန်း၊ အချစ်ခန်းမှ မဟုတ်တာ၊ ရန်ဖြစ်တဲ့ အခန်းပဲဟာ''

''အဲဒီအခန်းကစပြီးပဲ အချစ်ဆိုတာ ဆန်းကျယ်

www.burmeseclassic.com

www.burmeseclassic.com



တဲ့အကြောင်း တို့ခေါင်းထဲ ရင်ထဲမှာဖြစ်ပေါ်တဲ့ ဖီလော်ဆော်ဖီနဲ့ မေတ္တာဘွဲ့ အချစ်စစ်ကို စခဲ့တာ မနွေးနွေး၊ ကိုယ်တွေ့ကြုံခဲ့ရတာ၊ ကိုယ်တွေ့ထိခံစားရတာဆိုတော့ တို့ဖီလော်ဆော်ဖီနဲ့ရေးလို့ ရခဲ့ပါသေးတယ်၊ ဒီနေရာမှာ ဟိုတုန်းက တစ်ကြိမ်တစ်ခါမှ ရင်ထဲနှလုံးထဲမှာ မနိုးကြားဖူးတဲ့ မေတ္တာကောင်လေးဟာ အိပ်မောကျ မျက်စိဖွင့် ခေါင်းထောင်လာတာကို မေတ္တာဘွဲ့နိဒါန်း စရေးခဲ့တာပဲ မနွေးနွေး''

''အဲဒီနောက်ကျတော့ကော ဆက်ရေးတဲ့အခန်းတွေ ဇာတ်ကွက်တွေကကော ဘယ်လိုလဲ''

''အဲဒီနောက်တော့ မင်းသားနဲ့ မင်းသမီး ပြန်ဆုံဆည်းရတဲ့ ဇာတ်ကွက်အကြောင်းတွေ အမျိုးမျိုးကို တကယ်တွေ့ကြုံတဲ့အတိုင်းပဲ ဆက်ရေးတာပေါ့၊ မင်းသားက မင်းသမီးကို ရင်ထဲနှလုံးထဲက ချစ်ပေမယ့် မင်းသားဟာ ပုံမှန်ဝင်ငွေမရှိတာတွေ၊ ကြွယ်ပိုးကြွယ်ဝမဟုတ်လို့ မင်းသမီးရင်ထဲက ချစ်နေပေမယ့် မင်းသမီးဆီကပြန်ပြီး တုန့်ပြန်တဲ့ မေတ္တာကို မျှော်လင့်ရခက်ခဲနေတာ အားမရှိတာတွေရေးပြီး ဘာဆက်ရေးရမှန်းမသိတော့ဘဲ ဇာတ်လမ်း ထစ်နေတာပဲ မနွေးနွေး''



ပိုင်စိုးက နောက်ဆုံးစကားကိုပြောပြရင်းပြောပြရင်း နွေးနွေးကို မကြည့်ဘဲ အဝေးဆီသို့သာ ကြည့်နေပေတော့သည်။

နွေးနွေးထံမှ ပြန်လည်ဖြေကြားသည့်စကားသံ ထွက်လာပါလေတော့သည်။

''ဆက်ရေးပါ ကိုစိုးစိုး၊ မင်းသားကို မင်းသမီးက တုန့်ပြန်မေတ္တာထားလိုက်တယ်လို့လေ၊ ဒါဆို ထစ်နေတဲ့ဟာ ဆက်ရေးလို့ ရသွားပြီပေါ့နော်''

ပိုင်စိုးသည် နွေးနွေးကို ပြန်ပြီး စူးစူးစိုက်စိုက် ကြည့်လေသည်။

''အဲဒါ မနွေးနွေးရဲ့ တကယ့်အဖြေလားဟင်၊ တို့ရေးနေတာက တကယ့်အဖြစ်အပျက်မို့ တို့ကိုအခု မနွေးနွေးက တကယ့်ကိုပဲ တုန့်ပြန်ချင်တာလားဟင်''

နွေးနွေးသည် တန်းလျားနောက်ကျောတွင် ရပ်နေရာကွေ့ပတ်ပြီး ခုံတန်းလျားစွန်းတွင် ဝင်၍ထိုင်လိုက်သည်။

''နွေးနွေး ကိုယ့်ကိုယ်ကိုလဲ မလိမ်ချင်ဘူး၊ ကိုစိုးကိုလဲ မလိမ်ချင်ဘူး၊ အမှန်ကို ဖုံးကွယ်ထားပြီး တန်ဖိုးမြင့်သည်ထက်မြင့်အောင် ဟန်ပန်ပရိယာယ်တွေလဲ မလုပ်ချင်ဘူး၊ နွေးနွေးရင်ထဲနှလုံးထဲကလဲ ကိုစိုးကိုချစ်နေမိတာပါ၊ ချစ်မိတာမှ

www.burmeseclassic.com



ပထမဆုံးစတွေ့ပြီး ပါးရိုက်လက်လိမ်ချိုးပစ်ပြီး ကတည်းက ရင်ထဲကလိုလို ကိုစိုးကို ချစ်သွားမိတာ၊ ကိုစိုးရဲ့ဗီလော်ဆော်ဖီအတိုင်းပါပဲ ကိုစိုး''

''အို...နွေးရယ်...နွေးနွေးလေးရယ်''

ပိုင်စိုးသည် နွေးနွေး၏ လက်လေးတစ်ဘက်ကို ဆုတ်ကိုင်လိုက်သည်။ ပြီး နွေးနွေး၏ ပခုံးလေးကို ဖက်လိုက်သည်။

ပြီး နွေးနွေးနှင့် ပါးချင်းကပ်ထားလိုက်ပါ၏။နှလုံးသား၏ချစ်ခြင်းမေတ္တာ၏ သက်သေထူ သင်္ကေတလေးများဖြစ်ပါ၏။

နွေးနွေးက ရုန်းဖယ်ခြင်းမပြုပါပေ။

ချစ်ကြပြီဆိုမှတော့ ဖို့က ယုယချင်သည်။ မ,က အယုယခံချင်သည်မှာ ဓမ္မတာတစ်ရပ်ပင် မဟုတ်ပါလေလား။

''ကိုစိုး''

''ဟေး''

''ဒီလောက် အသိအမှတ်ပြုကြပြီးရင် ခိုင်မြဲပါပြီနော်၊ တော်ကြာ ခြံထဲကို ဖေဖေနဲ့အတာ ဆင်းလာလို့ မြင်သွားရင် မကောင်းဘူးပေါ့နော်''

ဟုတ်၏။

ပိုင်စိုးက ပါးချင်းကပ်သည်ကို ခွာလိုက်သည်။



ပခုံးဖက်ထားသောလက်ကို ရုပ်သိမ်းလိုက်သည်။ လက်လေးတစ်ဘက်ကို ဆုပ်ကိုင်ထားသည်ကိုလည်း လွှတ်ပေးလိုက်ပါ၏။

''နွေး''

''ကိုစိုး''

''တို့ဟာ နွေးကို ရင်ထဲက သိပ်ချစ်ပါတယ်ဆိုတာကလွဲပြီး နွေးအတွက် မျှော်မှန်းချက် သိပ်မကောင်း သိပ်မပြည့်စုံတဲ့လူပါနော်''

''မေမေ ဒေါ်ကြေးမုံဟာ ဘုန်းကြီးကျောင်းထွက် ဖေဖေဦးအိန္ဒလို သူ့ရင်ငှားကို မေတ္တာတွေပုံပေးပြီး ရာသက်ပန်ရိုးမြေကျအထိ ပေါင်းသင်းတာပါလို့ နွေး ကိုစိုးကို ပြောခဲ့တယ်နော်''

''အိုကေ...ဒါဆို သိပ်ကျေနပ်ပြီ၊ ကဲ...တို့ပြန်မယ်၊ ဒီညအဖို့ တို့ရော နွေးရော အိပ်မက်လှလှလေးတွေ မက်ကြစို့ပေါ့၊ သွားမယ်နော်၊ မောင်မိုးရေ...ဝေး မောင်မိုး သွားကြစို့''

''ကျုပ် အဆင်သင့်ပါ အစ်ကို''

''ဟာ...ဒီကောင်''

မောင်မိုးသည် စပ်ဖြီဖြီနှင့် ခုံတန်းလျားနောက် ခြံဘေးစပယ်ရုံကြီးနောက်ကွယ်မှထွက်လာသည်ကိုတွေ့ရသောကြောင့် ဟာ ဒီကောင်ဟု ပိုင်စိုးက ရေရွတ်လိုက်မိခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါ၏။

ထုံးစံအတိုင်း မောင်မိုးနောက်မှ ခွလိုက်ပါရင် တိုက်အိမ်ကြီးသို့ ပြန်ခဲ့ကြသည်။

မော်တော်ဆိုင်ကယ်စီးရင်း နောက်မှ မောင်မိုး၏ အသံသေးအသံကြောင်ဖြင့် သီချင်းအော်ဆိုသံ ထွက်လာသည်။

"ကျွန်ဟော် အလွန်ပျော်တာ...

ချစ်သူလေးရဲ့ ပြန်စာရလို့...

ဒါလောက်ပျော်တာ...

"ဒါ...ဒါ...ဒါ"

မောင်မိုးသည် စံပယ်ရုံနောက်ကွယ်တွင် ပုန်းပြီး နွေးနွေးနှင့် ပိုင်စိုး ချစ်တုံ့ ဖလှယ်သည်ကို ချောင်းကြည့်မြင်တွေ့သွားသည်ဖြစ်ပါ၏။

မောင်မိုးသည် ဝမ်းသာနေပုံရသည်။

မောင်မိုးဆိုသော သီချင်းကိုနားထောင်ပြီး ပိုင်စိုးအားရပါးရပြုံးလိုက်သည်။ အာဂမောင်မိုးပါပေ။

## (၁၅)

ယနေ့ကျမှပင် ကိုရွှေလူကြီးပေါက်ချလာသည်။

နွေးနွေးတို့အိမ်သို့ ဘယ်အချိန်က ရောက်ရှိလာမှန်းတော့ မသိ။ သုံးဖာလုံခန့်ရှာနှင့်ဝေးသော မိမိတိုက်အိမ်ကြီးသည် ရောက်လာသည့်အချိန်မှာ နံနက် (၉)နာရီခန့်ရှိပေပြီ။ သူ့တွင် အထုပ်တွေ၊ အပိုးတွေ ပါလာသောကြောင့် မိမိထံသို့လိုက်ပို့ပေးပါဟုဆိုသဖြင့် နွေးနွေးကသူမတို့၏ ဒေါက်ကပ်နှင့် ဦးရွှေလူကြီးကိုယ်တိုင် လိုက်ပို့ခြင်းဖြစ်သည်ဟု ပြောသည်။

ဘာပြောပြော။

နွေးနွေးကိုယ်တိုင်ကလည်း တစ်နေ့လျှင် နံနက်ထမင်းစားချိန်တစ်ကြိမ်၊ ညနေထမင်းစားချိန်တစ်ကြိမ် ချစ်သူ

www.burmeseclassic.com

www.burmeseclassic.com



ကိုစိုးသူမတို့အိမ်သို့လာနေစေကာမူ ချစ်ကြပြီဆိုတော့ ချစ်သူကို့ဘာဝ ကိုစိုးကို အမြဲတွေ့ချင်နေမိသည်။ သူမနားတွင် ကိုစိုးရှိနေလျှင် နွေးနွေးပျော်သည်။

ယခုလို အကြောင်းရှိလာပြီး ဦးရွှေလူကြီးကို လိုက်ပို့ခြင်းကိုပင် နွေးနွေးစိတ်ရောကိုယ်ပါရှိနေပါ၏။

"ဟေး…နွေး"

ဒေါက်ကပ်ခြံထဲမောင်းဝင်လာသည်ကို တွေ့သည်နှင့် ပိုင်စိုးအိမ်ပေါ်မှ ပြေးဆင်းလာသောအခါ အာခေါင်သံဖြင့် လှိုက်လှိုက်လှဲလှဲ နွေးနွေးကို ကြိုဆိုသည်။

"ဟ…ဟ ငါက ရန်ကုန်ကနေပြီး လက်ဆောင်အထုပ်တွေဝယ်ပြီး အကူးတာက မနိုင်မနင်းသယ်လာရတဲ့လူပါ မောင်စိုးရ၊ ငါ့ကိုတော့ ဆီးမကြိုဘဲ တစ်ရွာထဲအတူနေ နွေးနွေးကိုမှ အူလျားဖားလျား ကြိုရသတဲ့လားကွာ၊ ကေန္တ မင်းမရိုးတော့ဘူး မောင်စိုး"

"ဟာဗျာ…ဦးရွှေလူကြီးကလည်း ကမ္ဘာ ယဉ်ကျေးမှုအရ မိန်းမသားတွေကို ဦးစားပေးရတယ်ဗျ ကဲ…လာ"

နွေးနွေးသည် ပြုံးပြုံးလေး ဖြစ်နေပါ၏။

ဦးရွှေလူကြီးက အလုပ်တွေ တစ်ပွေ့တစ်ပိုက်ကြီးဖြင့် ဒေါက်ကပ်ပါက ဆင်းနေသည်ကိုမကြည့်အားဘဲ



နွေးနွေးဒေါက်ကပ်ပေါ်မှဆင်းဖို့ ပိုင်စိုးက လက်ဆွဲခေါ်ချနေသည်။

ကိုရွှေလူကြီးသည် ပိုင်စိုးအား နှုတ်ခမ်းပွစိပွစိဖြင့် ရေရွတ်ရင်း အထုပ်တွေ သူ့ဟာသူ ပွေ့ပိုက်သယ်ယူကာ တိုက်အိမ်ကြီးထဲသို့ ရှေ့မှဝင်သွားသည်။

အိမ်ကြီးထဲရောက်ကြပြီး အသီးသီးဧည့်ခန်းတွင်းမှ ထိုင်ကြသည်။

ကိုရွှေလူကြီးက သူနှင့်ပါလာသည့် တစ်ပွေ့တစ်ပိုက်ကြီး အထုပ်တွေကို စားပွဲပေါ် ချသည်။

"ရော့…ဒီမှာနှစ်လုံးပြူးကျည်ဆန်တွေ နှစ်ဒါဇင်ရလာတယ်၊ ထပ်ပြီးလဲ မှာထားခဲ့သေးတယ်၊ အနီရောင်ရော၊ အဝါရောင်ရော၊ အစိမ်းရောင်ရော တွေပဲ၊ ငါတော့ နားမလည်ဘူး၊ ရသမျှ ဝယ်လာတာ၊ အားလုံးလေးထောင့်ရှစ်ရာပေးရတယ်၊ အဲဒီကျည်ဆန်ဖိုးတော့ ငါ့ကိုပြန်ပေး၊ ဟောဒါတွေကတော့ မင်းစားဖို့သောက်ဖို့ ပေါင်မုန့်ကျွတ်၊ ကိတ်မုန့်ခြောက်၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်း၊ ငါးသေတ္တာ၊ သိုးသားဘူးတွေပဲ၊ ညဘက်၊ နေ့ခင်းဘက်၊ မနက်စောစောပိုင်းတွေမှာ မင်း အရင် စားသောက်ဖို့ပဲ၊ အဲဒါတွေအတွက် ပိုက်ဆံမပေးနဲ့ ငါလက်ဆောင်ပေးတာ"

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပဲ…ကျည်ဖိုး ကျွန်တော် ပေးလိုက်ပါ့မယ်"

"ဒီမယ်…မောင်စိုး၊ အခု ငါမင်းဆီကိုလာတာ ပစ္စည်းတွေလာပို့ရုံမဟုတ်ဘူး၊ တမင်သက်သက်လာစရာရှိလို့ကို လာခဲ့တာကွ၊ မန္တလေးက မင်းဖားသားကြီး ဆရာကြီး ဦးအောင်စိုး ရန်ကုန်ရောက်နေတယ်၊ သမ္မတဟိုတယ်မှာ တည်းနေတယ်ကွ"

"ဖေဖေက ဘာလို့ ရန်ကုန်ကို လာပါလိမ့်"

"အဲဒါ ငါပြောမယ်၊ မင်း မော်ရုံတောရွာက ဦးရာမတိုက်အိမ်ကြီး ဝယ်လိုက်တဲ့အကြောင်းကို ချက်ချင်းမန္တလေးက မင်းအဖေကြီးအိမ်ကို ငါ ဖုန်းဆက်တယ်၊ အကြောင်းကြားသင့်တယ်ထင်လို့ ဆက်တာ၊ ဒါပေမယ့် ဖုန်းဆက်လို့ မရဘူး၊ ကိုင်မယ့်သူမရှိဘူး၊ ဆရာကြီးရော ဆရာကတော်ရော အပြင်သွားနေတယ်ထင်ပါရဲ့၊ ဒါနဲ့အကျိုးအကြောင်း ငါစာရေးပေးပို့လိုက်တယ်၊ ငါ့လိပ်စာပါ စာထဲမှာ ထည့်ရေးလိုက်တယ်၊ အဲဒါ မနေ့က ဆရာကြီး ရန်ကုန်ကိုရောက်လာတယ်၊ ငါ့ဆီလာတယ်၊ မင်းကိုတွေ့ချင်လို့ ခေါ်ပေးပါတဲ့မောင်စိုး၊ တော်သေးတာပေါ့ကွာ၊ မင်းဦးရာမတိုက်အိမ်ကြီးမှာနေပြီး ဘာမှမဖြစ်လို့၊ မင်းတစ်ခုခုဖြစ်ရင် မင်းအဖေကြီး



က ငါ့ကို ဆော်ပလော်တီးမှာ၊ ဒါကြောင့် ဒီနေ့မနက်အစောကြီးထပြီး ဒီကို ငါလာခဲ့တာ"

"ရတယ်လေ…နက်ဖြန် ကျွန်တော် ရန်ကုန်ကို လာခဲ့မယ်၊ ဖေဖေနဲ့တွေ့မယ်"

"ဟာ…ငါ အခုပဲ ပြန်မှာကွ၊ ငါ့အပြန် အတူတူလိုက်ခဲ့ပေါ့ကွ"

ပိုင်စိုးသည် သူ့ခေါင်းထဲတွင် စိတ်ကူးတစ်ခုရှိနေသဖြင့် အခုချက်ချင်းလိုက်ဖို့ ငြင်းဆန်လိုက်သည်။

"ကျွန်တော် မနက်ဖြန်မနက် လိုက်ခဲ့မယ်ဗျာ၊ ဦးရွှေလူက ဖေဖေ့ကိုပြောထားပါ၊ ကျွန်တော် နက်ဖြန်လာမယ်၊ ဖေဖေ သူ့တည်းခိုခန်းကပဲ စောင့်ပါလို့"

"အေး…ဒါဆိုလဲပြီးရော၊ အဲ…နောက်တစ်ခု မင်းကို ငါပြောစရာရှိသေးတယ် မောင်စိုး"

"ပြောလေဗျာ"

"ဒီနေ့မနက် သန်လျင်ဘက် ငါရောက်တော့ ကိုဘခက်နဲ့တွေ့တယ်ကွ"

"ကိုဘခက်ဆိုတာက ကျွန်တော်မှ မသိတာ"

"အေး…မင်းက ကိုဘခက်ကိုမသိပေမယ့် ကိုဘခက်ကတော့ မင်းအကြောင်းတွေသိနေတယ်၊ သူကငါ့လိုအရောင်းအဝယ်လုပ်တယ်၊ ပွဲစားလုပ်

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ငါ့အလုပ်မျိုးလုပ်တဲ့လူဆိုပါတော့ကွာ၊ ဒါပေမယ့် သူက ငွေပင်ငွေရင်း ကိုင်ကောင်းတယ်၊ သိန်း အစိတ်၊ သုံးဆယ်လောက် ကိုင်လုပ်တဲ့လူ၊ နေတာကတော့ သန်လျင်မှာပဲ၊ ဒါပေမယ့် မိုးလင်းတာနဲ့ ရန်ကုန်ကူးလာပြီး ဝယ်ရောင်းပွဲစားလုပ်တယ်၊ သူနဲ့ငါမတွေ့တာ နည်းနည်းတောင်ကြာသွားပြီ၊ ဒီနေ့တွေ့တာနဲ့ မော်ရှံတောရွာမှာ ဦးရာမတိုက်အိမ်ကြီးထဲက သရဲယောင်ဆောင်ပြီး လှို့ဝှက်စခန်းလုပ်ထားတဲ့ တေဇတို့ဒုစရိုက်ဂိုဏ်းကို မင်းဖြိုခွင်းလိုက်တာတွေပြောပြတယ်၊မင်းကတော့ သန်လျင်မှာရော သုံးခွမှာရော နာမည်ကိုကြီးနေတာပဲ မောင်စိုး၊ အဲ…ကိုဘခက်ကပြောသေးတယ်၊ မင်းရဲ့ ဦးရာမဆီကဝယ်ထားတဲ့ ခြံနဲ့တိုက်အိမ်ကြီးကို ရောင်းမယ်ဆိုရင် ငါးသိန်းနဲ့သူဝယ်မယ်တဲ့၊ သူက တစ်ဆင့်ပြန်ရောင်းရင် အနည်းဆုံးခြောက်သိန်း ရမှာမို့ သူ့အတွက် တစ်သိန်းကျော် အမြတ်ရမှာတဲ့”

“ကျွန်တော် ဘယ်နှစ်သိန်းရရ ပြန်မရောင်းပါဘူး ဦးရွှေလူ”

“ဟ…ပြန်မရောင်းလို့ ဒီခြံနဲ့ ဒီတိုက်အိမ်ကြီးကို ဘာလုပ်မှာလဲ၊ မင်းအဖေ ငါ့ဆရာကြီးက



ပြောတယ်၊ နောက်တစ်နှစ်၊ နှစ်နှစ်လောက်ဆိုရင် သူ့အနားယူမယ်တဲ့၊ သူ့လုပ်ငန်းတွေအားလုံး တစ်ဦးတည်းသော သား မင်းပဲ ဦးစီးလုပ်ရမယ်တဲ့၊ လုပ်ငန်းတွေအားလုံး မင်းကိုလွှဲပေးချင်နေပြီကွ မောင်စိုး၊ ဒါဆို မင်း မန္တလေးပြန်ရမှာပဲ မဟုတ်လား”

“ကျွန်တော် မနေတော့တဲ့အခါ ဒီတိုက်နဲ့ ဒီခြံကြီးကို မော်ရှံတောက ဆရာတော်ဘုန်းကြီးကို ရေစက်ချ လှူပစ်ခဲ့မှာပါ ဦးရွှေလူ”

“ဟော…မင်းဟာက”

“တကယ်ပြောတာဦးရွှေလူ၊ အဲဒီလိုကျွန်တော် စိတ်ထဲမှာ ရည်စူးပြီးသား”

“အင်းပေါ့လေ…ဒါပေါ့…ဒါပေါ့၊ မင်းအဖို့က ငွေငါးသိန်း၊ ခြောက်သိန်းလောက်ကို ဂရုစိုက်စရာမှမလိုတာ၊ ဒါဆိုလဲ သာဓု…သာဓု မောင်ရာ၊ သာဓု…သာဓု၊ ဩော်…ဩော် နေဦးကွ၊ မင်းကို ငါပြောစရာတစ်ခုကျန်နေသေးတယ် မောင်စိုး”

“ပြောလေဗျာ၊ ပြောစရာရှိရင် ပြောသာပြော”

“ဟိုလေကွာ…ရန်ကုန်က မေတ္တာစာပေတိုက်ပိုင်ရှင် ကိုကျော်ဦး ငါ့အိမ်ကို သူ့ကိုယ်ပိုင်ကားပါဂျရိုကြီးနဲ့ လာသွားတယ်ကွ၊ မင်းက မင်းကို

www.burmeseclassic.com

www.burmeseclassic.com



ဆက်သွယ်ချင်ရင် ငါ့ဆီကတစ်ဆင့်ဆက်သွယ်ဖို့ ငါ့လိပ်စာပေးထားတာမို့ ငါ့ဆီ လိုက်လာတာတဲ့လေကွာ''

ပိုင်စိုး ချက်ချင်း ပျာပျာသလဲ ဖြစ်သွားသည်။

''ပြော…ပြော၊ မြန်မြန်ပြောဗျာ၊ ကိုကျော်ဦးက ဘာတဲ့လဲ''

''မင်းရဲ့ ပထမစာအုပ် ဒီလကုန်ထွက်မယ်တဲ့''

''ဟာ…တယ်ဟုတ်ပါလား၊ ကိုကျော်ဦးက လုပ်ငန်းကို အကြွေးမထားတတ်တဲ့လူပဲ''

''ဟုတ်ပါ့၊ ငါ့ကိုတောင် သူ့အိမ်ခေါ်သွားပြီး နိုင်ငံခြားဖြစ် ကိုကိုးနဲ့ ဘာတာကိတ်မုန့် တိုက်လိုက် ကျွေးလိုက်သေးတယ်''

''အဲဒါ အသာထားလိုက်စမ်းပါ၊ အရေးထဲများ ဦးရွှေလူကလဲ အငတ်ကျနေတာပဲ၊ ကျွန်တော့် စာအုပ်အကြောင်းကိုသာ ပြောစမ်းပါ''

''ဟ…ဒီခေတ်ထဲမှာ နို့စစ်စစ်နဲ့ နိုင်ငံခြား ကိုကိုးတစ်ခွက်ကို ငါးဆယ်လောက်ပေးရတာကွ၊ ထည့်ပေးတဲ့ခွက်ကလဲ သောက်ရေခပ်တဲ့ခွက်လောက်ရှိတာ၊ နောက်ပြီး…ဘာတာကိတ်မုန့် တစ်ချပ် ဘယ်လောက်တန်မှန်း မင်းသိသားနဲ့''



''အင်းပါဗျာ၊ စာအုပ်အကြောင်း ပြောစမ်းပါ''

''အေး…မင်းစာအုပ် မျက်နှာဖုံးရော၊ ရေခဲပန်းချီရော၊ ဒိတ်ဆိုတဲ့ ပန်းချီဆရာဆီမှာ အပ်တာတဲ့၊ မင်းစာအုပ် ကာဘာပန်းချီဟာ အရမ်းအသက်ဝင်ပြီး ရုပ်လုံးကြွနေတာပဲတဲ့''

''ကျွန်တော် ကြည့်ချင်လိုက်တာ''

''ကြည့်ချင်ရင် မနက်ဖြန် သူ့အိမ်မှာသွားကြည့်ပေါ့ကွ၊ သူ့အိမ်ကို ငါလိုက်ပို့ပေးမယ်၊ သူက အလုပ်တိုက်က သီးသန့်၊ နေအိမ်က သီးသန့်ကွ၊ တခြားစီ၊ သူ့ခြံရှေ့မှာလဲ သစ်ခွတွေစိုက်ထားတာ စနစ်ကျပြီး အရမ်းကြည့်ကောင်းတယ်၊ ဒီမယ် မောင်စိုး…''

''ပြောလေဗျာ၊ ကျွန်တော် နားထောင်နေသားပဲဟာ''

''ငါက ရန်ကုန် ဝယ်ရောင်းပွဲစားကွ၊ လူတွေရဲ့ အထာကို ငါ ကောင်းကောင်းကျွမ်းတယ်၊ မင်း ကိုကျော်ဦးလိုလူဟာ မပွင့်သေးတဲ့ပန်းကို ပွင့်လာရင် အပွင့်ကား၊ အပွင့်လှဖြစ်အောင် ဖန်တီးတဲ့လူ၊ မင်းကိုလဲ စာအုပ်လောကမှာ ပွင့်လှပွင့်ကား တစ်ပွင့်ဖြစ်လာအောင် သူ ဂရုတစိုက်နဲ့ စနစ်တကျလုပ်နေတာ ငါ့အမြင်ပဲကွ''

www.burmeseclassic.com

www.burmeseclassic.com



"မှန်တယ်၊ ဒီနေရာမှာတော့ ဦးရွှေလူပြောတာ သိပ်မှန်တယ်"

"ဟ…ငါပြောပြီးပြီပဲကွ၊ ငါက ရန်ကုန် ဝယ်ရောင်းပွဲစားလောက ဖျံ့ပါလို့"

ပြောပြီး ဦးရွှေလူ သူ့ဟာသူရယ်သည်၊ ပိုင်စိုး လည်း လိုက်ရယ်ပါ၏။ အနီးတွင် ကပ်ထိုင်နေသော နွေးနွေးက တော့ မပြုံးမရယ်လေးပင် ရှိနေပါ၏။

ထိုနေ့နံနက်စာကို ဦးရွှေလူကြီးပါ နွေးနွေးတို့အိမ် မှာပင် ဝင်စားပေသည်။ ထမင်းဝိုင်းမှာပင် ပိုင်စိုးက စောစော က စကားကို ပြန်ဆက်ပြီး ဦးရွှေလူကို မေးမြန်းသည်။

"ဒီမယ် ဦးရွှေလူ၊ ခင်ဗျား ကိုဘသက်ဆိုတဲ့ လူက ဦးရာမတိုက်နဲ့ခြံကို ငါသိန်းနဲ့ပေးဝယ်ပြီး ခြောက်သိန်းနဲ့ ပြန်ရောင်းမယ်ဆိုတာ သူ့ဆီမှာ ခြောက်သိန်းနဲ့ ဝယ်လက်အဆင်သင့်ရှိနေလို့ ပြော တာတဲ့လား"

"အေး…သူ့ဆီမှာ ဝယ်လက်အဆင်သင့် ရှိ တယ်တဲ့၊ သုံးခွက ကိုလှိုင်ဘွားဆိုတဲ့လူက ပြန် ဝယ်မှာ သေချာတယ်တဲ့ မောင်စိုး"

"ဪ…ဪ"

ပိုင်စိုးက နွေးနွေးကို လှမ်းကြည့်လိုက်ပါ၏။ နွေးနွေး သလည်း သဘောပေါက်လိုက်ပါ၏။



နံနက်စာ စားသောက်ပြီး တစ်အောင့်တစ်နားနေပြီး နောက် ဦးရွှေလူကြီးပြန်သွားသည်။

နွေးနွေးနှင့် ပိုင်စိုးသည် ဦးရွှေလူပြန်သွားသည့် နောက် ဧည့်ခန်းခန်းထဲတွင် ဆက်၍ထိုင်နေကြသည်။

ဦးအိန္ဒသည် ဧည့်ခန်းထဲရှိ သမီးမိနွေးနှင့် ပိုင်စိုးကို လှမ်းကြည့်ရင်း…

"မိနွေးရေ…ငါ ရွာထဲခဏသွားလိုက်ဦး မယ်"

ဟု ပြောပြီး ထွက်သွားပေတော့သည်။

"နွေး…"

"ရှင်…ကိုစိုး"

"နွေးနဲ့ ကိုစိုးနဲ့ မေတ္တာရှိနေကြတာကို ဦးလေး ဦးအိန္ဒ သိသွားပြီလားဟင်"

"နွေး ဖေဖေ့ကို ဖွင့်ပြောလိုက်တယ် ကိုစိုး၊ ဒီအဖေနဲ့ ဒီသမီးပဲရှိတာ"

"ဦးလေးက ဘာပြောလဲ"

"ဖေဖေက ကိုစိုးကို မဆိုးပါဘူးတဲ့၊ ဖေဖေ ငယ်ငယ်တုန်းကလိုပဲ၊ ယောက်ျားပီသတယ်တဲ့၊ သူ မိုသဘောကျတယ်တဲ့၊ အထူးသဖြင့် နွေးကိုယ်တိုင် က ကိုစိုးကို မေတ္တာရှိနေပြန်တာမို့ ဖေဖေ့အနေနဲ့ ဘာမှပြောစရာမရှိဘူးတဲ့၊ ဖေဖေ ငယ်ငယ်တုန်း

www.burmeseclassic.com

www.burmeseclassic.com



ကလိုပဲ ဥစ္စာပစ္စည်းမပြည့်မုံပေမယ့် ဖေဖေတို့နဲ့ ပူးပေါင်းလုပ်ကိုင်နိုင်တာမို့ ကြာရင် ဖေဖေက တောင် လုပ်ငန်းကအနားယူပြီး မောင်စိုးစိုးကို လွှဲပေးလို့ ရမှာပဲတဲ့''

''ဦးလေးကတော့ မကန့်ကွက်ဘူး ထားပါတော့၊ သုံးခွက နွေးရဲ့ မမဆွေကကော…''

နွေးနွေးက ဖြည်းလေးစွာပင် ပြန်ပြောပေသည်။

''အင်း…မမဆွေကတော့ ဘယ် သဘောတူမလဲလေ၊ သူတို့က ကိုလှိုင်ဘွားနဲ့ အရမ်းသဘောတူထားတာကိုး၊ ကိုလှိုင်ဘွားနောက်ဆုံးအခေါက် ဒီလာပြီးပြန်သွားတော့ နွေးဟာ ကိုစိုးဘက်ကို အလေးသာပါသွားပြီလို့ တိုင်တဲ့သဘောတောင် ပြောဟယ်တဲ့၊ ဒီတော့ မမဆွေက နွေးကို ပြစ်တင်ရှုတ်ချစကားမျိုးတွေပြောတာပေါ့လေ၊ ညည်းဟာ ဇိကုပ်နတ်ပြည်တင်တာကို မြင့်တယ်ဆိုပြီး ခုန်ချတဲ့ မိန်းမတဲ့၊ ညည်းဒီလူကိုလက်ထပ်ရင် ငါက ဖေဖေ့ဆီက အမွေချုက်ချင်းခွဲပစ်မယ်တဲ့၊ သြော်… ဒါထက် ကိုစိုးကို နွေးမေးချင်တယ်၊ မမဆွေပြောတာတွေ ဘေးချိတ်ထားပါ၊ နွေးအနေနဲ့ အစ်မကြီး အမိအရာမို့ အမိအရာထားပေမယ့် နွေးကို သူ ဘာမှ ဇွတ်လုပ်လို့ မရပါဘူး''



''ဒါဆို နွေးက ကိုစိုးကို ဘာတွေမေးချင်တာလဲ၊ မေးလေ''

''ဦးရွှေလူကြီးလာတုန်းက ပြောသွားတဲ့ စကားတွေ နွေး အားလုံးကြားသားပဲ၊ ဦးရွှေလူက ကိုစိုးရဲ့ဖေဖေမေမေဆီကို ဖုန်းဆက်တယ်တဲ့၊ မန္တလေးလိုမြို့ကြီးမှာ အိမ်မှာဖုန်းရှိတယ်ဆိုတဲ့ လူတန်းစားဟာ အနိမ့်စားထဲကတော့ မဖြစ်နိုင်ဘူးလို့ စဉ်းစားမိတယ်၊ နောက်ပြီး ကိုစိုးက အခုတိုက်အိမ်ကြီးကို ငါးသိန်းနဲ့မရောင်းဘူး၊ ဆရာတော်ကို လှူမယ်လို့ ပြောတော့ ဦးရွှေလူက ဒါပေါ့ကွာ…မင်းအနေနဲ့ ငါးသိန်းလောက်ကို ဂရုစိုက်စရာမှ မဟုတ်တာလို့ ပြောတယ်…

နောက်ပြီး နောက်နှစ်နှစ်ကြာရင် မိဘရဲ့ လုပ်ငန်းကြီးတွေကို မင်းပဲ ဦးစီးရမှာလို့လဲ ပြောတာတွေ နွေး ကြားတယ်၊ ဒီမယ် ကိုစိုး…''

''ပြောပါ အချစ်၊ ကိုစိုး အချစ်ပြောသမျှ နားထောင်နေသားပဲဟာ''

''နွေးကို ကိုစိုးရဲ့ တကယ့်ဇာတိမှန်အဖြစ်မှန် သရုပ်မှန်ကို ပြောပြပါလားဟင်''

''ပြောမယ် နွေး၊ အမှန်အားလုံးပြောပြတော့မယ်၊ ကိုစိုးနဲ့နွေးက တစ်ယောက်ကို တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲ နှလုံးသားထဲက စစ်မှန်တဲ့ မေတ္တာနဲ့ ချစ်ကြပြီပဲ၊ အမှန်တွေ ပြောသင့်ပြီပေါ့''

နွေးနွေး မျက်ဝန်းလေး ကလည်ကလည်ဖြင့် ချစ်စွာသော ကိုစိုးပြောမည်ကို နားစွင့်ထားရပါ၏။

''မန္တလေးမှာ ကိုစိုးရဲ့ မိဘတွေက ဦးအောင်စိုးနဲ့ ဒေါ်သီတာတဲ့၊ မန္တလေးမြို့ရဲ့ လူချမ်းသာစာရင်းထဲမှာ တစ်ဦးပါဝင်တဲ့အထိ ကိုစိုးမိဘတွေက ချမ်းသာကြပါတယ် နွေး''

ဆက်ပြီး မိမိသည် မိဘထံမှ ငွေငါးသိန်းယူခဲ့ပြီး ရန်ကုန်တွင် စာအုပ်ကိစ္စ လုပ်ချင်လွန်းသဖြင့် ဖေဖေနှင့် နားလည်မှုကာ ဆင်းလာခဲ့ကြောင်း...။ ရန်ကုန်တွင် ဦးရွှေလူနှင့်တွေ့ကြောင်း...။

တစ်ချိန်က ဦးရွှေလူသည် မိဘအိမ်တွင် ကားမောင်းခဲ့ကြောင်း စသည်များ အားလုံးကို နွေးနွေး အား ပြောပြလေသည်။

''အဲဒါပါနွေး၊ ရန်ကုန်ရောက်ပြီး အေးအေးဆေးဆေး စာရေးဖို့နေရာရှာရင်း ဦးရွှေလူနဲ့တွေ့တယ်၊ မော်ရုံတောက ဦးရာမတိုက်အိမ်ကြီး အကြောင်း ဦးရွှေလူဆီက ကြားရတယ်၊ ကိုစိုး ပထမနေ့ ဦးရွှေလူနဲ့ ဒီကိုလိုက်တာတယ်၊ ဦးလေး ဦးအိန္ဒနဲ့တွေ့တယ်၊ နွေးက သုံးခွသွားနေလို့ မတွေ့ဘူး၊



နောက်နေ့ သန်လျင်မှာ ဦးရာမဆီကစာချုပ်နဲ့ တိုက်အိမ်နဲ့ ခြံကြီးဝယ်ပြီး မော်ရုံတောကိုအလာလမ်းမှာ နွေးရဲ့ဒေါက်ကပ်နဲ့တွေ့တာပဲ၊ နွေးက တို့ကို ပါးရိုက်ပေမယ့် တို့ရင်ထဲက အဲဒီကတည်းက နွေးကို ချစ်သွားမိတာပဲ၊ ဒါပေမယ့် ကိုလှိုင်ဘွားကလဲ နွေးကို ချဉ်းကပ်နေတာတွေ့ရတယ်၊ ကိုလှိုင်ဘွားက ချမ်းသာတယ်၊ ကိုစိုးကအဲဒီတုန်းက ကိုစိုးလဲ လူချမ်းသာရဲ့သားပါလို့ ဖွင့်ပြောရင် ချမ်းသာမှုကိုပြိုင်ပြီး နွေးကိုသွေးဆောင်ရာရောက် မယ်၊ နောက်ပြီး ကိုစိုးဟာ ဝင်ငွေမကောင်းတဲ့ လူတစ်ယောက်အနေနဲ့ပဲ နွေးတို့သိထားတော့ နွေးဆီက မေတ္တာကို ကိုစိုးရရင်တောင် အဆောင်အယောင်တွေမပါတဲ့ မေတ္တာစစ်မေတ္တာမှန်ရမယ်၊ နွေးဆီက တုန့်ပြန်မေတ္တာရပြီးတဲ့နောက် တို့ဘဝ အမှန်အတိုင်း နွေးကိုဖွင့်ပြောဖို့ ဆုံးဖြတ်ပြီးသား ပါနွေး''

မိမိသည် မန္တလေးက လူချမ်းသာမိဘ၏ သားမှန်း နွေးသိသွားသော်လည်း နွေးမှာ ဝမ်းသာရိပ်မရှိရုံမက နွေးမျက်နှာတွင် ဝမ်းနည်းရိပ်လေးပင် သမ်းလာသည်ကို တွေ့ရသည်။

''နွေး မျက်နှာ ညှိုးသွားတယ်၊ ဘာဖြစ်လို့လဲ နွေး''

www.burmeseclassic.com

www.burmeseclassic.com



"ကိုစိုး ဘဝမှန်ကို ကွယ်ထားပြီး နွေးကို လှည့်စားရာရောက်သလားလို့ နွေးတွေးမိလို့ပါ"

"အား…အဲဒါ မဟုတ်လိုက်တာနွေးရယ်၊ ကိုစိုးက ကိုယ့်တိုကိုယ် လှူချမ်းသာပါ၊ သဌေးသားပါဆိုပြီး နွေးရဲ့အချစ်ကို ရယူပြီးမှ ဆင်းရဲသူ၊ ဝင်ငွေမရှိသူဖြစ်နေရင်သာ နွေးကို လှည့်စားရာရောက်မှာပေါ့၊ အခုဟာက နွေးရဲ့တုန့်ပြန့်တဲ့ မေတ္တာဟာ နှလုံးသားမေတ္တာဘယ်လောက် စစ်မှန်သလဲ၊ ဘယ်လောက်စစ်မှန်သလဲ၊ ဘယ်လောက်ပီပြင်သလဲ၊ ဘယ်လောက်သန့်စင်သလဲ၊ ဘယ်လောက် ခိုင်မာသလဲ၊ အဲဒါတွေ တွေးမိလေ ကိုစိုးက နွေးကို ပိုပိုပြီးချစ်ရလေပါနွေး၊ ကိုစိုးနွေးကိုရင်ထဲ နှလုံးသားထဲက တကယ့်ကိုချစ်တာပါ၊ နွေးက ကိုစိုးကို ပြန်မချစ်၊ ပြန်မတုန့်ပြန်ဘဲ ကိုလှိုင်ဘွားကို တုံ့ပြန်လိုက်ရင် ကိုစိုးဟာ ဦးရာမတိုက်နဲ့ ခြံကြီးကို ဆရာတော်ဘုရားကိုလှူခဲ့ပြီး မော်ရုံတောက ထွက်သွားဖို့ ဟိုတုန်းကတည်းက ဆုံးဖြတ်ထားတာ ပါနွေး၊ ယုံပါ၊ နွေးကို ကိုစိုးအရမ်းချစ်တယ်"

နွေးနွေး၏ မျက်နှာလေး ပြန်ပြီးဝင်းပလာသည်။ နွေးနွေး၏ နှုတ်ခမ်းစုံလေး ပြန်ပြီး ပြုံးရိပ်သမ်းလာသည်။



ကိုယ့်ချစ်သူက ကိုယ့်ကို သိပ်ချစ်ပါတယ်၊ အရမ်းချစ်ပါတယ်ဟု ပြောခြင်းကို အဘယ်အမျိုးသမီးငယ်သည် ဝမ်းမသာ မကြည်နူးဘဲနေနိုင်ပါအံ့နည်း။ သိပ်ဝမ်းသာ သိပ်ကြည်နူးပြီး ကြားရသောစကားများသည် ပျားသကာလို ချိုမည်သာ။

"သြော်…ကိုစိုး၊ နွေး ကိုစိုးကို တစ်ခုပြောစရာကျန်သေးတယ်"

"ပြော နွေး"

"ခဏလေးနော်"

နွေးက ထိုင်နေရာမှထပြီး ရှိုးကေ့စ်ပေါ်တွင် တင်ထားသော စာအိတ်သုံးအိတ်ကိုယူလာပြီး ပိုင်စိုးရှေ့တွင် ချပြသည်။ စာအိတ်များမှာ တံဆိပ်ခေါင်းကပ်၊ စာတိုက်တံဆိပ်ပါ စာတိုက်မှပေးပို့သော စာအိတ်များသာဖြစ်ပါ၏။

"အဲဒါက ဘာလဲ နွေး"

"နွေး…ရန်ကုန်တက္ကသိုလ်မှာတက်နေတုန်းက နွေးရဲ့အဆောင်လိပ်စာနဲ့ ကိုလှိုင်ဘွား ပေးပို့တဲ့ စာတွေပဲ ကိုစိုး"

"သြော်…တို့က ဒီစာတွေကို ဘာလုပ်ရမှာလဲ နွေး၊ ထိုင်ရှိခိုးရမှာလား"

မည်မျှပင် ယောက်ျားပီသပြီး သဘောထားကြီးမားပါသည်ဆိုစေကာမူ ကိုယ့်နှလုံးသားထဲက သိပ်ချစ်သူက

www.burmeseclassic.com

www.burmeseclassic.com



တစ်ပါးသောသူပေးသည့် မေတ္တာစာများပြသခြင်းကိုတော့ ကျွဲမြီးတိုမီပေမည်သာ။

ပိုင်စိုးက ယခု မိမိကိုချစ်လွန်းသောကြောင့် အောက်ကလိအာနှင့် ဝန်တိုစွာပြောခြင်းကိုပင် မိမိကို ချစ်လွန်းလို့ပါလားဟု နားလည်ပြီး နွေးနွေးရင်ထဲက ကျေနပ်နှစ်ခြိုက်မိပါ၏။

“စိတ်မတိုလိုက်ပါနဲ့ ကိုစိုး၊ နွေးက ကိုလှိုင်ဘွားပေးတဲ့စာတွေကို အရေးတယူလုပ်ပြီး ပြတာမဟုတ်ဘူး၊ သူရေးခဲ့တဲ့ စာတွေက မင်းအစိမ်းရောင်ဖြစ်နေတာရယ်၊ နောက်ပြီး သူ အသုံးပြုတဲ့စာရွက်ဟာ ကိုစိုးကို ပစ်စာပေးတဲ့ စာရဲ့ စက္ကူနဲ့ တူနေသလားဆိုတာ စစ်ဆေးနိုင်အောင်ကြည့်ဖို့ ပြတာပါ ကိုစိုး၊ ပြီး လက်ရေးချင်းတူသလားဆိုတာလဲ ကြည့်နိုင်တာပေါ့”

ပိုင်စိုး ပြုံးသွားသည်။

“အဲ…ဟုတ်ပြီ၊ ဒါတော့ သိပ်ကိုဟုတ်သွားပြီ၊ နွေး သိပ်တော်တာပဲ”

ပိုင်စိုးသည် စာအိတ်ကိုယူသည်။ စာများကို စာအိတ်ထဲမှ ထုတ်ယူကာ ဖွင့်ပြီးစစ်ဆေးကြည့်ရှုသည်။

ဟုတ်ပါ့…။

မင် အစိမ်းရောင်ရော၊ လက်ရေးရော၊ စက္ကူအမျိုး



အစားရော ပစ်စာနှင့်တူညီနေသည်ကို တွေ့ရသည်။

“ဟုတ်တယ်နွေး၊ အားလုံးတူနေတယ်၊ ဒါဆို ပစ်စာဟာ ကိုလှိုင်ဘွားရဲ့ လက်ချက်မှန်း သေချာသွားပြီပေါ့၊ နွေးပဲ ဒီစာတွေ ပြန်သိမ်းထားပါ”

“ဘာလို့ပြန်သိမ်းမလဲ၊ မီးရှို့ပစ်လိုက်ရုံပေါ့ ကိုစိုး”

“မရှို့ပစ်နဲ့နွေး၊ တကယ့်အကြောင်းကြီးငယ်ပေါ်လာရင် ရဲအဖွဲ့မှာ ပစ်စာရော၊ ဒီစာရော နှိုင်းယှဉ်တင်ပြရမှာ”

နွေးနွေးက စာအိတ်တွေကို ဗီရိုရှိုးကေ့စ်ပေါ်မှာပင် ပြန်၍ထားလိုက်သည်။

“ဪ…နွေး”

“ပြောပါ ကိုစိုး”

“ကိုစိုး မနက်ဖြန် မော်တော်ဆိုင်ကယ်နဲ့ပဲ ရန်ကုန်ကို သွားမယ်၊ ဖေဖေနဲ့သွားတွေ့မယ်၊ အဲဒါ နွေးပါ လိုက်ခဲ့နော်”

“ဟင်…ကိုစိုးကလဲ မဟုတ်တာ…”

“ဘာလို့ မဟုတ်ရမှာလဲ နွေး၊ ဖေဖေ့ကို သူ့ချွေးမလောင်း ပြချင်လို့ပေါ့၊ ဒါကြောင့် ဒီနေ့ ဦးရွှေလှနဲ့တောင် လိုက်မသွားဘဲ မနက်ဖြန်မှ နွေးနဲ့ သွားဖို့ နေတဲ့တာ”

www.burmeseclassic.com

www.burmeseclassic.com



"နွေး ရှက်တယ်၊ နောက်ပြီး ကြောက်တယ် ကိုစိုး"

"ဘာကိုရှက်တာလဲ၊ ဘာကို ကြောက်တာလဲ နွေး"

"နွေး…မျက်နှာပြောင်ရာ ရောက်မှာကို ရှက်တာ၊ ကြောက်တာကတော့ ကိုစိုးရဲ့ဖေဖေက နွေးနဲ့ သဘောမတူဘဲ မျက်နှာထားတင်းမှာတို့၊ တို့ မလိုလားတဲ့ စကားတွေပြောတာတို့ မြင်ရကြားရမှာ နွေးကြောက်တာပဲ ကိုစိုး"

"ဘာမှ မျက်မှာပြောင်ရာ မရောက်ဘူး၊ ကိုစိုးကိုယ်တိုင် ချစ်မြတ်နိုးလို့ တမင်ခေါ်လာပြမှန်း ဖေဖေ သဘောပေါက်စေရမယ်၊နောက်ပြီး နွေးကို ဖေဖေမြင်ဖူးသွားစေချင်တယ်၊ နောက်ပြီး နွေးလို မိန်းကလေးနဲ့ဖေဖေတို့က ဘာမှ သဘောမတူစရာ မရှိဘူး…

မျက်နှာထားတင်းစရာ မရှိဘူး၊ မလိုလားတဲ့ စကား ပြောစရာမရှိဘူး၊ နွေးက အဖက်ဖက်က အပြစ်ပြောစရာမှမရှိတာ၊ ပြီးတော့ ကိုစိုးမိဘတွေ က ကိုစိုးရဲ့အိမ်ထောင်ဖက်ဘဝမှာ ကိုစိုး ဘာသာ စိတ်ကြိုက်ရွေးဆိုတဲ့ အခွင့်အရေးပေးထားပြီးသားပါ၊ ရဲရဲသာလိုက်ခဲ့ပါ နွေး၊ လိုက်ကိုလိုက်ရမယ် နွေး"



"ခက်လိုက်တာနော်…၊ နွေးရဲ့ ဓာတ်ပုံယူသွားပြီး ပထမ နိဒါန်းသဘောပြကြည့်ပါလား ကိုစိုး"

"အိုး…နွေးကို လူကိုယ်တိုင် ဖေဖေတွေ့စေချင်လို့ပဲဟာ၊ လိုက်ခဲ့ရမယ်နော် နွေး"

"ကိုစိုးက တအားလိုက်စေချင်တော့ နွေးလိုက်ရမှာပေါ့ ကိုစိုး"

"ဦးလေးကတော့ နွေး လိုက်မှာကို ကန့်ကွက်မလားပဲနော်"

"မကန့်ကွက်ပါဘူး၊ နွေးကိုယ်တိုင် ဖေဖေ့ကို ဖွင့်ပြောထားပြီးသားပဲဟာ၊ နောက်ပြီး ဖေဖေ ကိုယ်တိုင်က နွေး အိမ်ထောင်ဖက်ကို နွေးကိုယ်တိုင် ရွေးချယ်ခွင့်ပေးထားတာပဲ၊ ကိုစိုး မိဘတွေလိုပဲ ပေါ့၊ အဲ…တစ်ခုပဲရှိတယ် ကိုစိုး"

"ဘာ…တစ်ခုလဲ နွေး၊ ကိုစိုး အသည်းထိတ်စရာတော့ မဖြစ်စေနဲ့နော်"

"ဖေဖေကိုလဲ သမီးမိန်းကလေးအနေနဲ့ ဖွင့်ပြောထားပြီးပြီ၊ မမဆွေနဲ့လဲ အတိုက်အခံလုပ်ပြီးပြီ၊ မနက်ဖြန်ဆို ကိုစိုးမော်တော်ဆိုင်ကယ်နောက်က လိုက်မှာမို့ အများမြင်ကွင်းထဲမှာ ကိုစိုးနဲ့ နွေး

www.burmeseclassic.com

www.burmeseclassic.com



ချစ်သွားကြပြီ ဆိုတာလဲ ထင်ရှားသွားပြီ၊ အဲဒီနောက် ကိုစိုးသာ ဖောက်လွဲဖောက်ပြန်လုပ်ရင်တော့ နွေး အနေနဲ့ ဟောဟိုပင်လယ်ထဲ ခုန်ချသေရုံပဲ ကိုစိုး''

''ဟာ…နွေး ဒီစကားမျိုးပြောတာ ကိုစိုးကို အထင်သေးတာ၊ ကိုစိုးရဲ့သိက္ခာကို ထိပါးတာ၊ ဒီမှာ ကိုစိုးမျက်နှာကို သေချာကြည့်နွေး၊ ကိုစိုးရုပါက သစ္စာမဲ့တဲ့ရုပ်၊ သိက္ခာမရှိတဲ့ရုပ်ထွက်နေသလား၊ ဒါဆိုရင်တော့ ဒီမျက်နှာကို ဓားနဲ့လှီးပစ်ဖို့ ကောင်းသွားပြီ၊ ကဲ…အခုပဲ ကိုစိုးနဲ့နွေး တရားဝင် လက်ထပ်မလားပြော…၊ သုံးခွမှာဖြစ်ဖြစ်၊ သန်လျင်မှာဖြစ်ဖြစ်၊ တရားရုံး၊ တရားသူကြီးရှေ့မှာ ချက်ချင်း လက်ထပ်မယ် နွေး''

''ယုံပါတယ် ကိုစိုးရယ်၊ နွေးကလဲ ကိုစိုး ဘယ်လိုအမျိုးအနွယ်က ဆင်းသက်သက် နွေးချစ်တာ ကိုစိုးပဲ၊ ဒါကြောင့်လဲ ကိုစိုးရဲ့ ဇစ်မြစ်ဇာတိ အမှန်ကိုမသိဘဲ ချစ်တာအစကနဲ့ ကိုစိုးကို ပြန်ချစ် လက်ခံတာပဲဟာ၊ အခု နွေးနွေးပြောတာက ကိုစိုးကို မယုံလို့မှမဟုတ်တာ၊ မိန်းမသားဘဝမှာ တွေးပြီးပူမိတာကို ပြောမိတာပါ ကိုစိုး''

''ဒါဆိုရင်တော့ ငြိးရော၊ ကိုစိုးကို စိတ်ချ''



ပြောပြောဆိုဆို ပိုင်စိုးသည် နွေးနွေး၏ လက်ကလေးများကို ဆုပ်ကိုင်ထားလိုက်မိပေတော့သည်။

နွေးနွေး ကြည်လင်ကြည်နူးစွာ ပြုံးနေပါ၏။

www.burmeseclassic.com

## (၁၆)

အားလုံး အဆင်ပြေသွားပေသည်။

သမ္မတဟိုတယ် တည်းခိုဆောင်တွင် ဖေဖေ ဦး အောင်စိုးနှင့် တွေ့ခဲ့သည်။

ပိုင်စိုးသည် သူနှင့်နွေးနွေး မေတ္တာရှိနေကြပြီဖြစ်ကြောင်းနှင့် နွေးနွေး၏အရည်အချင်းအားလုံးကိုလည်း ဖေဖေ ဦးစိုးအောင်အားပြောပြသည်။

ဖေဖေဦးအောင်စိုးသည် နွေးကို အကဲခတ်လိုက်ပြီးနောက် သဘောကျပါ၏။

နွေးနွေး၏ လက်တွေ့မြင်ရသောအရုပ်၊ အပြောအဆို၊ အပြုအမူ ဝတ်စားဖြီးလိမ်းခြယ်သပုံ၊ အားလုံးသိမ်သိမ်မွေ့မွေ့ ဣန္ဒြေရရလေးရှိနေသည်ကို ဖေဖေသဘောကျသည်။



သားပိုင်စိုးပြောပြသဖြင့် သိရှိရသည့်နွေးနွေး၏ အရည်အချင်းတွေကိုလည်း သဘောကျသည်။

အထူးသဖြင့် သား ပိုင်စိုးကိုယ်တိုင် ချစ်မြတ်နိုးနေပြီး နွေးနွေးကလည်း သား ပိုင်စိုးအား ချစ်မြတ်နိုးနေမှန်းသိသာထင်ရှားနေသဖြင့် ဖေဖေဦးအောင်စိုး သဘောတူကြောင်း ကျေနပ်နှစ်သက်ကြောင်းပြောပေသည်။

"အေး…အေး၊ လူလေးရဲ့မေမေနဲ့ လူလေးရဲ့ ညီမလေး တိုးတိုးတို့ နွေးနွေးကိုတွေ့ရင် သိပ်သဘောကျကြမှာပါ၊ ဒီတော့ လူလေးနဲ့ နွေးနွေး လက်ထပ်တော့မယ့် အချိန်ရွေးပြီးရင် ဖေဖေ မေမေတို့ဆီ အကြောင်းကြားလိုက်၊ မင်္ဂလာကိစ္စကို ဖေဖေတို့ အားလုံး တာဝန်ယူတယ်"

ပိုင်စိုးက ယခုရေးလက်စဝတ္ထုဆက်ရေးဦးမည်။ ဝတ္ထုသုံးအုပ်ရေးပြီးမှ လက်ထပ်ဖို့ ရည်ရွယ်သည်ကိုပြောပြသည်။ ဖေဖေဦးအောင်စိုးအား နှစ်ယောက်သား ကန်တော့ပြီးနောက် ပြန်လာခဲ့ကြသည်။ နွေးနွေး အရမ်းပျော်ပါ၏။

သူမ၏သက်တမ်းတစ်လျှောက်ဝယ် ယခုလို မော်တော်ဆိုင်ကယ်နောက်မှာ တစ်ခါမျှ မစီးဖူးသေးပါပေ။

စီးမယ့်စီးရတော့လည်း မိမိချစ်သူမောင်းသော မော်တော်ဆိုင်ကယ်ကိုစီးရသဖြင့် အရမ်းပျော်ခြင်းဖြစ်သည်။ ပြီး မိမိနှင့်ချစ်လှစွာသော ကိုစိုးတို့၏မေတ္တာလမ်းကြောင်းမှာလည်း

www.burmeseclassic.com

www.burmeseclassic.com



ဖြောင့်ဖြူးသဖြင့် ပျော်ရွှင်ရခြင်းလည်း ဖြစ်ပေသည်။

ပထမအိမ်မှအထွက် မော်တော်ဆိုင်ကယ်နောက်မှ ခြေတစ်ဘက်လွဲထိုင်ပြီး စီးရသည်ကို ကြောက်သည်။ ကိုင်တွယ်စရာမရှိသဖြင့် ကိုစိုး၏ ပခုံးကိုဆုပ်ကိုင်စီးရသည်။ ယခုလို မိမိချစ်သူအား ဖက်တွယ်စီးခြင်းသည်ပင် ပျော်စရာကြီး ဖြစ်သွားတော့သည်။

ဖေဖေ ဦးအောင်စိုးထံမှထွက်လာပြီး မေတ္တာစာပေ တိုက်ပိုင်ရှင် ကိုကျော်ဦးဆီသို့ ဝင်ကြသည်။

ကိုကျော်ဦးထံမှ ပိုင်စိုး၏ ပထမဝတ္ထုထွက်တော့မည်။ နယ်အမှာစာတွေ မဆိုးကြောင်းပြောပြပြီး ထွက်ခါနီးတွင် သတင်းစာကြော်ငြာရော တီဗီကြော်ငြာရော ထည့်မည် ဆိုသည်များ သိခဲ့ရသဖြင့် ပိုင်စိုးလည်း အားကြီးဝမ်းသာပါ၏။

ကိုကျော်ဦးအား နှုတ်ဆက်ထွက်ခွာလာပြီး ပိုင်စိုးက နွေးနွေးအား မော်ရုံတောသို့မပြန်မီ မနက်စာထမင်းကို ရွှေဘုံသာလမ်းထဲရှိ ချစ်တီးထမင်းဆိုင်တွင် ကြက်သားဟင်းဖြင့် ကျွေးသည်။ စားပွဲကုလားထိုင် အခင်းအကျင်းမြင့်သော်လည်း ထမင်းဟင်းကို ငှက်ပျောဖက်သန့်သန့်လေးဖြင့် ထည့်ပေးသည်။ နွေးနွေး ဒီဆိုင်မျိုးတွင် တစ်ခါမျှ မစားဖူးခဲ့ပါလေ။ အခု ကိုစိုးခေါ်လာမှ ဒီဆိုင်မျိုး တွေ့ဖူးစားဖူးခြင်းဖြစ်သည်။

ကြက်သားဟင်းကလည်း မဆလာကဲကဲ၊ ရေတ်သီး



စပ်စပ်နှင့် နွေးနွေးစား၍ မြိန်လှသည်။

နံနက်စာစားသောက်ပြီးနောက် ပိုင်စိုးသည် သူ့ငွေတွေ အပ်ထားသည့်ဘဏ်တွင် ကျန်သောငွေတွေထုတ်ယူသည်။ ဗိုလ်ချုပ်ဈေးသို့သွားပြန်ကာ နွေးနွေးနှင့် စေ့စပ်လက်စွပ်လေးရှာဝယ်သည်။ စိန်တစ်တန်းသွား လက်စွပ်လေးကို တစ်သိန်းခွဲပေးဝယ်ခြင်းဖြစ်သည်။

"ဟင့်အင်း…နွေးနွေးမလိုချင်ဘူး၊ ကိုစိုးကို နွေးနွေးချစ်တဲ့နေရာမှာ အဲဒါမျိုးတွေ မပါချင်ဘူး ကိုစိုး"

"ဘာဆိုင်လဲ၊ ဒါက ကိုစိုးနဲ့နွေးနွေး ချစ်ကြတဲ့ အထိမ်းအမှတ်၊ စေ့စပ်လက်စွပ်သဘောပဲဟာ၊ ဒါဟာ ကိုစိုးနဲ့နွေးနွေး မေတ္တာခိုင်မြဲတဲ့ သင်္ကေတ သဘောပဲ"

နွေးနွေးမငြင်းသာ။ ကိုစိုးက သူမ၏လက်ဝဲဘက် လက်သူကြွယ်တွင် သူကိုယ်တိုင်ဝတ်ဆင်ပေးသည်ကို ခံယူလိုက်ရပါ၏။ မော်ရုံတောရောက်မှ ကိုစိုးအတွက် ပြန်ပြီး မိမိက သင်္ကေတ အထိမ်းအမှတ်အဖြစ် ပန်းတိမ်ဆရာကြီး ဦးဒေဝထံ ကိုစိုးလက်သူကြွယ်နှင့်တိုင်းပြီး ပြန်လုပ်ပေးမည်ဟု စိတ်ထဲတွင် ကြိတ်ဆုံးဖြတ်ထားလိုက်သည်။

နှစ်ယောက်သား ပြန်ခဲ့ကြသည်။

မွန်းလွဲ (၂) နာရီတွင် သန်လျင်မှ ထပ်ဆင့်ထွက်

www.burmeseclassic.com



နွာလာကြသည်။

"သုံးခွက နွေးရဲ့မမခွေဆီ ဝင်ဦးမလား နွေး"

"ဟင့်အင်း…မဝင်ချင်တော့ဘူး ကိုစိုး၊ မမခွေဆီဝင်လိုက်ရင် အခုနွေးနွေးပျော်သမျှ ကြည်နူးသမျှပီတိဖြစ်သမျှလေးတွေကို ထိခိုက်လိမ့်မယ်"

ပိုင်စိုး ဆက်မောင်းလာခဲ့သည်။ သူမ၏မမခွေထံ မဝင်ဘူးဆိုသည့်တိုင်အောင် သုံးခွကိုတော့ ဖြတ်သန်းပြီး မောင်းရပေမည်။ သုံးခွကိုဖြတ်မောင်းပြီး မှော်ရုံတောရွာသို့ ဦးတည်လိုက်သည်နှင့် ပိုင်စိုးသည် သူ၏ချိုင်းအောက်စလွယ်ဖြင့်ပါလာသည့် ပစ္စတိုသေနတ်ကို စမ်းကြည့်မိတော့သည်။

ယခင်လည်း ရန်ကုန်အသွားတွင် သုံးခွကို ဖြတ်သွားရသည်။ နွေးနွေးနှင့်အတူ မော်တော်ဆိုင်ကယ်အတူစီးသွားသည်ကို မြင်သူတွေက ကိုလှိုင်ဘွားကို ပြောကြပေမည်။

ကြံစည်မည်ဆိုပါက ကိုလှိုင်ဘွားအတွက် မိမိကို အပြန်တွင် ကြံစည်ဖို့အချိန်တွေ လုံလုံလောက်လောက်ရမည်သာ။

ထင်သည့်အတိုင်းပါပေ။

သုံးခွမှထွက်လာပြီး သိပ်မကြာမီမှာပင် အန္တရာယ်ကို ရင်ဆိုင်တွေ့ရတော့သည်။

"ဟေး…ရပ်လိုက်"

တောတန်း၏ ဟိုဘက်ဒီဘက်မှ လူသုံးယောက်ထွက်



လာသည်။ ဒီတစ်ခါတော့ ဓားသမားတွေမဟုတ်ဘဲ ခြောက်လုံးပြူးကိုယ်စီကိုင် သေနတ်သမားတွေ ဖြစ်နေပါ၏။

မော်တော်ဆိုင်ကယ် ရှေ့တည့်တည့်တွင်ရပ်ခါ သေနတ်ကိုယ်စီဖြင့် ချိန်ထားကြသည်။

ပိုင်စိုးအတွက် ချိုင်းအောက်မှသေနတ်ပင် ထုတ်ယူချိန်မရလိုက်တော့ပြီ။ ပိုင်စိုး မော်တော်ဆိုင်ကယ် ရပ်လိုက်သည်။ ဘေးဒေါက်ကို ခြေတစ်ဘက်ဖြင့်ကန်ပြီး ထောက်လိုက်သည်။

"နွေး အောက်ကိုဆင်း၊ အရေးအကြောင်း ဖြစ်လာရင် ထွက်မပြေးနဲ့၊ မြေကြီးမှာပဲ ဝပ်နေ၊ သွေးအေးအေးထား"

နွေးသည် သူမ၏ကိုစိုးပြောသည့်အတိုင်း အောက်ဆင်းလိုက်သည်။ ပိုင်စိုးလည်း အောက်ဆင်းလိုက်ပါ၏။

ပိုင်စိုးထင်မိသည်မှာ ရန်သူက ကြံစည်လျှင်လည်း ဓားသမားတွေနှင့်သာ ကြံစည်ပေမည်။ မိမိတွင် သေနတ်ပါသောကြောင့် ရင်ဆိုင်ဖို့အရေးမကြီးဟု ထင်မိခဲ့သည်။

ယခုမူ သေနတ်သုံးလက်နှင့် လူသုံးယောက်ဖြစ်နေသည်။ တရားဝင်သေနတ်ဆိုသည်မှာ လွယ်လွယ်ကူကူရနိုင်သော ပစ္စည်းမဟုတ်။ ထိုလူသုံးယောက်ကိုင်သော သေနတ်သုံးလက်မှာ လက်နက်ပုန်း တရားမဝင်သေနတ်များသာ ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ လူစွမ်းကောင်းကြီး ကိုပိုင်စိုး၊ ကျန်းကျန်းမာမာပဲနော်"

ယခုမှ ကိုလှိုင်ဘွားသည် ပုန်းကွယ်ရာမှ လမ်းဘေးတောတန်းထဲမှထွက်လာသည်။ ကိုလှိုင်ဘွားလက်ထဲတွင်လည်း ခြောက်လုံးပြူးတစ်လက် ကိုင်ထားပါ၏။

သို့သော် သူ့လူသေနတ်သမားသုံးယောက်ကို စိတ်ချထားပုံရသဖြင့် ကိုလှိုင်ဘွားက သူ့သေနတ်ကို တွဲလောင်းကိုင်ထားရုံသာ ကိုင်ထားပေသည်။

လှိုင်ဘွားသည် နွေးနွေးနှင့် ပိုင်စိုးအနီးသို့ချဉ်းကပ်လာသည်။ ပိုင်စိုးက ကိုလှိုင်ဘွားထွက်လာရာ တောတန်းသို့လှမ်းကြည့်ရာ လင့်ရိုဗာကားတစ်စီး ရပ်ထားသည်ကိုတွေ့ရသည်။

လှိုင်ဘွားအဖွဲ့သည် လင့်ရိုဗာကားဖြင့် လာရောက်ပြီး ပိုင်စိုးနှင့် နွေးနွေးပြန်အလာကို စောင့်နေခြင်းဖြစ်ပေမည်။

လှိုင်ဘွားက ဟန်ပါပါပြောသည်။

"တကယ်တော့ ကျုပ်အဖို့ အပ်နဲ့ထွင်းရမယ့်ကိစ္စမှာ ခင်ဗျားမော်ရုံတော့ကို ရောက်လာတဲ့အတွက် ပုဆိန်နဲ့ပေါက်ရတဲ့အဖြစ်မျိုးရောက်သွားရတာပဲ ကိုပိုင်စိုး၊ ခင်ဗျားသာ မော်ရုံတော့ကို ရောက်မလာရင် နွေးနှင့်ကျုပ်ဟာ အဆင်ပြေ ဖြောင့်ဖြူး



သွားမှာ"

"ဘယ်တော့မှ အဆင်မပြေဘူး၊ ဘယ်တော့မှ မဖြောင့်ဖြူးဘူး ကိုလှိုင်ဘွား"

နွေး အသံမတုန်ပေ။ နွေးမျက်နှာမှာလည်း အထိတ်တလန့်ကြီး ဖြစ်ပုံမပေါ်ပေ။ တကယ်အရေးဖြစ်လာလျှင် နွေးသည် သွေးအေးပြီးသတ္တိရှိသည်ကို တွေ့ရပါ၏။

"နွေးနွေးက ဘယ်တုန်းကမှ ကိုလှိုင်ဘွားကို မေတ္တာရှိခဲ့တာမှ မဟုတ်တာ၊ ကိုစိုးရောက်လာတာနဲ့ ဘာမှမဆိုင်ဘူး၊ ရှင့်ကို နဂိုကတည်းက မေတ္တာမသက်ရောက်တာဟာ မေတ္တာမသက်ရောက်တာပဲ"

"ရတယ်လေ နွေးနွေး၊ ကိုယ့်ကို နွေးနွေးက မေတ္တာမရှိဘူးဆိုပေမယ့် ကိုယ်ကနွေးနွေးကို သိပ်မေတ္တာရှိနေတာပဲဟာ၊ ကိုယ့်အကြောင်းလဲ နွေးနွေးသိသားနဲ့၊ ငယ်ငယ်ကတည်းက ကိုယ်ဟာပစ္စည်းတစ်ခုကို လိုချင်ပြီဆိုရင် ပထမတောင်းတယ်၊ တောင်းလို့မရရင်ဝယ်တယ်၊ ဝယ်လို့မှမရရင် လုယူတတ်တဲ့အကျင့်ရှိခဲ့တာပဲ၊ အခုလဲ နွေးနွေးကို ကိုယ်အတင်းဆွဲခေါ်သွားမှာပဲ၊ ဒါမျိုးတွေက သိပ်ဆန်းတာမှမဟုတ်တော့ပဲ နွေးနွေး၊ တချို့ချစ်သူ ငုတ်တုတ်ကြီးရှိနေလျက်နဲ့ မိဘက အတင်းသဘောတူတဲ့လူနဲ့ ပေးစားလိုက်တယ်၊ ညားသွားတော့လဲ ချစ်

www.burmeseclassic.com

www.burmeseclassic.com



သွားကြတာတွေ သာမကတွေအများကြီးရှိနေသား ပဲ"

"ရှင်…အဲဒီလို ယုတ်မာနဲ့ ကိုလှိုင်ဘွား၊ ရှင့်ကို နွေးနွေး တစ်သက်လုံးမေတ္တာမရှိဘူးမှတ်ထား၊ ဒီလိုအကြမ်းဖက်တာကို ပိုပြီး မုန်းတယ်၊ ရွံတယ်၊ အထင်သေးတယ်"

"ဒါတွေက ဟောဒီပိုင်စိုးဆိုတဲ့ လူကြောင့် ပါ"

"ဖြန်း"

ပြောပြောဆိုဆို လှိုင်ဘွားသည် သေနတ်ကိုင်မထားသော အခြားလက်ဖြင့် ပိုင်စိုးအား ပါးရိုက်ပစ်လိုက်သည်။

ပိုင်စိုးက လက်တုန့်ပြန်ရ၏။ ခြေလှမ်း ရှေ့သို့ တိုးလိုက်သည်။

"ဒိုင်း"

သေနတ်သံပေါ်ထွက်လာကာ ဘေးမှသေနတ်သမား တစ်ယောက်က ပိုင်စိုး၏ ခြေဖဝါးနှစ်ဘက်ကြားသို့ ပစ်သွင်းလိုက်သည်။

မြေကြီးများ ဖွာထွက်သွားပါ၏။

ယခုအခါတော့ လှိုင်ဘွားသည် တကယ်ဝါရင့်သေနတ်သမားတွေကို ငှားလာပုံရသည်။ ယခုသေနတ်သမား တစ်ယောက်က လက်စွမ်းပြလိုက်သည်မှာ သေနတ်ဝါရင့်



ကျွမ်းကျင်ကြောင်း တွေ့လိုက်ရပါ၏။

"ကဲ…လိုက်ခဲ့နွေးနွေး၊ ကိုယ်ကတော့ ရတဲ့နည်းနဲ့ နွေးနွေးကို အရယူရမှာပဲ"

လှိုင်ဘွားသည် ပြောပြောဆိုဆိုပင် နွေးနွေး၏ လက်မောင်းကိုဆွဲကာ အတင်း လင့်ရိဗာကားရှိရာသို့ ဒရွတ်တိုက်ဆွဲခေါ်သွားတော့သည်။

ပိုင်စိုးသည် ကိုယ့်အသက်ကို ပဓာနမထားတော့ဘဲ တိုးတိုက်တိုက် ကျားကိုက်ကိုက် တစ်ရှူးထိုးပင် လှစ်ခနဲ လွှားခနဲ လှိုင်ဘွားအား ခုန်အုပ်လိုက်တော့သည်။

ပြီး လှိုင်ဘွားကို အတင်းကြီး ပူးကပ်ထားလိုက်သည်။

လှိုင်ဘွား အငိုက်မိသွားသည်။

ပထမတစ်ချက် သေနတ်ပစ်ပြသဖြင့် ပိုင်စိုးရှေ့ဆက်မတိုးဘဲ တန့်ခနဲဖြစ်သွားသောကြောင့် သေနတ်သမား သုံးယောက်က ပိုင်စိုးလန့်သွားပြီး ရှေ့ဆက်မတိုးရဲဟုယူဆလိုက်ကြပုံလည်း ရသည်။

ယခုပိုင်စိုးတစ်ရှူးထိုး လှစ်ခနဲ လွှားခနဲ လျှင်မြန်လွန်း သွက်လက်လွန်းသောကြောင့်လည်း သေနတ်သမားတွေ အငိုက်မိသွားခြင်းဖြစ်ပါ၏။

ဗလချင်းကွာသည်။ အင်အားချင်းကွာသည်။ ပြီး လှိုင်ဘွားသည် ရဲဆေးတင်အရက်သောက်လာသည်။ ဘယ်

www.burmeseclassic.com

www.burmeseclassic.com



လိုမှ ပိုင်စိုးလိုလူကို ပြန်လည်မယုံဦးပြိုင်နိုင်။

ပိုင်စိုးက လူချင်းအတင်းပူးကပ်ပြီး လှိုင်ဘွား၏ သေနတ်ကိုင်လက်ကို နောက်ပြန်လိမ်ချိုးထားရုံမက မိမိရင်ဘတ်ရှေ့တွင် ဒိုင်းသဖွယ် အကာအကွယ်လုပ်ထားသည်။

ဝါရင့်သေနတ်သမား သုံးယောက်သည်ချက်ချင်း အခြေအနေပြောင်းလိုက်သည်။

သူတို့ ဆရာ လှိုင်ဘွားက ဒိုင်းသဖွယ် ဖြစ်နေသဖြင့် သူတို့သည် ပိုင်စိုး၏ ကျောဘက်သို့ နေရာရရန် ယူဖို့ ကြိုးစားတော့သည်။ သူတို့နေရာယူသလို ပိုင်စိုးကလည်း လှိုင်ဘွားကို မိမိရှေ့တွင် ရောက်နေစေရန် ပတ်ချာလှည့်ပြီး ဒိုင်းလိုခံထားသည်။

သို့သော် သူတို့ သုံးယောက်သည် ဖိခနောက်ဆိုင် တိုက်အနေအထား နေရာ ရယူလိုက်သောအခါ ပိုင်စိုး၏ ကျောဘက်မှာ သေနတ်သမားတစ်ယောက်ရောက်ရှိသွားပေတော့သည်။

“ဒိုင်း…ဒိုင်း…ဒိုင်း…”

သေနတ်သံတွေ ဆက်တိုက် ထွက်ပေါ်လာပြီးနောက် ဟိန်းနေအောင် အော်ပြောသည့် အသံကြီးတစ်ခု ထွက်လာသည်။

“ဟေ့ကောင်တွေ မင်းတို့လက်ထဲက သေနတ်တွေ ချက်ချင်းမြေကြီးပေါ် ပစ်ချလိုက်ကြစမ်း၊



လက်နက်ချလိုက်ကြစမ်း၊ မင်းတို့ အားလုံးကို ရဲအဖွဲ့က အသင့်ချိန်ပြီး ဝိုင်းထားပြီးပြီ၊ လှုပ်တဲ့ကောင်ကို ပစ်ချလိုက်မယ်”

ရဲကြပ်ကြီး ဦးနိုး၏ ဟိန်းထွက်လာသောအသံဖြစ်ပေတော့သည်။

ငှားထားသော သေနတ်သမားတွေမှာ ကြေးစားတွေသာဖြစ်ပါ၏။ ရဲအဖွဲ့ကမိသွားပြီဆိုလျှင် အန်မတုရဲပါလေတော့။ အန်တုလျှင် သူတို့ရဲ့ လက်ချက်ဖြင့် သေသွားနိုင်သည်။ အန်တု၍မသေတောင်မှ အမှုကြီးသွားပြီး ပြစ်ဒဏ်ပိုမိုကြီးလေးမည်ကို နားလည်ပြီးသား ဖြစ်ပုံရသည်။

ဖုတ်ခနဲ ဖုတ်ခနဲ သူတို့လက်ထဲမှ ခြောက်လုံးပြူးတွေကို မြေကြီးပေါ် ပစ်ချပြီးလက်နက်ချကြပေတော့သည်။

ဦးနိုး ထွက်ပေါ်လာသည်။

ရဲတွေက စက်ပိုင်းသဏ္ဍာန် သေနတ်တွေ ချိန်ရင်း ထွက်လာကြသည်။

“ဒီကောင် သုံးကောင်ကို လက်ထိတ်ခတ်လိုက်”

စက္ကန့်ပိုင်းအတွင်း သုံးယောက်လုံး လက်ထိတ်ခတ်ပြီးသားဖြစ်သည်။

ရဲကြပ်ကြီး ဦးနိုးက လှိုင်ဘွားဆီသို့ ရောက်လာကာ လှိုင်ဘွားလက်ထဲမှ သေနတ်ကိုသိမ်းယူပြီး သူကိုယ်တိုင် လှို

www.burmeseclassic.com

www.burmeseclassic.com



ဘွားကို လက်ထိတ်ခတ်လိုက်ပေတော့သည်။

"ဘယ်လိုလဲ မောင်လှိုင်ဘွား၊ မင်းဟာက အကြံပက်စက်လှချည်လား၊ ငါဟာ သုံးခွမှာ မင်း လှုပ်ရှားသမျှစောင့်ကြည့်နေတာကွ၊ မင်း ဘခက် ကြီးကို တစ်ဖက်လှည့်နဲ့ ဦးရာမ တိုက်နဲ့ခြံကို ဝယ် နိုင်းတာကိုလဲ ငါတို့ ကြားထားတယ်၊ ဟောဒီ မောင်ပိုင်စိုးအပေါ်မှာလဲ မင်း ရန်ငြိုးကြီးထားပြီး ကြံစည်နေတယ်ဆိုတာလဲ ငါ သိထားတာပဲ၊ ဘာ လဲကွ၊ တေဇအဖွဲ့ဂိုဏ်းက ဦးရာမ ခြံကြီးထဲမှာ ပစ္စည်းတွေ မြှုပ်ထားခဲ့တယ်ဆိုတာ မင်း သတင်း ကြားပြီး တူးဖော်ချင်လို့ ဒီတိုက်နဲ့ ဒီခြံကြီးကိုတွက် ဝယ်တယ်၊ မောင်ပိုင်စိုး မနေရဲပဲ ထွက်ပြေးအောင် တေဇ အဖွဲ့က ပစ်စာပေးတဲ့ ပုံစံလဲ မင်းလုပ်တယ်၊ သုံးခွမြို့က သိပ်ကျယ်ကျယ်ပြောပြောကြီးမှ မဟုတ် တာပဲကွာ၊ မင်း ကြံစည်လှုပ်ရှားသမျှ ငါ့ ဆား ပုလင်းတွေဆီက သတင်းရနေတာပေါ့၊ အခုကိစ္စလဲ ငါသိတာပေါ့၊ မောင်ပိုင်စိုးနဲ့ နွေးနွေး အသွားတုန်း က မော်တော်ဆိုင်ကယ်နဲ့ ဖြတ်သွားကတည်းက မင်းဟာ သန်လျင်ဘက်သွားပြီး မှုံကြီး၊ စံတွားနဲ့ အောင်ဒင် သေနတ်သမားတွေကို ငှားခဲ့တာပဲ၊ ဒီ ကောင်သုံးကောင်က ရာဇဝင်လူဆိုးတွေပဲ၊ ငါ



ချက်ချင်း သတင်းကြားတာပေါ့၊ ဒါကြောင့် မောင် ပိုင်စိုးနဲ့ နွေးနွေး မော်တော်ဆိုင်ကယ်နဲ့ ပြန်အလာ မှာ ငါတို့က ဘိုင်စကယ်တွေနဲ့ နောက်ကလိုက် လာတာပဲ၊ ဟိုအဝေးမှာ ဘိုင်စကယ်တွေထားခဲ့ပြီး တောထဲက တို့ ဝင်လာဖမ်းတာ လက်ပူးလက်ကျပ် ကြီးကို မိတာပဲလေကွာ…၊ အေး…မင်းကို ငါ ကိုယ်တိုင် လက်ထိတ်ခတ်ရတာတော့ အားနာပါ ရဲ့ကွာ"

"ဒီမယ် ဦးနိုး၊ ကျုပ်ဟာ သုံးခွမှာ ဘယ် လောက်ချမ်းသာတယ်၊ ဘယ်လောက်အရေးပါ တယ်ဆိုတာ ခင်ဗျား သိပါတယ်နော်"

"လုပ်မနေနဲ့ မောင်လှိုင်ဘွား၊ ဒီ ခေတ်မှာ ငွေနဲ့ ပေါက်ပြီး အမှုလွတ်သွားတဲ့ခေတ် မဟုတ် တော့ဘူး၊ မင်း ကျူးလွန်တဲ့ အပြစ်ဒဏ် မင်း ခံ ပေတော့ မောင်လှိုင်ဘွား၊ ကဲ…ကဲ…၊ မင်း လင့် ရီဗာကားနဲ့ပဲ စခန်းကိုသွားမယ်၊ စက်ဘီးတွေကို တော့ ရဲသားတစ်ယောက်စောင့်ကြည့်နေခဲ့၊ ပြီးမှ ပြန်ယူဖို့လူတွေ ငါ လွှတ်လိုက်မယ်၊ မောင်ပိုင်စိုး နဲ့ နွေးနွေးလဲ ဆက်ပြီး ပြန်ကြတော့၊ နက်ဖြန်ကျ မှ မင်းတို့ဆီက ထွက်ဆိုချက်၊ စစ်ချက်တွေ ငါ ယူမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ပြောစရာရှိသေးတယ် ဦးနိုး၊ ကျွန်တော့်ဆီမှာ တေဇရဲ့ပစ်စာကို သက်သေပြု အထောက်အထားပြုတဲ့ ကိုလှိုင်ဘွားရဲ့ စာတွေ…"

ဦးနိုးက လက်ဝါးကာပြလိုက်သည်။

"ဘယ်ကလာ တေဇရဲ့ ပစ်စာဖြစ်နိုင်မှာလဲ၊ တေဇက ဦးမိုးဟိန်းလဲ သေ၊ ပစ္စည်းတွေလဲ ရဲ အသိမ်းခံရပြီးကတည်းက အရှေ့ဘက်နိုင်ငံကို ကူးသွားပြီဆိုတာ ငါတို့ဆီမှာ အခိုင်အမာ သတင်းရှိနေတာပဲ၊ အေး…ဒါပေမယ့် မောင်ပိုင်စိုးဆီမှာ ရှိတဲ့ သက်သေအထောက်အထားတွေလဲ နက်ဖြန်ကျရင် ယူမှာပါ"

ဦးနိုးနှင့် အဖွဲ့သည် လင့်ရိဗာကားဖြင့် လှိုင်ဘွားနှင့် တရားခံတွေ တင်သည်။ ရဲသားတွေစာင်ပြီး သုံးခွဘက်သို့ ပြန်မောင်းသွားတော့သည်။

ပိုင်စိုး နွေးနွေး၏ လက်ကိုဆွဲကာ မော်တော်ဆိုင်ကယ်ဆီသို့ ပြန်လာသည်။

ပြီး ပိုင်စိုးက ရှေ့မှ ခွထိုင်သည်နှင့် နွေးနွေးက နောက်တွင် ခြေတွဲလောင်းလေး ထိုင်လိုက်သည်။

"ကိုစိုး…"

"ဗျ…အချစ်…နွေး"

"အားလုံး ရှင်းသွားပြီနော်၊ ဘာအန္တရာယ်မှ



မရှိတော့ဘူး"

"ဒါပေါ့…ဒါပေါ့ အချစ်ရယ်၊ မိုးသက်မုန်တိုင်းကြီး စဲသွားသောအခါ ကောင်းကင် မိုးကုပ်စက်ဝိုင်းမှာ ရောင်စုံသက်တန့်ကြီးပေါ်လာပြီး လှလှပပ သာသာယာယာ ဖြစ်သွားသလို ကိုစိုးနဲ့ နွေးတို့ရဲ့ မေတ္တာလမ်းကြောင်းကြီးကလဲ လှလှပပ သာသာယာယာဖြောင့်ဖြောင့်ဖြူးဖြူးကြီးဖြစ်သွားပြီပေါ့၊ ကဲ…ပြန်ကြစို့ နွေး"

မော်တော်ဆိုင်ကယ်ကို စက်နှိုး၊ နံပါတ်တစ် ဂီယာသွင်းပြီး တစ်ဘီးချင်း လိမ့်ထွက်လာသည်နှင့် နွေးနွေးသည် အလွန်သာယာသော အသံလေးဖြင့် တစ်ခေတ်က အဆိုကျော် မာမာအေး သီဆိုခဲ့သည့် သီချင်းလေးတစ်ပုဒ်ကို ကောက်ငင်သီဆိုလိုက်ပေသည်။

"ကစားမယ်…ကစားမယ်…
သက်တန့်ပေါ်မှာ ကစားမယ်….."

www.burmeseclassic.com

www.burmeseclassic.com



နားကြပါဦးစို့

တက္ကသိုလ်တင်မြင့်

www.burmeseclassic.com